ဝိသုဒ္ဓိမဂ်နိဿယ

ပဌမတွဲ

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၀၉ ကောဇာ ၁၃၂၇ ခရစ် ၁၉၆၅

ဝိသုဒ္ဓိမဂ်နိဿယ

ပဌမတွဲ

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၀၉ ကောဇာ ၁၃၂၇ ခရစ် ၁၉၆၅

ဝိသုဒ္ဓိမဂ် နိဿယ နိဒါန်း

နမော ဗုဒ္ဓဿ သဗ္ဗဓမ္မတ္ထညုနော ဝိသုဒ္ဓိမဂ္ဂဒေသကဿ

ဝိသုဒ္ဓိမဂ်

ဝိသုဒ္ဓိမဂ် ဟူသည်မှာ —

> သဗ္ဗမလဝိရဟိတံ၊ ခပ်သိမ်းသော မလ (အညစ်အကြေး) တို့မှ ကင်းသော။ အစ္စန္တပရိသုဒ္ဓံ၊ စင်စစ် ထက်ဝန်းကျင် အဖို့ဖြင့် စင်ကြယ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဝိသုဒ္ဓိတိ၊ ဝိသုဒ္ဓိ ဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ တဿာ ဝိသုဒ္ဓိယာ၊ ထို စင်ကြယ်သော နိဗ္ဗာန်၏။ မဂ္ဂေါ၊ ရခြင်း၏ အကြောင်းတည်း။ ဣတိ-တသ္မာ၊ ထိုကြောင့်။ ဝိသုဒ္ဓိမဂ္ဂေါ၊ ဝိသုဒ္ဓိမဂ် မည်၏။ အဓိဂမူပါယော၊ ရခြင်း၏ အကြောင်းကို။ မဂ္ဂေါတိ၊ မဂ် ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ (ဤ နိဿယ စာမျက်နှာ ၆-၇)

ဟူသည်နှင့်အညီ **နိဗ္ဗာန်ရကြောင်းအကျင့်လမ်းကို** ဆိုသည်။ ထို အကျင့်လမ်းကို ပြတတ်သောကြောင့် ဆိုင်ရာ **ကျမ်းကိုလည်း ဝိသုဒ္ဓိမဂ်** ဟူ၍ပင် ခေါ်ဆိုရပေသည်။

ဤသို့ နိဗ္ဗာန်ရကြောင်း အကျင့်လမ်းကို ပြတတ်သောကြောင့် **ဝိသုဒ္ဓိမဂ်** မည်သော ထိုကျမ်းကို ပညာရှိတို့က ချီးကျူးကြသည်မှာ "ဝိသုဒ္ဓိမဂ်ကျမ်းသည် ပိဋကသုံးပုံ၏ အနှစ်သာရအစု ဖြစ်ပေသည်၊ တကမ္ဘာလုံးတွင် ရှိသောပဋိပတ်ကျမ်းတို့တွင် အထက်တန်းအကျဆုံး ချီးမွမ်းဖွယ် အကောင်းဆုံးလည်း ဖြစ်ပေသည်၊ အကောင်းဆုံး, အမြတ်ဆုံးကျမ်းလည်း ဖြစ်ပေသည်" ဟု ဤသို့စသည်ဖြင့် ချီးကျူးကြပေသည်။ ထိုသို့ချီးကျူးရန်လည်း ထိုက်တန်လှပါပေသည်။ အကြောင်းမူကား—ထိုဝိသုဒ္ဓိမဂ်ကျမ်းတွင် သံဂါယနာ သုံးတန် တင်ထားသော ပိဋကသုံးပုံ-ဟူသော ဘုရားစကားတော်၏ လိုရင်း အနှစ်သာရဖြစ်သော အနက်တို့ကို ငုံ၍ကျဉ်းချုံး၍ သီလ, သမာဓိ, ပညာ ဟူသော သိက္ခာသုံးပါးဖြင့် ရေတွက် သိမ်းယူအပ်သော ဗြဟ္မစရိယ

ခေါ် မြတ်သောအကျင့်ကို အပြည့်အစုံ သန့်ရှင်းစင်ကြယ်စွာ ထင်ထင်ရှားရှားကြီး ဖော်ပြထားသောကြောင့် ဖြစ်ပေသည်။

ထိုသို့ ချီးမွမ်းအပ်, ချီးမွမ်းထိုက်လှသော ဤ ဝိသုဒ္ဓိမဂ်ကျမ်းနှင့် စပ်လျဉ်း၍ သိသင့်, သိထိုက်သော အချက်အလက်တို့ကို အလွယ်တကူ သိကြစေရန်အလို့ငှါ အောက်ပါ မေးခွန်းများကို ထုတ်ဆိုအပ်ပေသည်။

(က) ထို ဝိသုဒ္ဓိမဂ်ကျမ်းကို အဘယ်ပုဂ္ဂိုလ်က စီရင်ခဲ့ပါသနည်း။

(ခ) အဘယ်ခေတ်ကာလက စီရင်ခဲ့ပါသနည်း။

(ဂ) အဘယ်နိုင်ငံ အရပ်ဒေသ၌ စီရင်ခဲ့ပါသနည်း။

(ဃ) အဘယ်အကြောင်းကြောင့် စီရင်ပါသနည်း။

(င) အဘယ်အကျိုးငှါ စီရင်ပါသနည်း။

(စ) အဘယ်ကျမ်းများကို အမှီပြု၍ စီရင်ပါသနည်း။

(ဆ) အဘယ်သို့သော အခြင်းအရာအားဖြင့် စီရင်ပါသနည်း။

(ဇ) ထိုဝိသုဒ္ဓိမဂ်သည် အဘယ်အကြောင်းကြောင့် တကမ္ဘာလုံး၌ ပျံ့နှံ့ပါသနည်း။

ထိုတွင် (က) အဘယ်ပုဂ္ဂိုလ်က စီရင်ခဲ့ပါသနည်း ဟူသော မေးခွန်း၌ ပိဋကသုံးပုံ၏ သင်္ဂဟ အဋ္ဌကထာခေါ် ယခုလက်ရှိ အဋ္ဌကထာတို့ကို စီရင်တော်မူသော အရှင်မဟာဗုဒ္ဓဃောသမထေရ်မြတ် စီရင်တော်မူခဲ့ပေသည်။

(ခ) အဘယ်ခေတ်ကာလက စီရင်ခဲ့ပါသနည်း ဟူသော မေးခွန်း၌ တလောကလုံး၏ ကိုးကွယ်ရာအစစ် ဖြစ်တော်မူသော ဘုန်းတော်ကြီးသော ငါတို့၏ သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် တဆယ်ရာစုနှစ်အတွင်း (သာသနာနှစ် ၉၇၃-ခုနှစ်)က စီရင်တော်မူခဲ့သည်။

(ဂ) အဘယ်နိုင်ငံအရပ်ဒေသ၌ စီရင်ခဲ့ပါသနည်း ဟူသော မေးခွန်း၌ သီဟိုဠ်ကျွန်း အနုရာဓမြို့ မဟာဝိဟာရကျောင်းတိုက်၌ စီရင်တော်မူသည်။

(ဃ) အဘယ်အကြောင်းကြောင့် စီရင်ပါသနည်းဟူသော မေးခွန်း၌ စင်ကြယ်သော နိဗ္ဗာန်ကို အလိုရှိကုန်သော သူတော်ကောင်းတို့အား ထို နိဗ္ဗာန်ကို ရကြောင်းဖြစ်သော အကျင့်ပဋိပတ် နည်းလမ်းမှန်ကို သိစေလို

ခြင်းဟူသော မိမိ၏ အလိုအဇ္ဈာသယ က တိုက်တွန်းနှိုးဆော်သောကြောင့်၎င်း, အရှင်သံဃပါလမထေရ်က တောင်းပန် တိုက်တွန်းသောကြောင့်၎င်း စီရင်တော်မူပေသည်။

ဤအရာတွင် မေးခွန်း၏ အဖြေများကို ရပ်တန့်ပြီးလျှင် အရှင်မဟာဗုဒ္ဓဃောသမထေရ်၏ အတ္ထုပ္ပတ္တိကို ဖော်ပြသင့်၏။ ထို အတ္ထုပ္ပတ္တိမှာလည်း စူဠဝံသဟူ၍လည်း ခေါ်သော မဟာဝံသကျမ်း ဒုတိယတွဲ[1] ၃၇-ခုမြောက် အပိုင်းတွင် ဂါထာနံပါတ် ၂၁၅-မှစ၍ ဂါထာပေါင်း ၃၂-ပုဒ်တို့ဖြင့် ဖော်ပြထားပြီး ရှိလေပြီ။ အဘယ်သို့နည်း ဟူမူ—

မဟာဝံသကျမ်းလာ အရှင်ဗုဒ္ဓဃောသအကြောင်း

၂၁၅။ ဗောဓိမဏ္ဍိုင်အနီး (ဗုဒ္ဓဂယာ) အရပ်ဒေသဖွား ပုဏ္ဏားလုလင် တဦးသည် ဝိဇ္ဇာခေါ်သော ပညာ, သိပ္ပခေါ်သောအတတ်, ကလာခေါ်သော သီဆိုခြင်း တီးမှုတ်ခြင်းစသော ၆၄-ပါးသော အတတ်တို့ကို တတ်သိ၍ ဗေဒင်သုံးပုံတို့၌ ပါရဂူမြောက် ပေါက်ရောက်တတ်သိပေ၏။

၂၁၆။ အယူဝါဒ အမျိုးမျိုးတို့ကို ကောင်းစွာတတ်သိ၍ အလုံးစုံသော အယူဝါဒတို့၌ ရဲရင့်ပေ၏၊ (ထိုလုလင်သည်) အခြေအကင်ဝါဒ ပြောဆိုခြင်းဖြင့် လိုလားသည်ဖြစ်၍ ဇမ္ဗူဒိပ်ကျွန်း (ဣန္ဒိယနိုင်ငံ)၌ လှည့်လည်ကာ ဝါဒပြိုင်ဆိုင် ပြောဆိုနေလေသည်။

မှတ်ချက်

၁-ဤမဟာဝံသကျမ်း ဒုတိယတွဲ ရှေ့ပိုင်းကို ဓမ္မကိတ္တိမည်သောမထေရ်က ရေးသား စီရင်သည်-ဟူ၍၎င်း ထိုမထေရ်မှာလည်း ဒုတိယ ပရက္ကမဗာဟုမင်း၏ လက်ထက် ခရစ်သက္ကရာဇ် ၁၂၃၆-နှင့် ၁၂၇၁-ခုနှစ်တို့ အတွင်းက ထင်ရှားခဲ့သော မထေရ် ဖြစ်သည်-ဟူ၍၎င်း ထိုမဟာဝံသ၏ အင်္ဂလိပ်ဘာသာပြန်စာအုပ်နိဒါန်း စာမျက်နှာ ၁-နှင့် ဒုတိယတွဲ စာမျက်နှာ ၁၅၅-မှတ်ချက် ၃-၌ ဖော်ပြထားသည်။ သို့ဖြစ်၍ ခရစ်သက္ကရာဇ် ၁၁၅၃-နှင့် ၁၁၈၆-ခုနှစ်တို့အတွင်း ပဌမပရက္ကမဗာဟုမင်း၏ လက်ထက်တွင် သာရတ္ထဒီပနီမည်သော ဝိနည်းဋီကာကို ရေးသားစီရင်စဉ်ကာလက စူဠဝံသ-ဟု အနောက်နိုင်ငံသားတို့က ခေါ်သော ဤမဟာဝံသ ဒုတိယပိုင်းကို မရေးရသေး-ဟု သိအပ်၏။

၂၁၇။ (သူသည်) ကျောင်းတိုက်တခုသို့ ရောက်သောအခါ ညဉ့်အချိန်၌ ပုဒ်ပါဌ်အပြည့်အစုံ အသံအနေအထား ညီညွတ်စွာနှင့် ပတ္တဠလိ၏ အယူဝါဒကျမ်းကို ရွတ်ဖတ်သရဇ္ဈာယ်လေ၏။

၂၁၈။ ထိုကျောင်းတိုက်၌ (သီတင်းသုံးသော) အရှင်ရေဝတ အမည်ရှိသော မထေရ်ကြီးတပါးသည် "ဤသူကား ပညာကြီး၏၊ ဆုံးမသွန်သင်ရန် သင့်လျော်ထိုက်တန်၏" ဟု သိတော်မူ၍ ထိုမထေရ်ကြီးက—

၂၁၉။ "မြည်း၏အသံဖြင့် မြည်နေသောသူကား အဘယ်သူနည်း" ဟု မိန့်ဆိုလေ၏။ "မြည်းတို့၏အသံ၌ အနက်ကို သိနားလည်ပါ၏လော" ဟု (ထိုလုလင်က) မထေရ်ကြီးကို ပြန်၍ မေးလေ၏။

၂၂၀။ "ငါသိပါသည်" ဟု မထေရ်ကြီးကဆိုလတ်သော် ထိုလုလင်က မိမိ၏ အယူဝါဒကို တင်ပြလေ၏၊ မေးတိုင်းမေးတိုင်းကို (မထေရ်ကြီးက) ဖြေကြားသည့်ပြင် ချွတ်ယွင်းချက်ကိုလည်း ထောက်ပြလေ၏။

၂၂၁။ "သို့ဖြစ်လျှင် အရှင်ဘုရားကလည်း မိမိ၏ဝါဒကို တင်ပြပါဦးလော့" ဟု တိုက်တွန်းသဖြင့် (မထေရ်ကြီးက) အဘိဓမ္မာပါဠိကို ဟောပြသောအခါ ထိုလုလင်သည် ထိုအဘိဓမ္မာဒေသနာ၏ အနက်ကို မသိရှာပဲ ရှိလေသည်။

၂၂၂။ (ထို့ကြောင့်) "ဤဗေဒင်ကား အဘယ်သူ၏ ဗေဒင်ပါနည်း" ဟု ထိုလုလင်က မေးလတ်သော် "(ဗုဒ္ဓမန္တ)ဗုဒ္ဓဗေဒင်ခေါ်သည်" ဟု မထေရ်ကြီးက ဆို၏။ အကျွန်ုပ်အား ဤဗုဒ္ဓဗေဒင်ကို ပေးပါ-ဟု ဆိုလတ်သော် ရှင်ရဟန်းပြု၍ ထိုဗေဒင်ကို သင်ယူလော့-ဟု မထေရ်ကြီးက မိန့်ဆို၏။

၂၂၃။ ထိုလုလင်သည် ဗုဒ္ဓဗေဒင်ကို လိုချင်သောကြောင့် ရှင်ရဟန်းပြုပြီးလျှင် ပိဋကသုံးပုံကို သင်ယူလေ၏၊ နောက်ကာလ၌ "ဤတရားတော်ကား တကြောင်းတည်းသော လမ်းဖြစ်ပေသည်" ဟု ထိုတရားကို သဘောပေါက်သွားလေ၏။

၂၂၄။ မြတ်စွာဘုရား၏ အသံတော်ကဲ့သို့ နက်နဲသော အသံရှိသောကြောင့် မြတ်စွာဘုရားကဲ့သို့ပင် မြေအပြင်၌ ကျော်စော ထင်ရှားသည် (ဖြစ်ရာလတံ့ဟု မျှော်တွေး၍) ထိုပုဏ္ဏားလုလင်ရဟန်းကို **ဗုဒ္ဓဃောသ**-ဟု (ဆရာဥပဇ္ဈာယ်တို့က) ခေါ်ဝေါ်ကုန်၏။

၂၂၅။ ထိုဗုဒ္ဓဃောသသည် ထိုကျောင်းတိုက်၌ **ဉာဏောဒယ** မည်သော ကျမ်းကို[၁] စီရင်ပြီးလျှင် ထိုအခါ ဓမ္မသင်္ဂဏီ ပါဠိတော်၏အဖွင့် **အဋ္ဌသာလိနီ** ကျမ်းကို ပြုစီရင်လေ၏[၂]။

၂၂၆။ (ထို့ပြင်)ပညာကြီးသော အရှင်ဗုဒ္ဓဃောသသည် **ပရိတ္တဋ္ဌကထာ** ခေါ်သော အကျဉ်းချုပ် အဋ္ဌကထာကိုလည်း ပြုစီရင်ရန် အားထုတ်လေ၏။ ထိုအကြောင်းကို အရှင်ရေဝတမထေရ် မြင်သိတော်မူ၍ အောက်ပါအတိုင်း မိန့်ဆိုတော်မူလေသည်။

၂၂၇။ "ဤဇမ္ဗူဒိပ်ကျွန်း (ဣန္ဒိယနိုင်ငံ) အရပ်ဒေသ၌ ဘုရားဟော ပါဠိတော်မျှကိုသာလျှင် ဆောင်ရွက် လေ့ကျက်ကြ၏၊ ဤအရပ်၌ အနက်အဖွင့် အဋ္ဌကထာတို့လည်း မရှိကြ၊ ထို့အတူပင် ကွဲပြားသော အာစရိယဝါဒတို့သည်လည်း မရှိကြ။

၂၂၈-၉။ သံဂါယနာသုံးတန် တင်ထားပြီးဖြစ်သော ဘုရားဟော ဒေသနာတော် အပေါင်းကိုရင်း အရှင်သာရိပုတြာ အစရှိသော မထေရ်မြတ်တို့ မြွက်ဆိုဟောကြားထားသော ဒေသနာအစဉ်ကိုရင်း ကြည့်ရှု၍ **အရှင်မဟိန္ဒ** အမည်ရှိသော ပညာရှိမထေရ်မြတ်သည် သီဟိုဠ်ဘာသာဖြင့် စီရင်ထားခဲ့သော သန့်ရှင်းစင်ကြယ်သော သီဟိုဠ်အဋ္ဌကထာသည် သီဟိုဠ်၌ ဖြစ်လျက်တည်လျက်ရှိ၏။

မှတ်ချက်

၁-ဉာဏောဒယမည်သော ဤကျမ်းကို ယခုအခါ မည်သည့်အရပ်၌မျှ မတွေ့ရပေ။

၂-ပြုစီရင်လေ၏-ဟူသောစကားသည် အကာသိ-ဟူသောပုဒ်၏ သဒ္ဒါနက် အတိအကျပြန်ဆိုချက် ဖြစ်သည်၊ သို့သော် ယခုအခါ ထင်ရှားရှိနေသော အဋ္ဌသာလိနီကျမ်းမှာ သီဟိုဠ်သို့ရောက်ပြီးနောက် ဝိသုဒ္ဓိမဂ် စသည်တို့ကို ပြုစီရင်ပြီးမှ ရေးသားစီရင်ထားသော ကျမ်းဖြစ်ကြောင်း ထင်ရှား၏။ ထို့ကြောင့် အကာသိ-ပုဒ်ကို ပြုစီရင်ရန် အားထုတ်ကြံစည်လေ၏-ဟု အဓိပ္ပါယ်ထုတ်ပြန်လျှင် သင့်လျော်ရာ၏။

၂၃၀။ သင်သည် ထိုကျွန်းသို့သွား၍ သီဟိုဠ်အဋ္ဌကထာကို မဂဓတိုင်းသား တို့၏ (ပါဠိ) ဘာသာဖြင့် ပြန်ဆိုလော့၊ ထိုပါဠိဘာသာပြန် အဋ္ဌ- ကထာသည် တလောကလုံး၏အကျိုးကို ဖြစ်ထွန်းစေပါလိမ့်မည်"။

၂၃၁။ အထက်ပါအတိုင်း အရှင်ရေဝတ မထေရ်က မိန့်ဆိုတော်မူလတ် သော် ကြီးကျယ်သောပညာနှင့် ပြည့်စုံတော်မူသော ထိုအရှင် ဗုဒ္ဓ- ဃောသသည် ကြည်လင်ရွှင်လန်း ဝမ်းမြောက်သည်ဖြစ်၍ ထိုဇမ္ဗူ- ဒိပ်ကျွန်း (ဇမ္ဗုဒ္ဒီယနိုင်ငံ)မှ ထွက်ခွါခဲ့၍ ဤ(အပိုင်း၌ ဖော်ပြဆဲဖြစ် သော) **မဟာနာမမင်း**၏ လက်ထက်၌ပင်လျှင် ဤသီဟိုဠ်ကျွန်းသို့ ကြွရောက်လာတော်မူခဲ့ပေသည်။

၂၃၂။ အလုံးစုံ သူတော်ကောင်းချည်းဖြစ်သောရဟန်းတော်တို့၏ သီတင်း သုံးရာ ကျောင်းတိုက်ဖြစ်သော မဟာဝိဟာရ ကျောင်းတိုက်ကြီးသို့ ရောက်လာလတ်သော် **မဟာပဓာနဃရ** ခေါ် ကမ္မဋ္ဌာန်းကျောင်း ကြီးသို့ သွားပြီးလျှင် **အရှင်သံဃပါလ** မထေရ်မြတ်ထံ၌——

၂၃၃။ အလုံးစုံသော သီဟိုဠ်အဋ္ဌကထာကိုရင်း ထေရဝါဒကိုရင်း ကြားနာ သင်ယူပြီးလျှင် "ဤသည်သာလျှင် မြတ်စွာဘုရား၏ အလိုတော် ဖြစ်သည်" ဟု ဆုံးဖြတ်ချက်ချ၍——

၂၃၄။ ထိုမဟာဝိဟာရကျောင်းတိုက်၌ သံဃာတော်ကို စည်းဝေးစေပြီး လျှင် "အဋ္ဌကထာကို ရေးသားစီရင်ရန် အကျွန်ုပ်အား အလုံးစုံ သော ပိဋကပေစာတို့ကို ပေးကြပါ" ဟု လျှောက်တောင်းလေ၏။ (ထိုအခါ) စည်းဝေးလျက်ရှိသော သံဃာတော်က အရှင်ဗုဒ္ဓ- ဃောသကို စုံစမ်းခြင်းငှါ-

၂၃၅။ သူအား ဂါထာ ၂-ပုဒ်ကို ပေးပြီးလျှင် ဤဂါထာတို့၌ သင်၏ စွမ်း ရည်ကို ပြဦးလော့၊ ထိုရေးသားချက် စွမ်းရည်ကို ကြည့်ရှုပြီးလျှင် အလုံးစုံသော ပိဋကပေစာတို့ကို ပေးကုန်အံ့-ဟု ဆို၏။

၂၃၆။ အရှင်ဗုဒ္ဓဃောသသည် အဋ္ဌကထာနှင့် တကွ ပိဋကသုံးပုံကို သံဃာ တော်ကပေးသော ဤ ၂-ဂါထာ၌သာလျှင် အကျဉ်းချုံးလျက် ပေါင်းစု၍ **ဝိသုဒ္ဓိမဂ်** မည်သောကျမ်းကို ရေးသားစီရင်တော်မူ လေသည်။

၂၃၇။ ထိုသို့ စီရင်ပြီးနောက် အရှင်ဗုဒ္ဓဃောသသည် ဘုရားအလိုတော်၌ ကျွမ်းကျင်လိမ္မာသော ရဟန်းအပေါင်းသံဃာတော်ကို စည်းဝေးစေပြီးလျှင် သံဃမိတ္တာထေရီမ စိုက်ပျိုးခဲ့သော မဟာဗောဓိပင် အနီး၌ ထို ဝိသုဒ္ဓိမဂ်ကျမ်းကို ဖတ်စေရန် အားထုတ်စီမံလေသည်။

၂၃၈။ (ထိုအခါ) နတ်တို့သည် အရှင်ဗုဒ္ဓဃောသ၏ သိမ်မွေ့ထက်မြက်သော ဉာဏ်စွမ်းရည်ကို များစွာသော လူအပေါင်း၌ ထင်ရှားပြခြင်းငှါ ထို ဝိသုဒ္ဓိမဂ်ပေစာထုပ်ကို ကွယ်ဝှက်၍ ထားကုန်၏၊ အရှင်ဗုဒ္ဓဃောသသည်လည်း ထိုဝိသုဒ္ဓိမဂ်ကျမ်းကို ၂-ကြိမ်, ၃-ကြိမ် တိုင်တိုင်ပင် ထပ်၍ ရေးသားစီရင်ပြန်လေသည်။

၂၃၉။ သုံးကြိမ်မြောက်၌ ဝိသုဒ္ဓိမဂ်ပေစာကို ဖတ်စေရန်ထုတ်ဆောင်သော အခါ နတ်တို့သည် (ယခင်က ကွယ်ဝှက်ထားသော) အခြားပေစာ ၂-ထုပ်ကိုလည်း ထိုအရပ်၌ ထားလေကုန်၏။

၂၄၀။ ရဟန်းတော်တို့သည် ဝိသုဒ္ဓိမဂ်ကျမ်း ၃-စောင်ကို တပြိုင်နက် ရွတ်ဖတ်ကုန်၏၊ ထိုသို့ ရွတ်ဖတ်နေသောအခါ ကျမ်းဂန်ပါဠိအားဖြင့် သော်၎င်း, အနက်အားဖြင့်သော်၎င်း ရှေ့နောက် အစီအစဉ်အားဖြင့်သော်၎င်း—

၂၄၁။ ထေရဝါဒတို့နှင့် ဖြစ်စေ ပါဠိတော်ဝါကျတို့နှင့် ဖြစ်စေ ကွဲလွဲခြင်း မည်သည် ကျမ်းသုံးစောင်လုံးတို့၌ပင် မရှိသည်သာလျှင် ဖြစ်ပေသည်။

၂၄၂။ ထိုအခါ ရဟန်းအပေါင်း သံဃာတော်သည် အထူးသဖြင့် ရွှင်လန်းဝမ်းမြောက်သည်ဖြစ်၍ ဤဗုဒ္ဓဃောသသည် မချွတ်ကေန် မေတ္တေယျ ဘုရားအလောင်း ပေတည်း-ဟု ကြွေးကြော်လေသည်၊ ဤသို့ အဖန်ဖန် ကြွေးကြော်ပြီးလျှင်—

၂၄၃။ အဋ္ဌကထာနှင့်တကွ ပိဋကသုံးပုံ ပါဠိတော်ပေစာတို့ကို (အရှင်ဗုဒ္ဓဃောသအား) ပေးအပ်လေသည်။ (ထိုအခါ) အရှင်ဗုဒ္ဓဃောသ သည် (လူရှင်ရဟန်းတို့နှင့်) ရောယှက်ခြင်းကင်းသော ပိဋက တိုက်ကျောင်း၌ သီတင်းသုံးလျက်—

၂၄၄။ ထိုခေတ်အခါတွင် ရှိနေသော အလုံးစုံသော အဋ္ဌကထာတို့ကို အလုံးစုံသောလူတို့၏ မူလရင်းဘာသာဖြစ်သော မာဂဓ (ပါဠိ) ဘာသာဖြင့် ပြန်ဆိုတော်မူလေသည်။

၂၄၅။ ပါဠိဘာသာဖြင့် ပြန်ဆိုထားသော ထိုအဋ္ဌကထာသစ်သည် ဘာသာအမျိုးမျိုးကို တတ်သိပြောဆိုကြသော ပုဂ္ဂိုလ်အလုံးစုံတို့အား အကျိုးကျေးဇူး များလှပါပေသည်၊ (ထို့ကြောင့်) အလုံးစုံသော ထေရဝါဒဂိုဏ်းဝင် ဆရာတော်မထေရ်မြတ်တို့သည် ထိုအဋ္ဌကထာသစ်ကို ပါဠိဇာတ်ကဲ့သို့ပင် အလေးတမူ အရေးယူလျက် လက်ခံတော်မူကြလေသည်။

၂၄၆။ ထို့နောင် ပြုဖွယ်ကိစ္စတို့အားလုံး ပြီးဆုံးသွားသောအခါ အရှင်ဗုဒ္ဓဃောသသည် (ဗုဒ္ဓဃောသအရပ်၌ရှိသော) **မဟာဗောဓိ**ကို ရှိခိုးပူဇော် ဖူးမြော်ကန်တော့ရန်[၁] ဇမ္ဗူဒိပ်ကျွန်း (ဣန္ဒိယနိုင်ငံ) သို့ ပြန်ကြွတော်မူလေသတည်း—ဟူ၍

မဟာဝံသကျမ်း၌ ဖော်ပြထားပြီး ရှိလေပြီ။

ဤမဟာဝံသစကားကိုပင် အမှီပြု၍ ဗုဒ္ဓဃောသုပ္ပတ္တိမည်သော ကျမ်းငယ်တစောင်၌ ချဲ့ထွင်ကာ အမွှန်းတင်၍ ပြဆိုထားချက်လည်း ရှိသေး၏။ သို့ရာတွင် ထိုဗုဒ္ဓဃောသုပ္ပတ္တိကျမ်းလာစကားတို့မှ လိုရင်းအကြောင်းအရာများမှာ မဟာဝံသ၌ ပြဆိုထားသော အနက်အဓိပ္ပါယ်တို့မှ မထူးခြားလှသည့်ပြင် ၎င်းတို့ကို ထုတ်ပြခြင်းဖြင့် ကျမ်းလေးဖွယ်ရာမျှသာ ရှိသောကြောင့် ဤအရာ၌ ဗုဒ္ဓဃောသုပ္ပတ္တိကျမ်းအဆိုကို မထုတ်ပြတော့ပြီ။

၁-မဟာဗောဓိကို ရှိခိုးပူဇော် ဖူးမြော်ကန်တော့ရန် ဇမ္ဗူဒိပ်ကျွန်းသို့ ပြန်ကြွတော်မူလေသည်-ဟူသော စကားမှာ ရှေး၌ ပြဆိုခဲ့သောစကားနှင့် မနီးနှောမိသကဲ့သို့ ရှိ၏။ ရှေး၌ အရှင်ဗုဒ္ဓဃောသကို ဗောဓိမဏ္ဍိုင် အနီးအရပ်သား-ဟု ဆိုခဲ့၏။ သီဟိုဠ်သို့ သွား၍ သီဟိုဠ်အဋ္ဌကထာတို့ကို မာဂဓဘာသာပြန်ရန် ဆရာဖြစ်သူ အရှင်ရေဝတမထေရ်က စေခိုင်း၍ သီဟိုဠ်သို့သွားသည်-ဟူ၍လည်း ဆိုခဲ့၏။ ထို့ကြောင့် ဤအရာ၌လည်း ဘာသာပြန်ပြီးသော အဋ္ဌကထာတို့ကို ယူဆောင်၍ သာသနာတော်ကို ထွန်းတောက်စေရန် သာသနာပြုရန်အတွက် ဇမ္ဗူဒိပ်ကျွန်းသို့ ပြန်ကြွလေသည်-ဟု ဤသို့စသော အခြင်းအရာဖြင့် အရှင်ဗုဒ္ဓဃောသ၏ ပြန်ကြွခြင်းသည် သာသနာတော်ကို ထွန်းပစေရေးသာလျှင် အကြောင်းရင်း ရှိသင့်၏၊ မဟာဗောဓိကို ရှိခိုးခြင်းလျှင် အကြောင်းရင်း မရှိသင့်ပေ။

မဟာရာဇဝင်ကြီး စသည့်အဆို

မဟာရာဇဝင်ကြီး စသည်တို့၌မူ "သုမန္တရီပြို ကြွင်း သက္ကရာဇ် ၃၀၇-ခု၊ သာသနာတော် သက္ကရာဇ် ၉၃၀-ခုနှစ် သေလည်ကြောင်မင်း နန်းသက် (၄၂)နှစ်မြောက်တွင် သထုံပြည်မှ အရှင်ဗုဒ္ဓဃောသသည် သီဟိုဠ်ကျွန်းသို့ ကူးသွားပြီးလျှင် အဋ္ဌကထာကျမ်းတို့ကို ရေးသားပြုစုတော်မူ၍ ဇမ္ဗူဒိပါ ကျွန်း သထုံပြည်သို့ ဆောင်ယူတော်မူခဲ့သည်"ဟု ပြဆိုထား၏။ ထိုအလို အားဖြင့် အရှင်ဗုဒ္ဓဃောသကို မြန်မာပြည်သား ဟု ဆိုရပေလိမ့်မည်။ အထောက်အထားကား မရှိပေ။

ဇမ္ဗူဒိပ အိန္ဒိယတောင်ပိုင်းသားဖြစ်ကြောင်းယုတ္တိ

ယခုခေတ် ပညာရှိများစွာတို့ကမူ အရှင်ဗုဒ္ဓဃောသမထေရ်ကို ဇမ္ဗူဒိပ တောင်ပိုင်းသားဟု ဆိုကြ၏။ ဤသို့ဆိုရာ၌ အကြောင်းယုတ္တိမှာ— အဋ္ဌ-ကထာ ဋီကာတို့ကို ပြုစုစီရင်တော်မူကုန်သော မထေရ်တို့သည် အများ အားဖြင့် ဇမ္ဗူဒိပတောင်ပိုင်းသားတို့ချည်း ဖြစ်ကြ၏။ ထိုအကြောင်းကို ချဲ၍ ပြရလျှင် ဗုဒ္ဓဝံသအဋ္ဌကထာ, အဘိဓမ္မာဝတာရအဋ္ဌကထာ, ဝိနယဝိနိစ္ဆယ, ဥတ္တရဝိနိစ္ဆယ အဋ္ဌကထာတို့ကို ပြုစုစီရင်တော်မူသော အရှင်ဗုဒ္ဓဒတ္တမထေရ် သည် စောဠတိုင်း တမ္ဗပဏ္ဏိမြစ်အနီး ဥရဂမြို့သားဖြစ်သည်၊ အရှင်ဗုဒ္ဓ-ဃောသနှင့် ခေတ်ကာလတူလည်းဖြစ်သည်။ ပရမတ္ထဝိနိစ္ဆယကျမ်း, နာမ-ရူပပရိစ္ဆေဒကျမ်း, အဘိဓမ္မတ္ထသင်္ဂဟကျမ်းတို့ကို ပြုစုတော်မူသော အရှင် အနုရုဒ္ဓါမထေရ်သည် ကဉ္စိဝရတိုင်း ကာဝေရိမြို့သားဖြစ်သည်။ ခုဒ္ဒက နိကာယ် ဥဒါန်းပါဠိစသည်၏အဖွင့် ပရမတ္ထဒီပနီအဋ္ဌကထာနှင့် သုတ္တန် ဋီကာ, အနုဋီကာတို့ကို ပြုစီရင်တော်မူသော အရှင်ဓမ္မပါလမထေရ်သည် လည်း ဇမ္ဗူဒိပတောင်ပိုင်း ကဉ္စိပုရမြို့သားပင်ဖြစ်သည်။ ထို့အတူပင် အရှင် ဗုဒ္ဓဃောသမထေရ်ကိုလည်း ဇမ္ဗူဒိပတောင်ပိုင်းသားဖြစ်သည်ဟု သိအပ် ပေ၏။ မှန်ပေ၏၊ အင်္ဂုတ္တရအဋ္ဌကထာ၏ နိဂုံး၌ အောက်ပါဂါထာကို မိန့်ဆို ထားပေသည်။

> အာယာစိတော သုမတိနာ၊ ထေရေန ဘဒန္တဇောတိပါလေန။
> ကဉ္စိပုရာဒိသု မယာ၊ ပုဗ္ဗေ သဒ္ဓိံ ဝသန္တေန။ (ပ)
> ဓမ္မကထာယ နိပုဏပရမနိကာယဿဋ္ဌကထံ အာရဒ္ဓေါ။

"ကဒ္ဒိပုရမြို့စသည်တို့၌ ရှေးက ငါနှင့်အတူ နေဘူးသော ကောင်းသောဉာဏ်ပညာနှင့် ပြည့်စုံသော **အရှင်ဇောတိပါလ** မထေရ်က တောင်းပန်အပ်သည်ဖြစ်၍ (ပ) မဇ္ဈိမနိကာယအရာ၌ အလွန်သိမ်မွေ့နူးညံ့သော အင်္ဂုတ္တရနိကာယ်၏ အဋ္ဌကထာကို ပြုစီရင်ရန် ငါ အားထုတ်ခဲ့ပြီ"။

အထက်ပါဂါထာ၌ **ကဒ္ဒိပုရမြို့** ဟူသည်မှာ **မဒရာသ်မြို့**၏ အနောက် တောင်ဘက် ၄၅-မိုင်ရှိသောအရပ်၌ ယခုအခါ **ကဉ္စီဝရံ**ဟု ခေါ်သော မြို့ပင်ဖြစ်သည်။

ထိုအတူ **မဇ္ဈိမအဋ္ဌကထာ**၏ နိဂုံး၌လည်း အောက်ပါဂါထာကို မိန့်ဆို ထားပေသည်။

အာယာစိတော သုမတိနာ၊ ထေရေန **ဘဒန္တဗုဒ္ဓမိတ္တေန**။
ပုဗ္ဗေ မယူရဒူတ ပ, ဋ္ဋနမှိ သဒ္ဓိံ ဝသန္တေန။ (ပ)
ယမဟံ ပပဉ္စသူဒနိ-မဋ္ဌကထံ ကာတုမာရဘိံ။

"မယူရဒူတသင်္ဘောဆိပ်၌ ရှေးက ငါနှင့်အတူ နေဘူးသော ကောင်းသောဉာဏ်ပညာနှင့် ပြည့်စုံသော **အရှင်ဗုဒ္ဓမိတ္တမထေရ်**က တောင်းပန်အပ်သည်ဖြစ်၍ (ပ) ပပဉ္စသူဒနီမည်သော အဋ္ဌကထာကို ပြုစီရင်ရန် ငါ အားထုတ်ခဲ့ပြီ"။

အထက်ပါဂါထာ၌ **မယူရဒူတ** သင်္ဘောဆိပ်ဟူသည်မှာ ယခုအခါ **မဒရာသ်မြို့**အနီး မိုက်လပိုရ်ဟုခေါ်သော အရပ်ပင်ဖြစ်သည်ဟု ရှေးဟောင်း အကြောင်းအရာကိုရှာသော သုတေသီပုဂ္ဂိုလ်တို့က ဆိုကြ၏။

အထက်ပါ နိဂုံးဂါထာတို့ဖြင့် အရှင်ဗုဒ္ဓဃောသမထေရ်သည် ဇမ္ဗူဒိယ တောင်ပိုင်း၌ နေဘူးကြောင်းကိုသာပြ၏၊ ဗောဓိမဏ္ဍိုင် အနီး၌သော်၎င်း, မြန်မာပြည်၌သော်၎င်း နေဘူးကြောင်း ပြဆိုချက်ကိုကား မတွေ့ရပေ။ ထို့ကြောင့် အရှင်ဗုဒ္ဓဃောသမထေရ်ကို ဇမ္ဗူဒိယတောင်ပိုင်းသား မဟုတ် ဟု မငြင်းနိုင်ပေ။

ဝိနည်းအဋ္ဌကထာ၌လည်း အရှင်ဗုဒ္ဓဃောသဆရာတော်သည် အောက် ပါစကားကို မိန့်ဆိုထားသေး၏။

ယံ ပန အန္ဓကဋ္ဌကထာယံ "အပရိက္ခိတ္တေ ပမုခေ အနာပတ္တိတိ ဘူမိယံ ဝိနာ ဇဂတိယာ ပမုခံ သန္ဓာယ ကထိတ"န္တိ ဝုတ္တံ၊ တံ အန္ဓကရဋ္ဌေ ပါဠေန္တက္ကသန္နိဝေသာ ဧကစ္စဒနာ ဂဗ္ဘပါဠိယော သန္ဓာယ ဝုတ္တံ။

အန္ဓကအဋ္ဌကထာ၌ "အရံအတားမရှိသော မျက်နှာစာအရပ်၌ အာပတ်မသင့် ဟူသောစကားကို အကြည်ခံမြင့်မရှိသော မြေအပြင်၌ မျက်နှာစာအရပ်ကို ရည်ရွယ်၍ဆိုသည်"ဟု အကြင်စကားကို ဆိုအပ်၏၊ ထိုစကားမှာ အန္ဓကနိုင်ငံ၌ သုံးခြားတည်နေကုန်သော အမိုးတခုတည်းသာ ရှိကုန်သော တိုက်ခန်းအစဉ် (တန်းလျား အဆောက်အဦ)တို့ကို ရည်၍ ဆိုထားသော စကားဖြစ်သည်။

အထက်ပါစကားဖြင့် "**အန္ဓကအဋ္ဌကထာ** ဟူသည်မှာ အန္ဓကတိုင်းသားမထေရ်တို့ ပြုစီရင်ထားသော အဋ္ဌကထာဖြစ်သည်"ဟု ထင်ရှား၏၊ အရှင်ဗုဒ္ဓဃောသမထေရ်သည်လည်း အန္ဓကအဋ္ဌကထာ၌ ရည်ရွယ်ချက်ဖြင့် ဆိုထားသော စကားကိုရင်း ထိုအန္ဓကအရပ်၌ ဆောက်လုပ်လေ့ရှိသော တိုက်ခန်းအစဉ် (တန်းလျား အဆောက်အဦ)တို့၏ တည်နေပုံအခြင်းအရာကိုရင်း ကောင်းကောင်းသိပေ၏၊ ထို့ကြောင့် ထိုအရပ်သား မဟုတ်ဟု မဆိုနိုင်ပေ။

ထိုပြင် ဤဝိသုဒ္ဓိမဂ်ကျမ်း၏ နိဂုံး၌လည်း "**မောရဏ္ဍခေဋကဝတ္တဗ္ဗေန**-မောရဏ္ဍရွာသားဟု ခေါ်ဆိုအပ်သော" ဟူသောပုဒ်ကို မိန့်ဆိုထားသေး၏။ ဤပုဒ်၌ ခေဋသဒ္ဒါသည် ရွာဟူသောအနက်, တောနယ်သား လယ်သမားတို့၏ နေရာဟူသောအနက်, မြိုငယ်ဟူသောအနက် ဤသုံးခုသောအနက်တို့၌ ဖြစ်သည်ဟု သက္ကတအဘိဓာန်၌ ပြဆိုထား၏၊ ဣန္ဒိယတောင်ပိုင်း၌ ရွာကို ခေဋာဟု ယခုထက်တိုင် ခေါ်ဝေါ်သုံးစွဲလျက်ရှိ၏။ ထို့ကြောင့် "မောရဏ္ဍ-ဒေါင်းဥ"မည်သော (ခေဋ) ရွာ၌ဖြစ်သောသူသည် **မောရဏ္ဍ-ခေဋကမည်**၏၊ "မောရဏ္ဍခေဋက-မောရဏ္ဍရွာသား"ဟူ၍ ခေါ်ဆိုအပ်သောသူသည် **မောရဏ္ဍခေဋကဝတ္တဗ္ဗမည်**၏-ဤသို့ ဝစနတ္ထပြု၍ "မောရဏ္ဍရွာ၌ ဖြစ်သောသူဟု ခေါ်ဆိုအပ်သောမထေရ်သည်" ဟူသော အနက်ကို

ယူအပ်၏။ ယခုခေတ်၌ ဣန္ဒိယတောင်ပိုင်း ဂုန္တာဒိစတြိတ်တွင် နာဂါရ်ဇုနကောဏ္ဍခေါ်သော အရပ်မှ ၅၁-မိုင်ခန့်, အမရဝတီခေါ်သော အရပ်မှမူ ၅၇-မိုင်ခန့်ရှိသော အရပ်၌ ကောတနေမလိပုရိဟူသော ဌာနနှင့် ဂုန္ဒလပလ္လိဟူသော ဌာနတို့သည်ရှိကြ၏၊ ထိုအရပ်ဒေသ ပတ်ဝန်းကျင်၌လည်း ဗုဒ္ဓသာသနာတော်နှင့် စပ်ဆိုင်သော ရှေးဟောင်း အဆောက်အဦပျက်များ ပြန့်ကြဲလျက်ရှိသည်ကို တွေ့ရ၏၊ နေမလိဟူသော တေလဂူစကားသည် မောရ-ဒေါင်း၏ အမည်ဖြစ်သည်၊ ဂုန္ဒလုဟူသော တေလဂူစကားသည် အဏ္ဍ-ဥ၏ အမည်ဖြစ်သည်၊ ထို့ကြောင့် ထိုနေမလိပုရိမည်သော ဌာနနှင့် ဂုန္ဒလပလ္လိမည်သော ဌာနနှစ်ခုသည် ရှေးက မောရဏ္ဍခေဋ္ဋက-ဟုခေါ်သော အရှင်ဗုဒ္ဓဃောသ၏ ဇာတိရွာ ဖြစ်တန်ရာ၏ဟု ရှေးဟောင်းပစ္စည်းတို့ကို စူးစမ်းရှာဖွေသော ဣန္ဒိယအစိုးရ စူးစမ်းရှာဖွေရေးပညာရှိတို့က ယူဆထား၏။ သို့သော်လည်း မောရဏ္ဍခေဋ္ဋကဝတ္တဗ္ဗနေဟူသောပုဒ်သည် မောရဏ္ဍဂါမိကေန-ဟူသော ပုဒ်ကဲ့သို့ ပါဠိနည်းနှင့် မသင့်လျော်လှပေ။ အရှင်ဗုဒ္ဓဃောသ၏ အခြားသော ဂုဏ်ပုဒ်များစွာတို့မှာ ထေရေန-ဟူသော ပဓာနပုဒ်၏ ရှေး၌သာလျှင် တည်ရှိကြ၏၊ ဤ မောရဏ္ဍခေဋ္ဋကဝတ္တဗ္ဗနေ-ဟူသော ပုဒ်သည်ကား ထိုပဓာနပုဒ်၏ နောက်၌ တပုဒ်တည်း အသီးအခြားတည်လျက်ရှိ၏၊ အခြားသော သုတ်, ဝိနည်း, အဘိဓမ္မာ အဋ္ဌကထာတို့၏ နိဂုံးတို့၌လည်း ဤပုဒ်ကို မတွေ့ရ။ ထို့ကြောင့် ဤပုဒ်ကို အရှင်ဗုဒ္ဓဃောသဆရာတော်၏ ဇာတိအရပ်ဌာနကိုသိသော ထိုခေတ်ကာလ၌ရှိသော တစုံတယောက်သော ပုဂ္ဂိုလ်က နောက်ကာလကျမှ ထည့်ထားဟန် တူပေသည်။

အရှင်ဗုဒ္ဓဃောသဆရာတော်ကို ဗောဓိမဏ္ဍိုင်အနီး ဗုဒ္ဓဂယာအရပ်သားဟူ၍ရင်း မြန်မာပြည်သားဟူ၍ရင်း ဣန္ဒိယတောင်ပိုင်းသားဟူ၍ရင်း ဆိုသော ဤအဆိုသုံးမျိုးတို့တွင် နောက်ဆုံးအဆိုသည်သာလျှင် သာ၍ အားရှိခိုင်ခံ့ပေသည်။ အကြောင်းမှာ ထိုအဆိုသည် အရှင်မဟာဗုဒ္ဓဃောသဆရာတော်၏ စကားကိုပင်လျှင် မှီသောကြောင့် ဖြစ်ပေသည်။ ထို့ကြောင့် ထိုနောက်ဆုံးအဆိုကိုပင်လျှင်မှီ၍ အရှင်ဗုဒ္ဓဃောသမထေရ်၏ အဋ္ဌုပ္ပတ္တိအကြောင်းအရာကို အောက်ပါအတိုင်း သိအပ်ပေ၏။

အရှင်ဗုဒ္ဓဃောသမထေရ်၏ အဋ္ဌုပ္ပတ္တိ

အရှင်ဗုဒ္ဓဃောသဆရာတော်၏ အလောင်းလျာသည် သာသနာတော် တဆယ်ရာစုနှစ် (၉၀၀-၁၀၀၀)တွင် ဇမ္ဗူဒီပါ-အိန္ဒိယနိုင်ငံ တောင်ပိုင်း မောရဏ္ဍ ရွာ၌ ပြာဟ္မဏ ပုဏ္ဏားမျိုးမှ ဖွားမြင်တော်မူသည်၊ သူသည် ဗေဒင်သုံးပုံ တို့၌၎င်း အလုံးစုံသော ဝိဇ္ဇာခေါ်ပညာနှင့် သိပ္ပခေါ်အတတ်ဆိုင်ရာ ကျမ်းဂန်တို့၌၎င်း တဖက်ကမ်းရောက်တတ်မြောက်ပြီးနောက် ဗုဒ္ဓသာသနာ တရားတော်ကို ကြားနာရ၍ ထိုတရားတော်ကိုလည်း သင်ယူလိုသဖြင့် ဇမ္ဗူဒီပ-အိန္ဒိယတောင်ပိုင်း၌ပင်လျှင် ထေရဝါဒ ကျောင်းတိုက်တခု၌ အရှင် ရေဝတ မထေရ်အမှူးရှိကုန်သော မဟာဝိဟာရဝါသီ ဂိုဏ်းသား ရဟန်းတော်တို့၏ အထံ၌ ရှင်အဖြစ် ရဟန်းအဖြစ်ကို ခံယူပြီးလျှင် ပိဋကသုံးပုံ ပါဠိတော်ကို သင်ယူတော်မူလေ၏။ ဤသို့ သင်ယူစဉ်ပင်လျှင် "ဤတရားသည် ဉာဏ် အမြင် စင်ကြယ်ရန် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တကြောင်းတည်းသော လမ်းဖြစ်သည်"ဟု သဘောပေါက် သိမြင်လေ၏။ ဆရာဥပဇ္ဈာယ်တို့ သည်လည်း သူ၏ထူးခြားသော ဉာဏ်စွမ်းရည်နှင့် ပြည့်စုံပုံကို သိကြသဖြင့် ဗုဒ္ဓသာသနာတော်၌ ဤရဟန်းငယ်၏ ဂုဏ်သတင်း ကျော်စောခြင်းသည် ဘုရား၏ ကျော်စောခြင်းကဲ့သို့ပင် ဖြစ်လိမ့်မည်ဟု မျှော်မြင်ကုန်လျက် **ဗုဒ္ဓဃောသ**ဟူသော ဘွဲ့အမည်ကို မှည့်ကုန်၏၊ ထို့ကြောင့် "ဗုဒ္ဓဃောသ ဟု ဆရာဥပဇ္ဈာယ်တို့က ယူအပ် မှည့်ခေါ်အပ်သော ဘွဲ့အမည်ရှိသော မထေရ်" ဟူ၍ ဤဝိသုဒ္ဓိမဂ်၏နိဂုံး စသည်တို့၌ မိန့်ဆိုထားပေသည်။

အရှင်ဗုဒ္ဓဃောသသည် ဤဆိုခဲ့သည့်အတိုင်း ပိဋကသုံးပုံ ပါဠိတော်ကို သင်ယူပြီးလျှင် **မဒရသ်မြို့**၏ အနီးဖြစ်သော **မယူရဒူတ သဘော်ဆိပ်** အရပ်၌၎င်း **ကဉ္စိပုရမြို့** စသည်တို့၌၎င်း သီတင်းသုံးနေထိုင်လျက် **အနုက အဋ္ဌကထာ**၌ လေ့လာပြီးလျှင် ထိုအဋ္ဌကထာဖြင့် အားမရ မရောင့်ရဲသော စိတ်ရှိသည်ဖြစ်၍ သီဟိုဠ်အဋ္ဌကထာတို့၌လည်း လေ့လာလိုသောကြောင့် ၎င်း ထိုသီဟိုဠ် အဋ္ဌကထာတို့ကို ပါဠိဘာသာသို့တင်၍ အသစ်ပြုပြင်စီရင်ရန် လိုလားတောင့်တသောကြောင့်၎င်း သီဟိုဠ်ကျွန်းသို့ ကြွသွားတော် မူလေ၏၊ ထိုစဉ်ကာလ၌ သီဟိုဠ်ကျွန်းတွင် **မဟာနာမ** မည်သောမင်းသည် ထီးနန်းအုပ်ချုပ် မင်းလုပ်လျက်ရှိ၏၊ ထိုမင်းသည်လည်း **အဘယဂိရိဝါသ်**

ဂိုဏ်းသား ရဟန်းတို့၌ကြည်ညို၍ ထိုဂိုဏ်းသား ရဟန်းတို့ကိုသာလျှင် အထူးအားဖြင့် ချီးမြှောက်ထောက်ပံ့ အားပေးလျက်ရှိ၏။

အရှင်ဗုဒ္ဓဃောသ မထေရ်သည်ကား သာသနာတော် ၉၆၅-ခုနှစ်တွင်[၁] သီဟိုဠ်သို့ ရောက်သည်၊ ထိုအခါ **မဟာဝိဟာရ ကျောင်းတိုက်** သို့သာလျှင် သွား၍ သီဟိုဠ်မထေရ်တို့၏ အထံ၌ သီဟိုဠ် အဋ္ဌကထာတို့ကို ကြားနာ သင်ယူတော်မူလေသည်။ ထို့ကြောင့် **ဝိနည်းအဋ္ဌကထာ** နိဂုံး၌ အောက်ပါဂါထာတို့ကို မိန့်ဆိုထားပေသည်။

> "မဟာအဋ္ဌကထာ မဟာပစ္စရိအဋ္ဌကထာ ကုရုန္ဒိအဋ္ဌကထာဟူသော သုံးစောင်သော ဤသီဟိုဠ်အဋ္ဌကထာတို့ကို....
> ဗုဒ္ဓမိတ္တဟူသော ဘွဲ့အမည်ဖြင့် ထင်ရှားကျော်စော၍ အခြေအရံ များသော, ဝိနည်းကို တတ်သိ ကျွမ်းကျင်တော်မူသော ပညာရှိ မထေရ်မြတ်၏ထံ၌ ကြားနာသင်ယူပြီးလျှင် (ဝိနည်း၏ အဖွင့် အဋ္ဌကထာကို အားထုတ်စီရင်ခဲ့ပြီ)။"

အထက်ပါ စကားဖြင့် မဟာ အဋ္ဌကထာစသော အဋ္ဌကထာကြီး သုံးစောင်တို့ကိုသာလျှင် ကြားနာသင်ယူကြောင်း ပြသည်၊ ထိုဝိနည်း အဋ္ဌကထာ၏ အတွင်းစာသားများ၌မူကား သင်္ခေပအဋ္ဌကထာ အန္ဓက အဋ္ဌကထာတို့၏ အဆုံးအဖြတ်များကိုလည်း ပြထားသေးသည်သာ။ သို့ဖြစ်ရာတွင် ထိုသင်္ခေပ အန္ဓကအဋ္ဌကထာတို့ကို သီဟိုဠ်မထေရ်တို့ထံ၌ အဘယ်ကြောင့် မကြားနာ မသင်ယူပါသနည်းဟူမူ၊ ထိုအဋ္ဌကထာ နှစ်စောင်တို့တွင် အန္ဓကအဋ္ဌကထာမှာ အန္ဓကတိုင်းဖြစ် အဋ္ဌကထာ ဖြစ်သောကြောင့်ရင်း ဏ္ဍိယ၌နေစဉ်ကပင် လေ့လာခဲ့ပြီးဖြစ်သော ကြောင့်ရင်း မကြားနာ မသင်ယူကြောင်း ထင်ရှားလှပေ၏။ သင်္ခေပ အဋ္ဌကထာမှာမူ မဟာပစ္စရိအဋ္ဌကထာ၏ အကျဉ်းချုပ်မျှ ဖြစ်သောကြောင့် ရင်းကို သီးသန့်မကြားနာ မသင်ယူလေသည်ဟု သိအပ်ပေ၏။

ဤသို့ ပြဆိုခဲ့သည့်အတိုင်း သီဟိုဠ်အဋ္ဌကထာတို့ကို ကြားနာသင်ယူစဉ် ပင်လျှင် အရှင်ဗုဒ္ဓဃောသ မထေရ်မှာ ထက်မြက်နက်နဲ လျင်မြန်သော ဉာဏ်စွမ်းရည်အထူးနှင့် ပြည့်စုံသည်ကိုရင်း, အလွန်စင်ကြယ်သော သဒ္ဓါ

၁-ဤခုနှစ်မှာ မဟာနာမမင်း၏ နန်းစံ ခုနှစ်နှင့် သီဟိုဠ်မှတ်တမ်းအရ ဖြစ်သည်။ The Pali Literature of Cey lon (P.81)

ပညာ ဝီရိယတို့ဖြင့် တန်းဆာဆင်အပ်သော ဝါရိတ္တသီလ စာရိတ္တသီလ ဖြောင့်မတ်ခြင်း နူးညံ့ခြင်းအစရှိသော ဂုဏ်အပေါင်းတို့၏ စုဝေးရာဖြစ်သည်ကိုရင်း,မိမိအယူနှင့် ဂိုဏ်းတပါးအယူ တည်းဟူသော တောရှုပ်၌ သက်ဝင်ခြင်းငှါ စွမ်းနိုင်သော ပညာ၏ထက်မြက်ခြင်းနှင့်ပြည့်စုံသည်ကိုရင်း,များစွာသောကျမ်းဂန်တို့၌ ဆည်းပူးလေ့လာထားပြီးသော သံဝဏ္ဏနာဖွင့်ပြနည်းတို့၌ ကောင်းကောင်း ကျွမ်းကျင်သည်ကိုရင်း သံကြရ၍ အဋ္ဌကထာတို့ကို ကြားနာသင်ယူခြင်းကိစ္စ ပြီးဆုံးသောကာလ၌ အရှင်သံဃပါလ အစရှိသော မထေရ်တို့သည် အရှင်ဗုဒ္ဓဃောသအား ဝိသုဒ္ဓိမဂ် အစရှိသော ကျမ်းတို့ကို ပြုစီရင်ရန် အသီးအသီး တောင်းပန်ကြလေသည်၊ ဤအရာ၌ အရှင်ဗုဒ္ဓဃောသမှာ ဆိုခဲ့သောဂုဏ်တို့နှင့် ပြည့်စုံကြောင်း အရှင်ဗုဒ္ဓ-ဃောသ၏စကားဖြင့်ပင်လျှင် ထင်ရှားပါသည်၊ ၎င်းမှာ အဋ္ဌကထာတို့၏ နိဂုံး၌ မိန့်ဆိုထားသော အောက်ပါစကားပင် ဖြစ်ပေသည်။

> “အလွန်စင်ကြယ်သော သဒ္ဓါပညာ ဝီရိယတို့ဖြင့် တန်းဆာဆင်အပ်သော ဝါရိတ္တသီလ စာရိတ္တသီလ ဖြောင့်မတ်ခြင်း နူးညံ့ခြင်း အစရှိသော ဂုဏ်အပေါင်းတို့၏ စုဝေးရာဖြစ်သော မိမိအယူနှင့် ဂိုဏ်းတပါး အယူတည်းဟူသော တောရှုပ်၌ သက်ဝင်ခြင်းငှါ စွမ်းနိုင်သော ပညာ၏ထက်မြက်ခြင်းနှင့် ပြည့်စုံသော-ဤသို့ စသည်ပင် ဖြစ်သည်။

အထက်ပါ နိဂုံးစကား၌ **မိမိအယူနှင့် ဂိုဏ်းတပါး အယူတည်းဟူသော တောရှုပ်၌ သက်ဝင်ခြင်းငှါ စွမ်းနိုင်သည်** ဟူသောပုဒ်ဖြင့် အရှင်ဗုဒ္ဓဃောသမထေရ်သည် စင်ကြယ်သော ထေရဝါဒီဖြစ်ကုန်သော မဟာဝိဟာရဝါသီ ထေရ်အရှင်တို့၏ ဟောပြောပို့ချနည်းဟု ဆိုအပ်သော မိမိအယူ၌ရင်း, မဟာသံဃိကဂိုဏ်းအစ မဟာယာနဂိုဏ်း အဆုံးရှိသော ဂိုဏ်းတပါးဖြစ်သော သူတပါးတို့၏ ပိဋကကျမ်းဂန်အထူးနှင့် ဝါဒအထူး နည်းအထူးဟု ဆိုအပ်သော သူတပါးတို့၏ အယူ၌ရင်း, ထိုပြင် ထိုခေတ်ကာလ၌ ထင်ရှားကုန်သော သာသနာအပြင်ပ တိတ္ထိတို့နှင့် ရဟန်းပုဏ္ဏားတို့၏ ဗေဒင်သုံးပုံ စသည်ဟု ဆိုအပ်သော သူတပါးတို့၏ အယူ၌ရင်း ကျွမ်းကျင်လိမ္မာသည်၊ ထို မိမိအယူနှင့် ဂိုဏ်းတပါးအယူတို့၏ သက်ဝင်နိုင်ခဲ သိနိုင်ခဲသော အနက်ဟု ဆိုအပ်သော ရှုပ်ထွေးသော အရာဌာန၌လည်း သက်ဝင်ခြင်းငှါ စွမ်း

နိုင်သည်ဟု ပြ၏။ **ပညာ၏ ထက်မြက်ခြင်းနှင့် ပြည့်စုံသည်** ဟူသောပုဒ်ဖြင့် အရှင်ဗုဒ္ဓဃောသမထေရ်သည် ရှေးအဋ္ဌကထာဟောင်းတို့ကို အကျဉ်းချုံးခြင်းငှါလည်း တဖန် အသစ်ပြုပြင်စီရင်ခြင်းငှါလည်း စွမ်းနိုင်သည်ဟု ပြသည် ဟူ၍ သိအပ်၏။

တောင်းပန်ကြခြင်း၏အကြောင်း

ထိုမဟာဝိဟာရဝါသီတို့သည် အရှင်ဗုဒ္ဓဃောသအား အဘယ်ကြောင့် အဋ္ဌကထာတို့ကို အသစ်ပြု စီရင်ရန် တောင်းပန်ကြသနည်းဟူမူ-ဤမေးခွန်းကို ပြေလည်စွာ ဖြေရှင်းနိုင်ရန်အတွက် အခြေအမြစ်ပါ ဖော်ပြရန် လိုပါသည်။ ထိုကြောင့် ဤအရာ၌ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသောကာလမှစ၍ အရှင်ဗုဒ္ဓဃောသဆရာတော်၏ ခေတ်ကာလတိုင်အောင် ဗုဒ္ဓသာသနာတော် ဆင်းသက်လာပုံ အစဉ်အဆက်ကို ရှေးဦးစွာ ပြဆိုပါဦးအံ့။

သာသနာတော် ဆင်းသက်လာပုံ အစဉ်အဆက်

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသောကာလမှ နောက်အနှစ်တရာအတွင်း၌ ဘုရားသာသနာတော်တွင် ဝါဒကွဲပြားခြင်းမည်သည် တစုံတခုမျှ မရှိခဲ့ပေ။ အနှစ်တရာမြောက် ကာလ၌မူကား ဒုတိယ သံဂါယနာတင် မထေရ်တို့က နှင်ထုတ်လိုက်သော ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် အသင်းအပင်းကို ရကုန်၍ တရားတော်ကိုလည်း ဝိနည်းတော်ကိုလည်း တမျိုးတမည်ပြုကုန်လျက် **မဟာသင်္ဂီတိ** ဟူသော အမည်ဖြင့် အသီးအခြား သံဂါယနာ တင်ကြလေကုန်၏။ ထိုအခါ၌ ပဌမ ဒုတိယ သံဂါယနာ နှစ်တန်တင်ထားသော ရှေးဟောင်းတရားတော်နှင့် ဝိနည်းတော်ကိုသာလျှင် လက်ခံသော မထေရ်အပေါင်းကို **ထေရဝါဒဂိုဏ်း** ဟူ၍လည်း ထိုမှတပါးသော မထေရ်အပေါင်းကို **မဟာသင်္ဃိကဂိုဏ်း**ဟူ၍လည်း ခေါ်ကြ၏။

တဖန် မဟာသင်္ဃိကဂိုဏ်းမှ (၁) **ဂေါကုလိကဂိုဏ်း** (၂) **ဧကဗျောဟာရိကဂိုဏ်း** ဟူ၍ နှစ်ဂိုဏ်းကွဲလာပြန်သည်။ တဖန် ဂေါကုလိကဂိုဏ်းမှလည်း (၃) **ပညတ္တိဝါဒဂိုဏ်း** (၄) **ဗာဟုလိကဂိုဏ်း** (သို့မဟုတ် **ဗဟုဿုတိကဂိုဏ်း**) ဟူ၍ နှစ်ဂိုဏ်းကွဲလာပြန်သည်။ တဖန် ဗာဟုလိကဂိုဏ်းမှလည်း (၅) **စေတိယဝါဒီဂိုဏ်း** ကွဲထွက်လာပြန်သည်။ ဤသို့လျှင် မူလရင်း မဟာသင်္ဃိကဂိုဏ်းနှင့် တကွ ဤဂိုဏ်းကွဲတို့သည် အသီးအခြား ၆-ဂိုဏ်းဖြစ်လေကုန်၏။

စင်ကြယ်သော ထေရဝါဒဂိုဏ်းမှလည်း (၁) **မဟိသာသကဂိုဏ်း**၊ (၂) **ဝဇ္ဇီပုတ္တကဂိုဏ်း** ဟူ၍ နှစ်ဂိုဏ်းကွဲလာပြန်သည်။ တဖန် မဟိသာသကဂိုဏ်းမှလည်း (၃) **သဗ္ဗတ္ထိဝါဒဂိုဏ်း** (၄) **ဓမ္မဂုတ္တိဂိုဏ်း** ဟူ၍ နှစ်ဂိုဏ်းကွဲလာပြန်သည်၊ တဖန် သဗ္ဗတ္ထိဝါဒဂိုဏ်းမှလည်း (၅) **ကဿပိယဂိုဏ်း** ကွဲထွက်လာသည်၊ ထိုဂိုဏ်းမှလည်း (၆) **သင်္ကန္တိကဂိုဏ်း** ကွဲထွက်လာပြန်သည်၊ ထိုဂိုဏ်းမှလည်း (၇) **သုတ္တဝါဒီဂိုဏ်း** ကွဲထွက်လာပြန်သည်။ ဝဇ္ဇီပုတ္တက ဂိုဏ်းမှလည်း (၈) **ဓမ္မောတ္တရိယဂိုဏ်း** (၉) **ဘဒ္ဒယာနိကဂိုဏ်း** (၁၀) **ဆန္နာဂါရိကဂိုဏ်း** (၁၁) **သမ္မိတိယဂိုဏ်း** ဟူ၍ လေးဂိုဏ်းကွဲလာပြန်သည်။ ဤသို့လျှင် မူလရင်း စင်ကြယ်သော ထေရဝါဒဂိုဏ်းနှင့် တကွဆိုလျှင် ၎င်းတို့သည် တဆယ့်နှစ်ပါးသောဂိုဏ်းတို့ ဖြစ်လေကုန်၏။ ရှေးမဟာသံဃိကခြောက်ဂိုဏ်းနှင့် တကွဆိုလျှင် ဂိုဏ်းကြီးတဆယ့်ရှစ်ပါးတို့ ဖြစ်ကုန်၏။ ၎င်းတို့မှာ သာသနာ နှစ်တရာမြောက် ဒုတိယ သံဂါယနာနှင့် သာသနာနှစ် ၂၃၅-နှစ်မြောက် တတိယ သံဂါယနာတို့၏ အကြားကာလ၌ ဖြစ်ပေါ်လာသော ဂိုဏ်းများဖြစ်ကြသည်။

ထိုတဆယ့်ရှစ်ပါးသော ဂိုဏ်းတို့တွင် မူလရင်းဖြစ်သော ထေရဝါဒဂိုဏ်းသည်သာလျှင် ရှေးဟောင်းဖြစ်သော ဓမ္မဝိနယကို အလေးပြုလျက် မယုတ်မလွန် လုံးဝပြည့်စုံ စင်ကြယ်သော ပဌမသံဂါယနာမှ ဆင်းသက်လာသည့် ရှေးဟောင်းဖြစ်သော တရားတော်နှင့် ဝိနည်းတော်ကို ဆောင်တော်မူပေသည်။ ထိုမှ ကြွင်းသော တဆယ့်ခုနစ်ပါးသော ဂိုဏ်းကွဲတို့သည်ကား ရှေးဟောင်းတရားတော်နှင့် ဝိနည်းတော်ကို တမျိုးတမည် ပြုပြင်ကြလေကုန်၏။ ထို့ကြောင့် ၎င်းတို့၏ ဓမ္မဝိနယသည် အချို့အရာ၌လို၍ အချို့အရာ၌ ပိုလျက် မပြည့်စုံ မစင်ကြယ်ပဲ ရှိလေသည်။

ထိုပြင် **သီရိဓမ္မာသောကမင်းတရားကြီး**၏ လက်ထက်၌ လာဘ်ပူဇော်သက္ကာရမှ ဆုတ်ယုတ်ကုန်သော သာသနာပ အညတိတ္ထိယတို့သည် လာဘ်ပူဇော်သက္ကာရကို တောင့်တကုန်၍ ရဟန်းတော်တို့၏အထံ၌ ရှင်ရဟန်းပြုကြပြီးလျှင် မိမိ မိမိတို့၏ အယူဝါဒတို့ကို "ဤသည်ကား တရား၊ ဤသည်ကား ဝိနည်း၊ ဤသည်ကား ဘုရားရှင်၏ အဆုံးအမ" ဟူ၍ ပြောပြကုန်၏။ ရဟန်းတော်တို့၏ အထံ၌ ရှင်ရဟန်းပြုခွင့်ကို မရသော တိတ္ထိတို့သည်လည်း မိမိတို့ကိုယ်တိုင်ပင် ဆံပင်တို့ကိုရိတ်၍ ဖန်ရည်စွန်းသော အဝတ်သင်္ကန်းတို့

ကို ဝတ်ရုံကြပြီးလျှင် ကျောင်းတိုက်တို့၌ လှည့်လည်ကုန်လျက် ဥပုသ်ကံ စသည်ပြုသော အခါကာလဝယ် သံဃာအလယ်သို့ဝင်ကုန်၏။ ထိုတိတ္ထိတို့သည် ရဟန်းသံဃာတော်က တရားတော် ဝိနည်းတော် ဘုရားရှင်၏ အဆုံးအမတော်ဖြင့် နှိပ်ကွပ် ဆုံးမသော်လည်း တရားတော် ဝိနည်းတော်အားလျော်သော အကျင့်ပဋိပတ်၌ မတည်ကုန်မူ၍ သာသနာတော်၏ အမြုပ်ကိုရင်း အညစ်အကြေးကိုရင်း ဆူးငြောင့်ကိုရင်း များပြားစွာ ဖြစ်စေကုန်၏။ အချို့တိတ္ထိတို့သည် မီးကိုပူဇော်ကုန်၏၊ အချို့တိတ္ထိတို့သည် ငါးမျိုးသောအပူ၌ ပူစေကုန်၏၊ အချို့တိတ္ထိတို့သည် နေသို့အစဉ်လိုက်၍ ကျင့်ကုန်၏၊ အချို့တိတ္ထိတို့သည် တရားတော် ဝိနည်းတော်ကို ဖျက်ဆီးကုန်အံ့ဟု ထိုထိုအခြင်းအရာဖြင့် အားထုတ်ကုန်၏။ ထိုအခါ ရဟန်းသံဃာတော်သည် ထိုတိတ္ထိတို့နှင့် တကွ ဥပုသ် ပဝါရဏာကို မပြုပဲ ရှောင်ရှားလေ၏။အသောကာရုံကျောင်းတိုက်၌ ခုနစ်နှစ်တို့ပတ်လုံး ဥပုသ်ပြုမှု ပြတ်စဲလေ၏။

ဤဖြစ်ပုံ အခြေအနေကို ထောက်ဆကြည့်လျှင် "တဆယ့်ခုနစ်ပါးသော ဝါဒဂိုဏ်းကွဲတို့၏ ဓမ္မဝိနယသည် နောက်ကာလတို့၌ အထက်ပါဖြစ်ပုံကဲ့သို့သော အကြောင်းကြောင့်လည်း သာ၍မစင်ကြယ်ပဲ ဖြစ်လာခဲ့သည်" ဟု ဤသို့လည်း ယူဆနိုင်ပေ၏။ ထိုသို့ယူဆနိုင်ပုံကို ထင်ရှားပြရလျှင် မြတ်စွာဘုရား၏ အဆုံးအမတော်ဖြစ်သော ထက်ဝန်းကျင်စင်ကြယ်သော ဓမ္မဝိနယ ပိဋကတော်၌ "နိဗ္ဗာန်ဓာတ်မှတပါး မြဲသော ခိုင်သော အစဉ်ထာဝရတည်ရှိသော အရာမည်သည် တစုံတခုမျှမရှိ၊ ပရမတ္ထအားဖြင့် အတ္တမည်သည်လည်း မရှိ၊ အလုံးစုံသော သင်္ခါရတရားတို့သည် မမြဲကုန် မခိုင်ကုန် အစဉ်ထာဝရ မတည်ကုန် အတ္တ မဟုတ်ကုန်သည်သာ" ဟူသော အနက်သည် အလွန်ပင် ထင်ရှားပေ၏။ သို့သော်လည်း ယခုခေတ်တွင် ထေရဝါဒီမဟုတ်သော အခြားတပါး ဗုဒ္ဓဘာသာဝင် ဂိုဏ်းတို့၏ ကျမ်းဂန်တို့၌ရင်း, ရှေးခေတ်က ဝေတုလ္လဝါဒ စသည်တို့၌ရင်း "ဗုဒ္ဓဘုရားသည် မြဲ၏ ခိုင်၏ အစဉ်ထာဝရတည်ရှိ၏ အတ္တတည်းဟူ၍ရင်း, အလုံးစုံသော သတ္တဝါတို့သည် မြဲကုန်၏ ခိုင်ကုန်၏ အစဉ်ထာဝရတည်ရှိကုန်၏ အတ္တတို့တည်းဟူ၍ရင်း" ဤသို့သော အနက်ကို တွေ့မြင်နေရချေ၏။

ထိုသို့ အသောကာရုံ ကျောင်းကိုက်၌ ဥပုသ်ပြုခြင်း ပြတ်စဲနေသော အခါ သီရိဓမ္မာသောက မင်းတရားကြီးသည် သာသနာတော်ကို သုတ်သင်

လိုသည်ဖြစ်၍ အရှင် မဟာမောဂ္ဂလိပုတ္တတိဿမထေရ်၏ အထံ၌ (အလုံးစုံသော) အယူဝါဒကို ရှေးဦးစွာ သင်ယူပြီးလျှင် အယူတူကုန် တူကုန်သော ရဟန်းတို့ကို တပေါင်းတည်း စုရုံးစေ၍ တစုတစုသော ရဟန်းအပေါင်းကို ပင့်ခေါ်ပြီးလျှင် "အရှင်ဘုရားတို့၊ မြတ်စွာဘုရားသည် အဘယ်သို့သော အယူဝါဒ ရှိပါသနည်း" ဟု မေးမြန်းလေ၏။ ထိုအခါ အကြင်အကြင် ရဟန်းတို့သည် "မြတ်စွာဘုရားသည် သဿတအယူဝါဒ ရှိသည်ဟူ၍ငြင်း, ဧကစ္စသဿတဝါဒအယူ ရှိသည်ဟူ၍ငြင်း" ဤသို့ အစရှိသည်ဖြင့် မိမိတို့၏ အယူဝါဒအားလျော်စွာ မိစ္ဆာဝါဒကို ဖြေကြားကုန်၏၊ ထိုသို့ဖြေဆိုသော ထိုထိုရဟန်းတို့ကို "ဤသူတို့သည်ကား ရဟန်းအစစ် မဟုတ်ကုန်၊ ဤသူတို့သည် သာသနာ့ပ အညတိတ္ထိယတို့သာ ဖြစ်သည်" ဟု အမှန်အတိုင်းသိ၍ ထိုတိတ္ထိရဟန်းတို့အား အဝတ်ဖြူတို့ကိုပေး၍ လူထွက်စေ၏။ အလုံးစုံသော ထိုရဟန်းတု တိတ္ထိတို့သည် ခြောက်သောင်းမျှ ရှိကုန်၏။

ထိုနောင် အခြားရဟန်းတို့ကို မေးသောအခါ ထိုရဟန်းတို့က "မြတ်သောမင်းကြီး၊ မြတ်စွာဘုရားသည် ခွဲခြမ်းဝေဘန်၍ ဟောပြောသောဝါဒ ရှိတော်မူ၏" ဟု ဖြေကြားလတ်သော် "အရှင်ဘုရားတို့၊ ယခုအခါ သာသနာတော် စင်ကြယ်ပါပြီ၊ ရဟန်းသံဃာတော်သည် ဥပုသ်ပြုတော်မူပါ" ဟု လျှောက်ထားပြီးလျှင် အစောင့်ရှောက်ကိုလည်းပေး၍ မြို့တော်သို့ ဝင်လေ၏။ သံဃာတော်သည် အညီအညွတ် စည်းဝေးပြီးလျှင် ဥပုသ် ကံကို ပြုတော်မူ၏။ ထိုအစည်းအဝေး၌ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် ထိုခေတ်အခါ၌ ဖြစ်ပေါ်နေသော မိစ္ဆာဝါဒအကြောင်း ဝတ္ထုတို့ကိုငြင်း, နောင်ခေတ်အခါ၌ ဖြစ်ပေါ်လတံ့သော မိစ္ဆာဝါဒအကြောင်း ဝတ္ထုတို့ကိုငြင်း ထို အလုံးစုံတို့ကို တားမြစ်ခြင်း အကျိုးငှါ မြတ်စွာဘုရား ပေးတော်မူခဲ့သော နည်း၏ အစွမ်းအားဖြင့်သာလျှင် မြတ်စွာဘုရား ထားတော်မူခဲ့သော မာတိကာကို အကျယ်ဝေဘန်တော်မူလျက် တပါးသော ပုဂ္ဂိုလ်တို့၏ မိစ္ဆာဝါဒကို နှိမ်နင်းကြောင်းဖြစ်သော ကထာဝတ္ထု မည်သော ငါးခုမြောက်ဖြစ်သော အဘိဓမ္မာကျမ်းကို ဟောကြားတော်မူ၏။ ထိုနောင် အရှင် မဟာမောဂ္ဂလိပုတ္တတိဿမထေရ် အမှူးရှိသော ပိဋကသုံးပုံဆောင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ကုန်သော တထောင်သော ထေရဝါဒီ ရဟန်းတော်တို့သည် ရှေးသံဂါယနာ နှစ်တန်တင်ပြီးသော စင်ကြယ်သော

ရှေးဟောင်း ဓမ္မဝိနယကို တဖန်သံဂါယနာတင်၍ ကောင်းစွာ ထိန်းသိမ်း စောင့်ရှောက်တော်မူကုန်၏။

ထိုနောင် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်သည် အစွန်အဖျား ကျသော ကိုးတိုင်းကိုးဌာနတို့၌ သာသနာတော် တည်ထွန်းစေရန် အကျိုး ငါ့ ကိုးပါးသော သာသနာပြု နာယကမထေရ်တို့ကို ရွေးချယ်၍ စေလွှတ် တော်မူ၏။ ထိုကိုးပါးတို့တွင် ရှစ်ပါးသော မထေရ်တို့သည် မိမိ မိမိ၏ ကျရောက်ရာဌာနသို့သွား၍ ဗုဒ္ဓသာသနာတော်ကို တည်စေပြီးလတ်သော် **အရှင်မဟာမဟိန္ဒမထေရ်သည်** သာသနာတော် ၂၃၆-ခုနှစ်၌ ဇမ္ဗူဒိပ်ကျွန်း (ဣန္ဒိယနိုင်ငံ)မှ သီဟိုဠ်ကျွန်းသို့ ကြွသွားပြီးလျှင် **ဒေဝါနံပိယတိဿမင်း** အမှူးရှိသော ထိုကျွန်းသူကျွန်းသားအပေါင်းကို သာသနာတော်၌ ကြည်ညို စေ၍ ဗုဒ္ဓသာသနာတော်ကို ကောင်းစွာ တည်စေတော်မူ၏၊ ထိုမင်းက လှူသော **မဟာမေဃဝန်ဥယျာဉ်** ကိုလည်း ခံယူတော်မူ၍ ထိုဥယျာဉ်၌ **မဟာဝိဟာရ**မည်သော သံဃအရာမ် ကျောင်းတိုက်ကြီးကို တည်စေတော် မူ၏။ ထိုကာလမှစ၍ သီဟိုဠ်ကျွန်း၌ ဗုဒ္ဓသာသနာတော်သည် **ဝဋ္ဋဂါမဏိ မင်း လက်ထက်တိုင်အောင်** ဂိုဏ်းတပါးတို့၏ ဝါဒ ရောယှက်ခြင်းမရှိပဲ အညစ်အကြေးကင်းလျက် ကောင်းစွာ စင်ကြယ်သည်ဖြစ်၍ ထွန်းပခဲ့ လေပြီ။ ဝဋ္ဋဂါမဏိမင်း၏ လက်ထက်မှစ၍မူကား ဂိုဏ်းတပါးတို့၏ အယူ ဝါဒတို့သည်လည်း သီဟိုဠ်ကျွန်းသို့ ချည်းကပ် ဝင်ရောက်လာကုန်၏။ ထို အခါ၌ **စင်ကြယ်သော ထေရဝါဒီဂိုဏ်းဝင် မထေရ်မြတ်တို့သည်** ရှေးဟောင်း ဖြစ်သော တရားတော်နှင့် ဝိနည်းတော်ကို ထိုဂိုဏ်းတပါးတို့၏ ဝါဒတို့နှင့် မရောနှော မညစ်နွမ်းပဲ ပကတိအတိုင်း စင်ကြယ်လျက် တည်တံ့အောင် ကြိုးစွာသော လုံ့လဖြင့် ကောင်းစွာ ထိန်းသိမ်းစောင့်ရှောက်တော်မူကုန် ၏။ အဘယ်ကဲ့သို့နည်းဟူမူ—

အဘယဂိရိဝါသီဂိုဏ်း ဖြစ်ပေါ်လာခြင်း

ဝဋ္ဋဂါမဏိမင်းသည် သာသနာတော် ၄၄၀-ခုနှစ်၌ မင်းအဖြစ်သို့ ရောက်၍ ငါးလမျှကြာသောအခါ ဗြာဟ္မဏတိဿမည်သော သူပုန်ဒမြကြီး နှင့် ခုနစ်ဦးကုန်သော ဒမိဠ (တမယ်) စစ်သူကြီးတို့က တိုက်ခိုက်နှိပ်စက် သည်ဖြစ်၍ စစ်ပွဲ၌လည်း ရှုံးသည်ဖြစ်၍ ထွက်ပြေးပြီးလျှင် ၁၄-နှစ်ကျော် ကာလပတ်လုံး ပုန်းအောင်းလျက် မထင်ရှားသော အသွင်ဖြင့် နေရ၏။

ထိုအခါ သီဟိုဠ်ကျွန်း၌ လူတို့သည် သူခိုးဒမြ သူပုန်ဘေးဖြင့်ရင်း ခေါင်းပါး ငတ်မွတ်ခြင်းဘေးဖြင့်ရင်း နှိပ်စက်သောကြောင့် ရဟန်းတော်တို့အား ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့လုပ်ကျွေးခြင်းငှါ မစွမ်းနိုင်ရှာလေကုန်၊ ထို့ကြောင့် သီဟိုဠ်မှရဟန်းတော်တို့သည် အများအားဖြင့် ဇမ္ဗူဒိပ်ကျွန်း (ဣန္ဒိယနိုင်ငံ)သို့ သွားကုန်၍ ဓမ္မဝိနယကို နှုတ်တက် အာဂုံဆောင်လျက် နေတော်မူကုန်၏။ သီဟိုဠ်ကျွန်း၌ပင်လျှင် ကျန်ရစ်သော မထေရ်တို့သည်လည်း ရတတ်သမျှသော သစ်ဥ သစ်ဖု သစ်မြစ် သစ်ရွက်တို့ဖြင့် မျှတကုန်လျက် ကိုယ်ကာယစွမ်းဆောင်နိုင်လျှင် ထိုင်လျက် ပရိယတ်တရားတော်ကို ရွတ်ဖတ်ပြန်ဆိုတော်မူကြကုန်၏၊ ကိုယ်ကာယ မစွမ်းဆောင်နိုင်လျှင် သဲကိုစုပုံ၍ ထိုသဲပုံကို ဝန်းရံကုန်လျက် ဦးခေါင်းတို့ကို အလယ်ဗဟို တနေရာတည်း၌ ထားကုန်၍ ပရိယတ် တရားတော်ကို သုံးသပ်ဆင်ခြင်ကုန်၏။ ဤနည်းဖြင့် ၁၂-နှစ်တို့ကာလပတ်လုံး အဋ္ဌကထာနှင့်တကွ ပိဋကသုံးပုံကို မယုတ်လျော့စေပဲ နှုတ်တက်အာဂုံ ဆောင်တော်မူကုန်၏။ ဝဋ္ဋဂါမဏိမင်းသည် ဒမိဠ (တမယ်) မင်းကိုသတ်၍ တဖန် မင်းပြုသောအခါကာလ (သာသနာ ၄၅၅-၄၆၇-နှစ် အတွင်း)၌ သီဟိုဠ်တွင် ကျန်ရစ်သော ထိုမထေရ်တို့သည် ဇမ္ဗူဒိပ်ကျွန်း (ဣန္ဒိယနိုင်ငံ)မှ ပြန်လာသော မထေရ်တို့နှင့်အတူတကွ ပိဋကသုံးပုံကို တိုက်ဆိုင်သုတ်သင်ကုန်လတ်သော် အက္ခရာတလုံးမျှသော်လည်း မညီညွတ်ပဲ ကွဲလွဲသည်ကိုမတွေ့ရဟူ၏။ သို့ရာတွင် **မဟာနိဒ္ဒေသကျမ်းကို**ကား ထိုစဉ်ကာလက ဒုဿီလ ရဟန်းတဦးသာလျှင် နှုတ်တက် ဆောင်ထားလျက် ရှိ၏၊ ထိုကျမ်းကိုလည်း **မဟာတိပိဋက မထေရ်က** ထိုဒုဿီလရဟန်းထံမှ **မဟာရက္ခိတမထေရ်ကို** သင်ယူစေလျက် ထိန်းသိမ်း စောင့်ရှောက်ခဲ့ပေသည်။ ဤဆိုခဲ့သည့်အတိုင်း ခေါင်းပါး ငတ်မွတ်ခြင်း တိုင်းပြည် ချောက်ချား ပျက်စီးခြင်း ဘေးတို့ဖြင့် နှိပ်စက်သောကြောင့် နှုတ်ငုံဆောင်ရန် ခဲယဉ်းသော အခါသမယ၌သော်လည်း ပိဋကသုံးပုံဟူသော ဓမ္မဝိနယကို ရှိသေစွာဆောင်လာခဲ့ကြပေသည်။

ဝဋ္ဋဂါမဏိမင်းသည် **အဘယဂိရိမည်သော** ကျောင်းတိုက်ကို ဆောက်လုပ်ပြီးလျှင် (မထင်ရှားသောအသွင်ဖြင့် တိမ်းရှောင်ပုန်းအောင်းနေစဉ်က) မိမိအား ကျွေးမွေးစောင့်ရှောက်လျက် ကျေးဇူးပြုဘူးသော **မဟာတိဿမထေရ်အား** လှူဒါန်းလေ၏။ ထိုမထေရ်မှာ ဒါယကာတို့နှင့်

ရောနှောဆက်ဆံခြင်း များသောကြောင့် မဟာဝိဟာရဝါသီ ရဟန်းတော်တို့က ၎င်းကို ပဗ္ဗာဇနီယကံပြု၍ နှင်ထုတ်လေ၏။ ထိုအခါ ၎င်း၏တပည့် **ဗဟလမဿုတိဿ**မည်သော မထေရ်သည် ထိုကံကို ကန့်ကွက်တားမြစ်၏။ ထို့ကြောင့် ၎င်းအားလည်း ဥက္ခေပနီယကံပြု၍ ကြဉ်ထုတ်ပြန်လေ၏။ ထိုဗဟလမဿုတိဿမထေရ်သည် မဟာဝိဟာရဝါသီရဟန်းတို့ကို အမျက်ထွက်၍ အဘယဂိရိကျောင်းတိုက်သို့သာလျှင် သွားလေ၍ ထိုမဟာတိဿမထေရ်နှင့် တပေါင်းတည်းဖြစ်ခါ သီးသန့်ဂိုဏ်းဂဏကို ဆောင်လျက်နေလေတော့၏။ ထိုမထေရ်နှစ်ပါးတို့သည် မဟာဝိဟာရကျောင်းတိုက် (ဂိုဏ်းဂဏ)သို့ တဖန် ပြန်၍ မလာကြတော့လေပြီ။ ထိုအခါမှစ၍ သီဟိုဠ်ကျွန်း၌ **မဟာဝိဟာရဝါသီဂိုဏ်း, အဘယဂိရိဝါသီဂိုဏ်း**ဟူ၍ နှစ်ဂိုဏ်းကွဲလေသည်။ ဤသို့နှစ်ဂိုဏ်းကွဲခြင်းသည် သီဟိုဠ်ကျွန်း၌ သာသနာဆုတ်ယုတ်ရန် ပဌမအကြောင်း ဖြစ်လေသည်။

ဓမ္မရုစိဂိုဏ်းဖြစ်ပေါ် လာခြင်း

ထိုစဉ်အခါက ဝဋ္ဋဂါမဏိမင်းသည် အဘယဂိရိဝါသီ ရဟန်းတို့၌သာလျှင် အထူးသဖြင့် ကြည်ညို၍ ၎င်းတို့ကိုသာလျှင် ပစ္စည်းလေးပါးတို့ဖြင့် ဘိတ်မန်လျက် ထောက်ပံ့၏၊ မင်း၏ အမတ်ကြီး အစရှိကုန်သော ထင်ရှားကုန်ထင်ရှားကုန်သော တိုင်းသူပြည်သား လူအများတို့သည်လည်း ထိုအဘယဂိရိကျောင်းတိုက်၌၎င်း အခြားအရပ်တို့၌၎င်း များစွာသောကျောင်းတို့ကို ဆောက်လုပ်၍ ထိုအဘယဂိရိဝါသီ ရဟန်းတို့အား လှူဒါန်းကုန်၏။ ဤသို့သောနည်းဖြင့် အဘယဂိရိဝါသီ ရဟန်းတို့သည် ထင်ရှားကျော်စောသော လူအများတို့၏ အရိုအသေပြုလျက် ပေးလှူပူဇော်ခြင်း မြတ်နိုးခြင်းကို ခံရကုန်၏။ ထို့ပြင်လည်း ဗဟလမဿုတိဿမထေရ် အစရှိသော အဘယဂိရိဝါသီရဟန်းတို့သည် ဇလ္လိယနိုင်မှ ဆောင်ယူလာသော ဝဇ္ဇီပုတ္တကဂိုဏ်း၌ အတွင်းဝင်သည့် ဓမ္မရုစိဂိုဏ်း၏ ဓမ္မဝိနယဖြစ်သော သက္ကတဘာသာဖြင့် တင်ထားသော ပိဋကအသစ်အဆန်းကိုလည်း လက်ခံသင်ယူပို့ချကုန်၏၊ ထို့ကြောင့် ထိုအဘယဂိရိဝါသီတို့သည်လည်း ဓမ္မရုစိဂိုဏ်းသားမည်လေကုန်၏။ ဤသည်ကား သီဟိုဠ်ကျွန်း၌ သာသနာဆုတ်ယုတ်ရန် ဒုတိယအကြောင်း ဖြစ်လေသည်။

ပိဋကသုံးပုံကို ပေထက်အက္ခရာတင်ခြင်း

မဟာဝိဟာရဝါသီ မထေရ်ဟိုသည်ကား ပါဠိဘာသာဖြင့် ကောင်းစွာ တည်လျက်ရှိသော ထက်ဝန်းကျင် စင်ကြယ်သော ရှေးဟောင်းပိဋကကို သာလျှင် လက်ခံလျက် သင်ယူပို့ချကုန်၏။ ၎င်းကိုလည်း နှုတ်ငုံပါဌ်ဖြင့် သာလျှင် ဆောင်ထားကုန်၏။ သို့သော် ထိုခေတ်က မထေရ်တို့သည် နောင်လာနောက်သား ပုဂ္ဂိုလ်အများတို့၏ သတိပညာ ဆုတ်ယုတ်မည်ကို မျှော်မြင်တော်မူကြသောကြောင့် ဘုရားလက်ထက်တော်မှ ထိုခေတ်ကာလ တိုင်အောင် နှုတ်ငုံပါဌ်ဖြင့်သာ ဆောင်လာခဲ့သော အဋ္ဌကထာနှင့်တကွ ပိဋကသုံးပုံကို ပေထက်၌ ရေးသားတင်ထားရန် အားထုတ်ကြ လေသည်၊ အားထုတ်သောအခါမှာလည်း မဟာဝိဟာရဝါသီ မထေရ်တို့သည် အနု-ရာဓပြိုတော်မှ ၆၀-မိုင် ဝေးကွာသော **မလယဇနပုဒ်** မာတုလမြို့အနီး **အာလောကလိုဏ်**၌ သိတင်းသုံးကုန်လျက် ထိုနယ်ပယ်၏ အကြီးအကဲ ဖြစ်သောသူ၏ အစောင့်အရှောက်ကို ယူကုန်၍ **ပေထက်အက္ခရာ တင်ခြင်း ကိစ္စ**ကို ဆောင်ရွက်တော်မူကြလေသည်။

ဤအကြောင်းကို ထောက်ဆ၍ "ထိုစဉ်အခါက မဟာဝိဟာရဝါသီ မထေရ်တို့သည် မင်းနှင့် မင်း၏ အမတ်ကြီးတို့ထံမှ ထောက်ပံ့ကူညီခြင်းကို မရကုန်ပဲ မိမိတို့၏ အစွမ်းအားဖြင့်သာလျှင် ပိဋကသုံးပုံ ပေထက်အက္ခရာ တင်ခြင်းကိစ္စကို ဆောင်ရွက်တော်မူခဲ့ကြသည်" ဟူ၍၎င်း "ထိုပေထက် အက္ခရာတင်ခြင်းမှာလည်း နောင်လာနောက်သားတို့၏ သတိပညာဆုတ် ယုတ်မည်ကို မြင်သောကြောင့် ပြုကြကုန်သကဲ့သို့ပင် ခေါင်းပါး ငတ်မွတ် ခြင်း တိုင်းပြည် ချောက်ချား ပျက်စီးခြင်း စသောဘေးတို့ဖြင့် နှိပ်စက် သော အခါကာလတို့၌ နှုတ်ငုံဆောင်ထားရန် ခဲယဉ်းခြင်းကို မြင်သော ကြောင့်လည်း ပြုခဲ့ကြသည်" ဟူ၍၎င်း ထို့အတူပင် "အဘယဂိရိဝါသီ ဂိုဏ်းသားတို့က လက်ခံသင်ယူ ပို့ချနေသောအယူတပါး အခြားဝါဒတို့နှင့် မရောယှက် မရှုပ်ထွေးစေရန် အကျိုးငှါလည်းရည်ရွယ်၍ ပေထက်အက္ခရာ တင်တော်မူခဲ့ကြသည်" ဟူ၍၎င်း ဤအချက်များကိုလည်း သိအပ် မှတ်ယူ အပ်ပေ၏။

ဤသို့ပြဆိုခဲ့သည့်အတိုင်း မဟာဝိဟာရဝါသီ မထေရ်တို့သည် ထက်ဝန်း ကျင် စင်ကြယ်သော ထေရဝါဒ ပိဋကကို အယူတပါးတို့နှင့် မရောနှောခြင်း

အကျိုးငှါ ရေးကကဲ့သို့ပင် ပါဠိဘာသာဖြင့်သာလျှင် ပေထက်၌တင်၍လည်း ကောင်းစွာထိန်းသိမ်း စောင့်ရှောက်တော်မူခဲ့ကြပေသည်။ အကယ်၍သာ ထိုစဉ်ကာလက ပိဋကသုံးပုံကို ပေတို့၌ တင်မထားခဲ့ပါလျှင် နောက်နောက် ခေတ်ကာလတို့၌အယူတပါးမှ လာသောသုတ်တို့ကို "ဤသုတ်များသည် ငါတို့၏ ပိဋကမဟုတ်"ဟု ပယ်ရှားရန် မလွယ်ကူပဲ ရှိလေရာ၏။ စင်စစ်သော်ကား ထိုစဉ်ကာလက အဋ္ဌကထာနှင့်တကွ ပိဋကသုံးပုံကို ပေတို့၌ တင်ထားခဲ့သောကြောင့်သာလျှင် နောက်အနာဂတ်ကာလတို့၌ အယူတပါးမှ လာသောသုတ်တို့ကို ထိုပေထက်အက္ခရာ ပိဋကစာတို့နှင့် နှိုးနှောတိုက်ဆိုင်၍ ပယ်ရှားရန် လွယ်ကူပေတော့သည်။

ထိုသို့ လွယ်ကူပုံကို ထင်ရှားပြရလျှင်....သာသနာနှစ် ၅၂၄-နှင့် ၅၅၂-ခုနှစ်တို့အတွင်း **ဘာတိယမင်း၏** လက်ထက်၌ အဘယဂိရိဝါသီမထေရ်တို့နှင့် မဟာဝိဟာရဝါသီမထေရ်တို့အား ဝိနည်း၌ ငြင်းခုန်မှု ဖြစ်ပေါ်ခဲ့လေသည်။ ထိုအခါ ဘာတိယမင်းသည် ပုဏ္ဏားမျိုးဖြစ်သော **ဒီဃကာရာယန**မည်သော အမတ်ကို မထေရ်တို့ထံသို့ စေလွှတ်လိုက်၏၊ ထိုအမတ်သည် နှစ်ဦးနှစ်ဖက်လုံးတို့၏ သုတ်ကို ကြားနာပြီးလျှင် အဆုံးအဖြတ်ကို ပေးလေသည်။ ထို့ပြင် သာသနာနှစ် ၇၅၈-နှင့် ၇၀၀-တို့အတွင်း **ဝေါဟာရကတိဿမင်း၏** လက်ထက်၌ရင်း, သာသနာနှစ် ၇၉၇-နှင့် ၈၁၀-တို့အတွင်း **ဂေါဌာဘယမင်း၏** လက်ထက်၌ရင်း ထေရဝါဒီမထေရ်တို့သည် ပေထက်တင်ထားသော ပိဋကတော် ဓမ္မဝိနယနှင့် နှိုးနှော၍ မှားယွင်းသော အဓမ္မဝါဒကို ပယ်ရှားတော်မူကြလေသည်။

အဓမ္မဝါဒ ဖြစ်ပေါ်လာခြင်း

ဤဆိုလတ့်သောစကားမှာ မူလအရင်းမှစ၍ သာသနာတော်၏ အညစ်အကြေးဖြစ်သော အဓမ္မဝါဒတို့ ဖြစ်ပေါ်လာပုံဖြစ်သည်။ **သိရိဓမ္မာသောကမင်းတရားကြီး၏** လက်ထက်၌ လူဝတ်လဲစေ၍ နှင်ထုတ်လိုက်သော **တိတ္ထိတို့သည်** ဗုဒ္ဓသာသနာတော်၌ ထောက်တည်ရာမရသောကြောင့် အမျက်ထွက်ကုန်သည်ဖြစ်၍ **ပါဋလိပုတ်**မြို့တော်မှ ထွက်ခွါသွားကြပြီးလျှင် **ရာဇဂြိုဟ်**မြို့အနီး **နာဠန္ဒ**မြို့၌ စည်းဝေးကုန်၍ "ဗုဒ္ဓသာသနာတော်၌ လူများအပေါင်းတို့ မသက်ဝင် မယုံကြည်စေရန် အကျိုးငှါ သာကီဝင်နွယ် ရဟန်းတို့၏ တရားဝိနည်းကို ဖျက်ဆီးပစ်ရမည်၊ ထိုသို့ ဖျက်ဆီးခြင်း

မှာလည်း သူတို့၏အယူကို မသိလျှင် ဖျက်ဆီးရန် မတတ်နိုင်၊ ထို့ကြောင့် အမှတ်မရှိ တစုံတခုသောနည်းဖြင့် ဗုဒ္ဓသာသနာ၌ တဖန်ဝင်ရောက်၍ ရှင်ရဟန်းပြုရမည်”ဟု ဆွေးနွေးတိုင်ပင်လေကုန်၏။ ထိုတိတ္ထိတို့သည် ဤသို့ ဆွေးနွေးတိုင်ပင်ပြီးလျှင် တဖန်ပြန်လာကုန်၍ စင်ကြယ်သော ထေရဝါဒီ ဂိုဏ်းသား ရဟန်းတို့၏အတွင်းသို့ ဝင်ရောက်ခြင်းငှါ မစွမ်းနိုင်သောကြောင့် ထိုမှတပါးသော မဟာသံဃိကဂိုဏ်း အစရှိကုန်သော တဆယ့်ခုနစ်ပါးသော ဂိုဏ်းသားတို့၏ အထံသို့ ချဉ်းကပ်၍ မိမိတို့ တိတ္ထိဖြစ်ကြောင်းကို အသိ မပေးပဲ ရှင်ရဟန်းပြုကုန်၍ ပိဋကသုံးပုံကို သင်ယူပြီးလျှင် ထိုပိဋကသုံးပုံကို လည်း ဖောက်လွဲဖောက်ပြန်ပြု၍ ထိုနောင် **ကောသမ္ဗီမြို့**သို့သွား၍ မမ္ဗပိနယ ကို ဖျက်ဆီးခြင်းငှါ အကြောင်းဥပါယ်ကို ဆွေးနွေး တိုင်ပင်ကြပြီးလျှင် သာသနာတော် ၂၅၃-ခုနှစ်တွင် ခြောက်ပါးသောဌာနတို့၌ နေကုန်လျက် (၁) **ဟေမဝတိကဂိုဏ်း** (၂) **ရာဇဂိရိကဂိုဏ်း** (၃) **သိဒ္ဓတ္ထိကဂိုဏ်း** (၄) **ပုဗ္ဗသေလိယဂိုဏ်း** (၅) **အပရသေလိယဂိုဏ်း** (၆) **ဝါဇိရိယဂိုဏ်း** (၇) **ဝေတုလ္လဂိုဏ်း** (၈) **အန္ဓကဂိုဏ်း** (၉) **အညမဟာသံဃိကဂိုဏ်း**ဟူ၍ ကိုးခုသော ဂိုဏ်းသစ်တို့ကို ဖြစ်စေကုန်၏။ ထိုဂိုဏ်းတို့၏ အမည်နှင့် အယူ တို့မှာ ကထာဝတ္ထု အဋ္ဌကထာ၌ ပြထားလျက်ရှိပေ၏။

ထိုတွင် ဟေမဝတိကဂိုဏ်းသားတို့သည် တရားတု တရားယောင်ကို ဘုရားဟော တရားအဖြစ်ဖြင့်ဖော်ပြ၍ (၁) **ဝဏ္ဏပိဋက** မည်သော ကျမ်း ကို ပြုကုန်၏။

ရာဇဂိရိကဂိုဏ်းသားတို့သည် (၂) **အင်္ဂုလိမာလပိဋက** မည်သော ကျမ်းကို ပြုကုန်၏။

သိဒ္ဓတ္ထိကဂိုဏ်းသားတို့သည် (၃) **ဂူဠဝေဿန္တရ** မည်သော ကျမ်းကို ပြုကုန်၏။

ပုဗ္ဗသေလိယဂိုဏ်းသားတို့သည် (၄) **ရဋ္ဌပါလဂဇ္ဇိတ**(ရဋ္ဌပါလ၏ ကြုံးဝါးခဏ်း)မည်သော ကျမ်းကို ပြုကုန်၏။

အပရသေလိယဂိုဏ်းသားတို့သည် (၅) **အာဠဝကဂဇ္ဇိတ**(အာဠ ဝက၏ ကြုံးဝါးခဏ်း)မည်သော ကျမ်းကို ပြုကုန်၏။

ဝဇီရတောင်၌ နေလေ့ရှိကုန်သော ဝါဇိရိယဂိုဏ်းသားတို့သည် (၆) **ဂူဠဝိနယ** မည်သော ကျမ်းကို ပြုကုန်၏။

ထိုဂိုဏ်းသားအားလုံးတို့သည်ပင် မာယာဇာလတန္တကျမ်း သမာဇ-တန္တကျမ်း အစရှိသော များစွာသော **တန္တကျမ်း** တို့ကိုရင်း မရီစိကပ္ပကျမ်း ဟေရမ္ဘကပ္ပကျမ်း အစရှိသော များစွာသော **ကပ္ပ** ကျမ်းတို့ကိုရင်း ပြုကုန်၏။

ဝေတုလ္လဝါဒီ ဂိုဏ်းသားတို့သည်ကား (၇) ဝေတုလ္လပိဋကကို ပြုကုန်၏။

အန္ဓက ဂိုဏ်းသားတို့သည်လည်း (၈) ရတနကူဋ အစရှိသော ကျမ်းတို့ကို ပြုကုန်၏။

အညမဟာသံဃိက ဂိုဏ်းသားတို့သည်လည်း (၉) **အင်္ဂုလိမာလ** အစရှိသော သုတ္တန်တို့ကို ပြုကုန်၏။

ထိုတရားတု တရားယောင်ကျမ်းတို့တွင် ဝေတုလ္လဝါဒကျမ်း ဝါဇိရိယ-ဝါဒကျမ်း ရတနာကူဋကျမ်းဟူသော ဤသုံးမျိုးတို့သည်သာလျှင် သီဟိုဠ်ကျွန်းသို့ ရောက်လာကြသည်၊ ထိုမှတပါးသော ဝဏ္ဏပိဋကအစရှိသောကျမ်းတို့သည်ကား ဇမ္ဗူဒိပ်ကျွန်း(ဣန္ဒိယနိုင်ငံ)၌သာလျှင် တည်ရှိနေကြသည်-ဟု **နိကာယသင်္ဂဟကျမ်း**၌ မိန့်ဆို၏၊ သို့သော်လည်း ဝဏ္ဏပိဋကစသော ကျမ်းတို့လည်း သီဟိုဠ်ကျွန်းသို့ ရောက်ကြောင်း အရိပ်နိမိတ်ထင်သည်သာ တည်း။ ထို့ကြောင့်ပင်လျှင် **ဝိနည်းအဋ္ဌကထာ**၌—

"ဝဏ္ဏပိဋက အင်္ဂုလိမာလပိဋက ရဋ္ဌပါလ၏ကြုံးဝါးခဏ်း အာဠ-ဝက၏ကြုံးဝါးခဏ်း ဂူဠှမဂ် ဂူဠှဝေဿန္တရာ ဂူဠှဝိနည်း ဝေဒလ္လပိဋက ဟု ခေါ်သော ကျမ်းတို့သည်ကား ဘုရားစကားတော် မဟုတ်ကုန် သည်သာဟု ရှေးအဋ္ဌကထာတို့၌ မိန့်ဆိုထားသည်"ဟူ၍ရင်း-

သံယုတ်အဋ္ဌကထာ၌လည်း—

"ဂူဠှဝိနည်း ဂူဠှဝေဿန္တရဇာတ် ဂူဠှမဟောသဓာဇာတ် ဝဏ္ဏ-ပိဋက အင်္ဂုလိမာလပိဋက ရဋ္ဌပါလ၏ ကြုံးဝါးခဏ်း အာဠဝက၏ ကြုံးဝါးခဏ်း ဝေဒလ္လပိဋကဟူသော ဘုရားစကားတော် မဟုတ် သော ဤကျမ်းအပေါင်းသည် ပရိယတ်တရားတု တရားယောင် မည်၏"ဟူ၍ရင်း—

ထိုဝေတုလ္လပိဋကစသည်တို့ကို ပယ်ထားခြင်း ထင်ပေသည်၊ မှန်ပေ၏၊ ထိုဝေတုလ္လ-ပိဋကစသည်တို့ကို မကြားရပဲ ထိုဝေတုလ္လပိဋကစသည်တို့၏အနက်ကို မသိရပဲ သီဟိုဠ် အဋ္ဌကထာဆရာတို့သည် ၎င်းတို့ကို ပယ်ရန်မစွမ်းနိုင်ချေ၊ ထိုပယ်ရှားသော စကားသည်လည်း ဇမ္ဗူဒိပ်ကျွန်းသား အဋ္ဌကထာ ဆရာတို့၏ စကားမဖြစ်နိုင်ချေ၊ အဘယ်ကြောင့်နည်းဟူမူ မဟာမဟိန္ဒမထေရ် သီဟိုဠ်ကျွန်းသို့ ကြွရောက်သော ခေတ်ကာလ၌ ထိုဝေတုလ္လပိဋကစသော ကျမ်းတို့သည်ပင်လျှင် မရှိသေး မဖြစ်ပေါ်သေးသောကြောင့်တည်း။ သို့ဖြစ်၍ ထိုဝေတုလ္လပိဋကစသော ကျမ်းတို့သည်၎င်း, ထိုမှတပါးသော ထိုခေတ်ပေါ် မဟာယာနပိဋကတို့သည်၎င်း အများအားဖြင့် သီဟိုဠ်ကျွန်းသို့ ချဉ်းကပ်ဝင်ရောက်ကြသည်ဟု ယူသင့်ယူထိုက်၏။ ထိုကျမ်းတို့တွင်လည်း ဝဇ္ဇိပုတ္တကဂိုဏ်း၌ အတွင်းဝင်သော ဓမ္မရုစိဂိုဏ်း၏ ပိဋကတို့ သီဟိုဠ်သို့ ဆိုက်ရောက်ခြင်းကို ရှေး၌ပင်လျှင် ဆိုခဲ့ပြီ။ ထိုမှတပါးသော ပိဋကကျမ်းဂန်တို့ သီဟိုဠ်ကျွန်းသို့ ဆိုက်ရောက်လာပုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

ဝေတုလ္လဝါဒကို ပဌမအကြိမ် နှိမ်နင်းခြင်း

သာသနာနှစ် ၇၅၈-နှင့် ၇၈၀-တို့တွင် ဝေါဟာရကတိဿမင်း၏လက်ထက်၌အဘယဂိရိကျောင်းနေ ဓမ္မရုစိဂိုဏ်းသားတို့သည် ရှေး ၂၅-၂၆-မျက်နှာ၌ ပြခဲ့သည့်အတိုင်း သာသနာတော်ကို ဖျက်ဆီးရန်အကျိုးငှါ ရဟန်းအသွင်ကို ဆောင်သော ဝေတုလ္လဝါဒီ ပုဏ္ဏားတို့စီရင်ထားသော ဝေတုလ္လပိဋကကို လက်ခံကုန်၍ "ဤဝေတုလ္လပိဋကသည် ဘုရားဟောတည်း" ဟု ပြကုန်၏။ ထိုဝေတုလ္လပိဋကကို မဟာဝိဟာရကျောင်း၌ နေလေ့ရှိကုန်သော ထေရဝါဒီ ရဟန်းတော်တို့သည် မိမိတို့၏ ဓမ္မဝိနယနှင့် နှီးနှောပြီးလျှင် အဓမ္မဝါဒဟု ဆုံးဖြတ်၍ ပယ်ရှားကုန်၏။ ထိုအကြောင်းကိုကြား၍ ဝေါဟာရကတိဿမင်းသည် အလုံးစုံသောကျမ်းတို့၌ ပါရဂူမြောက်တတ်သိသော **ကပိလအမတ်ကို** စေလွှတ်၍ ဆုံးဖြတ်စေပြီးလျှင် ဘုရားဟော မဟုတ်ကြောင်း သိရ၍ အလုံးစုံသော ဝေတုလ္လစာပေဟူသမျှကို မီးရှို့စေ၍ ထိုဝေတုလ္လအယူရှိသော ရဟန်းယုတ်တို့ကိုလည်း ဖိနှိပ်၍ ဗုဒ္ဓသာသနာတော်ကိုထွန်းလင်းစေခဲ့၏။ ထို့ကြောင့် မဟာဝံသ၌ အောက်ပါဂါထာကို မိန့်ဆိုထားလေသည်-

၃၆-၄၁။ ထိုဝေါဟာရကတိဿမင်းသည် ကပိလမည်သော အမတ်ကြီးဖြင့်(ဆုံးဖြတ်စေ၍) ဝေတုလ္လဝါဒကို နှိမ်နင်း၍ ရဟန်းယုတ်

တို့အား ဖိနှိပ်ခြင်းကိုလည်းပြု၍ သာသနာတော်ကို ထွန်းလင်းစေခဲ့လေပြီ။

သာဂလိယဂိုဏ်း ဖြစ်ပေါ်လာခြင်း

အဘယဂိရိဝါသီဂိုဏ်းသားတို့သည် သာသနာတော်နှစ် ၇၉၇-နှင့် ၈၁၀-တို့တွင် **ဂေါဌာဘယမင်း**၏ လက်ထက်၌လည်း ဝေတုလ္လဝါဒကို ရှေးနည်းအတူပင် ဟောပြပြန်ကုန်၏။ ထိုအခါ၌ ထိုအဘယဂိရိဝါသီဂိုဏ်းသားတို့တွင် **ဥဿိလိယတိဿ** မည်သော မထေရ်သည် **ဝေါဟာရကတိဿ** မင်းလက်ထက်က ဝေတုလ္လဝါဒီ ရဟန်းတို့အား ပြုဘူးသော နှိပ်ကွပ်ခြင်းကို ကြားသိရ၍ "စူးစမ်းဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသော ဂေါဌာဘယမင်း၏ လက်ထက်၌လည်း ထို့အတူပင် ဖြစ်ကောင်းဖြစ်လိမ့်မည်။ ထိုသို့ဖြစ်လျှင် မကောင်း"ဟု ကြံစည်စဉ်းစားပြီးလျှင် "ငါတို့သည် ထိုအဘယဂိရိ ရဟန်းတို့နှင့် တပေါင်းတည်း မဖြစ်ကုန်အံ့"ဟု ဆုံးဖြတ်၍ သုံးရာခန့်မျှသော ရဟန်းတို့ကို ခေါ်ဆောင်ပြီးလျှင် **ဒက္ခိဏဂိရိ**ကျောင်းသို့သွား၍ **ဓမ္မရုစိဂိုဏ်း**မှ အသီးအခြားပြုလျက် နေထိုင်လေ၏။ ထိုရဟန်းတို့တွင် **သာဂလ** မည်သော မထေရ်သည် ထို ဒက္ခိဏဂိရိကျောင်းတိုက်၌ပင်နေလျက် အာဂမဗျာချာန် ခေါ်သော သုတ္တန်အဖွင့်ကျမ်းကို ရေးသားစီရင်လေသည်။ ထိုသာဂလမထေရ်ကို အကြောင်းပြု၍ ၎င်း၏ အန္တေဝါသိက တပည့်တို့သည် ထိုကာလမှစ၍ **သာဂလိယဂိုဏ်းသား** မည်ကုန်၏။ ထိုသာဂလိယဂိုဏ်းသားတို့၏ ဝါဒသည်လည်း နောက်အခါ **မဟာသေနမင်း**၏ လက်ထက်တွင် **ဇေတဝန်ကျောင်းတိုက်**၌ ပြန့်သွားလေ၏။

ဝေတုလ္လဝါဒကို ဒုတိယအကြိမ်နှိမ်နင်းခြင်း

ဂေါဌာဘယမင်းသည် မဟာဝိဟာရကျောင်းတိုက် စေတိယကျောင်းတိုက် ထူပါရုံကျောင်းတိုက် ဣဿရသမဏကကျောင်းတိုက် ဝေဿဂိရိကျောင်းတိုက်ဟူသော ငါးခုသောကျောင်းတိုက်ကြီးတို့၌ ရှိသော များစွာသော ရဟန်းအပေါင်း သံဃာတော်ကို တပေါင်းတည်း စည်းဝေးစေပြီးလျှင် ထိုအကြောင်းကိုမေးလျှောက်၍ ဝေတုလ္လဝါဒ၏ ဘုရားဟော မဟုတ်ကြောင်းကို သိရသဖြင့် ထိုဝေတုလ္လအယူရှိသော ၆၀-သော ရဟန်းယုတ်

တို့ကို တံဆိပ်ခပ်နှိပ်၍ သီဟိုဠ်နိုင်ငံမှ နှင်ထုတ်လိုက်လေ၏။ ဝေတုလ္လကျမ်းစာတို့ကိုလည်း မီးရှို့၍ ဗုဒ္ဓသာသနာတော်ကို ထွန်းလင်းစေခဲ့ပေ၏။

ထိုအခါ သီဟိုဠ်နိုင်ငံမှ နှင်ထုတ်လိုက်သော ထိုရဟန်းတို့အနက် အချို့ရဟန်းတို့သည် ကာဝီရသဘော်ဆိပ်သို့သွား၍ ထိုအရပ်၌ နေကုန်၏။ ထိုသို့နေကြစဉ်ကာလ၌ပင် တဦးသော တိတ္ထိလုလင်သည် အရပ်တပါးမှ ကာဝီရသဘော်ဆိပ်သို့ ရောက်လာလတ်သော် သဘော်ဆိပ် ရွာသူရွာသားတို့က ထိုရဟန်းတို့အား ပေးလှူပူဇော်သည်ကို မြင်ရသဖြင့် လာဘ်ပူဇော်သက္ကာရကိုမှီ၍ ထိုရဟန်းတို့၏ထံ၌ ရှင်ရဟန်းပြုပြီးလျှင် **သံဃမိတ္တ**ဟူသော အမည်ဖြင့် ထင်ရှားလေသည်။ ထိုသံဃမိတ္တသည် မဟာဝိဟာရဝါသီ ရဟန်းတို့၏ဆုံးဖြတ်ချက်ကိုမှီ၍ ဝေတုလ္လဝါဒဟူသော အကြောင်းကြောင့် မိမိ၏ ဆရာရဟန်းတို့ တိုင်းပြည်မှ နှင်ထုတ်ခံရကြောင်းကို သိရသဖြင့် မဟာဝိဟာရဝါသီ ရဟန်းတို့အား အမျက်ထွက်သည်ဖြစ်၍ "ဝေတုလ္လဝါဒကိုမူလည်း သူတို့အား ယူစေမည်၊ သူတို့၏ကျောင်းတိုက်တို့ကိုမူလည်း အမြစ်ပါနှုတ်၍ ဖျက်ဆီးပစ်မည်"ဟု ကြိမ်းလျက် သီဟိုဠ်ကျွန်းသို့ သွားပြီးလျှင် ဂေါဌာဘယမင်းကို မိမိအား ကြည်ညိုအောင် ပြောဟော၍ ထိုမင်း၏သားတော်နှစ်ယောက်တို့ကို အတတ်ပညာသင်ပေးရန် အားထုတ်လေသည်၊ သို့သော်လည်း မိမိ၏ဝါဒကို နားလည်ရိပ်မိနိုင်သော အစ်ကိုကြီး ဇေဋ္ဌတိဿကိုချန်ထား၍ နောင်အခါ၌ မိမိ၏စကားကို လိုက်နာစေနိုင်သော ညီငယ် **မဟာသေနမင်းသား**ကို သာလျှင် ချီးမြှောက်၍ အတတ်ပညာ သင်ကြားပေးလေသည်။ ခမည်းတော် နတ်ရွာစံ၍ ဇေဋ္ဌတိဿမင်းသား မင်းအဖြစ်သို့ ရောက်သောအခါ (သာ ၈၁၀-၈၁၉)၌ ထိုသံဃမိတ္တသည် ဇေဋ္ဌတိဿမင်းကို ကြောက်သဖြင့် ကာဝီရသဘော်ဆိပ်အရပ်သို့သာလျှင် ထွက်သွားလေ၏။

သာသနာနှစ် ၈၁၉-နှင့် ၈၄၅-တို့အတွင်း **မဟာသေနမင်း**၏ လက်ထက်၌မူ ထိုသံဃမိတ္တသည် သီဟိုဠ်ကျွန်းသို့တဖန်ပြန်လာ၍ **အဘယဂိရိကျောင်းတိုက်**၌ နေလျက် မဟာဝိဟာရဝါသီ ဂိုဏ်းသားတို့အား ဝေတုလ္လဝါဒကို လက်ခံစေရန် အမျိုးမျိုးသော နည်းတို့ဖြင့် ကြိုးစားအားထုတ်လေသည်။ သို့သော်လည်း မဟာဝိဟာရဝါသီတို့အား ထိုဝါဒကိုယူစေရန် မစွမ်းနိုင်သောအခါ မဟာသေနမင်းကို ချဉ်းကပ်၍ အမျိုးမျိုးသော အကြောင်း

တို့ဖြင့် သွေးဆောင်နားချပြီးလျှင် "တစုံတယောက်သောသူသည် မဟာဝိဟာရဝါသီ ရဟန်းတပါးအားသော်လည်း ဆွမ်းဘောဇဉ်အာဟာရကို ပေးလှူငြားအံ့၊ ထိုသူအား ဒဏ်ငွေ တရာတပ်စေ"ဟု မင်း၏အာဏာဖြင့် မြို့၌ကျေးကြော်လျက် စည်လည်စေ၏။ ထိုအခါ မဟာဝိဟာရဝါသီ ရဟန်းတော်တို့သည် မြို့၌ ဆွမ်းခံကြကုန်လတ်သော် ၃-ရက်တိုင်တိုင် ဆွမ်းမရကြသောကြောင့် လောဟပါသာဒခေါ် ပြာသာဒ်ကြီး၌ စည်းဝေးကုန်၍ "အကယ်၍ ငါတို့သည် ဆာလောင်ခြင်းဟူသောအကြောင်းကြောင့် တရားမဟုတ်သည်ကို တရားဟု ယူကုန်ငြားအံ့၊ များစွာသောလူတို့သည် ထိုတရားမဟုတ်သည်ကိုယူ၍ အပါယ်သို့လားရောက်ကုန်လတ့်၊ ငါတို့အားလုံးသည်လည်း အပြစ်ရှိသည် ဖြစ်ကုန်လတ့်၊ ထို့ကြောင့် ငါတို့သည် အသက်ကိုပင်စွန့်ကြရစေကာမူ ဝေတုလ္လဝါဒကို မယူကုန်အံ့"ဟု ဆွေးနွေးဆုံးဖြတ်ကြပြီးလျှင် မဟာဝိဟာရကျောင်းတိုက် အစရှိသော အလုံးစုံသော ကျောင်းတိုက်တို့ကို စွန့်လွှတ်ထားခဲ့ကုန်၍ ရောဟဏနေပုဒ်ခေါ် သီဟိုဠ်ကျွန်း တောင်ပိုင်းနယ်သို့ရင်း ပလယဇနပုဒ်ခေါ် သီဟိုဠ်ကျွန်း အလယ်ပိုင်းနယ်သို့ရင်း ထွက်ခွါသွားလေကုန်၏။

ဝေတုလ္လအယူဝါဒအကြောင်း

မဟာဝိဟာရဝါသိမထေရ်တို့ အလွန်ရွံရှာစက်ဆုပ်သော ဝေတုလ္လဝါဒမည်သည်မှာ အဘယ်သို့သော အယူဝါဒပါနည်းဟူမူ၊ ယခုခေတ်အခါ၌ ဝေတုလ္လအယူဝါဒ၏ သရုပ်ကို အပြည့်အစုံဖော်ပြရန် မစွမ်းနိုင်ပါ၊ အကြောင်းမှာ ဝေတုလ္လဟူသောအမည်နှင့် ကျမ်းစာတို့သည်ရင်း ဂိုဏ်းဂဏသည်ရင်း မကင်ရှားသောကြောင့် ဖြစ်ပေသည်။ သို့သော် အဘိဓမ္မပိဋက ကကာဝတ္ထုအဋ္ဌကထာ၌ အချို့အနည်းငယ်သော ဝေတုလ္လဝါဒတို့ကို အောက်ပါအတိုင်း တွေ့ရ၏။ အဘယ်သို့နည်းဟူမူ----

(၁) ပရမတ္ထအားဖြင့် မဂ်ဖိုလ်တို့သည်သာလျှင် သံဃာမည်၏၊ မဂ်ဖိုလ်တို့မှတပါးသော သံဃာမည်သည်မရှိ၊ မဂ်ဖိုလ်တို့သည်လည်း တစုံတခုကိုမျှ မခံယူတတ်ကုန်၊ ထို့ကြောင့် သံဃာသည် မြတ်သောအလှူကို ခံယူသည်ဟု မဆိုအပ်-ဟူ၍ရင်း—

(၂) မဂ်ဖိုလ်တို့သည်သာလျှင် သံဃာမည်၏၊ ၎င်းတို့သည်လည်း မြတ်သောအလှူကို စင်ကြယ်စေခြင်း (အကျိုးကြီးစေခြင်း)ငှါ မစွမ်းနိုင်ကုန်၊ ထို့ကြောင့် သံဃာသည် မြတ်သောအလှူကို စင်ကြယ်စေသည်ဟု မဆိုအပ်-ဟူ၍၎င်း—

(၃) မဂ်ဖိုလ်တို့သည်သာလျှင် သံဃာမည်၏၊ ၎င်းတို့သည်လည်း တစုံတခုကိုမျှ မစားသောက် မသုံးဆောင်တတ်ကုန်၊ ထို့ကြောင့် သံဃာက စားသည် သောက်သည် ခဲသည် လျက်သည်ဟု မဆိုအပ်-ဟူ၍၎င်း—

(၄) မဂ်ဖိုလ်တို့သည်သာလျှင် သံဃာမည်၏၊ ၎င်းတို့အား တစုံတခုကိုမျှ ပေးလှူရန်မတတ်နိုင်၊ ၎င်းတို့ကလည်း ခံယူရန် မတတ်နိုင်၊ ၎င်းတို့အား ပေးလှူခြင်းဖြင့်လည်း အကျိုးကျေးဇူး တစုံတခုမျှ မပြီးစီး၊ ထို့ကြောင့် သံဃာအား လှူခြင်းသည် အကျိုးကြီးသည်ဟု မဆိုအပ်-ဟူ၍၎င်း—

(၅) ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် တစုံတခုကိုမျှ မဘုဉ်းပေး မသုံးဆောင်၊ သို့သော်လည်း လောကသို့အစဉ်လိုက်၍ လျော်စွာ ပြုခြင်းအကျိုးငှါ ဘုဉ်းပေး သုံးဆောင်ဘိသကဲ့သို့ မိမိကိုယ်ကို ပြတော်မူ၏၊ သို့ဖြစ်၍ (ဘုရားအား လှူခြင်းသည်) အကျိုးမရှိသောကြောင့် ထိုဘုရား၌ လှူခြင်းသည် အကျိုးကြီး၏ဟု မဆိုအပ်-ဟူ၍၎င်း—

(၆) ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် တုသိတာ နတ်ပြည်၌ဖြစ်လျက် ထိုနတ်ပြည်၌သာလျှင် စံနေတော်မူ၏၊ လူ့ပြည်လောကသို့ မကြွလာချေ၊ စင်စစ်အားဖြင့် ဤလူ့ပြည် လောက၌ နိမ္မိတရုပ်ပွါးတော်မျှကိုသာလျှင် ဖန်ဆင်းစေလွှတ်လျက် ပြတော်မူသည်-ဟူ၍၎င်း—

(၇) ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် တုသိတာ နတ်ပြည်၌ တည်တော်မူလျက် တရားဟောရန်အလို့ငှါ ဖန်ဆင်းအပ်သော နိမ္မိတရုပ်ပွါးတော်ကို စေလွှတ်တော်မူ၏၊ ထိုနိမ္မိတ ရုပ်ပွါးတော်သည်၎င်း, ထိုရုပ်ပွါးတော်၏တရားကို လက်ခံနာယူ၍

အရှင်အာနန္ဒာသည်ရင်း ဤနှစ်ပါးတို့ကသာလျှင် ဟောကြသည်၊ မြတ်စွာဘုရားကိုယ်တော်တိုင်ကား တရားမဟော-ဟူ၍ရင်း—

(၈) တခုသောအလို တူသောအလိုရှိလျှင် မေထုန်အကျင့်ကို မှီဝဲအပ် မှီဝဲကောင်း၏၊ ဆိုလိုသည်မှာ....သနားငဲ့ညှာခြင်းဟူသော အလိုဖြင့် တခုသောအလိုရှိလျှင် သို့မဟုတ် သံသရာ၌ အတူတကွ ဖြစ်လျက် ကျင်လည်ကုန်အံ့ဟု မာတုဂါမနှင့်အတူ ဘုရားအား ပူဇော်ခြင်းစသည်ကိုပြု၍ ဆုပန်သည်၏အစွမ်းဖြင့် တခုတည်း သော တူသောအလိုရှိခဲ့လျှင် ထိုနှစ်ဦးသောသူတို့၏ ဤသို့ အလို တူသော မေထုန်အကျင့်ကို မှီဝဲအပ် မှီဝဲကောင်း၏-ဟူ၍ရင်း-

အထက်ပါအတိုင်း ဝေတုလ္လဝါဒတို့ကို ကထာဝတ္ထုအဋ္ဌကထာ၌ တွေ့ရ၏။ ဝေတုလ္လဝါဒီတို့၏ အယူဝါဒတို့ကို ထေရဝါဒကျမ်းဂန်တို့၌ ယခုခေတ်တွင် ဤမျှသာ တွေ့ရပေသည်။

စိစစ်ပြရလျှင် အထက်ပါ ဝေတုလ္လဝါဒတို့တွင် အစမှ ဝါဒ ၄-ခုတို့ဖြင့် သုတ္တန်ပိဋကဥလာသော အရိယာသံဃာကို မှားယွင်းစွာ ယူဆထား၏၊ ဝိနည်းပိဋကဥလာသော သမ္မုတိသံဃာကိုလည်း လုံးဝ ပယ်ဖျက်ထား၏၊ ထို့နောင် သုံးခုသောဝါဒတို့မှာ ဣဿရခေါ် ဘုရားသခင်က ဖန်ဆင်းသည် ဟူသော အယူသို့ အစဉ်လိုက်သော ဝါဒတို့ဖြစ်သည်။ နောက်ဆုံးဝါဒမှာ သူယုတ်မာဝါဒဖြစ်ကြောင်း အလွန်ပင် ထင်ရှားလှပေ၏။

အသင်္ဂ မည်သော ကျမ်းဆရာက သက္ကတဘာသာဖြင့် ရေးသားစီရင် ခဲ့သော **အဘိဓမ္မသမုစ္စယ** ခေါ် မဟာယာနကျမ်းဥမှုကား အောက်ပါ အတိုင်း ဆိုထားသည်ကို တွေ့ရပေ၏....

"**ဝေပုလ္လအင်္ဂါ** ဟူသည် အဘယ်နည်း၊ ဗောဓိသတ္တ ပိဋက (ဘုရားအလောင်းကျမ်းစာ) နှင့် စပ်ဆိုင်လျက် ဟောထားသော တရားဖြစ်သည်၊ အကြင် တရားအင်္ဂါကို ဝေပုလ္လဟု ဆိုအပ်၏၊ ထိုတရားအင်္ဂါကို ဝေဒလ္လဟူ၍လည်းဆိုအပ်၏၊ ဝေတုလ္လဟူ၍လည်း ဆိုအပ်၏။ အဘယ်ကြောင့် **ဝေပုလ္လ** ဟု ခေါ်ဆိုရပါသနည်းဟူမူ၊ အလုံးစုံသော သတ္တဝါတို့၏ စီးပွါးချမ်းသာ တည်ရာ ဖြစ်သော ကြောင့်ရင်း, မြင့်မြတ် ကြီးကျယ်၍ နက်နဲသော တရားဒေသနာ

ဖြစ်သောကြောင့်ရှင်း ခေါ်ဆိုရပေသည်။ အဘယ်ကြောင့် ဝေဒလ္လ ဟု ခေါ်ဆိုရပါသနည်းဟူမူ၊ အလုံးစုံသော အပိတ်အပင် အာဝရဏ တရားတို့ကို ခွဲချက်ဘတ်သောကြောင့် ခေါ်ဆိုရပေသည်။ အဘယ်ကြောင့် ဝေတုလ္လ ဟု ခေါ်ဆိုရပါသနည်းဟူမူ၊ ထိုကျမ်း၌ ထုတ်ပြထားသော ဥပမာနတရားတို့သည် အတုမဲ့ဖြစ်သောကြောင့် ခေါ်ဆိုရပေသည်”-ဟု

ထိုအဘိဓမ္မသမုစ္စယကျမ်း၌ ပြဆိုထား၏။ ယခုခေတ်ကာလတွင် **သဒ္ဓမ္မပုဏ္ဍရိကသုတ္တန်**ဟု ခေါ်သော မဟာယာနကျမ်းစာ၌ သာဝကအဖြစ်, ပစ္စေကဗုဒ္ဓါအဖြစ်နှင့်လည်း နိဗ္ဗာန်ရောက်နိုင်သည်ဟူသော ဝါဒကို လုံးဝ ပယ်ရှား နှိမ်နင်း၍ လူတိုင်း ပုဂ္ဂိုလ်တိုင်း ဘုရားဖြစ်အောင်ကျင့်ရန် တိုက်တွန်းလျက် ဘုရားအလောင်းနှင့် စပ်၍ အတုမရှိ အကြီးအကျယ် ချီးမွမ်းဖော်ပြထားသော ဥပမာတို့ကို များစွာတွေ့ရ၏။ ထို့ကြောင့် ထိုသဒ္ဓမ္မပုဏ္ဍရိကသုတ္တန်ကျမ်းကဲ့သို့သော ဗောဓိသတ္တ (ဘုရားအလောင်း)နှင့် စပ်၍ ပြဆိုသော ပိဋကကျမ်းစာ၌လာသော ဝါဒကိုလည်း ဝေတုလ္လဝါဒဟု သိအပ်ပေ၏။

မဟာဝိဟာရကျောင်းတိုက်ကို ဖျက်ဆီးခြင်း

မဟာဝိဟာရဝါသီ ရဟန်းတို့သည် ပြဆိုခဲ့သည့်အတိုင်း အလုံးစုံသော ကျောင်းတိုက်တို့ကို စွန့်လွှတ်ထားခဲ့၍ ထွက်ခွါသွားကြသောအခါ **သံဃမိတ္တ**မည်သော ရဟန်းယုတ်သည် မင်းကို နားချ၍ လောဟပါသာဒ အစရှိသော ၃၆၄-ခုသော ပရိဝုဏ်ပြာသာဒ်တို့ကို ဖျက်ဆီးစေပြီးလျှင် အမြစ်ရင်းပါ နှုတ်စေ၍ အဘယဂိရိကျောင်းတိုက်သို့ ဆောင်ယူစေ၏။ ကျောင်းတိုက်မြေပြင်၌လည်း ထွန်ယက်စေ၍ ပြောင်း ပဲတို့ကို စိုက်ပျိုးစေ၏။ ဤအခြင်းအရာဖြင့် မဟာဝိဟာရကျောင်းတိုက်သည် ထိုအခါက ကျောင်းအဆောက်အဦမှကင်း၍ ကိုးနှစ်ပတ်လုံး ရဟန်းတို့မှဆိတ်သုဉ်းလျက် ရှိလေသည်။ ထိုမှ နောက်ကာလ၌ မဟာသေနမင်းသည် **မေဃဝဏ္ဏာဘယ** မည်သော ကလျာဏမိတ္တဖြစ်သော အမတ်ကြီး၏ ခြိမ်းချောက်ခြင်း ရှေးသွားရှိသော ဖျောင်းဖျပြောဆိုချက်ဖြင့် မဟာဝိဟာရကျောင်းတိုက်ကို တဖန် ပကတိအတိုင်း ပြုပြင်ပြီးလျှင် ဖဲခွါသွားသော ထိုမဟာ-

ဝိဟာရဝါသီရဟန်းတော်တို့ကိုလည်း ပင့်ဆောင်၍ ပစ္စည်းလေးပါးတို့ဖြင့် ပြုစုထောက်ပံ့လေသည်။ ·

ဇေတဝနဝါသီဂိုဏ်း ဖြစ်ပေါ်လာခြင်း

မဟာသေနမင်းသည် ဒက္ခိဏာရာမကျောင်း၌ နေသော စိတ်နှလုံး ကောက်ကျစ်သော (ဒကာ ဒကာမတို့ အထင်ကြီးအောင် ပြုတတ်၍) **ကုဟကတိဿမည်သော** မထေရ်ကို ကြည်ညိုပြန်၍ ထိုမထေရ်အတွက်မဟာဝိဟာရကျောင်းတိုက် နယ်ပယ် (သိမ်) အတွင်း **ဇောတိဝနမည်သော** ဥယျာဉ်၌ ဇေတဝနမည်သော ကျောင်းကို ဆောက်လုပ်ရန် အားထုတ်ပြန်လေ၏။ မဟာဝိဟာရဝါသီ ရဟန်းတော်တို့သည် မင်းကို တားမြစ်ခြင်းငှါ မစွမ်းနိုင်သောကြောင့် တဖန် မဟာဝိဟာရ ကျောင်းတိုက်မှ ထွက်ခွါသွားကြပြန်လေ၏၊ ထိုအခါ၌လည်း မဟာဝိဟာရ ကျောင်းတိုက်သည် ကိုးလပတ်လုံး ရဟန်းတော်တို့မှ ဆိတ်သုဉ်းလျက် ရှိလေ၏၊ မဟာသေနမင်းသည်ကား မိမိအလိုအတိုင်းပင်လျှင် ထိုဇောတိဝန ဥယျာဉ်၌ ဇေဝတနဝိဟာရ မည်သော ကျောင်းကို ဆောက်လုပ်၍ ထိုကုဟကတိဿ မထေရ်အား လှူဒါန်းလေသည် သာတည်း။ ထို ဇေတဝနဝိဟာရ၌ ဒက္ခိဏဂိရိကျောင်းတိုက်မှ သာဂလိယ ဂိုဏ်းသား ရဟန်းတို့သည် လာ၍ နေကုန်၏။ နောက်ကာလ သာသနာတော်နှစ် ၁၀၆၇-နှင့်၁၀၈၀-တို့အတွင်း **အမ္ဗသာမဏေရသိလာကာလမင်း၏** လက်ထက်၌ ထိုဇေတဝနဝိဟာရဝါသီရဟန်းတို့သည် ဝေတုလ္လဝါဒီ ဂိုဏ်းသား ဖြစ်ကြလေကုန်၏။

ဤသို့ ပြဆိုခဲ့သည့်အတိုင်း အရှင်ဗုဒ္ဓဃောသမထေရ် သီဟိုဠ်ကျွန်းသို့ ရောက်သောကာလ (သာသနာတော် ၉၆၅-နှစ်)မှ ရှေးမဆွကပင်လျှင် စင်ကြယ်သော ထေရဝါဒီဖြစ်ကုန်သော မဟာဝိဟာရဝါသီဂိုဏ်းနှင့် ဆန့်ကျင်သော အယူရှိကုန်သော (၁)**အဘယဂိရိဝါသီဂိုဏ်း** (သာ ၄၅၅)၊ (၂) **သာဂလိယဂိုဏ်း** (သာ ၇၉၇-၈၁၀)၊ (၃) **ဇေတဝနဝါသီဂိုဏ်း** (သာ ၈၂၉-၈၄၅) ဟူ၍ သုံးခုသောဂိုဏ်းတို့ဖြစ်ပေါ်လျက် ရှိနှင့်ကုန်၏။ ထိုသုံးဂိုဏ်းတို့တွင် အဘယဂိရိဝါသီဂိုဏ်းသားတို့သည်သာလျှင် အထူးအားဖြင့် ထင်ရှား၍ အားလည်းကောင်းကုန်၏။ ထိုအကြောင်းကိုချဲ့၍ပြရလျှင်— အဘယဂိရိဝါသီဂိုဏ်းသားတို့သည် စင်ကြယ်သောထေရဝါဒ ပိဋကကိုရင်း,

ဝဇ္ဇပုတ္တကဂိုဏ်း၌အတွင်းဝင်သော ဓမ္မရုစိဂိုဏ်းသားတို့၏ပိဋကကိုင်း,မဟိ-သာသကအစရှိသောဂိုဏ်းတို့၏ ပိဋကကိုင်း,မဟာယာနဂိုဏ်း၏ ပိဋကကိုင်း လက်ခံသင်ယူပို့ချကုန်၏။ ထိုပိဋကတို့တွင် ဓမ္မရုစိဂိုဏ်း၏ ပိဋကကို လက်ခံထားကြောင်းမှာ ပြခဲ့ပြီးဖြစ်၍ ထင်ရှားသည်သာ။ မဟိသာသက အစရှိသော ဂိုဏ်းတို့၏ ပိဋကကို လက်ခံခြင်းမှာမူ ဖာဟိယန်း မည်သော တရုပ်ရဟန်းတော်၏ ခရီးစဉ်မှတ်တမ်းအဆိုဖြင့်ငှင်း, အဋ္ဌကထာတို့၌ ပယ်ထားသော ဝဏ္ဏပိဋကစသော အမည်ဖြင့်ငှင်း သိအပ်၏၊ မဟာယာနပိဋကကို လက်ခံခြင်းမှာလည်း ထိုအတူပင် သိအပ်၏။

ဖာဟိယန်း ခရီးစဉ်အဆို

ဖာဟိယန်းမည်သော တရုပ်ရဟန်းတော်သည် သာသနာတော် ၉၅၆-ခုနှစ်၌ သီဟိုဠ်ကျွန်းမှ သက္ကတဘာသာဖြင့် တင်ထားသော မဟိသာသကဂိုဏ်း၏ ဝိနည်းပိဋကကိုင်း, ဒီဃနိကာယ်ကိုင်း, သံယုတ္တနိကာယ်ကိုင်း, သန္နိပါတခေါ် သုတ်အပေါင်းအစု ပိဋကကိုင်း မိမိနှင့်အတူတကွ တရုပ်ပြည်သို့ ဆောင်ယူလာခဲ့သည်-ဟု ၎င်း၏ခရီးစဉ်မှတ်တမ်း၌ ပြထားလေသည်။ ထိုပိဋကစာပေ အလုံးစုံကို အဘယဂိရိကျောင်းတိုက်မှသာလျှင် ရသွားသည် ဖြစ်ရာ၏၊ အကြောင်းမူကား မဟာဝိဟာရဝါသီတို့မှာ သက္ကတဘာသာဖြင့် ရေးတင်ထားသော ပိဋကစာပေမရှိခြင်းကြောင့် ပေတည်း။ အဋ္ဌကထာ၌ ပယ်ထားသော ဝဏ္ဏပိဋကစသည်တို့မှာလည်း ထိုအဘယဂိရိကျောင်းတိုက်၌သာလျှင် ရှိနေသည် ဖြစ်ကုန်ရာ၏၊ အကြောင်းမူကား မဟာဝိဟာရဝါသီတို့သည် ထိုကျမ်းတို့ကို လက်မခံခြင်းကြောင့် ပေတည်း။ ထိုပြင် ဖာဟိယန်းမည်သော တရုပ်ရဟန်းတော် သီဟိုဠ်ကျွန်း၌ နေစဉ်ကာလ (သာ ၉၅၄-၉၅၆)က မဟာဝိဟာရကျောင်းတိုက်၌ သုံးထောင်မျှသော ရဟန်းတို့သည် နေလျက်ရှိကုန်၏။ ၎င်းတို့သည် ထေရဝါဒပိဋကကိုသာလျှင် သင်ယူကုန်၏၊ မဟာယာန ပိဋကကို မသင်ယူကုန်။ အဘယ-ဂိရိကျောင်းတိုက်၌ ငါးထောင်မျှသော ရဟန်းတို့သည် နေလျက်ရှိကုန်၏။ ၎င်းတို့သည်ကား မဟာယာနပိဋကနှင့် ထေရဝါဒပိဋက နှစ်မျိုးလုံးကို သင်ယူကုန်၏ဟူ၍လည်း ထိုတရုပ် ရဟန်းတော်သည်ပင်လျှင် ဖော်ပြထားလေသည်။

တောင်းပန်ကြခြင်း၏အကြောင်းနိဂုံးချုပ်

ယခုပြဆိုခဲ့သော သာသနာတော် ဆင်းသက်လာပုံ အစဉ်အဆက် အတိုင်းပင် မဟာဝိဟာရဝါသီတို့သည် အစကနဦးကပင်လျှင် စ၍ သံဂါ-ယနာ သုံးတန်တိုင်တိုင် ပါဠိဘာသာဖြင့် တင်ထားသော ပိဋကတော်မူနှင့် သာသနာတော် ၄၅၅-၄၆၇-ခုနှစ်တို့အတွင်း ဝဋ္ဋဂါမဏိမင်း၏ လက်ထက် တွင် ပေထက်အက္ခရာ တင်ထားခဲ့သော ပါဠိပိဋကတော်မူများအတိုင်းသာ လျှင် ရှေးဟောင်းပါဠိပိဋကကိုသာလျှင် သင်ယူပို့ချကုန်၏၊ သက္ကတ ဘာသာဖြင့် တင်ထားသော ပိဋကကို မသင်ယူ မပို့ချကုန်။ အဋ္ဌကထာ တို့မှာလည်း အနှစ်သုံးရာကျော် ရှေးကျသော ကာလက စီရင်ထားသော ကျမ်းတို့သာဖြစ်သည်။ ထို့ကြောင့်ပင်လျှင် အဋ္ဌကထာတို့၌ သာသနာ တော် ၆၀၉-နှင့် ၆၅၃-နှစ်တို့အတွင်း ဝသဘမင်း၏ လက်ထက်မှ နောက်ကာ လ၌ဖြစ်ပေါ်သော သီဟိုဠ်မထေရ်တို့၏ ဝတ္ထုကိုလည်းမတွေ့ရ၊ မဟာသေန မင်း၏ ဝတ္ထုမှတပါး အခြားပုဂ္ဂိုလ်တို့၏ ဝတ္ထုကိုလည်း မတွေ့ရ။ အရှင် ဗုဒ္ဓဃောသ၏ လက်ထက်တိုင်အောင်လည်း ထို ရှေးအဋ္ဌကထာဟောင်းတို့ သာလျှင် ရှိကုန်၏၊ အသစ်ပြုပြင်ထားသော အဋ္ဌကထာတို့ မရှိကုန်။ ထို့ကြောင့် မဟာဝိဟာရဝါသီတို့၏ ထိုပိဋကကျမ်းစာတို့၌ လေ့လာ သင်ကြားရန် လူတို့မှာ အများအားဖြင့် လိုလားတောင့်တခြင်း အား ထုတ်ခြင်း မရှိကြကုန်။ အဖွင့်အဋ္ဌကထာတို့ကို သီဟိုဠ်ဘာသာဖြင့် ရေးသား စီရင်ထားသောကြောင့် မိမိတို့၏ ပါဠိပိဋကကို ဇမ္ဗူဒိပ် စသော ကျွန်း တပါးတို့၌ ဖြန့်ချီရန်လည်း မစွမ်းနိုင်ကုန်။ အဘယဂိရိဝါသီ ဂိုဏ်းသား တို့သည်ကား ဝဋ္ဋဂါမဏိမင်း လက်ထက်မှ စ၍ သက္ကတ ဘာသာဖြင့် တင်ထားသော ဓမ္မရုစိဂိုဏ်း စသည်တို့၏ အသစ်အသစ် ပိဋကကိုရင်း, မဟာယာနဂိုဏ်း၏ အသစ်အသစ်သော ပိဋကကိုရင်း သင်ယူပို့ချကြကုန်၏။ ထို့ကြောင့် ၎င်းတို့၏ ပိဋကစာပေတို့၌ လေ့လာသင်ကြားရန် လူတို့မှာ အများအားဖြင့် လိုလားတောင့်တခြင်း အားထုတ်ခြင်းဖြစ်လျက် ရှိကြ၏၊ ထိုသို့ ဖြစ်ခြင်းမှာ သတ္တဝါတို့သည် **အသစ်အသစ်ကိုသာလျှင် ချစ်မြတ် နိုးလေ့ရှိကြသောကြောင့်** ပင်တည်း။ ထို့ကြောင့်ပင်လျှင် အဘယဂိရိ ဝါသီ ဂိုဏ်းသားတို့သည် ဇမ္ဗူဒိပ်ကျွန်း စသော ကျွန်းတပါးတို့၌လည်း မိမိ တို့၏ ဝါဒကို ဖြန့်ချီရန် စွမ်းနိုင်ကုန်၏။ သို့ဖြစ်၍ ထိုမဟာဝိဟာရဝါသီ

မထေရ်တို့သည် မိမိတို့၏ သိဟိုဠ် အဋ္ဌကထာတို့ကို ပါဠိဘာသာဖြင့် အသစ် ပြုပြင်စီရင်ရန် အလိုရှိနေကြစဉ်တွင် ထိုသို့ ပြုပြင်စီရင်ခြင်းငှါ စွမ်းနိုင်သော အရှင်ဗုဒ္ဓဃောသ မထေရ်၏ ဉာဏ်ပညာ စွမ်းရည်အထူးကိုရင်း, ဆိုခဲ့ပြီး သောဂုဏ်တို့နှင့် ပြည့်စုံသည်ကိုရင်း သိကြရသောကြောင့် အရှင်ဗုဒ္ဓဃောသ မထေရ်ကို တောင်းပန်ကြလေသည်ဟု သိအပ်ပေ၏။

ဝိသုဒ္ဓိမဂ်ကျမ်းကို စီရင်တော်မူခြင်း

ထိုကျမ်းတို့တွင် ရှေးဦးစွာ ဝိသုဒ္ဓိမဂ်ကျမ်းကို အရှင်သံဃပါလမထေရ်က တောင်းပန်သောကြောင့် အရှင်ဗုဒ္ဓဃောသဆရာတော်သည် မဟာ-ဝိဟာရကျောင်းတိုက်၏ တောင်ဘက် ပဓာနဃရပရိဝုဏ်တွင် မဟာနိဂမ-သာမိ မည်သော ဒါယကာ၏ ပြာသာဒ်၌ သီတင်းသုံးလျက် ရေးသား စီရင်တော်မူသည်။

ပြဆိုခဲ့ပြီးသော ဤမျှသော စကားအစဉ်ဖြင့် "ဤ ဝိသုဒ္ဓိမဂ်ကျမ်းကို အဘယ်ပုဂ္ဂိုလ်က စီရင်ခဲ့ပါသနည်း၊ အဘယ်ခေတ်ကာလက စီရင်ခဲ့ပါ သနည်း၊ အဘယ်နိုင်ငံအရပ်ဒေသ၌ စီရင်ခဲ့ပါသနည်း၊ အဘယ်အကြောင်း ကြောင့် စီရင်ပါသနည်း"ဟူသော မေးခွန်းပြဿနာတို့၏ အနက်ကို အကျယ်အားဖြင့် ဖြေရှင်းပြအပ်ပြီး ဖြစ်လေပြီ။

ယခုအခါ "အဘယ်အကျိုးငှါ စီရင်ပါသနည်း" အစရှိသော မေးခွန်း ပြဿနာတို့၏ အနက်ကို ဖြေရှင်းပြပါအံ့။ ထိုတွင်—

ရည်ရွယ်ချက်အကျိုး

(င) အဘယ်အကျိုးငှါ စီရင်ပါသနည်း ဟူသော မေးခွန်း ပြဿနာ၏ အနက်ကို အရှင်ဗုဒ္ဓဃောသဆရာတော် (ဝိသုဒ္ဓိမဂ် နှာ၇-၌) ကိုယ်တိုင် ပင်လျှင် ဖြေရှင်းပြထားပြီး ဖြစ်ပေသည်။ အဘယ်ကဲ့သို့နည်းဟူမူ—

> "မြတ်စွာဘုရား၏ သာသနာတော်၌ အလွန်ရခဲသော ရှင်ရဟန်း အဖြစ်ကို ရကုန်ပြီး၍ သီလစသည်တို့ဖြင့် ရေတွက် (သိမ်းယူ) အပ်သော ဘေးကင်းသော ဖြောင့်မတ်သော နိဗ္ဗာန်၏ (ရောက် ကြောင်း အကျင့်)လမ်းကို။

မှန်ကန်စွာမသိကုန်သော ယောဂီတို့သည် ဤ(သာသနာတော်)၌ စင်ကြယ်သော နိဗ္ဗာန်ကို အလိုရှိကြ၍ အားထုတ်ပါကုန်သော်လည်း စင်ကြယ်သောနိဗ္ဗာန်ကို မရပဲ ရှိနေကုန်၏။
ထိုသို့သော ယောဂီတို့အား နှစ်သိမ့်ဝမ်းမြောက်ခြင်းကို ဖြစ်စေနိုင်သော ကောင်းစွာစင်ကြယ်သည့် အဆုံးအဖြတ်တို့နှင့် ပြည့်စုံသော မဟာဝိဟာရဝါသီ မထေရ်မြတ်တို့၏ ဟောနည်း (သင်ကြားနည်း) ကို မှီ(၍ ပြလတံ့)သော။

ဝိသုဒ္ဓိမဂ် (နိဗ္ဗာန်ရောက်ကြောင်း အကျင့်လမ်း)ကို ဆိုပေအံ့၊ စင်ကြယ်သော နိဗ္ဗာန်ကို အလိုရှိကုန်သော အလုံးစုံသော သင်သူတော်ကောင်းတို့သည် ရိုသေစွာ ဆိုလတံ့သော ငါ၏ ထို (ဝိသုဒ္ဓိမဂ်)ကို (ရိုသေစွာ) နာယူမှတ်သားပါကုန်လော့" ဟူ၍ ဖြစ်ပေသည်။

ထို့ကြောင့် ဤဝိသုဒ္ဓိမဂ်ကျမ်းကို ဝိသုဒ္ဓိဟု ခေါ်ဆိုအပ်သော နိဗ္ဗာန်ကို အလိုရှိကုန်သော သူတော်ကောင်းအပေါင်းတို့၏ သီလ သမာဓိ ပညာဟု ဆိုအပ်သော (ဝိသုဒ္ဓိမဂ်) နိဗ္ဗာန်ရောက်ကြောင်း အကျင့်လမ်းကို မှန်ကန်စွာသိခြင်းအကျိုးငှါ ရည်ရွယ်၍ ပြုစီရင်ပေသည်–ဟု ပြဓာန်းသော အကျိုး၏ အစွမ်းအားဖြင့် သိအပ်၏။ မပြဓာန်းသော အကျိုး၏အစွမ်းအားဖြင့်မူကား လေးပါးသော နိကာယ် အဋ္ဌကထာတို့၌ ကျမ်းကျဉ်းခြင်း ဟူသော ပေါ့ပါးခြင်း အကျိုးငှါလည်း ရည်ရွယ်၍ ပြုစီရင်သည်ဟု သိအပ်ပေ၏။ ထို့ကြောင့် **နိကာယ် အဋ္ဌကထာတို့၌** အောက်ပါ စကားကို မိန့်ဆိုတော်မူ၏။

"ဤ ဝိသုဒ္ဓိမဂ်ကျမ်းသည် နိကာယ်လေးရပ်တို့၏ အလယ်၌ တည်လျက် ထို နိကာယ်လေးရပ်တို့၌ ဟောထားတိုင်းသော အနက်ကို ပြပေလတံ့"ဟု ရည်ရွယ် မျှော်လင့်၍သာလျှင် ထိုဝိသုဒ္ဓိမဂ်ကျမ်းကို ငါ ရေးသားစီရင်ခဲ့ပြီ။

ဝိသုဒ္ဓိမဂ်ကျမ်း၏ မှီရာ

(စ) **အဘယ်ကျမ်းများကို အမှီပြု၍ စီရင်ပါသနည်း** ဟူသော မေးခွန်း ပြဿနာ၏ အနက်ကိုလည်း အရှင်မဟာဗုဒ္ဓဃောသ ဆရာတော်

ကိုယ်တိုင်ပင်လျှင် ဖြေရှင်းထားပြီး ဖြစ်ပေသည်။ မှန်ပေ၏၊ ဤ ဝိသုဒ္ဓိမဂ် ဂန္ထာရမ္ဘ-ကျမ်းဦး စကားအရာ၌—

"မဟာဝိဟာရဝါသီ မထေရ်မြတ်တို့၏ ဟောနည်း (သင်ကြားနည်းကို) မှီ(၍ပြုလတ်.)သော ဝိသုဒ္ဓိမဂ်ကို ဆိုပေအံ့"-ဟု

မိန့်ဆိုထားပေ၏။

ထိုအတူ နိဂုံး၌လည်း အောက်ပါ စကားတို့ကို မိန့်ဆိုထားပေ၏။

"သီလစသည် အပြားရှိကုန်သော ထို(မူရင်းဂါထာ၌ ဟောထားသော) အနက်တို့၏ အဆုံးအဖြတ်ကို နိကာယ် ငါးရပ်တို့၏ အနက်ကို ဖွင့်ပြရာ အဋ္ဌကထာနည်း၌ မိန့်ဆိုထားလေသည်။

ထို(မိန့်ဆိုထားသော အဆုံးအဖြတ်) အလုံးစုံကို ယေဘုယျအားဖြင့် စုရုံးဆောင်ယူ၍ ဝါဒချင်းရောယှက်မှု ဟူသော အပြစ်ဒေါသတို့မှ ကင်းလွတ်သော အနက်ကို အဆုံးအဖြတ်နှင့်တကွ ပြထားအပ်ပေ၏။"

အထက်ပါ စကားဖြင့် "ဝိသုဒ္ဓိမဂ်ကျမ်းကို ပြုတော်မူသော အရှင်ဗုဒ္ဓဃောသ ဆရာတော်သည် မဟာဝိဟာရဝါသီ မထေရ်မြတ်တို့၏ ဟောပြောသင်ကြားနည်းဟု ဆိုအပ်ကုန်သော နိကာယ်ငါးရပ်တို့၏ ရှေးအဋ္ဌကထာဟောင်းတို့ကို အမှီပြု၍ ထို အဋ္ဌကထာဟောင်းတို့၌ မိန့်ဆိုထားသော ယူသင့်ယူထိုက်သော အဆုံးအဖြတ် အလုံးစုံကို စုပေါင်းဆောင်ယူ၍ ပြုစီရင်တော်မူလေသည်" ဟူသော အနက်သည် ထင်ရှား၏။ ထို့ကြောင့် ဤဝိသုဒ္ဓိမဂ်၌ ပြထားတိုင်းသော ပုဒ်အဖွင့်ဖြစ်စေ, အဆုံးအဖြတ်ဖြစ်စေ, သာဓကဝတ္ထုဖြစ်စေ ထိုအလုံးစုံကို ထိုထို ထုတ်ဆောင်ခဲ့ရာ ပါဠိတော်ပုဒ်နှင့်ဆိုင်သော နိကာယ်လေးရပ်၏ အဖွင့်ဖြစ်ကုန်သော ရှေးသီဟိုဠ်အဋ္ဌကထာဟောင်းတို့မှ ဆောင်ယူ၍ ဘာသာပြန်သည်၏ အစွမ်းအားဖြင့်သာလျှင် ပြထားသည်ဟု သိအပ်၏။ မှန်ပေ၏၊ ဤဝိသုဒ္ဓိမဂ်ကိုလည်း မိမိ၏ ဉာဏ်စွမ်းသက်သက်ဖြင့်သာလျှင် ပြုစီရင်ခဲ့သည် မဟုတ်ပေ၊ သီးခြားကျမ်းတစောင်အဖြစ်ဖြင့်လည်း ပြုစီရင်ခဲ့သည် မဟုတ်ပေ၊ အမှန်အားဖြင့် သော်ကား နိကာယ်လေးရပ် အဋ္ဌကထာတို့၏ အစိတ်အပိုင်း အဖြစ်ဖြင့်သာလျှင် ပြုစီရင်ခဲ့ပေသည်။ ထို့ကြောင့် နိကာယ်လေးရပ် အဋ္ဌကထာတို့၏ နိဂုံး၌—

"တကြိမ်တလှည့်ရွတ်စာ ဘာဏဝါရ တို့ဖြင့် ငါးဆယ်ကိုးကြိမ် ရွတ်စာမျှရှိသော ဝိသုဒ္ဓိမဂ်ကျမ်းကိုလည်း နိကာယ်လေးရပ်တို့၏ အနက်ကို ပြခြင်းအကျိုးငှါ ရည်ရွယ်၍ ငါ ပြုစီရင်ခဲ့ပြီ။

ထို့ကြောင့် ထိုဝိသုဒ္ဓိမဂ်နှင့်တကွ ဤဒီဃနိကာယ် အဋ္ဌကထာသည် တကြိမ်တလှည့်ရွတ်စာ ဘာဏဝါရ အလှည့်အကြိမ် အားဖြင့် ကောင်းစွာချင့်ချိန် ရေတွက်ပိုင်းခြားလျှင် ဘာဏဝါရ တရာ့ လေးဆယ်ရှိ၏"ဟု—

ဤသို့ အစရှိသည်ကို မိန့်ဆိုထားပေ၏။

ထို့ပြင် ဝိသုဒ္ဓိမဂ်ကျမ်းတွင် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိနိဒ္ဒေသ၌ "ဤသည်ကား ဝိသုဒ္ဓိကထာ၌ ပြဆိုထားသော နည်းတည်း။ အရိယဝံသကထာ၌ကား" ဤသို့ အစရှိသည်ဖြင့် နှစ်ပါးသောကထာတို့ကို မိန့်ဆိုထား၏၊ ထိုကထာ နှစ်ပါးတို့သည်လည်း မဟာဝိဟာရဝါသီ မထေရ်မြတ်တို့၏ ဟောပြောသင်ကြားနည်း၌ အတွင်းဝင်ကုန်သည်ဖြစ်၍ ဤဝိသုဒ္ဓိမဂ်ကျမ်း၏ မှီရာတို့သာလျှင် ဖြစ်ပေသည်ဟု သိအပ်၏။

ဝိသုဒ္ဓိမဂ်ကျမ်းကို ပြုပုံအခြင်းအရာ

(ဆ) အဘယ်သို့သော အခြင်းအရာအားဖြင့် စီရင်ပါသနည်းဟူသော မေးခွန်း၌ အခြားမဲ့မေးခွန်းတွင် ဆိုခဲ့သော အပြားအားဖြင့်ပင်လျှင် ပြုစီရင်တော်မူပေသည်။ ချဲ့၍ပြရလျှင် အရှင်ဗုဒ္ဓဃောသ ဆရာတော်သည် သံယုတ္တနိကာယ်မှ—

"ပညာရှိသောလူသည် သီလ၌တည်၍ ပူပန်စေမှု (လုံ့လ) ရှိလျက် ရင့်ကျက်သည် (ဆင်ခြင်ဉာဏ်ရှိသည်)ဖြစ်၍ စိတ်ကိုရင်း ပညာကိုရင်း ပွါးစေသော် ထိုသို့သော ရဟန်းသည် ဤအရှုပ်အထွေးကို ဖြေရှင်းနိုင်ပေ၏"ဟူသော....

စကားကို ရှေးဦးစွာ ထုတ်ပြပြီးလျှင် ထိုစကား၌ ပဓာနအားဖြင့် ဟောထားသော သီလသမာဓိ ပညာတို့ကို အသီးအသီး အကျယ်ဝေဖန်၍

ပြုစီရင်တော်မူလေသည်။ ဤသို့ ပြုစီရင်သော အခါ၌လည်း နိကာယ် ငါးရပ်တို့မှ သီလ သမာဓိ ပညာနှင့် စပ်ဆိုင်ကုန်သော သုတ်ပုဒ်တို့ကို ထုတ်ဆောင်ပြီးလျှင် ထိုသုတ်ပုဒ်တို့၏ အနက်ကိုလည်း သီဟိုဠ်အဋ္ဌကထာ တို့မှ ဘာသာပြန်သည့် အစွမ်းဖြင့် ပြ၍ ထိုသီဟိုဠ်အဋ္ဌကထာတို့၌ ဆိုထား သော သီဟိုဠ်ဝတ္ထုတို့ကိုရင်း, အဆုံးအဖြတ်တို့ကိုရင်း ပြတော်မူ၏။ အထူး အားဖြင့်မူကား ထိုခေတ်ကာလက မဟာဝိဟာရဝါသီတို့၏ အယူနှင့် ဆန့်ကျင်ကုန်သော ထင်ရှားသော အယူဝါဒကွဲတို့ကိုလည်း များစွာသော အရာဌာနတို့၌ အကြောင်းနှင့်တကွဖော်ပြ၍ ပယ်ဖျက်တော်မူခဲ့၏။ အဘယ်သို့နည်းဟူမူ——

ထိုဝိသုဒ္ဓိမဂ်ကျမ်းတွင် စရိုက်အဖွင့်၌ "ထိုတွင် ရှေးစရိုက်သုံးပါးတို့ သည် ရှေးဘဝက အလေ့အကျက်လျှင် အကြောင်းရှိသည်လည်း ဖြစ်ကုန် ၏၊ ပထဝီစသော ဓာတ်,သလိပ်စသောအပြစ်ဒေါသလျှင် အကြောင်းရှိသည် လည်း ဖြစ်ကုန်၏"ဟု ကေစွေ (အချို့) ဆရာတို့က ဆိုကုန်၏။ ဆိုလို သည်မှာ "ရှေးဘဝက ကောင်းသော လုံ့လပယောဂနှင့် ကောင်းသော အမှုကိစ္စများခဲ့သောသူသည်ရင်း, နတ်ပြည်မှစုတေ၍ ဤလူ့ပြည်လောက၌ ဖြစ်လာသောသူသည်ရင်း ရာဂစရိုက်ရှိ၏။ ရှေးဘဝက ဖြတ်ခြင်း သတ်ခြင်း နှောင်ဖွဲ့ခြင်းဟူသော ရန်အမှုများခဲ့သောသူသည်ရင်း, ငရဲဘုံ နဂါးဘုံတို့မှ စုတေ၍ ဤလူ့ပြည်လောက၌ဖြစ်လာသောသူသည်ရင်း ဒေါသစရိုက်ရှိ၏။ ရှေးဘဝက သေရည်သောက်ခြင်း များခဲ့သောသူသည်ရင်း, အကြား အမြင်နှင့် မေးမြန်းခြင်းကင်းသောသူသည်ရင်း, တိရစ္ဆာန်ဘုံမှ စုတေ၍ ဤလူ့ပြည်၌ဖြစ်လာသောသူသည်ရင်း မောဟ စရိုက်ရှိ၏၊ ဤသို့ ရှေး ဘဝက အလေ့အကျက်လျှင် အကြောင်းရှိကုန်၏"ဟု ဆိုကုန်၏။ ထိုမှတပါး "ပထဝီဓာတ် အာပေါဓာတ်ဟူသော ဓာတ်နှစ်ပါးတို့ များခြင်းကြောင့် ပုဂ္ဂိုလ်သည် မောဟစရိုက်ရှိ၏၊ ကြွင်းသော ဓာတ်နှစ်ပါးတို့ များခြင်း ကြောင့် ဒေါသစရိုက်ရှိ၏၊ အလုံးစုံသော ဓာတ်လေးပါးတို့ ညီမျှခြင်း ကြောင့် ရာဂစရိုက်ရှိ၏' ဟူ၍ရင်း 'အပြစ်ဒေါသတို့တွင်လည်း သလိပ်ဒေါသ လွန်ကဲသောသူသည် ရာဂစရိုက်ရှိ၏၊ လေဒေါသ လွန်ကဲသောသူသည် မောဟစရိုက်ရှိ၏၊ တနည်းကား သလိပ်ဒေါသ လွန်ကဲသောသူသည် မောဟစရိုက်ရှိ၏၊ လေဒေါသလွန်ကဲသောသူသည် ရာဂစရိုက်ရှိ၏' ဟူ၍ရင်း

ဤသို့ ဓာတ်နှင့် အပြစ်ဒေါသလျှင် အကြောင်းရှိကုန်၏”ဟူ၍ ဆိုကုန်၏—ဟု ကေစွေဝါဒကို ထုတ်ပြပြီးလျှင် ထိုဝါဒကို “ထိုစကားရပ်၌ ရှေးဘဝက ကောင်းသော လုံ့လပယောဂနှင့် ကောင်းသော အမှုကိစ္စများခဲ့သော သူတို့သည်ရင်း, နတ်ပြည်မှ စုတေ၍ ဤလူ့ပြည်လောက ဖြစ်လာသော သူတို့သည်ရင်း အလုံးစုံပင် ရာဂစရိုက်ရှိသည်ချည်း မဟုတ်ကုန်၊ ဤမှ တပါးသော ပုဂ္ဂိုလ်တို့သည်မှုလည်း ဒေါသစရိုက် မောဟစရိုက်ရှိသည်ချည်း မဟုတ်ကုန်။ ဤအတူပင် ပထဝီစသော ဓာတ်တို့၏လည်း ဆိုခဲ့ပြီးသော နည်းဖြင့်သာလျှင် များခြင်းဖြင့် ကိန်းသေသတ်မှတ်ခြင်းမည်သည် မရှိချေ။ သလိပ်စသော ဒေါသတို့ဖြင့် သတ်မှတ်ရာ၌လည်း ရာဂနှင့်မောဟနှစ်ပါးကို သာလျှင် ဆိုထား၏။ ထိုအဆိုမှာလည်း ရှေ့နောက် ဆန့်ကျင်လျက်ရှိသည် သာတည်း။ ထို့ကြောင့် ဤအလုံးစုံသည် မပြတ်သားသော စကား သာလျှင် ဖြစ်သည်”ဟု ပယ်ဖျက်သွားလေ၏။ ထိုစကားကို ဝိသုဒ္ဓိမဂ် မဟာဋီကာ၌ “**ကေစွေ** (အချို့) ဟူသောစကားကို ဥပတိဿထေရ်ကို ရည်၍ မိန့်ဆိုသည်၊ မှန်ပေ၏၊ ထိုဥပတိဿမထေရ်သည် ဝိမုတ္တိမဂ်ကျမ်း၌ ထိုအခြင်းအရာအားဖြင့် မိန့်ဆိုထားလေသည်” အစရှိသည်ဖြင့် ဖွင့်ပြထား လေသည်။

ဝိမုတ္တိမဂ်ကျမ်းအကြောင်း

ဝိမုတ္တိမဂ် မည်သော ထိုကျမ်းသည် အဘယ်သို့သော ကျမ်းပါနည်း ဟူမူ၊ ဝိသုဒ္ဓိမဂ်ကဲ့သို့ပင် သီလ သမာဓိ ပညာတို့ကို အသီးအသီးဝေဖန်၍ ပြသော ပဋိပတ္တိကျမ်းတခုဖြစ်ပေသည်။ ထိုဝိမုတ္တိမဂ်ကျမ်း၌—

> သီလံ သမာဓိ ပညာ စ၊ ဝိမုတ္တိ စ အနုတ္တရာ။
> အနုဗုဒ္ဓါ ဣမေ ဓမ္မာ၊ ဂေါတမေန ယသဿိနာ။
>
> “သီလ သမာဓိ ပညာ အမြတ်ဆုံး ဝိမုတ္တိဟူသော ဤတရားတို့ကို များသော အခြံအရံရှိတော်မူသော ဂေါတမဘုရားသည် လျော်စွာ သိအပ်ကုန်ပြီ”ဟူသော....

ဂါထာကို ရှေးဦးစွာထုတ်ပြပြီးလျှင် ထိုဂါထာ၏အနက်ကို ဖွင့်သည်၏ အစွမ်းအားဖြင့် သီလ သမာဓိ ပညာ ဝိမုတ္တိတို့ကို အသီးအသီး ဝေဖန်၍ ပြထားလေသည်။ ထိုဝိမုတ္တိမဂ်ကျမ်းကို ယခုအခါမှာမူ တရုပ်ပြည် (ဂျပန်

ပြည်တို့)၌သာလျှင် တွေ့ရ၏။ သာသနာတော် ၁၀၄၇-ခုနှစ်တွင် သံဃပါလ မည်သော ရဟန်းက တရုပ်ဘာသာဖြင့်လည်း ပြန်ဆိုထား၏။ ထိုကျမ်းကို တရုပ်ပြည်သို့ အဘယ်သူက အဘယ်နိုင်ငံမှ ဆောင်ယူသွားလေသနည်း ဟူသော အကြောင်းအရာသည် မထင်ရှားပေ။ သို့သော် ထိုဘာသာ ပြန်သူ သံဃပါလ၏ ဆရာဖြစ်သော မဇ္ဈိမတိုက် ဇမ္ဗူဒီပနိုင်ငံသား ဂုဏဘဒြ မည်သော မဟာယာန ရဟန်းသည် ဇမ္ဗူဒီပနိုင်ငံမှ တရုပ်ပြည်သို့ သွားသော အခါ ရှေးဦးစွာ သီဟိုဠ်ကျွန်းသို့သွားပြီးလျှင် သီဟိုဠ်မှသာသနာတော် ၉၇၈-ခုနှစ်၌ တရုပ်ပြည်သို့ သွားလေသည်၊ ထိုအခါက ထိုဂုဏဘဒြ ပင် ဆောင်ယူသွားသည် ဖြစ်တန်ရာ၏။

မဟာဋီကာ၌ မိန့်ဆိုသည့်အတိုင်းပင် မှန်ပေ၏၊ ဝိမုတ္တိမဂ်ကျမ်း၌ ရှေး ဘ၀က အလေ့အကျက်လျှင် အကြောင်းရှိသည်ကို ပြခြင်းသည်ရင်း, ပထဝီ စသော ဓာတ်လျှင် အကြောင်းရှိသည်ကို ပြခြင်းသည်ရင်း ဝိသုဒ္ဓိမဂ်၌ ပြထားသော ကေစိဝါဒအတိုင်းပင် ဖြစ်ပေ၏။ သလိပ် စသော ဒေါသ လျှင် အကြောင်းရှိသည်ကို ပြရာ၌မူကား "သလိပ်ဒေါသ လွန်ကဲသော သူသည် ရာဂ စရိုက်ရှိ၏၊ သည်းခြေ ဒေါသ လွန်ကဲသော သူသည် ဒေါသ စရိုက်ရှိ၏၊ လေဒေါသ လွန်ကဲသော သူသည် မောဟ စရိုက်ရှိ၏။ တနည်းကား သလိပ်ဒေါသ လွန်ကဲသော သူသည် မောဟ စရိုက်ရှိ၏၊ လေဒေါသ လွန်ကဲသောသူသည် ရာဂစရိုက်ရှိ၏"ဟူ၍ ရာဂ ဒေါသ မောဟ သုံးပါးလုံးတို့ကိုလည်း အပြစ်ဒေါသဖြင့် သတ်မှတ်ခြင်းကို ပြဆိုထားပေ၏။ အရှင်ဗုဒ္ဓဃောသ ဆရာတော် ကြည့်ရှုရသော ဝိမုတ္တိမဂ်ကျမ်းစာပေ၌ မူကား "သည်းခြေ ဒေါသလွန်ကဲသော သူသည် ဒေါသစရိုက် ရှိ၏" ဟူသောပါဌ် ယုတ်လျော့ နေသည် ဖြစ်ရာ၏။

ထိုမှတပါး ဝိသုဒ္ဓိမဂ်၌ ပယ်ထားသော အနက် များစွာတို့ကိုလည်း ထိုဝိမုတ္တိမဂ်၌ ယူအပ်ယူထိုက်သော အနက်၏ အဖြစ်ဖြင့်တွေ့ရ၏၊ အဘယ်သို့နည်းဟူမူ—

သီလနိဒ္ဒေသ ပါဠိစာမျက်နှာ ၈-၌ "အခြားတပါးသော ဆရာတို့သည် ကား(သိရ)ဦးခေါင်း ဟူသောအနက်သည် သီလ၏အနက်၊ (သီတလ) အေးမြခြင်း အနက်သည် သီလ၏အနက်" အစရှိသော နည်းဖြင့်လည်း

သီလ၏အနက်ကို ဤအရာ၌ ဖွင့်ပြကုန်သေး၏-ဟု ပယ်ထားသော အနက်ကိုလည်း ထိုဝိမုတ္တိမဂ်ကျမ်း၌ ယူအပ်သောအနက်အဖြစ်ဖြင့် တွေ့ရ၏။

ထို့ပြင် ဓုတင်္ဂနိဒ္ဒေသ နှာ ၇၈-၌“အကြင် ဆရာတို့၏ အလိုအားဖြင့် ဓုတင်သည် ကုသလတိက်မှ လွတ်၏၊ ထိုဆရာတို့၏ အလို၌ ပရမတ္ထအားဖြင့် ဓုတင်သည်ပင်လျှင် မရှိတော့ချေ၊ ထင်ရှားမရှိသော အရာသည် အဘယ်ကိုခါထုတ် တတ်သောကြောင့် ဓုတင်မည်ပါလတံ့နည်း၊ ထိုဆရာတို့၏ အလိုအားဖြင့်‘ကိလေသာကို ခါထုတ်သောဂုဏ်တို့ကို ဆောက်တည်၍ ကျင့်၏’-ဟူသော ဘုရားစကားနှင့် ဆန့်ကျင်ခြင်းသည်လည်း ဖြစ်၏။ ထို့ကြောင့် ထိုစကားကို မယူအပ်”-ဟူ၍ ပယ်ထားသော ပညတ်ဓုတင်ကိုလည်း ထိုဝိမုတ္တိမဂ်ကျမ်း၌တွေ့ရ၏။မဟာဋီကာ၌မူကား“အကြင်သူတို့၏ ဟူသောစကားကို **အဘယဂိရိဝါသီ** တို့ကို ရည်၍ မိန့်ဆိုသည်၊ မှန်ပေ၏၊ ထို အဘယဂိရိဝါသီတို့က ‘**ဓုတင် မည်သည်မှာ ပညတ်တည်း**’ ဟူ၍ ဆိုကုန်၏”ဟု ဖွင့်ဆိုထား၏။

ထို့ပြင် ပထဝီကသိဏနိဒ္ဒေသ နှာ ၁၄၄-၌ “ပဋိပဒါဝိသုဒ္ဓိ-ရောက်ကြောင်း အကျင့်၏စင်ကြယ်ခြင်း မည်သည်ကား ပရိကံ အဆောက်အဦနှင့်တကွ ဖြစ်သောဥပစာရ သမာဓိတည်း၊ ဥပေက္ခာကို ပွါးစေခြင်း မည်သည်ကား အပ္ပနာသမာဓိတည်း၊ ရွှင်စေခြင်းမည်သည်ကား ဆင်ခြင်မှု-ပစ္စဝေက္ခဏာတည်း’ ဟူ၍ ကေ (အချို့) ဆရာတို့ဖွင့်ပြကုန်၏” အစရှိသည်ဖြင့် ပယ်ထားသော ကေဝါဒကိုလည်း ထိုဝိမုတ္တိမဂ်ကျမ်း၌ တွေ့ရ၏။ မဟာဋီကာ၌မူကား “ကေ ဟူသည်ကား အဘယဂိရိဝါသီတို့တည်း” ဟု ဖွင့်ပြထားလေသည်။

ထို့ပြင် ခန္ဓနိဒ္ဒေသ နှာ ၈၀-၌ “ဗလရုပ်, သမ္ဘဝရုပ်, ဇာတိရုပ်, ရောဂရုပ်, အချို့ဆရာတို့၏အလိုအားဖြင့် မိဒ္ဓရုပ်”ဟူ၍(၂၈-ပါးသော ရုပ်တို့မှ)တပါးသော ရုပ်တို့ကို ဆောင်ပြုပြီးလျှင် မဟာအဋ္ဌကထာ၌ ၎င်းရုပ်တို့ကိုပယ်ထားကြောင်း ပြထား၏။ ထိုအရာတွင် မဟာဋီကာ၌ “ကေစ္စာနံ-အချို့ဆရာတို့၏” ဟူသည်မှာ “အဘယဂိရိဝါသီတို့၏”ဟု (ဆိုလိုကြောင်း) ဖွင့်သွားလေသည်။ ထိုပယ်ထားသော ရုပ်တို့တွင် ဇာတိရုပ်နှင့် မိဒ္ဓရုပ်ကို ဝိမုတ္တိမဂ်ကျမ်း၌ ပြထား၏၊ ရိုးရိုး ပြထားရုံမျှသာ မဟုတ်သေး၊ စင်စစ်သော်ကား

မိဒ္ဓရုပ်ရှိကြောင်းကို အောက်ပါအတိုင်း ထောက်ခံ၍လည်း ခိုင်မြဲစေသေး၏။ ထောက်ခံပုံကား—

"မိဒ္ဓ-ထိုင်းမှိုင်းခြင်း မည်သည်မှာ အာဟာရဇ-အစာကြောင့်ဖြစ်သော ထိုင်းမှိုင်းခြင်း, ဥတုဇ-ဥတုကြောင့်ဖြစ်သော ထိုင်းမှိုင်းခြင်း, စိတ္တဇ စိတ်ကြောင့်ဖြစ်သော ထိုင်းမှိုင်းခြင်းဟူ၍ သုံးပါး အပြားရှိ၏၊ ၎င်းတို့တွင် စိတ္တဇ မိဒ္ဓသည်သာလျှင် နီဝရဏ ဖြစ်သည်၊ ကြွင်းသော အာဟာရဇနှင့် ဥတုဇ မိဒ္ဓ ၂-ပါးတို့သည်ကား ရဟန္တာပုဂ္ဂိုလ်မှာသော်လည်း ဖြစ်နိုင်ကုန်၏" စသည်ဖြင့် ထောက်ခံ၍ ခိုင်မြဲစေ၏။

ဤမျှဖြင့်လည်း ဝိမုတ္တိမဂ်၌ ဝိသုဒ္ဓိမဂ်နှင့် ကွဲလွဲသော အနက်တို့ကို ဆိုထားကြောင်းနှင့် ထိုကျမ်းကိုလည်း အဘယဂိရိဝါသီတို့က လက်ခံထားကြောင်းများကို သိနိုင်လောက်ပြီ။ ထိုမှတပါး အလားတူပင် ကွဲလွဲသော အဆိုတို့သည်လည်း ထိုကျမ်း၌ များစွာပင် ရှိကုန်သေး၏။ ၎င်းတို့ကိုကား ဤ၌ အလုံးစုံ ဖော်ပြရန် မစွမ်းနိုင်ပေ။

သို့သော်လည်း အများအားဖြင့် မူကား ဝိမုတ္တိမဂ်ကျမ်းကို ရေးသားစီရင်ပုံ အခြင်းအရာသည် ဝိသုဒ္ဓိမဂ်ကို ရေးသားစီရင်ပုံနှင့် တူပေ၏။ ချဲ၍ပြရလျှင်—အဘိဓမ္မာဝိဘင်း ပါဠိတော်မှဖြစ်စေ, ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှဖြစ်စေ, တပါးသော သုတ္တန်ပါဠိတို့မှဖြစ်စေ ဆောင်ယူ၍ ဝိသုဒ္ဓိမဂ်၌ သာကေအဖြစ်ဖြင့် ပြထားသော ထိုထို ပါဠိကို အများအားဖြင့် ဝိမုတ္တိမဂ်၌လည်း တွေ့ရပေ၏။ ၎င်းတို့တွင် အချို့ အနည်းငယ်မျှသော ပါဠိကို ထုတ်ဆောင်၍ (မှန်းဆ သိနိုင်ရန်) ပြကုန်ဦးအံ့။

ဝိသုဒ္ဓိမဂ် (၁-၄၇-နှာ)၌ "ပဉ္စ သီလာနိ ပါဏာတိပါတဿ ပဟာနံ သီလံ" ဤသို့ အစရှိသော ပဋိသမ္ဘိဒါမဂ် ပါဠိကို ပြထား၏။ ၎င်းကို ဝိမုတ္တိမဂ်၌လည်း တွေ့ရပေ၏။

ဝိသုဒ္ဓိမဂ် (၁-၁၃၇-နှာ)၌ "သမာဓိ ကာမစ္ဆန္ဒဿ ပဋိပက္ခော။ ပ။ ဝိစာရော ဝိစိကိစ္ဆာယ" ဟူသော စကားကို ၈ပေဋကကျမ်း၌ ဆိုထားသည်-ဟု ပြထား၏။ ၎င်းကို ဝိမုတ္တိမဂ်၌လည်း ထိုအတူပင်ပြ၍ "တိပေဋကကျမ်း၌ ဆိုထားသည်" ဟု ညွှန်းထား၏။ ထိုသို့ ညွှန်းရာ၌ တိပေဋက ဟူသော

အမည်သည် ပေဋကောပဒေသ ကိုသာလျှင်ရည်၍ ဆိုထားသည် ဖြစ်တန်ရာ၏၊ အကြောင်းမူကား-ထိုဝိမုတ္တိမဂ်ကျမ်းတွင် "ဝိဝိစ္စေဝ ကာမေဟိ" ဟူသော ပါဠိအဖွင့်၌ "အလောဘဿ ပါရိပူရိယာ ကာမေဟိ ဝိဝေကော သမ္ဘဝတိ၊ အဒေါသဿ, အမောဟဿ ပါရိပူရိယာ အကုသလေဟိ ဓမ္မေဟိ ဝိဝေကော သမ္ဘဝတိ" ဟူသောပါဠိကို တိပေဋကကျမ်း၌ ဆိုထားကြောင်း ပြထား၏။ ထိုပါဠိကိုလည်း ပေဋကောပဒေသ (၂၆၂-နှာ) ၌ "တတ္ထ အလောဘဿ ပါရိပူရိယာ ဝိဝိတ္တော ဟောတိ ကာမေဟိ" စသည်ဖြင့် တွေ့ရပေ၏။

ဝိသုဒ္ဓိမဂ် (၁-၂၅၈-နှာ)၌ "အယမ္ပိ ခေါ ဘိက္ခဝေ အာနာပါနဿတိ-သမာဓိ ဘာဝိတော" အစရှိသောပါဠိကို မဟာဝဂ္ဂသံယုတ်မှ ဆောင်ယူ၍ ပြထားသကဲ့သို့ပင် ထိုဝိမုတ္တိမဂ်၌လည်း ပြထားပေ၏။

ထိုဝိသုဒ္ဓိမဂ်(၁-၂၇၂-နှာ)၌"အဿာသဿာဒိမဇ္ဈပရိယောသာနံ သတိယာ အနုဂစ္ဆတော" အစရှိသော ပါဠိကိုရင်း, (၁-၂၇၃-နှာ)၌ ကကစူပမာပါဠိကိုရင်း ပဋိသမ္ဘိဒါမဂ်မှ ဆောင်ယူ၍ ပြထားသကဲ့သို့ပင် ထိုဝိမုတ္တိမဂ်၌လည်း ပြထားပေ၏။

ဝိသုဒ္ဓိမဂ် (၂-၆၉-နှာ)၌ "ကတမာ စိန္တာမယာ ပညာ" အစရှိသော ပါဠိကိုရင်း, "တတ္ထ ကတမံ အာယကောသလ္လံ" အစရှိသော ပါဠိကိုရင်း, (၂-၇၁-နှာ)၌ "ဒုက္ခေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ" အစရှိသော ပါဠိကိုရင်း အဘိဓမ္မာ ဝိဘင်း ပါဠိတော်မှ ဆောင်ယူ၍ ပြထားသကဲ့သို့ပင် ဝိမုတ္တိမဂ်၌လည်း ပြထားပေ၏။ ထိုဝိမုတ္တိမဂ်၌ ဆိုထားသော ကေဝိဓ ဒုဝိဓ အစရှိသော ပညာအပြား အဆိုစကားသည်လည်း ဝိသုဒ္ဓိမဂ်၌ ဆိုသောစကားနှင့် ယေဘုယျအားဖြင့် တူပေ၏။

> "ယေန စက္ခုပသာဒေန၊ ရူပါနိ မနု ပဿတိ။
> ပရိတ္တံ သုခုမံ ဧတံ၊ ဦကာသိရသမူပမံ။"
>
> "အကြင် စက္ခုပသာဒဖြင့် လူသည် အဆင်းတို့ကို မြင်၏၊ ထိုစက္ခုပသာဒရုပ်သည် သေးငယ် သိမ်မွေ့လှ၏၊ သန်းဦးခေါင်းနှင့် အညီအမျှ တူပေ၏"-ဟူသော

ဂါထာကို ဝိသုဒ္ဓိမဂ် (၂-၇၆-နှာ)၌ ပြထားသကဲ့သို့ပင် ဝိမုတ္တိမဂ်၌လည်း အရှင်သာရိပုတြာဟောသော ဂါထာအဖြစ်ဖြင့်ပင်လျှင် ပြထား၏။ အထူး

မှာ ဥိကာသိရသမူပမံ ဟူရာ၌ ထိုကျမ်းတွင် ဥိကာသမူပမံဟု တွေ့ရ၏။ ၎င်းမှာလည်း အဆင့်ဆင့် ရေးကူးသူတို့၏ မေ့လျော့၍ ရေးမိသော ပမာဒ လေခမျှသာ ဖြစ်ရာ၏။ အထက်ပါ ဂါထာမှာ ယခုအခါ၌ သံဂါယနာ တင်ထားသော ပါဠိတော်တို့တွင် မည်သည့်ပါဠိတော် စာအုပ်မှာမျှ မတွေ့ ရတော့ပေ။ သို့ဖြစ်ပါလျက် ထိုဝိမုတ္တိမဂ်ကျမ်းနှင့် ဝိသုဒ္ဓိမဂ်, အဋ္ဌသာလိနီ တို့၌ အရှင်သာရိပုတြာ ဟောသော ဂါထာအဖြစ်ဖြင့် တူညီစွာ ပြဆိုထား ချက်ကို အထူးသတိပြုသင့် ပေ၏။

သစ္စာလေးပါးကို ပြရာတွင် ဝိသုဒ္ဓိမဂ်၌ကဲ့သို့ပင် ဝစနတ္ထအားဖြင့်၎င်း, လက္ခဏာ အားဖြင့်၎င်း, မယုတ်မလွန် အားဖြင့်၎င်း, အစဉ်အားဖြင့်၎င်း, အတွင်းဝင်သော တရားတို့၏ အပြားအားဖြင့်၎င်း, ဥပမာအားဖြင့်၎င်း အဆုံးအဖြတ်ကို ထိုကျမ်း၌ ပြထား၏။ ထိုပြချက်သည်လည်း ယေဘုယျ အားဖြင့် ဝိသုဒ္ဓိမဂ်နှင့် တူညီပေ၏။

ဝိသုဒ္ဓိမဂ် (၂-၂၄၂-၂၄၅-နှာ) တို့၌ သမ္မသနဉာဏ်ကို ပြဆိုချက်တွင် ငါးပါးသော ခန္ဓာတို့ကို အတိတ်စသော ၁၁-ပါးသော အပြားဖြင့်၎င်း, အနိစ္စစသော လက္ခဏာ သုံးပါးဖြင့်၎င်း အသီးအသီး သုံးသပ်နည်းကို ပြထားသကဲ့သို့ပင် ဝိမုတ္တိမဂ်၌လည်း ပြထားပေ၏။ အထူးမှာ စက္ခုအစ ဇရာ မရဏ အဆုံးရှိသော တရားတို့တွင် စက္ခုစသော ဒွါရ ၆-ပါး, အာရုံ ၆-ပါး, ဝိညာဏ် ၆-ပါး, ဖဿ ၆-ပါး, ဝေဒနာ ၆-ပါး, သညာ ၆-ပါး, စေတနာ၆-ပါး, တဏှာ ၆-ပါး, ဝိတက် ၆-ပါး, ဝိစာရ ၆-ပါး ဟူသော ၆၀-သော တရားတို့ကိုသာလျှင် အနိစ္စစသော လက္ခဏာ သုံးပါးဖြင့် သုံးသပ် နည်းကို ထိုဝိမုတ္တိမဂ်ကျမ်း၌ ပြထားလေသည်။ ဤကား အထူး။

ဝိသုဒ္ဓိမဂ် ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသ (၂-၂၃၀-၂၃၂-နှာ)တို့၌ ဆိုထားသော—

"ယမကံ နာမရူပဉ္စ။ပ။ ဥဘော ဘိဇ္ဇန္တိ ပစ္စယာ။"

"နာမ်နှင့် ရုပ်သည် စုံတွဲတည်း။ပ။ နှစ်ပါးလုံးပင် ပျက်ကုန်၏"- ဟူသော ဂါထာကို၎င်း,

"န စက္ခုတော ဇာယရေ·မြင်တွေ့မှု·ဖဿလျှင် ငါးခုမြောက် ရှိသော မြင်သိမှု-နာမ်တရားတို့သည် မျက်စိမှ ဖြစ်ပေါ်လာသည် မဟုတ်ကုန်"-အစရှိသော ၆-ဂါထာတို့ကို၎င်း,

"န သကေန ဗလေန ဇာယရေ·အညီအညွတ် ပေါင်းစု၍ ပြုအပ်

သော သခ်တ တရားတို့သည် မိမိ၏ အားအစွမ်းဖြင့် မဖြစ်ပေါ်နိုင်ကုန်”အစရှိသော ၅-ဂါထာတို့ကိုရင်း—

ဝိမုတ္တိမဂ်ကျမ်းတွင် ဘင်္ဂါနုပဿနာဉာဏ်ပြဆိုချက်၌ ပြထားလေသည်။ ထိုဂါထာတို့၌ ပါဠိကွဲချက်ကို အနည်းငယ်မျှသာ တွေ့ရ၏။

ဝိသုဒ္ဓိမဂ် (၂-၂၆၁-၂-နှ၁) တို့တွင် အရှူ၊သတ္တက-နာမ်ကိုရှုပုံ ခုနစ်မျိုး တို့၌ အရိယဝံသကထာ နည်းအရဖြင့် ဆိုထားသော ကလာပအားဖြင့် ရှုနည်းနှင့် ယမကအားဖြင့် ရှုနည်းကို ဝိမုတ္တိမဂ်ကျမ်းတွင် **ဘင်္ဂါနုပဿနာဉာဏ်ပြဆိုချက်**၌သာလျှင် ပြထားလေသည်။ ဤပြဆိုချက်လည်း လက်တွေ့ ယောဂီတို့အတွက် စိတ်ဝင်စားဖွယ် ကောင်း၏။

ဝိမုတ္တိမဂ်ကျမ်းတွင် ဗုဒ္ဓါနုဿတိကထာ၌ လောကဝိဒူပုဒ်၏ အဖွင့်တွင် သတ္တလောကနှင့် သင်္ခါရလောကဟူသော **လောကနှစ်ပါး** တို့ကိုသာလျှင် ပြထား၏၊ မဟာပထဝီမြေကြီး စကြာဠာ မြင့်မိုရ်တောင်စသော ဩကာသလောကအကြောင်းကို ဝိသုဒ္ဓိမဂ်၌ကဲ့သို့ ပြမထားချေ။ ဤ အချက်လည်း စိတ်ဝင်စားဖွယ် ကောင်း၏။

ဤသို့ဖြင့်လည်း ဝိမုတ္တိမဂ်မည်သောကျမ်းကို အဘယ်သို့သောကျမ်းဟု မှန်းဆ၍ သိနိုင်လောက်ပြီ။ ထိုဝိမုတ္တိမဂ်သည် မဟာဝိဟာရဝါသီဂိုဏ်းသားတို့၏ ကျမ်းမဟုတ်သကဲ့သို့ပင် မဟာယာနဂိုဏ်းသားတို့၏ ကျမ်းလည်း မဟုတ်ပေ၊ အဘယ်ကြောင့်နည်းဟူမူ-ထေရဝါဒပိဋကကိုသာလျှင် မှီ၍ ရေးသားစီရင်ထားသော ကျမ်းဖြစ်သောကြောင့်တည်း။ ထိုဝိမုတ္တိမဂ်ကျမ်း၌ သီဟိုဠ်ကျွန်းနှင့်စပ်ဆိုင်သော အမည်ကိုရင်း, ထေရဝါဒကိုရင်း မတွေ့ရသောကြောင့် ၎င်းသည် သီဟိုဠ်ကျွန်း၌ ရေးသားစီရင်သော ကျမ်းလည်း မဟုတ်ပေ။ အလျော်အားဖြင့်မူကား ဣန္ဒိယနိုင်ငံနှင့်စပ်ဆိုင်သော အမည်ကိုရင်း, ဝေါဟာရစကားကိုရင်း ထိုကျမ်းတွင် များစွာသော အရာဌာနတို့၌ တွေ့ရသောကြောင့် ၎င်းသည် ဣန္ဒိယနိုင်ငံ၌ ရေးသားစီရင်သော ကျမ်းသာလျှင် ဖြစ်ရာ၏။ ထို့ပြင် ၎င်းကျမ်းသည် **ပေဋကောပဒေသ**ကို အမှီပြုကြောင်း များစွာသော ဌာနတို့၌ တွေ့ရ၏၊ အထူးအားဖြင့်မူကား မိဒ္ဓရုပ်ရှိသည်၏ အဖြစ်ကိုရင်း, ရဟန္တာပုဂ္ဂိုလ်မှာသော်လည်း ထိုမိဒ္ဓရုပ်ရှိသည်၏ အဖြစ်ကိုရင်း ထိုကျမ်း၌ပြထားသည်မှာ ပေဋကော-

ပဒေသကိုပင်လျှင် မှီ၍ပြထားခြင်းဖြစ်သည်။ ပဋိသမ္ဘိဒါမဂ် ဂဏ္ဌိပုဒ်တွင် **ပေဋကေဟူသောပုဒ်၏** အနက်အဖွင့်၌ "သုတ္တန်ပိဋကအကျိုးငှါ အနက်ကို ပြဆိုသောကျမ်းသည် ပေဋကမည်၏၊ **မဟိသာသကဂိုဏ်းသားတို့၏** ကျမ်းပေတည်း"ဟူ၍ ဖွင့်ဆိုထား၏။ ထို့ကြောင့် ဝိမုတ္တိမဂ်သည် မဟိသာ-သကဂိုဏ်းသားဖြစ်သူက ရေးသားစီရင်ထားသည် ဖြစ်တန်ရာ၏။ ဤသည် ကား ငါတို့၏ အလိုတည်း။

မှီရာအဋ္ဌကထာတို့ကို ဖော်ပြခြင်း

ကျမ်းပြုပုံကို ဆက်၍ပြရလျှင် ဤဝိသုဒ္ဓိမဂ်ကိုပြုစီရင်သည်မှာ ရှေး၌ ဆိုခဲ့ပြီးသော အခြင်းအရာ အပြားသက်သက်ဖြင့်သာလျှင် မဟုတ်သေး၊ အမှန်အားဖြင့်သော်ကား ဆိုလတ္တံ့သော အခြင်းအရာ အပြားအားဖြင့် လည်း ပြုစီရင်တော်မူပေသည်။ ထိုအကြောင်းကို ချဲ့၍ပြရလျှင်—အရှင်ဗုဒ္ဓ-ဃောသမထေရ်သည် ရှေးအဋ္ဌကထာဟောင်းတို့မှ စုပေါင်းဆောင်ယူ၍ ဘာသာပြန်သည်၏ အစွမ်းအားဖြင့် ပြတော်မူသော်လည်း ယုံမှားသံသယ ဖြစ်နိုင်သော အနက်အဖွင့်ကိုဖြစ်စေ, အဆုံးအဖြတ်ကိုဖြစ်စေ ထုတ်ပြခဲ့ လျှင် ထိုသို့သော အနက်အဖွင့် အဆုံးအဖြတ်ကို ပြရာဟူသမျှ၌—

> "ဝိနည်းအဋ္ဌကထာ၌ ဆိုထားသည်ဟူ၍ရင်း (ဝိသုဒ္ဓိ ၁-၂၆၃)၊ ဝိနည်းအဋ္ဌကထာတို့၌ ဆိုထားသည်၊ မဇ္ဈိမအဋ္ဌကထာတို့၌မူကား ဟူ၍ရင်း (၁-၇၀)၊ အင်္ဂုတ္တရဘာဏကတို့က ဆိုကြသည်ဟူ၍ရင်း (၁-၇၂)၊ အဋ္ဌကထာဆရာတို့၏အလိုသို့ အစဉ်လိုက်သဖြင့် ဆိုသော အဆုံးအဖြတ်တည်း ဟူ၍ရင်း (၁-၉၉)၊ သံယုတ်အဋ္ဌကထာ၌ ဆိုထားသည် ဟူ၍ရင်း (၂-၈၀)၊"

ဤသို့ စသည်ဖြင့် ထိုထိုအနက်အဖွင့် အဆုံးအဖြတ်တို့၏ မှီရာအဋ္ဌက-ထာကိုလည်း ထင်ရှားဖော်ပြ၍ နောင်လာနောက်သားတို့အား ဖြစ်လတ္တံ့ သော ယုံမှားသံသယကို ပယ်ဖျောက်လျက်သာလျှင် ထိုအဖွင့် အဆုံးအ ဖြတ်တို့ကို ပြတော်မူလေသည်။

ထို့ကြောင့် ဤဝိသုဒ္ဓိမဂ်ကျမ်းကို ပြုစီရင်စဉ်ကာလ၌ အလုံးစုံသော သီဟိုဠ်အဋ္ဌကထာတို့သည် အရှင်ဗုဒ္ဓဃောသဆရာတော်၏ထံ၌ ရှိနေကြသည်

ဟူ၍၎င်း, ထိုအဋ္ဌကထာဟောင်းတို့ကို အရှင်ဗုဒ္ဓဃောသသည် ရှေးမဆွက ပင်လျှင် သီဟိုဠ်မထေရ်တို့၏ထံ၌ ကြားနာသင်ယူခဲ့ပြီး ဖြစ်သည်-ဟူ၍၎င်း, ထိုအဋ္ဌကထာဟောင်းတို့မှ ယူသင့်ယူထိုက်သမျှ အလုံးစုံကိုယူ၍ ဤဝိသုဒ္ဓိ-မဂ်ကို အရှင်ဗုဒ္ဓဃောသဆရာတော် ရေးသားစီရင်တော်မူခဲ့သည်-ဟူ၍၎င်း, ဤအကြောင်းအရာအလုံးစုံသည် အလွန်ပင် ထင်ရှားပေ၏။ သို့ဖြစ်၍ ရှေး၌ပြခဲ့သော ဒုတိယပိုင်း မဟာဝံသကျမ်း၌—

> "သံဃာတော်သည် အရှင် ဗုဒ္ဓဃောသကို စူးစမ်းခြင်းငှါ သူ့အား ဂါထာ ၂-ပုဒ်ကိုပေးပြီးလျှင် ဤဂါထာတို့၌ သင်၏ စွမ်းရည်ကို ပြဦးလော"-ဤသို့စသည်ဖြင့်—

ဂါထာ ၂-ခုကိုသာကြည့်ရှုပြီးလျှင် တပါးသောကျမ်းစာ တစုံတခုကိုမျှ မကြည့်ရှုပဲ "အရှင်ဗုဒ္ဓဃောသဆရာတော်သည် ကိုယ်ပိုင်ဉာဏ်စွမ်းသက်သက်ဖြင့် ဝိသုဒ္ဓိမဂ်ကို ပြုစီရင်တော်မူသည်"-ဟူသောအဓိပ္ပါယ်ဖြင့် ဆိုထားသော ချီးကျူးစကားသည်ရှိ၏။ ထိုစကားမှာ ချီးကျူးရုံမျှသာဖြစ်သည်-ဟု သိအပ်ပေသည်[၁]။

ပေါရာဏစကားကိုပြခြင်း

အရှင်ဗုဒ္ဓဃောသဆရာတော်သည် သက်သက်အဋ္ဌကထာတို့ကိုသာလျှင် မှီရာ၏အဖြစ်ဖြင့် ပြတော်မူခဲ့သည်မဟုတ်သေး၊ စင်စစ်သော်ကား "ရှေး

၁-ဤအရာ၌ မဟာဝံသကျမ်းဟူသည်မှာ တဦးတည်းက တခေတ်တကာလတည်းတွင် ရေးထားသည်မဟုတ်၊ ပဌမပိုင်း ဒုတိယပိုင်းဟူ၍ ၂-ပိုင်းရှိရာ ပဌမပိုင်းမှာ ဒီပဝံသကဲ့သို့ပင် သာသနာအဦးအစမှစ၍ သာသနာတော် ၈၁၉-နှင့် ၈၄၅-ခုနှစ်အတွင်း မဟာသေနမင်းလက်ထက်တိုင်အောင် အကြောင်းအရာတို့ကိုဖော်ပြလျက် မဟာနာမ မည်သော မထေရ်က ရေးသားစီရင်ခဲ့သည်။အပိုင်းအားဖြင့် ၃၇-ပိုင်း ရှိသည်။ နောက်ဆုံး ၃၇-ခုမြောက်အပိုင်းတွင် ဂါထာ ၅၀-အထိသာရှိသည်။ ဝိနည်းဋီကာ၌ သာဓကထုတ်ပြသည်မှာ ဤပဌမပိုင်း မဟာဝံသကျမ်းမှသာဖြစ်သည်။ ဒုတိယပိုင်း မဟာဝံသကျမ်းမှာ အပိုင်း ၃၇-၊ ဂါထာ ၅၁-မှစ၍၎င်း, မဟာသေနမင်းလက်ထက် ကြွင်းသော နောက်ပိုင်း အကြောင်းအရာများမှစ၍၎င်း ဓမ္မကိတ္တိမည်သောမထေရ်က ရေးသားစီရင်ခဲ့သည်။ ၎င်းမထေရ်မှာ ခရစ်သက္ကရာဇ် ၁၂၃၆-နှင့် ၁၂၇၁-ခုနှစ်တို့အတွင်း ဒုတိယ ပရက္ကမဗာဟုမင်း လက်ထက်က ထင်ရှားသော မထေရ်ဖြစ်သည်-ဟု ထိုမဟာဝံသ၏ အင်္ဂလိပ်ဘာသာပြန် စာအုပ်၌ ဖော်ပြထား၏။ သို့ဖြစ်၍ ပဌမပရက္ကမဗာဟုမင်းလက်ထက် ခရစ်သက္ကရာဇ် ၁၁၅၃-နှင့် ၁၁၈၆-ခုနှစ်တို့အတွင်း သာရတ္ထဒီပနီမည်သော ဝိနည်းဋီကာကို ရေးသားစီရင်စဉ်ကာလက ဤမဟာဝံသဒုတိယပိုင်းကို မရေးရသေး-ဟု သိအပ်၏။

ဆရာတို့ကမူ ဆိုကုန်၏”-အစရှိသည်ဖြင့် ပေါရာဏ (ရှေးဆရာတို့၏) စကား ကိုလည်း ပြတော်မူခဲ့သေး၏။ ထိုပြဆိုချက်များကို ဤဝိသုဒ္ဓိမဂ်တွင် ၂၂-ခု သော ဌာနတို့၌ တွေ့ရ၏။

ဝိနည်းအဋ္ဌကထာကို ပြုစီရင်တော်မူခြင်း

အရှင်ဗုဒ္ဓဃောသဆရာတော်သည် ဤဝိသုဒ္ဓိမဂ်ကျမ်းကို ပြဆိုခဲ့သော အခြင်းအရာ အပြားဖြင့် ရေးသားစီရင်တော်မူပြီးလျှင် အခြားတပါးကုန် သော ပိဋကသုံးပုံ၏ အဖွင့်အဋ္ဌကထာတို့ကိုလည်း အစဉ်အတိုင်း ရေးသား စီရင်တော်မူလေသည်။ အဘယ်သို့နည်းဟူမူ **သမန္တပါသာဒိကာ** မည် သော ဝိနည်းအဋ္ဌကထာကို **အရှင်ဗုဒ္ဓသိရိမထေရ်က** တောင်းပန်သော ကြောင့် မဟာဝိဟာရကျောင်းတိုက်၏ တောင်ဖက် **ပဓာနဃရပရိဝုဏ်** တွင် **မဟာနိဂမသာမိ** မည်သောဒါယကာ၏ ပြာသာဒ်၌သီတင်းသုံးနေ ထိုင်လျက် ရေးသားစီရင်တော်မူလေသည်။ ထိုဝိနည်းအဋ္ဌကထာသည် **သိရိ- ပါလ** ဟူသော အမည်တပါးရှိသော **မဟာနာမမင်း**၏ နန်းသက် အနှစ် ၂၀-မြောက်(သာ ၉၇၃)၌စတင်အားထုတ်ခဲ့၍ နန်းသက် ၂၁-နှစ်မြောက် (သာ ၉၇၄)၌ ပြီးဆုံးခြင်းသို့ ရောက်လေသည်။ ပြုစီရင်ပုံကို ရှင်းပြရလျှင် ထိုဝိနည်းအဋ္ဌကထာကို ရေးသားစီရင်တော်မူသော အရှင်ဗုဒ္ဓဃောသ ဆရာ တော်သည် **အရှင်မဟာမဟိန္ဒမထေရ်** ဆောင်ယူခဲ့သော သီဟိုဠ်ဘာသာ ဖြင့် စီရင်ထားသော **မဟာအဋ္ဌကထာ**ကို ထိုအဋ္ဌကထာသစ်၏ ကိုယ် ထည်ပြု၍ မဟာပစ္စရီ, ကုရုန္ဒီ, သင်္ခေပ, အန္ဓကအဋ္ဌကထာတို့မှလည်း ယူသင့် ယူထိုက်သည်ကို ယူ၍ သီဟိုဠ်ကျွန်း၌ **ဝသဘမင်း** လက်ထက်တိုင်အောင် ထင်ရှားကုန်သော ရှေးဝိနည်းဓိုရ်မထေရ်မြတ်တို့၏ အဆုံးအဖြတ်ဖြစ်သော ထေရဝါဒကိုလည်း ထည့်သွင်း၍ ရေးသားစီရင်တော် မူလေသည်။ ထို ကြောင့် ဝိနည်းအဋ္ဌကထာ၌ အောက်ပါစကားတို့ကို မိန့်ဆိုထားပေသည်။

> “ထိုအဋ္ဌကထာသစ်ကို စီရင်ရန်အားထုတ်သော ငါ (ဗုဒ္ဓဃောသ) သည် မဟာအဋ္ဌကထာကြီးကို ထိုအဋ္ဌကထာသစ်၏ အထည်ကိုယ် အရင်းခံပြု၍ မဟာပစ္စရီ အဋ္ဌကထာ၌ရင်း, ကျော်စောထင်ရှားကုန် သော ကုရုန္ဒီအဋ္ဌကထာ အစရှိကုန်သော-
>
> အဋ္ဌကထာဟောင်းတို့၌ရင်း အကြင်အဆုံးအဖြတ်ကို ဆိုထား၏၊ ထိုအဆုံးအဖြတ်မှလည်း သင့်လျော်သောအနက်ကို မစွန့်မူ၍ ထိုပြင်

(အရှင်တိပိဋက စူဠနာဂအစရှိသော မထေရ်တို့၏ အဆုံးအဖြတ်ဟူသော) ထေရဝါဒများပါ ပါဝင်သော အဋ္ဌကထာသစ်ကို ကောင်းစွာ အားထုတ်စီရင်ပေအံ့” ဟူ၍ ကျမ်းဦးစကား၌ ဆိုထားပေသည်။

“အကြင် မဟာဝိဟာရ မည်သော ကျောင်းတိုက်သည် မဟာမေဃဝန် ဥယျာဉ်မြေအဖို့၌ တည်ရှိ၏၊ မြတ်စွာဘုရား၏ မဟာဗောဓိပင်ဖြင့်လည်း တန်းဆာဆင်ထားသကဲ့သို့ ရှိ၏။

ထိုမဟာဝိဟာရ ကျောင်းတိုက်၏ တောင်မျက်နှာအဖို့၌ တည်ရှိသော မြတ်သောပဓာနဃရမည်သော အကြင် ပရိဝုဏ်ကို စင်ကြယ်သော စာရိတ္တသီလ ဝါရိတ္တသီလတို့နှင့်ပြည့်စုံသော ရဟန်းအပေါင်း သံဃာတော်သည် မှီဝဲသုံးဆောင်လျက်ရှိ၏။

မြတ်သောအမျိုး၌ ဖြစ်သော အခါခပ်သိမ်း သံဃာကိုလုပ်ကျွေးပြုစုလေ့ရှိသော ရတနာသုံးပါး၌ ရှုပ်ထွေးခြင်းမရှိသည့် သဒ္ဓါတရားဖြင့်ကြည်ညိုသော-

မဟာနိဂမသာမိ (နိဂုံးပိုင်ရှင်ကြီး) ဟု ထင်ရှားကျော်စောသော ဒါယကာသည် ထိုပဓာနဃရ ပရိဝုဏ်၌ တင့်တယ်သော တံတိုင်းဖြင့် စီအပ် ကာရံအပ်သော အရိပ်ထူထဲသည့် သစ်ပင် အပေါင်းနှင့်လည်း ပြည့်စုံသော ကောင်းသောရေနှင့်လည်း ပြည့်စုံသော နှလုံးမွေ့လျော်ဖွယ်ရှိသော အကြင်ပြာသာဒ်ကို ဆောက်လုပ်လှူဒါန်းလေပြီ၊ မဟာနိဂမသာမိ (နိဂုံးပိုင်ရှင်ကြီးဖြစ်သော) ဒါယကာ၏ ထိုပြာသာဒ်၌ သီတင်းသုံးနေထိုင်လျက်....

စင်ကြယ်သော ဝါရိတ္တသီလ စာရိတ္တသီလနှင့် ပြည့်စုံသော ဗုဒ္ဓသိရိ အမည်ရှိသော (ကျမ်းပြုရန်တောင်းပန်သူ)မထေရ်ကို ရည်ညွှန်း အကြောင်းပြု၍ ပြည့်စုံသော အကြင် ဝိနည်းအဋ္ဌကထာကို ငါ အားထုတ် စီရင်ခဲ့ပြီ။

သီဟိုဠ်တကျွန်းလုံးကို ခိုးသူအမြုပ်ကင်းအောင် စောင့်ရှောက်အုပ်ချုပ်လျက်ရှိသော ကြက်သရေအပေါင်းတို့၏ တည်နေရာဖြစ်သော များသောအခြံအရံရှိသော သိရိပါလ မည်သော မင်း၏ အနှစ်နှစ်ဆယ်မြောက်ဖြစ်သော အောင်တော်မူနှစ် (နန်းစံနှစ်)၌

ဤဝိနည်း အဋ္ဌကထာကို စတင်၍ စီရင်အားထုတ်ခဲ့၏၊ နန်းစံနှစ်ဆယ့်တနှစ်မြောက် ရောက်လတ်သော် အပြီးအဆုံးသို့ ရောက်ပေသတည်း[၁]။

ကပ်၍ နှိပ်စက်တတ်သော ဘေးရန်တို့ဖြင့် ရှုပ်ထွေးလှသော သတ္တလောက၌ ဤဝိနည်းအဋ္ဌကထာသည် ဥပဒ္ဒဝေါ ဘေးရန်မရှိပဲ တနှစ်တည်းဖြင့်သာလျှင် ပြီးဆုံးခြင်းသို့ ရောက်သကဲ့သို့၊ ဤအတူပင် အလုံးစုံသော လောက၏ တရားနှင့်စပ်ကုန်သော အလုံးစုံသော ကြိုးပမ်းအားထုတ်မှုတို့သည် ဘေးရန်မရှိကုန်ပဲ သလျင်အမြန် ပြီးဆုံးခြင်းသို့ ရောက်ပါစေကုန်သတည်း" ဟူ၍ နိဂုံး၌ ဆိုထားပေသည်။

ဤအရာနှင့် စပ်လျဉ်းသော အဆုံးအဖြတ်တခုကို ပြရလျှင် သမန္တပါသာဒိကာမည်သော ဤဝိနည်းအဋ္ဌကထာသည် ယခုအခါ ပုံနှိပ်ထားသော ဆဋ္ဌသံဂါယနာမူ စာအုပ်အရအားဖြင့် ၁၃၅၈-မျက်နှာ အတိုင်းအရှည်ရှိ၏။ ၎င်းကို တနှစ်ဖြင့် ပြီးအောင်ရေးသားစီရင်ရသည်ကို ထောက်ဆ၍ ၇၄၂-မျက်နှာရှိသော ဝိသုဒ္ဓိမဂ်ကျမ်းကိုလည်း အနည်းဆုံး ငါးလခြောက်လခန့်ဖြင့် ပြီးအောင် ရေးသားစီရင်ရသည် ဖြစ်ရာ၏ဟု သိနိုင်ပေ၏။ ထို့ကြောင့် ဗုဒ္ဓဃောသုပ္ပတ္တိမည်သော ကျမ်းငယ်၌ မဟာဝံသစကားကို အမှီပြု၍ "ဝိသုဒ္ဓိမဂ်ကျမ်းကို အရှင်ဗုဒ္ဓဃောသမထေရ်သည် တညဉ့်တည်းဖြင့်ပင်

၁-အထက်ပါ စကားအရအားဖြင့် ဝိနည်းအဋ္ဌကထာကို သာသနာတော်နှစ် ၉၇၄-၌ စ၍ စီရင်သည်၊ ၉၇၄-၌ ပြီးစီးသည်-ဟု မှတ်အပ်၏။ ခုနှစ်တွက်ပုံမှာ-စူဠင်သခေါ် မဟာဝံသ ဒုတိယတွဲ အင်္ဂလိပ်ဘာသာပြန် ၎င်းတိယအုပ်၏ နိဒါန်း၌ ဝိဇယ မင်းမှစ၍ သိရိဝိက္ကမ ရာဇသိဟ မည်သော နောက်ဆုံးမင်းအထိ ၁၈၆-ဦးသော သီဟိုဠ်မင်းတို့၏ နန်းစံနှစ်ကို အစဉ်အတိုင်း ပြထားရာတွင် ဝိနည်းအဋ္ဌကထာ၌ သိရိပါလ ဟူ၍ ပြဆိုထားသော မဟာနာမ မင်း၏ နန်းစံခုနှစ်ကို ခရစ်သက္ကရာဇ် ၄၀၉-မှ ၄၃၁-အထိ-ဟု ပြထားသည်။ ခရစ်သက္ကရာဇ် ၄၀၉-တွင် ခရစ်မပေါ်မီက ဗုဒ္ဓသာသနာနှစ် ၅၄၄ ကိုထည့်လျှင် ၉၅၃-ခုသည် မဟာနာမမင်း၏ နန်းတက်နှစ်ဖြစ်၏၊ ထိုတွင် အနှစ် ၂၀-ထပ်၍ထည့်လျှင် ၉၇၃-ခုသည် ဝိနည်းအဋ္ဌကထာ စ၍ စီရင်သောနှစ်ဖြစ်၏၊ ထိုနှစ်၌ပင် ဝိသုဒ္ဓိမဂ်ကျမ်းကိုလည်း စီရင်ပြီးစီးခဲ့မည်ဖြစ်သောကြောင့် ဝိသုဒ္ဓိမဂ် ကျမ်းကို သာသနာတော် ၉၇၃-ခုနှစ်က စီရင်ခဲ့သည် ဟု ဤနိဒါန်းနံပါတ် ၂-၌ ဖော်ပြခဲ့ပေသည်။

လျှင် သုံးကြိမ်တိုင်တိုင်ရေး၍ ပြီးစေသည်" ဟု ချီးကျူးစကားကို ဆိုထား၏။ ယင်းစကားမှာ ထိုကျမ်းငယ်ကို ရေးသူ၏ ချီးကျူးစကားမျှသာ ဖြစ်သည်ဟု သိအပ်၏။

နိကာယ်အဋ္ဌကထာတို့ကို ပြုစီရင်တော်မူခြင်း

စာမျက်နှာ ၉၉၁-ရှိ **သုမင်္ဂလဝိလာသိနီ** မည်သော **ဒီဃနိကာယ် အဋ္ဌကထာ**, စာမျက်နှာ ၁၂၀၀-ရှိ **ပပဉ္စသူဒနီ** မည်သော **မဇ္ဈိမနိကာယ် အဋ္ဌကထာ**, စာမျက်နှာ ၉၇၉-ရှိ **သာရတ္ထပ္ပကာသိနီ** မည်သော **သံယုတ္တနိကာယ် အဋ္ဌကထာ**နှင့် စာမျက်နှာ ၁၁၇၀-ရှိ **မနောရထပူရဏီ** မည်သော **အင်္ဂုတ္တရနိကာယ် အဋ္ဌကထာ** ဟူသော နိကာယ်ကြီး ၄-ရပ်၏ အဋ္ဌကထာကြီး ၄-စောင်တို့ကိုလည်း အရှင်ဗုဒ္ဓဃောသ ဆရာတော်ပင် စီရင်တော်မူပေသည်။

ပြုစီရင်ပုံအခြင်းအရာမှာမူ အရှင်မဟာမဟိန္ဒမထေရ်သည် သီဟိုဠ်ကျွန်းသို့ နှုတ်တက်အာဂုံအနေဖြင့် ဆောင်ယူခဲ့၍ သီဟိုဠ်ဘာသာဖြင့် တင်ထားသော မူလအဋ္ဌကထာခေါ် မဟာအဋ္ဌကထာကိုသာလျှင် ပါဠိဘာသာ ပြန်သော အားဖြင့်ရှင်း, အထပ်ထပ်ဆိုထားသော စကားတို့ကို ချုံးသော အားဖြင့်ရှင်း အရှင်ဗုဒ္ဓဃောသ ရေးသားစီရင်တော်မူပေသည်။ ထို့ကြောင့် ထိုအဋ္ဌကထာတို့၏ ကျမ်းဦးစကားရပ်၌—

> "ထိုသို့ တတိယသံဂါယနာ တင်ခဲ့ပြီးသည်မှ နောက်ကာလ၌ ထို မူလအဋ္ဌကထာကို အရှင်မဟာမဟိန္ဒ မည်သော ရဟန္တာမထေရ်သည် သီဟိုဠ်ကျွန်းသို့ (နှုတ်တက်အာဂုံ အနေအားဖြင့်) ဆောင်ခဲ့၍ သီဟိုဠ်ကျွန်းသားတို့ အကျိုးငှါ သီဟိုဠ်ဘာသာဖြင့် တင်ထားလေသည်။
>
> ထိုအဋ္ဌကထာဟောင်းမှ သီဟိုဠ်ဘာသာကိုပယ်ရှား၍ ပါဠိတော် နည်းအား လျော်သော အပြစ်ကင်းသော နှလုံးမွေ့လျော်ဖွယ် ရှိသော ပါဠိဘာသာသို့ တင်လျက်။ပ။ အထပ်ထပ် ဆိုထားသော အနက်ကို ပယ်၍ (ပါဠိတော်၏) အနက်ကို ဖွင့်ပြပေအံ့" ဟူ၍

မိန့်ဆိုထားပေသည်။ နိဂုံး၌လည်း—

"မူလအဋ္ဌကထာ၏ အနှစ်သာရကိုယူ၍ ဤအဋ္ဌကထာသစ်ကို ပြုစီရင်သော ငါသည် အကြင်ကောင်းမှုကို ဆည်းပူးစုဆောင်းမိပြီ၊ ထိုကောင်းမှုကြောင့် အလုံးစုံသော လောကသည် ချမ်းသာနှင့် ပြည့်စုံပါစေသတည်း"ဟူ၍

မိန့်ဆိုထားပေသည်။

အထက်ပါ မိန့်ဆိုချက်တို့၌ ဝိနည်းအဋ္ဌကထာမှာကဲ့သို့ မဟာပစ္စရီ, ကုရုန္ဒီစသော အဋ္ဌကထာတို့မှ သင့်လျော်သော အဆုံးအဖြတ်ကို ထည့်သွင်း ပြမည့် အကြောင်းလည်း မပါချေ၊ ထိုအဋ္ဌကထာကြီး ၄-စောင်တို့၏ အတွင်းစာသားတို့၌လည်း မဟာပစ္စရီ, ကုရုန္ဒီစသော အခြား အဋ္ဌကထာ တို့၏ အဆုံးအဖြတ် အဖွင့်သံဝဏ္ဏနာကို ပြဆိုခြင်း မရှိချေ။ အဘိဓမ္မာ အဋ္ဌကထာတို့၌လည်း ထိုအတူပင် ပြဆိုခြင်း မရှိပေ။ ထိုကြောင့် သုတ္တန် အဘိဓမ္မာတို့၌ မဟာအဋ္ဌကထာမှ တပါးသော မဟာပစ္စရီစသည် အမည် ရှိကုန်သော သီဟိုဠ်ဖြစ် အဋ္ဌကထာတို့သည်၎င်း, အန္ဓကတိုင်းဖြစ် အန္ဓက အဋ္ဌကထာသည်၎င်း မရှိဟူ၍ မှတ်အပ်ပေ၏။ သို့သော်လည်း (သာသနာ ၆၀၉-၆၅၃) ဝသဘမင်း၏ လက်ထက်တိုင်အောင် ထင်ရှားကုန်သော သီဟိုဠ်မထေရ်တို့၏ အဆုံးအဖြတ်နှင့် ဝါဒတို့ကို၎င်း, ဝတ္ထုကြောင်းတို့ကို၎င်း ထိုသုတ္တန် အဘိဓမ္မာ အဋ္ဌကထာတို့၌ ပြဆိုထားသေးသည်သာတည်း။

အဘိဓမ္မာအဋ္ဌကထာကို ပြုစီရင်တော်မူခြင်း

ထိုပြင် ဓမ္မသင်္ဂဏီပါဠိတော်၏ အဖွင့် စာမျက်နှာ ၄၅၇-ရှိ **အဋ္ဌသာလိနီ အဋ္ဌကထာ**, ဝိဘင်္ဂပါဠိတော်၏ အဖွင့် စာမျက်နှာ ၅၀၇-ရှိ **သမ္မောဟ-ဝိနောဒနီ အဋ္ဌကထာ**နှင့် ဓာတုကထာ အစရှိသော ကျန်အဘိဓမ္မာ ပါဠိ-တော် ငါးကျမ်း၏ အဖွင့် စာမျက်နှာ ၄၉၉-ရှိ **ပဉ္စပကရဏ အဋ္ဌကထာ** ဟူသော အဘိဓမ္မာ အဋ္ဌကထာကြီးတို့ကိုလည်း သုတ္တန်အဋ္ဌကထာများကို ကဲ့သို့ပင် မူလအဋ္ဌကထာခေါ် မဟာအဋ္ဌကထာကို ပါဠိဘာသာပြန်သော အားဖြင့်၎င်း, ချုံးသောအားဖြင့်၎င်း ပြုစီရင်တော်မူပေသည်။

ကင်္ခါဝိတရဏီအဋ္ဌကထာကို ပြုစီရင်တော်မူခြင်း

ထိုပြင် ပါတိမောက်ပါဠိ၏ အဖွင့်ဖြစ်သော စာမျက်နှာ ၂၇၅-ရှိ **ကင်္ခါ-ဝိတရဏီ** မည်သော အဋ္ဌကထာကိုလည်း သီဟိုဠ်ပါတိမောက် အဋ္ဌကထာ နည်းကို မှီ၍ ရေးသားစီရင်တော်မူပေသည်။

ဓမ္မပဒအဋ္ဌကထာစသည်ကို ပြုစီရင်တော်မူခြင်း

ထိုပြင် ဓမ္မပဒအဋ္ဌကထာ, ခုဒ္ဒကပါဌအဋ္ဌကထာ, သုတ္တနိပါတအဋ္ဌကထာတို့ကိုလည်း ထိုကျမ်းတို့၏နိဂုံးစကားအရအားဖြင့် အရှင်ဗုဒ္ဓဃောသ ဆရာတော်ပင် စီရင်ပြုစုတော်မူသည်ဟူ၍ အသိအမှတ် ပြုကြပေသည်။ သို့သော်လည်း ထိုအဋ္ဌကထာ ၃-ကျမ်းတို့၌ ဆိုထားသော အချို့စကားရပ်တို့သည် နိကာယ် ၄-ရပ် အဋ္ဌကထာကြီးတို့၌ ဆိုပုံနှင့် မတူကုန်။ ထိုကြောင့် စူးစမ်းဆင်ခြင်လေ့ရှိသော အချို့ပညာရှိတို့ကမူ ထိုအဋ္ဌကထာ ၃-ကျမ်းတို့ကို အရှင်ဗုဒ္ဓဃောသ၏ ကျမ်းများမဟုတ်ဟု ဆိုကုန်၏။

ထိုပြင် ဇာတ်အဋ္ဌကထာကိုလည်း အရှင်ဗုဒ္ဓဃောသ ပြုစီရင်သည်ဟု အများက အသိအမှတ်ပြုကြ၏။ သို့သော်လည်း ထို ဇာတ်အဋ္ဌကထာ၏ ကျမ်းဦးစကား၌လည်း အရှင်ဗုဒ္ဓဃောသ ပြုစီရင်ကြောင်း အထောက်အထားမရှိချေ၊ နိဂုံးစကားလည်း မရှိချေ။

ဤမျှသော စကားရပ်တို့ဖြင့် ဝိသုဒ္ဓိမဂ်ကျမ်း ပြုပုံအခြင်းအရာနှင့် စပ်လျဉ်း၍ အရှင်ဗုဒ္ဓဃောသ ဆရာတော်၏ ကျမ်းအဖြစ်ဖြင့် ထင်ရှားကုန်သော အဋ္ဌကထာအားလုံးတို့ကို ပြုစီရင်ပုံ အခြင်းအရာ ပြဆိုခြင်း ပြည့်စုံပေပြီ။

တကမ္ဘာလုံး၌ ပျံ့နှံ့ခြင်း၏အကြောင်း

(၉) ထို ဝိသုဒ္ဓိမဂ်သည် အဘယ်အကြောင်းကြောင့် တကမ္ဘာလုံး၌ ပျံ့နှံ့ပါသနည်း ? ဟူသော မေးခွန်း၌ စင်ကြယ်သော ပါဠိ ပိဋကလျှင် မှီရာရှိခြင်းကြောင့်ရင်း, သိက္ခာ သုံးပါးကို အကျဉ်းချုံး သိမ်းသွင်းထားခြင်းကြောင့်ရင်း, ရှေးအဋ္ဌကထာဟောင်းတို့၏ ဘာသာပြန်ကျမ်းဖြစ်ခြင်းကြောင့်ရင်း, တပါးသောဂိုဏ်းသားတို့၏ အယူကိုကြဉ်ခြင်းကြောင့်ရင်း, မိမိဂိုဏ်း အယူ၏ စင်ကြယ်ခြင်းကြောင့်ရင်း, သီလ, ဓုတင်, သမထ, အဘိညာဉ်, ပညာအပြားစသည်တို့ကို အပြည့်အစုံ ဝေဖန်ပြခြင်းကြောင့်ရင်း, အရဟတ္တဖိုလ်တိုင်အောင် အကျင့်ပဋိပတ်နည်းကို အပြည့်အစုံ ပြခြင်းကြောင့်ရင်း, ပေါ်လွင်ထင်ရှား၍ ရှုပ်ထွေးခြင်းကင်းသော ပုဒ် ဝါကျတို့ဖြင့် ပြုစီရင်ထားခြင်းကြောင့်ရင်း, သိလွယ်သောအနက်ရှိခြင်းကြောင့်ရင်း,

ကြည်ညိုဖွယ်ကောင်းကုန်၍ တွေ့မြင်ကြားသိရာကို အတုလိုက် ကျင့်ခြင်း (ဒိဋ္ဌာနုဂတိ)သို့ ရောက်စေနိုင်သော ဝတ္ထုကြောင်းတို့ကို ပြခြင်းကြောင့် ၎င်း—ဤသို့အစရှိကုန်သော အရာမကများစွာကုန်သော ဂုဏ်ကျေးဇူးတို့ ကြောင့် ဤဝိသုဒ္ဓိမဂ်ကျမ်းသည် တကမ္ဘာလုံး၌ ပျံ့နှံ့လျက် ရှိပေသည်။

ချဲ့၍ပြရလျှင် ဤဝိသုဒ္ဓိမဂ်ကျမ်းသည် သံဂါယနာ သုံးတန် တင်ထား သော ထက်ဝန်းကျင် စင်ကြယ်သော ပါဠိ ပိဋကကိုသာလျှင် မှီ၍ ရေးသား စီရင်ထားပေသည်၊ မဟာသံဃိကဂိုဏ်း အစရှိကုန်သော တဆယ့်ခုနစ်ပါး သောဂိုဏ်းကွဲတို့၏ ပိဋကကိုလည်း မမှီပေ၊ မဟာယာန ဂိုဏ်းသားတို့၏ ပိဋကကိုလည်း မမှီပေ။ အခြံအရံနှင့် တကွသော သီလ သမာဓိ ပညာ သိက္ခာ သုံးပါးအပေါင်းကိုလည်း ဤဝိသုဒ္ဓိမဂ်၌ အပြည့်အစုံပင်လျှင် အကျဉ်းချုံး သိမ်းသွင်း၍ ပြထားပေသည်။ မှန်ပေ၏-အရှင်ဗုဒ္ဓဃောသ ဆရာတော်သည် နိကာယ် အဋ္ဌကထာတို့တွင် ကျမ်းဦးအစ၌ အောက်ပါ စကားတို့ကို မိန့်ဆိုထားပေသည်။

> "သီလ ပြသောစကားကိုငှ်း,ဓုတင် အကျင့်တရားတို့ကိုငှ်း,အလုံး စုံသော ကမ္မဋ္ဌာန်းတို့ကိုငှ်း, စရိုက် အစီအရင်နှင့်တကွ ဈာန် သမာပတ် အကျယ်ကိုငှ်း,
>
> အလုံးစုံသော အဘိညာဉ်တို့ကိုငှ်း, ပညာကို ပေါင်း၍ ဆုံးဖြတ် ခြင်းကိုငှ်း, ခန္ဓာ ဓာတ် အာယတန ဣန္ဒြေတို့ကိုငှ်း, အရိယာ သစ္စာလေးပါးတို့ကိုငှ်း,
>
> ကောင်းစွာ ထက်ဝန်းကျင် စင်ကြယ်၍ သိမ်မွေ့သောနည်းရှိသော ပဋိစ္စသမုပ္ပါဒ် ဒေသနာကိုငှ်း, မလွတ်မကင်းသော ပါဠိ အစဉ် ရှိသော ဝိပဿနာ ဘာဝနာကိုငှ်း,
>
> ဤဆိုခဲ့သော အလုံးစုံကို ငါသည် ဝိသုဒ္ဓိမဂ်ကျမ်း၌ အပြည့်အစုံ စင်ကြယ်စွာ ဆိုအပ်ခဲ့ပြီ၊ ထို့ကြောင့် ထိုအလုံးစုံကို ဤအဋ္ဌကထာ ၌ အပိုအလွန်ထပ်၍ မစိစစ်ကုန်တော့အံ့။"

ထိုပြင် ဝိသုဒ္ဓိမဂ်ကျမ်းကို လေးစောင်သော နိကာယ် အဋ္ဌကထာ ကြီးတို့၏ အစိတ်အပိုင်းအဖြစ်ဖြင့် ပြုစီရင်ထား၏၊ ထို့ကြောင့် ထိုနိကာယ်

အင္ဂုတ္တရ အဋ္ဌကထာတို့ကဲ့သို့ပင် ရှေးသီဟိုဠ် အဋ္ဌကထာဟောင်းတို့ကို ဘာသာပြန်သည်၏ အစွမ်းအားဖြင့်၎င်း, ထပ်ကာ ထပ်ကာ ဆိုထားသော အနက်တို့ကို အကျဉ်းချုံးသည်၏ အစွမ်းအားဖြင့်၎င်း, တပါးသော ဂိုဏ်းသားတို့၏ အယူကို ကြဉ်သည်၏ အစွမ်းအားဖြင့်၎င်း, မဟာဝိဟာရ ဝါသီဂိုဏ်းသားတို့၏ ထက်ဝန်းကျင်စင်ကြယ်သော အဆုံးအဖြတ်ဟု ဆိုအပ်သော မိမိအယူကို ပြသည်၏ အစွမ်းအားဖြင့်၎င်း ပြုစီရင်ထား၏။ ထို့ကြောင့် အရှင်ဗုဒ္ဓဃောသ ဆရာတော်က—

"ထိုအဋ္ဌကထာဟောင်းမှ သီဟိုဠ် ဘာသာကို ပယ်ရှား၍ ပါဠိတော်နည်းအား လျော်သော အပြစ်ကင်းသော နှလုံး မွေ့လျော်ဖွယ်ရှိသော ပါဠိဘာသာသို့ တင်လျက်၊

အရှင်မဟာကဿပ အစရှိသော မထေရ်တို့၏ အနွယ်ကို ပြတတ်သော ဆီမီးတန်ဆောင် သဖွယ်ဖြစ်ကုန်သော အလွန် သိမ်မွေ့သော အဆုံးအဖြတ်ရှိကုန်သော မဟာဝိဟာရ ကျောင်းတိုက်၌ သီတင်းသုံးနေလေ့ရှိကုန်သော မထေရ်တို့၏ အယူကို မဆန့်ကျင်စေမူ၍ ထပ်ကာထပ်ကာ လာသော အနက်ကို ပယ်ရှားလျက် (ပါဠိတော်၏) အနက်ကို ပြပေအံ့"ဟူ၍၎င်း—

"ဤ ဝိသုဒ္ဓိမဂ်ကျမ်းသည် နိကာယ် လေးရပ်တို့၏ အလယ်၌ တည်လျက် ထို နိကာယ်လေးရပ်တို့၌ ဟောထားတိုင်းသော အနက်ကို ပြပေလတံ့ဟု ရည်ရွယ် မျှော်လင့်၍သာလျှင် ထို ဝိသုဒ္ဓိမဂ်ကျမ်းကို ငါရေးသား စီရင်ခဲ့၏၊ ထို့ကြောင့် ဤအဋ္ဌကထာနှင့် တကွ ထို ဝိသုဒ္ဓိမဂ်ကိုလည်း ယူ၍ ဒီဃနိကာယ်ကို မှီသောအနက်ကို သိကုန်လော့"ဟူ၍၎င်း—

"ထိုအဋ္ဌကထာသစ်သည် မဟာအဋ္ဌကထာ၏ အနှစ်သာရကိုယူ၍ တကြိမ်တလှည့် ရွတ်စာ ဘာဏဝါရတို့၏ အရအားဖြင့် ၇၁-ဘာဏဝါရ အတိုင်းအရှည်ရှိသော ပါဠိဖြင့် ပြီးဆုံးခြင်းသို့ ရောက်လေပြီ၊ တကြိမ်တလှည့် ရွတ်စာ ဘာဏဝါရတို့ဖြင့် ၅၉-ဘာဏဝါရ အတိုင်းအရှည်ရှိသော ဝိသုဒ္ဓိမဂ်ကိုလည်း ဤ နိကာယ် လေးရပ် တို့၏ အနက်ကို ပြခြင်းအကျိုးငှါ ရေးသားစီရင်ခဲ့၏၊

ထို့ကြောင့် ထိုဝိသုဒ္ဓိမဂ်နှင့်တကွ ဤဒီဃနိကာယ် အဋ္ဌကထာသည် ဘာဏဝါရ အရေအတွက်အားဖြင့် ငှောင်းစွာ ချင့်ချိန် ရေတွက် ပိုင်းခြားလျှင် ဘာဏဝါရ ၁၄၀-ရှိ၏”ဟူ၍ရင်း—

မိန့်ဆိုထားပေသည်။

အကယ်၍ ဤဝိသုဒ္ဓိမဂ်ကျမ်းကို အရှင် ဗုဒ္ဓဃောသ ဆရာတော်သည် နိကာယ် အဋ္ဌကထာတို့ကဲ့သို့ မပြုမူ၍ ရှေး သီဟိုဠ အဋ္ဌကထာဟောင်းတို့ကို လည်း မကြည့်ရှုမူ၍ မိမိ၏ဉာဏ်စွမ်း သက်သက်ဖြင့်သာလျှင် ပြုစီရင်သည် ဖြစ်ငြားအံ့၊ သို့ဖြစ်လျှင် ဤဝိသုဒ္ဓိမဂ်ကို“နိကာယ် အဋ္ဌကထာတို့၏ အစိတ် အပိုင်း”ဟု ယူသင့် ယူထိုက်သည် မဖြစ်လေရာ။ စင်စစ်သော်ကား“နိကာယ် အဋ္ဌကထာတို့သည် မဟာအဋ္ဌကထာ၏ အနှစ်သာရ ဖြစ်ကုန်၏၊ ဝိသုဒ္ဓိမဂ် သည်ကား ထိုမဟာအဋ္ဌကထာ၏ အနှစ်သာရ မဟုတ်၊ အရှင် ဗုဒ္ဓဃောသ ဆရာတော်၏အလို အယူသက်သက်ဖြင့်သာလျှင်ပြုစီရင်ထားသည်”ဟူ၍သို့ သာလျှင် ဆိုသင့် ဆိုထိုက်သည် ဖြစ်ရာ၏။ အမှန်အားဖြင့်မူကား ထိုသို့မိမိ ဉာဏ်စွမ်းသက်သက်ဖြင့် စီရင်သော အခြင်းအရာ အားဖြင့် မပြုမူ၍ ရှေး၌ ပြဆိုခဲ့သော နိကာယ် အဋ္ဌကထာတို့၏ အစိတ်အပိုင်း အခြင်းအရာအားဖြင့် သာလျှင် ပြုစီရင်အပ်ပေသည်၊ ထို့ကြောင့် ဤဝိသုဒ္ဓိမဂ် ကျမ်းကိုလည်း ထိုနိကာယ် အဋ္ဌကထာတို့ကို ပြုပုံအခြင်းအရာအားဖြင့်သာလျှင် ပြုစီရင် သည်ဟူ၍ရင်း, ထို့ကြောင့်ပင်လျှင် မဟာအဋ္ဌကထာ၏ အနှစ်သာရ ဖြစ်သည်ဟူ၍ရင်း မှတ်အပ်ပေ၏။

စူးစမ်း ဝေဖန်လေ့ရှိသော အချို့ ပုဂ္ဂိုလ်တို့ကမူကား မြောက်ပိုင်း သာသနာဂိုဏ်းဝင် ဖြစ်ကုန်သော **အဿဃောသ, နာဂဇ္ဇုန, ဝသုဗန္ဓု** အစရှိသော ရဟန်းတို့၏ ကျမ်းတို့၌ကဲ့သို့ အရှင် ဗုဒ္ဓဃောသ ဆရာတော်၏ ကျမ်းတို့၌ ရှေးကျမ်းဂန်တို့ကို မမှီမူ၍ မိမိ၏ ဉာဏ်ဖြင့်သာလျှင် ကြံဆ၍ ပြထားသော တရားစကား အထူးအဆန်းကိုမတွေ့ရသောကြောင့် အားမရ ကုန်သည်ဖြစ်၍“ဗုဒ္ဓဃောသသည် တပါးသောကျမ်းကိုမမှီမူ၍ မိမိ၏ဉာဏ် စွမ်းဖြင့်သာလျှင် ကျမ်းဂန်အသစ် ရေးသားစီရင်သည်ကို မတွေ့ရ”ဟု ဆို ကြ၏။ ထိုစကားသည် ထိုအချို့ပုဂ္ဂိုလ်တို့၏ အလိုအားဖြင့် ကဲ့ရဲ့စကားပင် ဖြစ်ငြားသော်လည်း **ထေရဝါဒီတို့ အလိုအားဖြင့် ချီးမွမ်းစကားသာလျှင်** ဖြစ်ပေသည်။ မှန်ပေ၏-ထေရဝါဒီတို့သည် ဤသို့ ယူဆ သိမြင်ကြကုန်၏....

"ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်စွာသိတော်မူသော ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည်သာလျှင် အသစ်ဖြစ်သော တရားကိုလည်း ဟောအပ်ဟောထိုက်၏၊ အသစ်ဖြစ်သောဝိနည်းကိုလည်း ပညတ်အပ် ပညတ်ထိုက်၏၊ ထိုတရားတော် ဝိနည်းတော်ကို အကြွင်းမဲ့အားဖြင့် မြတ်စွာဘုရားကိုယ်တော်တိုင် ဟောအပ်ပြီးလည်း ဖြစ်၏၊ ပညတ်ပြီးလည်း ဖြစ်၏၊ ထိုတရားတော် ဝိနည်းတော်ကိုသာလျှင် သဒ္ဓါတရားနှင့် ပြည့်စုံကုန်သော ရဟန်းတို့သည်၎င်း လူတို့သည်၎င်း ထိုက်သည်အား လျော်စွာ ကျင့်အပ်ကျင့်သင့် ကျင့်ထိုက်၏၊ ထိုတရားတော် ဝိနည်းတော်မှ အခြားတပါးသော တရားဝိနည်းကို ကြံဆ၍ မရှာမှီးအပ် မရှာမှီးထိုက်၊ အကယ်၍ တခြားတပါးသော တရားဝိနည်းကို တစုံတယောက်က ကြံဆ၍ ဟောခဲ့လျှင် ထိုတရား ဝိနည်းသည် ထိုကြံဆသော ပုဂ္ဂိုလ်၏သာလျှင် အဆုံးအမသာသနာ ဖြစ်သည်၊ မြတ်စွာဘုရား၏ အဆုံးအမ သာသနာကားမဟုတ်၊ အလျော်အားဖြင့်ကား မြတ်စွာဘုရား၏ တရားတော် ဝိနည်းတော်၌ အနက်အားဖြင့် မထင်ရှားသောပုဒ် ဝါကျရှိလျှင် ထိုထိုပုဒ်ဝါကျ၌ ပဋိသမ္ဘိဒါလေးပါး, အဘိညာဉ် ခြောက်ပါး အစရှိသော ဂုဏ်ကျေးဇူး တို့နှင့် ပြည့်စုံကုန်သော မြတ်စွာဘုရား၏ အလိုတော်ကို သိကုန်သော ရှေးအဋ္ဌကထာဆရာတို့ ဖွင့်ပြထားသောနည်းဖြင့် အနက်ကိုယူအပ် ယူထိုက်၏၊ မိမိအလိုအတ္တနောမတိ၏ အစွမ်းအားဖြင့်မူကား မယူအပ် မယူထိုက်"ဟူ၍ ယူဆသိမြင်ကုန်၏။ အရှင်ဗုဒ္ဓဃောသဆရာတော်သည်လည်း ထိုထေရဝါဒီတို့တွင် တပါးအပါအဝင်ဖြစ်ပေသည်၊ ထို့ကြောင့် အရှင်ဗုဒ္ဓဃောသဆရာတော်သည်လည်း ဤအတိုင်းပင်လျှင် ယူဆသိမြင်တော်မူပေသည်။ မှန်ပေ၏၊ အရှင်ဗုဒ္ဓဃောသဆရာတော်သည် ဝိနည်းအဋ္ဌကထာ၏ ကျမ်းဦးအစ၌ အောက်ပါစကားတို့ကို မိန့်ဆိုထားပေသည်။

> "မြတ်စွာဘုရားသည် အကြင်တရားတော်ကို၎င်း အကြင်ဝိနည်းတော်ကို၎င်း ဟောတော်မူအပ်၏၊ ထိုတရားတော်နှင့် ဝိနည်းတော်ကို မြတ်စွာဘုရား၏ သားတော်စစ်ဖြစ်သော အရှင်သာရိပုတြာအစရှိသော မထေရ်တို့သည် ထိုဘုရားဟောထားသော အခြင်းအရာအားဖြင့်သာလျှင် သိနားလည်တော်မူကုန်၏၊ ထိုသို့သိနားလည်တော် မူကြသော အရှင်သာရိပုတြာ အစရှိသော

> မထေရ်မြတ်တို့၏ အလိုအယူကို မစွန့်ကုန်မူ၍ သီဟိုဠ်ဆရာတော်တို့သည် ရှေးကာလ၌ အဋ္ဌကထာတို့ကို ပြုစီရင်တော်မူကြလေကုန်ပြီ။
>
> ထို့ကြောင့် အဋ္ဌကထာတို့၌ ဆိုထားသော စကားဟူသမျှသည် မေ့လျော့၍ ရေကူးမိသော ပမာဒလေခမှ တပါးဆိုလျှင် အလုံးစုံပင် ဤသာသနာတော်တွင် သိက္ခာသုံးပါးတို့၌ ရိုသေခြင်းရှိကုန်သော ပညာရှိတို့၏ စံချိန်သဖွယ်ဖြစ်သော ပမာဏပေတည်း။
>
> ထိုအဋ္ဌကထာဟောင်းမှ သီဟိုဠ်ဘာသာစကားကိုသာလျှင် ပယ်၍ ကျယ်ဝန်းသော စကားအစဉ်ကိုလည်း ချုံး၍။ပ။ ဤအဋ္ဌကထာသစ်သည်လည်း ဖြစ်ပေလတံ့၊ ထို့ကြောင့် ဤအဋ္ဌကထာသစ်ကိုလည်း ရိုသေစွာ သင်ယူအပ်ပေသတည်း။"

ထို့ကြောင့်ပင်လျှင် အရှင်ဗုဒ္ဓဃောသဆရာတော်သည် မြတ်စွာဘုရား၏ တရားတော် ဝိနည်းတော်ကိုဖြစ်စေ ရှေးဟောင်း အဋ္ဌကထာကိုဖြစ်စေ မမှီမူ၍ မိမိဉာဏ်ဖြင့် ကြံဆ၍သော်၎င်း, မိမိလေ့လာဘူးသော လောကီကျမ်းတို့မှ ယူ၍သော်၎င်း တစုံတခုသောကျမ်းကိုမျှ မပြုခဲ့ပဲရှိလေသည်။ အပြစ်ကိုပြရလျှင် အကယ်၍ ထိုသို့သဘောရှိသော ကျမ်းကို ပြုခဲ့ငြားအံ့၊ သို့ဖြစ်လျှင်ထိုကျမ်းကို ထေရဝါဒီတို့သည် **မဟာပဒေသသုတ်**၌ ဟောတော်မူသောနည်းဖြင့် "ဤစကားသည် ကေန်စင်စစ်ပင် ထိုမြတ်စွာဘုရား၏ စကားတော်လည်း မဟုတ်၊ ဗုဒ္ဓဃောသထေရ်၏သာလျှင် မကောင်းသဖြင့် ယူဆထားချက်မျှသာတည်း"ဟု ဆုံးဖြတ်၍ စွန့်ပယ်လေကုန်ရာသည်သာတည်း။ အမှန်အားဖြင့်သော်ကား ရှေးအဋ္ဌကထာတို့ကို ဘာသာပြန်ခြင်းစသည်၏ အစွမ်းအားဖြင့်သာလျှင် ဤဝိသုဒ္ဓိမဂ်ကို အရှင်ဗုဒ္ဓဃောသဆရာတော်သည် ပြုစီရင်ခဲ့ပေ၏၊ ထို့ကြောင့်ပင်လျှင် ထေရဝါဒီတို့သည် ထိုဝိသုဒ္ဓိမဂ်ကျမ်းကို **မဟာပဒေသသုတ်**၌ ဟောတော်မူသောနည်းဖြင့် "ဤစကားသည် ကေန်စင်စစ်ပင် ထိုမြတ်စွာဘုရား၏ စကားတော်ပေတည်း၊ အရှင်ဗုဒ္ဓဃောသဆရာတော်၏ ကောင်းမွန်မှန်ကန်စွာ ယူဆထားချက်လည်း ဖြစ်ပေသည်"ဟု ဆုံးဖြတ်၍ လက်ခံကြပေသည်။ ထို့ကြောင့်လည်း ဤဝိသုဒ္ဓိမဂ်သည် တကမ္ဘာလုံး၌ ပျံ့နှံ့လျက် ရှိပေ၏။

ဤဝိသုဒ္ဓိမဂ်၌ သီလ ခုတင် စသည်တို့ကို ဝေဖန်ဖွင့်ပြခြင်းသည်ရင်း အကျင့်ပဋိပတ်နည်းကို အပြည့်အစုံပြခြင်းသည်ရင်း ထင်ရှားသည်သာ တည်း။ထိုပြင် ဤဝိသုဒ္ဓိမဂ်ကို သိလွယ်သော ပုဒ်ဝါကျတို့ဖြင့်ရင်း, ရှုပ်ထွေး ခြင်းကင်းသော ပုဒ်ဝါကျတို့ဖြင့်ရင်း, ပါဠိတော်နည်းအား လျော်သော ပါဠိအသွား ပါဠိဂတိဖြင့်ရင်း, ကောင်းစွာ ပြုစီရင်ထားပေ၏၊ ထို့ကြောင့် ပင်လျှင် ဝိသုဒ္ဓိမဂ်၏ အနက်အဓိပ္ပါယ်သည်လည်း သိလွယ်ပေ၏။ သို့ဖြစ် သောကြောင့် ဝိသုဒ္ဓိမဂ်ကို စင်ကြယ်သောအလို အဇ္ဈာသယရှိကုန်သော ပညာရှိတို့သည် ကြည့်ရှုလျှင် ခဏတိုင်းခဏတိုင်း အနက်အဓိပ္ပါယ်ကို သဘောပေါက် သိမြင်ကုန်သည် ဖြစ်၍ရင်း, ပါဠိစကားအသွားကို သဘော ပေါက် သိမြင်ကုန်သည်ဖြစ်၍ရင်း များပြားလှစွာသော ဝမ်းမြောက်ရွှင် လန်းခြင်း ပီတိသောမနဿကို ခံစားရပေကုန်၏။

ဤ ဝိသုဒ္ဓိမဂ်ကျမ်း၌ ကြည်ညိုဖွယ်ကို ဆောင်တတ်ကုန်သော မဟာ-**တိဿ**မထေရ်၏ ဝတ္ထု အစရှိကုန်သော များစွာသော သီဟိုဠ် ဝတ္ထုတို့ကို ရင်း, တရားစစ်သူကြီး ဖြစ်တော်မူသော **အရှင်သာရိပုတြာ**မထေရ်၏ ဝတ္ထု အစရှိကုန်သော ဇမ္ဗူဒိပ် (ဤန္ဒိယ) ဝတ္ထုတို့ကိုရင်း ပြထားပေ၏။ ထို ဝတ္ထုတို့ကို ကြည့်ရှု၍ အောက်မေ့ဆင်ခြင်ကုန်သော သူတော်ကောင်းတို့ အား အားကြီးသောကြည်ညိုခြင်း သဒ္ဓါတရားသည် တဖွားဖွား ဖြစ်ပေါ် လာ၏။ "ငါတို့သည်လည်း အဘယ်အခါကာလ၌ ဤသို့ သဘောရှိကုန် သည် ဖြစ်ရပါကုန်အံ့နည်း"ဟု တွေးမြင်ကြံသိရာကို အတုလိုက်၍ ကျင့် ခြင်း (ဒိဋ္ဌာနုဂတိ)သို့ ရောက်လိုသော သမ္မာဆန္ဒသည်လည်း တဖွားဖွား ဖြစ်ပေါ် လာ၏။

ဤသို့လျှင် စင်ကြယ်သော ပါဠိပိဋကလျှင် မှီရာရှိခြင်း အစရှိကုန်သော အရာမက များစွာကုန်သော ဂုဏ်ကျေးဇူးတို့ကြောင့် ဤဝိသုဒ္ဓိမဂ်သည် တကမ္ဘာလုံး၌ ပျံ့နှံ့လျက် ရှိပေသည်ဟု သိအပ်၏။ ဤမျှသာ မကသေး ဤဝိသုဒ္ဓိမဂ်ကဲ့သို့ပင် အရှင်ဗုဒ္ဓဃောသဆရာတော် စီရင်ရေးသားထား သော အခြားပိဋကသုံးပုံ၏ အဖွင့် သင်္ဂဟအဋ္ဌကထာတို့သည်လည်း ရှေး အဋ္ဌကထာဟောင်းတို့၏ ဘာသာပြန်ဖြစ်ခြင်း အစရှိသော ဂုဏ်ကျေးဇူး တို့ကြောင့် တကမ္ဘာလုံး၌ ပျံ့နှံ့သည်သာလျှင် ဖြစ်ကြပေသတည်း။

ဤမျှသော စကားအစဉ်ဖြင့်လည်း "ဝိသုဒ္ဓိမဂ်ကျမ်းကို အဘယ်အကျိုးငှါ ပြုစီရင်သနည်း? ဤသို့အစရှိသော မေးခွန်းပြဿနာတို့၏ အနက်ကို အကျယ်ဝိတ္ထာရအားဖြင့် ထင်ရှားပြပြီး ဖြစ်ပါတော့သတည်း။

ဝိသုဒ္ဓိမဂ်၏ အဖွင့်ကျမ်းများ

ယခု ဖော်ပြခဲ့သည့်အတိုင်း ထူးခြားသော ဂုဏ်ပေါင်းများစွာတို့ဖြင့် ချီးကြူးအပ်သော ထိုဝိသုဒ္ဓိမဂ်ကျမ်းမြတ်သည် အဖွင့်ဖြစ်သော အခြံအရံကျမ်းပေါင်းများစွာတို့နှင့်တကွ ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်ကို တင့်တယ်ထွန်းပစေလျက် ရှိပေ၏။ ထို အဖွင့်အခြံအရံကျမ်းများမှာ—

(၁) ပရမတ္ထမဉ္ဇူသာမည်သော မဟာဋီကာ၊
(၂) ဝိသုဒ္ဓိမဂ် စူဠဋီကာ၊
(၃) ဝိသုဒ္ဓိမဂ္ဂဂဏ္ဌိပုဒ်၊
(၄) ဝိသုဒ္ဓိမဂ်ဂဏ္ဌိ၊
(၅) နိဿယများနှင့်
(၆) ဘာသာပြန်များပင် ဖြစ်ပေသည်။

ပရမတ္ထမဉ္ဇူသာဋီကာ

ထိုတွင် (၁) ပရမတ္ထမဉ္ဇူသာမည်သော ဋီကာကျမ်းကို သိဒ္ဓဂါမကျောင်းတိုက်နေ ဒါဌာနာဂမထေရ်က တောင်းပန်၍ အိန္ဒိယပြည် တောင်ပိုင်ကျွန်းဆွယ်ကြီး၏ အရှေ့တောင်ဖက်အစွန်း တန်ဂျိုးဒိစတြိတ်တွင် တန်ဂျိုးမြို့မှ အရှေ့ဖက် ၃၅-မိုင်ကွာ ပင်လယ်ကမ်းစ ဗဒရတိတ္ထ (ဇီးပင်ဆိပ်) ဟူ၍၎င်း, နာဂပဋ္ဋန (နာဂပဋ္ဋန်) ဟူ၍၎င်း ခေါ်သော သင်္ဘောဆိပ်အရပ်ဝယ် သီရိဓမ္မာသောကမင်းကြီး ဆောက်လုပ်လှူထားခဲ့သော ကျောင်းတိုက်၌ သီတင်းသုံးသော အရှင်ဓမ္မပါလဆရာတော်က ရေးသားစီရင်တော်မူခဲ့ပေသည်။ ထို့ကြောင့် ထိုဋီကာ၏ နိဂုံး၌—

အာယာစိတော သိဒ္ဓဂါမ-ပရိဝေဏနိဝါသိနာ။
ထေရေန ဒါဌာနာဂေန၊ သုဒ္ဓါစာရေန ဓီမတာ။

သိဒ္ဓဂါမကျောင်းတိုက်၌ နေလေ့ရှိသော စင်ကြယ်သောအကျင့်ရှိသော ပညာရှိ **ဒါဌာနာဂမထေရ်က** တောင်းပန်၍ (အားထုတ်အပ်-စီရင်အပ်သည်) ဟူ၍၎င်း၊

ဗဒရတိတ္ထဝိဟာရနိဝါသိနာ **အာစရိယဓမ္မပါလေန** ကတာ ပရမတ္ထမဉ္ဇူသာ နာမ ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ သမတ္တာ။

ဗဒရတိတ္ထ (ဆီးပင်ဆိပ်) ကျောင်းတိုက်၌ သီတင်းသုံးနေလေ့ရှိသော အရှင်ဓမ္မပါလဆရာတော် ပြုစီရင်အပ်သော ပရမတ္ထမဉ္ဇူသာမည်သော ဝိသုဒ္ဓိမဂ်မဟာဋီကာ ပြီးပြည့်စုံပြီ-ဟူ၍၎င်း—

ထိုပြင် အရှင်ဓမ္မပါလဆရာတော်သည်ပင် ပြုစီရင်အပ်သော နေတ္တိ-အဋ္ဌကထာ၏ နိဂုံး၌လည်း—

သဒ္ဓမ္မာဝတရဏဋ္ဌာနေ၊ **ပဋ္ဋနေ နာဂသဝှယေ**။
ဓမ္မာသောကမဟာရာဇ-ဝိဟာရေ ဝသတာ မယာ။

သူတော်ကောင်းတရား (သာသနာတော်)၏ သက်ရောက်ထွန်းကားရာဖြစ်သော နာဂအမည်ရှိသော သင်္ဘောဆိပ် (နာဂပဋ္ဋန-နာဂပဋ္ဋန်သင်္ဘောဆိပ်)အရပ်တွင် ဓမ္မာသောကမင်း၏ ကျောင်းတိုက်၌နေသော ငါသည် (ထိုနေတ္တိကျမ်း၏ အနက်အဖွင့်ကို အားထုတ်စီရင်အပ်သည်) ဟူ၍၎င်း,

ဣတိ ဗဒရတိတ္ထဝိဟာရဝါသိနာ အာစရိယဓမ္မပါလေန ကတာ နေတ္တိပကရဏဿ အတ္ထသံဝဏ္ဏနာ သမတ္တာ။

ဤဆိုခဲ့သော စကားအစဉ်ဖြင့် ဗဒရတိတ္ထဆိပ်၌ သီတင်းသုံးနေလေ့ရှိသော အရှင်ဓမ္မပါလဆရာတော် ပြုစီရင်အပ်သော နေတ္တိကျမ်း၏ အနက်အဖွင့်အဋ္ဌကထာ ပြီးပြည့်စုံပြီ-ဟူ၍၎င်း

မိန့်ဆိုထားပေသည်။

အဘယ်ခေတ်ကာလက ရေးသားစီရင်ခဲ့ပါသနည်း-ဟူမူ၊ ဤမေးခွန်းကို အတိအကျဖြေဆိုရန် ခဲယဉ်း၏။ အချို့က ခရစ်သက္ကရာဇ် ၆၃၅-ခုနှစ်က ဣန္ဒိယနိုင်ငံ နာလန္ဒာကျောင်းတော်ကြီးသို့ရောက်၍ ရေးမှတ်ခဲ့သော

တချပ်ရာဘန်းတော် ဟီးယင်ဆိုင်၏ မှတ်တမ်းတွင် ထိုနာလန္ဒာကျောင်းတော်ကြီးမှ ဓမ္မပါလမည်သော နာယကဆရာတော်အကြောင်းကို တွေ့ရသဖြင့် ဤမဟာဋီကာကျမ်းပြု ဓမ္မပါလဆရာတော်ပင် ထင်မှတ်၍ သာသနာတော် ၁၁-ရာစုနှစ်လောက်က ရေးသားစီရင်ခဲ့သည်-ဟု ခန့်မှန်းပြောဆိုကြ၏။ သို့ရာတွင် ထိုမှတ်တမ်း၌ ဖော်ပြထားသော ကဉ္စိပူရမြို့သား နာလန္ဒာကျောင်းအုပ်ကြီးဖြစ်သော ဓမ္မပါလဆရာတော်သည် ထေရဝါဒ မဟာဝိဟာရဝါသီဖြစ်သော ဤဝိသုဒ္ဓိမဂ်မဟာဋီကာကျမ်းပြု အရှင်ဓမ္မပါလဆရာတော် မဟုတ်ပေ၊ အမှန်အားဖြင့် ထိုဓမ္မပါလဆရာတော်သည် နာလန္ဒာကျောင်းတော်ကြီး၌ ကျောင်းအုပ်နာယကကြီးဖြစ်သော မဟာယာနဆရာတော်ကြီးတပါးသာ ဖြစ်ပေသည်။

၁၉၆၂-ခုနှစ်က ပျံလွန်တော်မူသော အဂ္ဂမဟာပဏ္ဍိတ သီဟိုဠ်ဆရာတော် အရှင်ဗုဒ္ဓဒတ္တကမူ-ဝိသုဒ္ဓိမဂ်မဟာဋီကာ၏ နိဂုံး၌—

"သိဒ္ဓဂါမကျောင်းတိုက်နေ ဒါဌာနာဂမထေရ်က တောင်းပန်၍ ပြုစီရင်ကြောင်းပြဆိုသော စကားကိုရင်း,

မဟာဝံသဒုတိယပိုင်း (စူဠဝံသ)အခဏ်း ၅၄-တွင် ဆဋ္ဌမဂါထာ၌—

၆။ ပရိဝေဏံ သိဋ္ဌဂါမံ၊ ကာရေတွာ ဝုတ္တ' မတ္တနာ။
လောကံ ပုတ္တံဝ ပါလေတွာ၊ တိဝဿေန ဒိဝံ ဂတော။

(သေနမင်းသည်) မိမိနေဘူးသော သိဋ္ဌဂါမ၌ ကျောင်းတိုက်ကို ဆောက်လုပ်စေ၍ တိုင်းသားပြည်သူ လူအပေါင်းကိုလည်း သားရင်းကဲ့သို့ပင် စောင့်ရှောက်၍ နန်းစံသုံးနှစ်တွင် နတ်ရွာစံရှာလေ၏-ဟူသော ပြဆိုချက်ကိုရင်း,

ထိုအခဏ်း၌ပင် ၃၅-၃၆-ဂါထာတို့၌—

၃၅။ ထေရေန ဓမ္မမိတ္တေန၊ သိဋ္ဌဂါမကဝါသိနာ။
ပူဇယိတွာန ကာရေသိ၊ အဘိဓမ္မဿ ဝဏ္ဏနံ။

၃၆။ ဒါဌာနာဂါဘိဓာနေန၊ ထေရေနာ' ရညဝါသိနာ။
လက်ာလက်ာရဘူတေန၊ အဘိဓမ္မံ ကထာပယိ။

"(မဟိန္ဒမင်းသည်) သိင္ဃဂါမကျောင်းနေ ဓမ္မမိတ္တမထေရ်ကို ပူဇော်ပြီးလျှင် အဘိဓမ္မာ၏ အဖွင့်ကျမ်းကို ပြုစီရင်ရန် တောင်းပန်လေ၏။

သီဟိုဠ်ကျွန်း၏ အဆင်တန်းဆာသဖွယ်ဖြစ်သော ဒါဌာနာဂ အမည်ရှိသော အရညဝါသီ (တောရ) မထေရ်ကို အဘိဓမ္မာ တရား ဟောကြားစေလေပြီ" ဟူသော ပြဆိုချက်ကိုရင်း

ထောက်၍ ဝိသုဒ္ဓိမဂ်မဟာဋီကာနိဂုံး၌ ဆိုထားသော **သိင္ဃဂါမပရိဝေဏ**-ဟူသည်မှာ ခရစ်သက္ကရာဇ် ၉၅၃-၉၅၆-အတွင်း သီဟိုဠ်၌ နန်းစံသော စတုတ္ထသေနမင်း ဆောက်လုပ်လှူဒါန်းသော ကျောင်းတိုက် ဖြစ်သင့်၏၊ **ဒါဌာနာဂမထေရ်** ဟူသည်မှာလည်း **ခရစ်သက္ကရာဇ်** ၉၅၆-၉၇၂-အတွင်း နောင်တော် သေနမင်း၏ အရိုက်အရာကို ခံယူလျက် မင်းပြုသော စတုတ္ထ မဟိန္ဒမင်းအား အဘိဓမ္မာတရားကို ဟောကြားသော **အရညဝါသီ ဒါဌာ-နာဂမထေရ်ပင်** ဖြစ်သင့်၏၊ ထိုမထေရ်သည် မူလက သိင္ဃဂါမကျောင်း တိုက်၌ သီတင်းသုံးခဲ့ပြီးလျှင် ထိုမဟိန္ဒမင်းလက်ထက်၌ ထိုကျောင်းတိုက်ကို ဓမ္မမိတ္တမထေရ်အား လွှဲအပ်ခဲ့၍ တောကျောင်း၌ သီတင်းသုံးနေသည် ဖြစ်ရာ၏။ ထို့ကြောင့် **ပရမတ္ထမဉ္ဇူသာ** မည်သော မဟာဋီကာကို စတုတ္ထ သေနမင်း ဆောက်လုပ်၍လှူသော **သိင္ဃဂါမကျောင်းတိုက်**နေ စတုတ္ထ မဟိန္ဒမင်းလက်ထက် **အရညဝါသီ**ဖြစ်သော ဒါဌာနာဂ မထေရ်က တောင်း ပန်သောကြောင့် **အရှင်ဓမ္မပါလဆရာတော်**က ပြုစီရင်သည်ဟူ၍ရင်း, ထို ခေတ်ကာလမှာ ခရစ်သက္ကရာဇ် ၉၅၃-၉၇၂-အတွင်းဖြစ်၍ သာသနာတော် **၁၅-ရာစုနှင့် ၁၆-ရာစုနှစ်များအတွင်းက** ဖြစ်သင့်သည်ဟူ၍ရင်း (အရှင်ဗုဒ္ဓ-ဒတ္တ)က ပြဆိုထား၏။

အရှင်ဓမ္မပါလ ဆရာတော်သည် ဤ ဝိသုဒ္ဓိမဂ်မဟာဋီကာကိုသာ ပြုစီရင်သည် မဟုတ်သေး၊ ဒီဃ-မဇ္ဈိမ-သံယုတ္တနိကာယ် အဋ္ဌကထာတို့၏ အဖွင့် ဋီကာတို့နှင့် အဘိဓမ္မာ မူလဋီကာ၏ အဖွင့် အနုဋီကာတို့ကိုလည်း ပြုစီရင်တော်မူ၏။ ထိုပြင် အဖွင့် အဋ္ဌကထာသစ် မရှိသေးသော ဥဒါန်း-ဣတိဝုတ်-ပေတဝတ္ထု-ဝိမာနဝတ္ထု-ထေရဂါထာ-ထေရီဂါထာ-စရိယာပိဋက ပါဠိတော်တို့၏ အဖွင့် ပရမတ္ထဒီပနီမည်သော အဋ္ဌကထာနှင့် နေတ္တိပါဠိ တော်၏ အဖွင့် အဋ္ဌကထာကိုလည်း ပြုစီရင်တော်မူ၏။

ဤဝိသုဒ္ဓိမဂ်မဟာဋီကာကို စီရင်ပုံအခြင်းအရာမှာလည်း သုတ္တန် အဋ္ဌကထာတို့၏ အဖွင့်ဋီကာတို့၌ကဲ့သို့ပင် ဝိသုဒ္ဓိမဂ်မှ အနက်အဓိပ္ပါယ် အသိခက်သော ပုဒ်ဟူသမျှကိုထုတ်၍ စေ့စပ်သေချာ ပြည့်စုံစွာ ဖွင့်ပြရေးသားထားပေ၏။ ထို့ကြောင့် စာချက်နှာပေါင်း ၉၉၆-အထိ များပြားလှသဖြင့် ဝိသုဒ္ဓိမဂ် စာကိုယ်ကဲ့သို့ပင် ပဌမနှင့် ဒုတိယ နှစ်အုပ်ခွဲ၍ ထားရပေသည်။

ဝိသုဒ္ဓိမဂ်စူဠဋီကာ

(၂) ဝိသုဒ္ဓိမဂ်စူဠဋီကာမှာ ပေထုပ်အဖြစ်နှင့်သာ တည်ရှိ၍ ပုံနှိပ်စာအုပ်အဖြစ်သို့ မရောက်သေးပေ၊ ၎င်းကို ဤ ဝိသုဒ္ဓိမဂ်နိဿယတွင် စာမျက်နှာ ၁၆၂-၅-၆-စသည်တို့၌ ထုတ်ပြထားသည်ကို တွေ့ရ၏။

ဝိသုဒ္ဓိမဂ္ဂဂဏ္ဌိပုဒ်

(၃) ဝိသုဒ္ဓိမဂ္ဂဂဏ္ဌိပုဒ် ဟူသည်မှာ ပါဠိဘာသာဖြင့် ရေးသားထားသော ဂဏ္ဌိ ဖြစ်သည်။ ၎င်းမှာ မြန်မာအက္ခရာဖြင့် ပုံနှိပ်စာအုပ်ကို မတွေ့ရသေး၊ သီဟိုဠ်အက္ခရာဖြင့် ပုံနှိပ်စာအုပ်ကိုသာ တွေ့ရ၏၊ စာမျက်နှာ ၇၂-မျှသာ ရှိ၏၊ ဝိသုဒ္ဓိမဂ်မဟာဋီကာနှင့် စာလျှင် အလွန် သေးငယ်လှသောကြောင့် ၎င်းကို ဝိသုဒ္ဓိမဂ်မဟာဋီကာ မပေါ်မီ ရှေးကရေးခဲ့သော ကျမ်းဖြစ်လေသလော ဟူ၍ စဉ်းစားဖွယ် ရှိ၏။ ထိုကျမ်း၏ ဂန္ထာရမ္ဘနှင့် နိဂုံးတို့၌ ကျမ်းပြုပုဂ္ဂိုလ်၏ အမည်ကို မတွေ့ရချေ။ သို့သော် ထိုကျမ်း၌ မဟာဋီကာနှင့်မတူပဲ ကွဲလွဲထူးခြားသော အဖွင့်တို့ကိုလည်း အနည်းငယ် တွေ့ရ၏။ ထို့ကြောင့် ဤနိဿယတွင် စာမျက်နှာ ၁၆၂-အောက်စ၌ ထုတ်ပြထားသည်ကို တွေ့ရ၏။

ဝိသုဒ္ဓိမဂ်ဂဏ္ဌိ

(၄) ဝိသုဒ္ဓိမဂ်ဂဏ္ဌိ ဟူသည်မှာ မြန်မာဘာသာဖြင့် ရေးသားထားသော ဂဏ္ဌိပင် ဖြစ်သည်၊ ပုဂံမြို့ ရှင်သဒ္ဓမ္မဇောတိ ပြုသည်၊ ၎င်းကိုလည်း ဤနိဿယတွင် စာမျက်နှာ ၃၇-၇၂-စသည်တို့၌ ထုတ်ပြထားသည်ကို တွေ့ရ၏။

နိဿယများ

(၅) နိဿယများ ဟူသည်မှာ သီဟိုဠ်စသော နိုင်ငံခြား နိဿယများနှင့်တကွ မြန်မာနိဿယများပင် ဖြစ်သည်။ သို့ရာတွင် နိုင်ငံခြား

နိဿယများကို ဖော်ပြရန် လွယ်လည်းမလွယ်,လိုလည်းမလိုလှသောကြောင့် ဤ၌ မြန်မာနိဿယများကိုသာ ဖော်ပြပါအံ့။

(၁) မြန်မာသက္ကရာဇ် ၁၁၃၈-ခုနှစ် ရတနာပူရ အဝမြို့၌ နန်းတက်သော စဉ့်ကူးမင်း လက်ထက်တွင် ဗန္ဓကျိုတိုက် စီရင်စု ဆုံထားရွာဇာတိ အရှင်နန္ဒမာလာ ဘွဲ့အမည်ရှိသော ဆုံထားဆရာတော် စီရင်သော ဝိသုဒ္ဓိမဂ် နိဿယတစောင်။

(၂) ၁၂၁၆-ခုနှစ်တွင် စီရင်ပြီးစီးသော ဤပြည်မှု နိဿယတစောင်၊ (ပဥ္စမတွဲအထိ ၅-အုပ်ရှိသည်။)

(၃) မန္တလေးမြို့ အရှေ့ပြင် အဘယာရာမခေါ် မိုးထိတိုက်၌ သီတင်းသုံးသော မိုးထိဆရာတော် အရှင်ဇာဂရသည် ၁၂၈၉-ခုနှစ်တွင် စီရင်ပြီးစီးသော မိုးထိမှု နိဿယတစောင်၊ (စတုတ္ထတွဲထိ ၄-အုပ် ရှိသည်။)

(၄) ရွှေကျင်ဂိုဏ်းကြီး၏ ဆဋ္ဌမ ဥက္ကဋ္ဌ မဟာနာယက သံဃရာဇာ သာသနာပိုင် ဖြစ်တော်မူသော ကျိုက်လတ်မြို့ ပစ္ဆိမာရုံ ဆရာတော်ဘုရားကြီးသည် ၁၂၉၇-ခုနှစ်တွင် မကျဉ်းမကျယ် အလယ်အလတ် အနေအားဖြင့် ရေးသားစီရင်ပြီးစီးသော ပစ္ဆိမာရုံမှု နိဿယတစောင်၊ (တတိယတွဲအထိ ၃-အုပ်ရှိသည်) ဤသို့အားဖြင့် မြန်မာနိဿယ ၄-စောင် ထင်ရှားရှိကြပေသည်။

ဘာသာပြန်များ

(၆) **ဝိသုဒ္ဓိမဂ် ဘာသာပြန်များမှာ** သီဟိုဠ်ဘာသာပြန် ၂-စောင်၊ အင်္ဂလိပ်ဘာသာပြန် ၂-စောင်၊ဂျာမန်ဘာသာပြန်, ယိုးဒယားဘာသာပြန်, မြန်မာဘာသာပြန် စသည်ဖြင့် များစွာ ရှိလေသည်။ ထိုတွင် မြန်မာ **ဘာသာပြန်မှာ** ကျိုက်ထိုမြို့ ဘုရားသုံးဆူတောင် အရှင်နန္ဒမာလာ၏ မြန်မာပြန်နှင့် ရန်ကုန်မြို့ သာသနာ့ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ **မဟာစည် ဆရာတော်**၏ မြန်မာပြန်ဟူ၍ ၂-စောင်ရှိပေ၏။ ထိုတွင် အရှင်နန္ဒမာလာ၏ မြန်မာပြန်မှာအစမှ အဆုံးအထိ ၃-တွဲရှိလေသည်။ မဟာစည်ဆရာတော်၏ မြန်မာပြန်မှာ သီလပိုင်း သမာဓိပိုင်း ပညာပိုင်းတို့မှ အခြေခံ အနည်းငယ်စီနှင့် တကွ ဒိဋ္ဌိဝိသုဒ္ဓိနိဒ္ဒေသမှ နိဂုံးအထိ နောက်ဆုံးပိုင်း တအုပ်မျှသာ ပြီးသေးသည်။ ကျန်သော ရှေ့ပိုင်းတို့ကိုမူ အကြောင်းညီညွတ်သောအခါ၌ ဆက်လက်စီရင်ရန် ရည်သန်ချက်မျှသာ ရှိသေး၏။

နိဿယနှင့် မြန်မာပြန်အထူး

နိဿယဟူသည်မှာ ပါဠိ တပိုဒ်, မြန်မာ တပိုဒ် တပုဒ်ချင်း လုံးစေ့ ပါဌ်စေ့ မြန်မာပြန်ဆိုထားသော ကျမ်းတမျိုးဖြစ်သည်။ ထိုသို့ ပြန်ရာတွင် လည်း သိလွယ်သောပုဒ်တို့၏ အနက်ကို မဖော်ပြတော့ပဲ သည်-ကို-စသော ဝိဘတ်နက်မျှလောက်သာ ပြ၍၎င်း, အချို့အရာ၌ ပေယျာလဖြင့် မြှုပ်၍ ၎င်း ပါဠိကျမ်းဂန်တို့၌ အတော်အတန် လေ့လာပြီးပုဂ္ဂိုလ်တို့အား မှီရာရ စေရန်လောက်သာ ရည်ရွယ်၍ အသိခက်သော ပုဒ်အနက်တို့ကိုသာ အပြည့်အစုံဖော်ပြလျက် ပြန်ဆိုရေးသားထားလေသည်။ မြန်မာပြန်မှာမူ ထိုကဲ့သို့ မဟုတ်ပေ၊ ကျမ်းရင်းမှ ပါဠိကို မဖော်ပြတော့ပဲ ထိုပါဠိ၏ အနက် ကိုသာလျှင် အပြည့်အစုံဖော်ပြလျက် ပြန်ဆိုထားသော ကျမ်းတမျိုးဖြစ် သည်။ ထိုသို့ ပြန်ဆိုရာတွင်လည်း ပါဠိမှ မြန်မာအသုံးနှင့်မလျော်သော သဒ္ဒါနည်းအချို့ကို မပြတော့ပဲ မြန်မာစကား ချောမောပြေပြစ်ရေးကို သာလျှင် အလေးပြု၍ ပြန်ဆိုရသောအရာများလည်း ရှိပေ၏။

ထို့ကြောင့် ပါဠိကျမ်းရင်းကို လေ့လာသင်ယူလိုသော ပုဂ္ဂိုလ်တို့အတွက် ဆိုလျှင် မြန်မာပြန်သည် နိဿယလောက် တိတိကျကျ အနက်ဉာဏ်ကို မပေးစွမ်းနိုင်ပေ။ ပါဠိမတတ်သော ပုဂ္ဂိုလ်တို့အတွက် ဆိုလျှင်လည်း နိဿယသည် မြန်မာပြန်လောက် နားမလည်စေနိုင်ပေ။ သို့ရာတွင် မြန်မာ ပြည်တွင် စာပေသင်ကြားပို့ချရာ၌ နိဿယနည်းအတိုင်းသာလျှင် အသုံးပြု လျက်ရှိကြသောကြောင့်၎င်း, ယခုနေအခါတွင် ဝိသုဒ္ဓိမဂ်နိဿယများ အလွန်ရှားပါးနေသောကြောင့်၎င်း ဝိသုဒ္ဓိမဂ်နိဿယကို ဗုဒ္ဓသာသနာ့ အဖွဲ့မှ ပုံနှိပ်ဖြန့်ချိရန် စီမံအားထုတ်ခဲ့ကြလေသည်။

ထိုသို့အားထုတ်ရာတွင် အထက်၌ ဖော်ပြခဲ့သည့်အတိုင်း ဝိသုဒ္ဓိမဂ် နိဿယ ၄-စောင်ရှိသည့်အနက်မှ ပြည်မူနိဿယသည် အဆုံးအဖြတ် အမှာ အထားများစွာတို့နှင့် ပြည့်စုံသည့်ပြင် ဋီကာအဖွင့်နှင့်လည်း ညီညာကျန သေချာလှသဖြင့် ဂိုဏ်းပေါင်းစုံပညာရှိအများတို့က အလေးစားအပ်ဆုံး ဖြစ်ပေသည်။ ထို့ကြောင့် ထိုပြည်မူနိဿယကိုပင် ခေတ်အားလျော်စွာ ပြင်သင့်ရာ၌ ပြင်ဆင်၍ ပုံနှိပ်ရန် ဆဋ္ဌသံဂါယနာဝန်ဆောင် သံဃအဖွဲ့ဝင် ဆရာတော်များက ညွှန်ကြားတော်မူကြသည်။

ပြည်ဆရာတော်ဘုရားကြီး

ဤအရာ၌ နိဿယကျမ်းပြု ပြည်ဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိကိုလည်း ဖော်ပြသင့်သောကြောင့် ၎င်းကို အကျဉ်းချုပ် ဖော်ပြပါဦးအံ့။

ဤပြည်မူနိဿယကို ပြုစီရင်တော်မူခဲ့သော ပြည်ဆရာတော်ဘုရားကြီးသည် မုံရွာခရိုင် အလုံမြို့နယ် ညောင်ကန်ရွာတွင် ခမည်းတော် ဦးဖြူနှင့် မယ်တော် ဒေါ်ညွန့်တို့မှ သက္ကရာဇ် ၁၁၅၀-ခုနှစ် ဝါဆိုလဆန်း (၇)ရက် ကြာသပတေးနေ့၌ ဖွားမြင်တော်မူခဲ့သည်၊ လူအမည် ဦးကျီးဟူ၍၎င်း ဦးကျီးညိုဟူ၍၎င်း ခေါ်ကြသည်။ အသက် ၉-နှစ် ၁၀-နှစ်အရွယ်တွင် (တံဆိပ်ရ ဒုတိယညောင်ကန်ဆရာတော် ဦးပိုး၏ ဆရာဖြစ်သော) လူမည် ဦးသာဘုံခေါ် အရှင်မုနိန္ဒသာရထံ၌ အပ်နှံကျောင်းထားသည်၊ ၁၁၆၂-ခုနှစ်တွင် ရှင်သာမဏေပြုသည်၊ သာမဏေအမည် ရှင်မေဓာဝီ-ဟု ခေါ်သည်၊ သာမဏေ ၇-ဝါရ ၁၁၆၉-ခုနှစ်တွင် ရဟန်းပြုသည်၊ ရဟန်းအမည် အရှင်မေဓာလင်္ကာရဟူ၍၎င်း, အရှင်မေဓိယဝေဟူ၍၎င်း ခေါ်သည်၊ ရတနာပူရ အင်းဝမြို့ အောင်မြေဘုံစံ ပဌမအုတ်ကျောင်းဆရာတော်ဟူ၍၎င်း, ပုညာဘိသိရိပဝရသဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရု တံဆိပ်တော်ရ ဒုတိယညောင်ကန်ဆရာတော်ဟူ၍၎င်း ထင်ရှားသောဆရာတော် ဦးပိုးထံတွင် ပိဋကစာပေများကို ဆက်လက်၍ သင်ယူတော်မူသည်။ ဤဆရာတော် ဦးပိုးသည်ကား ဆရာတော် ဦးပုတ် (ဦးဗုဓ်)၏ ဆရာလည်းဖြစ်သည်၊ ထို့ကြောင့် ဆရာတော် ဦးပုတ်နှင့် ပြည်ဆရာတော်တို့သည် ဆရာတူတပည့်များဖြစ်ကြသည့်ပြင် ဆရာတော် ဦးပုတ်က ပြည်ဆရာတော်ထက် အသက်သိက္ခာတော် တနှစ်တဝါမျှသာကြီးသည်။ ပြည်ဆရာတော်အလောင်းလျာ အရှင်မေဓာလင်္ကာရသည် ဆရာတော်ဦးပိုးထံ၌ ပညာသင်ကြားပြီးနောက် ဆရာနည်းမျိုးစုံကို ခံယူလိုသောကြောင့် သဲအင်းတိုက်သို့ ပြောင်းရွှေ့လျက် သဲအင်းဆရာတော်ထံ၌လည်း ထပ်မံ၍ ကျမ်းဂန်များကို သင်ကြားတော်မူပြန်သည်။

သိက္ခာဝါ ၂၀-ကျော်သောအခါ မိမိ၏ဇာတိအရပ် ညောင်ကန်ရွာသို့ ပြန်လာ၍ မိမိ၏ နေရင်းကျောင်းတွင်ပင် သီတင်းသုံးလျက် ရဟန်းသံဃာတော်တို့အား ပိဋကကျမ်းဂန်များကို သင်ကြားပို့ချနေရာ သံဃာတော်

၇၀-ကျော်ရှိသည်ဟူ၏။ ထိုစဉ်အခါက ဆရာတော် ဦးပုတ်သည်လည်း ရတနာမဉ္ဇူကျောင်းတိုက်ကြီး၌ စာပေပို့ချနေရာ သံဃာတော်တရာကျော် ရှိသည်ဟူ၏။ တကျောင်းနှင့်တကျောင်းမှာလည်း အလယ်၌ သိမ်နှင့် ဘုရားအဆောက်အဦမျှသာခြားလျက် အနောက်ဖက်က ဆရာတော်ဦးပုတ်၏ကျောင်း, အရှေ့ဖက်က ပြည်ဆရာတော်၏ကျောင်း ခဲတပစ်မျှသာ ကွာဝေး၏။

ထိုသို့ ဆရာဘူတပည့်များလည်းဖြစ်, ကျောင်းနီးချင်းလည်း ဖြစ်ကြသောကြောင့် တပါးနှင့်တပါး အယူအဆ ကွဲလွဲရာ၌ ဆရာတော်ဦးပုတ်က စာချရင်း ပြည်ဆရာတော်ကိုရည်၍ "ကေစိ၊ အချို့သော ကျေး ပပ်ကြား ဖက်ခွက်စားတို့သည်။ ဝဒန္တိ ကိရ၊ ဆိုကြကုန်သတတ်"ဟု ဆိုလေ့ရှိသည် ဟူ၏။ ထိုသို့ဆိုရာ၌ ရည်ရွယ်ချက်မှာ ပြည်ဆရာတော်၏ခြေတွင် ဆောင်းခါ၌ ပပ်ကြားကွဲကြောင်း ထင်တတ်သောကြောင့်ရင်း, ဆွမ်းစဉ်ပရိတ်ရွတ် လိုက်လျက် ဖက်ခွက်နှင့်ထည့်သောဟင်းကို စားသည်ဟုထင်သောကြောင့် ၎င်း ယမ်မည်နှင့်တကွ "ကျေး ပပ်ကြား ဖက်ခွက်စား"ဟု ရှုတ်ချ၍ ဆိုခြင်းဖြစ်သည်ဟူ၏။ အကြောင်းတခုမှာ ဆရာတော် ဦးပုတ်က "ဟိ-တံ ပါကဋံ ကရောမိ"သာ မှန်သည်ဟု ဆိုသတဲ့။ ပြည်ဆရာတော်ကမူ ကရဓာတ် ၏အယှဉ် အဘူတတဗ္ဘာအနက်၌ စီပစ္စည်းနှင့်တကွ "ဟိ-တပ္ပါကဋီ ကရောမိ"ဟူ၍သာ မှန်သည်ဟု ဆိုသတဲ့။ ထိုကြောင့် ပြည်ဆရာတော်က လည်း မိမိပြုစုသော ကစ္စာယနသရူပတ္ထဒီပနီကျမ်းတွင် ထိုအချက်နှင့် စပ်၍ "ကေစိ-အချို့က တံ ပါကဋံ ကရောမိ မှန်သည်ဟု ဆိုကြသောဟူ၏"ဟူ၍ ဆရာတော် ဦးပုတ်ကိုရည်လျက် ကေစိ ထိုးထားလေသည်။ သို့ရာတွင် ဤပြည်မူ ဝိသုဒ္ဓိမဂ်နိဿယ ပဌမအုပ်၌ကား "ဟိ-တပ္ပါကဋီ ကရောမိ"ဟု ဆိုထားသည်ကို မတွေ့ရချေ၊ "ဟိ-တံ ပါကဋံ ကရောမိ"ဟူ၍သာ တွေ့ရ ပေသည်။ နှာ ၃-၈၆-၉၁-စသည်တို့၌ ကြည့်ပါ။ ၎င်းတို့မှာ မူရင်းအတိုင်း ပင်ဖြစ်ပါသည်။ မူဟောင်း ဒုတိယအုပ် ဗုဒ္ဓါနုဿတိအဖွင့် (မူသစ် နှာ ၂၆ စာပိုဒ် ၁၃၅)၌မူ ဟိ-တပ္ပါကဋီ ကရောမိ-ဟု ရှိ၏။

ဤသို့ မိမိ၏ နေရပ်၌ စာပို့ချနေစဉ် သက်တော် ၅၁-နှစ်- ဝါတော် ၃၁-ဝါအရ ၁၂၀၁-ခုနှစ်တွင် အမရပူရမြို့တည် နန်းတည် ညီတော်ရွှေဘိုမင်း တရား၏ သားတော်, ယမ်မည် မောင်ဘေပု၊ မဟာသီရိသီဟသူရဓမ္မ-

ရာဇာ ဘွဲ့ခံ ပြည်မြို့စားမင်းက ပင့်ဆောင်၍ အမရပူရမြို့ အရှေ့တောင် ထောင့်၌ စကြောနှစ်ဆောင်ပြိုင် စမြင်လေးမျက်နှာ ရွှေပိန်းချ ဝါဆို ကျောင်းတော်ကို မေဓာလင်္ကာရပရမသဒ္ဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရုဟူသော တံဆိပ်တော်နှင့်တကွ တင်လှူလေသည်။ ဤသို့ ပြည်မြို့စားမင်းက တင်လှူ၍ ကိုးကွယ်သောကြောင့် ထိုကာလမှစ၍ ပြည်ဆရာတော်ဟူ၍ ကျော်စောထင်ရှားတော်မူလေသည်။

ထိုအခါ ပြည်တိုက်၌ သံဃာတော် ရှစ်ရာရှိသည်။ သံဃာများ၍ တပါး လျှင် သင်ဖြူးဖျာတချပ်စာပင်မရနိုင်သဖြင့် သင်ဖြူးတပိုင်းကို ထောင်ထား ကာ ကြပ်တည်းစွာ နေထိုင်ကြရလေသည်။ ညဉ့်အခါကျလျှင် တွေ့ကရာ စကားကိုမပြောကြပဲ သဒ္ဒါဝါသနာပါသူတို့ကစုပေါင်းကာ သဒ္ဒါစကားကို ပြောကြသည်၊ အဘိဓမ္မာဝါသနာပါသူတို့ကလည်း စုပေါင်းကာ အဘိဓမ္မာ စကားကို ပြောကြသည်၊ ဝိနည်း ဝါသနာပါသူတို့ကလည်း စုပေါင်းကာ ဝိနည်းစကားကို ပြောကြသည်၊ တဦးနှင့်တဦး အယူအဆ ကွဲပြား၍ မဆုံးဖြတ်နိုင်သောအခါ ဆရာတော်ဘုရားကြီးထံ၌ အဆုံးအဖြတ် ခံယူ သဖြင့် ငြီးငြတ်လျက် နည်းရကြသောကြောင့် လွန်စွာ နှစ်သိမ့်အားရ ပျော်မွေ့ကြသည်ဟူ၏။

ပြည်ဆရာတော်သည် နေ့စဉ်စာပေလည်း ပို့ချ၏၊ ဘုရားဆုပန်ထား သည်နှင့်အညီ လူ ဒကာ ဒကာမတို့အား ကရုဏာ မေတ္တာတော်ပွါးသဖြင့် ဆွမ်းစဉ် ပရိတ်ရွတ် စသော အလှူအတန်းများသို့ လိုက်၍ တရားဓမ္မ ကိုလည်း ဟောတော်မူ၏။ သို့ရာတွင် အလှူအတန်းမှ ပဒေသာပင် ရလာလျှင် ကျောင်းပေါ်သို့ မတင်ရ၊ မချ၍ ဝေငှပေးကမ်းတော် မူလေ သည်။

ပြည် ဆရာတော် ဘုရားကြီးသည် မိမိ၏ဇာတိအရပ် ညောင်ကန်၌ သီတင်းသုံးနေထိုင်စဉ် ၁၁၉၉-ခုနှစ်ကပင် အောက်ပါကျမ်းတို့တို့ ပြုစီရင် တော်မူခဲ့ပေသည်။

၁။ သမ္ဗန္ဓစိန္တာနိဿယ။

၂။ သဒ္ဒတ္ထဘေဒစိန္တာနိဿယ။

၃။ ကစ္စာယနသာရနိဿယ။

၄။ ကစ္စာယနသာရသရူပတ္ထဒီပနီ။

အမရပူရမြို့ ပြည်တိုက်တွင် သီတင်းသုံးစဉ်၌လည်း ပဋိဃောသအမစ္စ ဟု ခေါ်သော သံတော်ဆင့် မိုင်းခိုင်းမြို့စား နန်းမတော်ဝန်မင်း "မင်းကြီး သီရိမဟာဇေယျသူရ" ဘွဲ့ခံ ဦးယံနှင့် "ဒိဿပါမောက္ခ" ဘွဲ့ခံ တောင်သာ မြို့စား ဘိုးသူတော်တို့က လျှောက်ထားတောင်းပန်သောကြောင့်—

၅။ ငါးရာငါးဆယ် ဇာတ် ပါဠိတော်နိဿယသစ်ကို စီရင်တော်မူ သည်။

ထိုပြင် ၁၂၁၃-ခုနှစ်၌—

၆။ ဋီကာကျော်နိဿယသစ်နှင့်

၇။ ဓာတုမာလာလက်သန်းကျမ်းပါ၌နိဿယကိုရင်း,

၁၂၁၆-ခုနှစ်၌—

၈။ ဝိသုဒ္ဓိမဂ်နိဿယသစ်ကျမ်းကြီးကိုရင်း,

၁၂၂၃-ခုနှစ်၌—

၉။ ခန္ဓဝိဘာဝနီဋီကာပါ၌ကိုရင်း စီရင်တော်မူသည်။

ထိုပြင် ပြည်တိုက်၌ သီတင်းသုံးနေတော်မူစဉ်မှာပင်

၁၀။ ခန္ဓဝဂ္ဂသံယုတ်အဋ္ဌကထာနိဿယ

၁၁။ သဠာယတနဝဂ္ဂသံယုတ် အဋ္ဌကထာနိဿယ

၁၂။ မဟာဝဂ္ဂသံယုတ် အဋ္ဌကထာနိဿယတို့ကိုလည်း

စီရင်တော်မူသည်။

ဤသို့ ပြည်တိုက်၌ သီတင်းသုံးလျက် သာသနာ ပြုနေစဉ်မှာပင် မန္တလေး ရတနာပုံမြို့တည် နန်းတည် ပဌမ သံဂါယနာတင် မင်းတုန်း မင်းတရားကြီးက မန္တလေး ရတနာပုံမြို့တော်သို့ပင့်၍ အရံတံတိုင်းမီးတား နှင့်တကွ မဟာတုလွတ်ဘုံကျော် ရွှေပိန်းစံကျောင်းတော်ကြီးကို သက္ကရာဇ် ၁၂၂၅-ခုနှစ် တန်ဆောင်မုန်းလတွင် ပြည် ဆရာတော် ဘုရားကြီးအား တင်လှူတော်မူသည်။ **မေဓာဘိဝံသ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု**

သာသနာပြု သုဓမ္မာဆရာတော် ဟူသော တံဆိပ် နာမံတော်ကိုလည်း လှူတော်မူသည်။ ထို ၁၂၂၅-ခုနှစ်မှာပင် ——

၁၃။ အဋ္ဌသာလိနီအဋ္ဌကထာနိဿယသစ် ကျမ်းကြီးကိုလည်း စီရင် ပြီးဆုံးစေတော်မူသည်။

ထိုသို့ စီရင်ပြီးနောက် မန္တလေး ရတနာပုံမြို့တော် မြောက်မျက်နှာ ထိုစံကျောင်းတော်ကြီး၌ သီတင်းသုံးနေတော်မူစဉ် အနေကဂုဏ္ဍကာရက သာသနာပြု ပြည်ဆရာတော် ဘုရားကြီးသည် သက်တော် ၇၅-နှစ် သိက္ခာတော် ၅၅-ဝါအရ သက္ကရာဇ် ၁၂၂၅-ခုနှစ် နှောင်းတန်ခူးလဆန်း ၁၃-ရက်နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူလေသည်။ (အဟော သခါရာ အနိစ္စာ)။

နိဿယရေးပုံအခြင်းအရာ

ပြည်ဆရာတော်ဘုရားကြီးသည် ဤဝိသုဒ္ဓိမဂ် နိဿယသစ်ကျမ်းကြီးကို ရေးသားစီရင်ရာ၌ ဖြစ်ဆန်းကာမျှမဟုတ်ပဲ အဖက်ဖက်မှ လိုလေသေးမရှိ ရအောင် စေ့စပ်သေချာစွာ ရေးသားစီရင်တော်မူခဲ့ပေသည်။ ရေးသား စီရင်ပုံမှာ အဖွင့်သံဝဏ္ဏနာရှိသော ပုဒ်ကို အနက်ပြန်လျှင် ထိုအဋ္ဌကထာ ဋီကာအဖွင့်နှင့် အညီ ဖော်၍ တိကျစွာ အနက်ပြန်၏။ အချို့ နေရာ၌မူ ဋီကာအဖွင့်သို့လိုက်၍ အတိအကျပြန်လိုက်သဖြင့် အဋ္ဌကထာပုဒ်၏ သဒ္ဒါ နက် ပျောက်သွားသည်များပင် ရှိသေး၏။ ပုံစံမှာ ဤနိဿယ စာမျက်နှာ ၃၉၃- ကြောင်းရေ ၁၀-၌ ဥပ္ပန္နံ-ပုဒ်ကို "အဓိဂတန္တိ အတ္တော"ဟူသော ဋီကာအဖွင့်သို့လိုက်၍ "ဥပ္ပန္နံ၊ ရအပ်၏"ဟု အနက်ပြန်ထား၏။ ထိုသို့သော ပြန်ဆိုချက်များကိုမူ ယခုပုံနှိပ်သောမူသစ်၌ အဋ္ဌကထာ၏ ပုဒ်ရင်းအနက် မပျောက်သင့်သောကြောင့် အဋ္ဌကထာပုဒ် အနက်တိုင်းပင် ပြင်ထားပါ သည်။

သံသယဖြစ်ဖွယ်အရာများ၌ ဆိုင်ရာအဖွင့် သံဝဏ္ဏနာပါဌ်များကိုလည်း ထုတ်ပြထား၏၊ ထိုသာဓကပါဌ်များ၌ အနက်အသိခက်လျှင် ထိုပါဌ်များ ကိုလည်း အနက်ပြန်ပြထားသေး၏။ အခြား အဋ္ဌကထာ ဋီကာတို့မှ ယူ၍ အနက်ပြန်လျှင် ထိုအဋ္ဌကထာဋီကာတို့ကိုလည်း ထုတ်ပြထား၏။ အနက် အဓိပ္ပါယ် နက်နဲ၍ အသိခက်လှသော အချို့အရာများ၌မူ အနုသန္ဓေ

အထွက်အတက်စုဒ်စောဒနာများကိုပါ အကျဉ်းချုပ် ထုတ်ပြထားသေး၏။ အချို့အရာ၌မူ မိမိကိုယ်တိုင်ပင် ဋီကာသဖွယ် ပါဠိဖြင့် ဖွင့်ပြထားသည်လည်း ရှိ၏။ ထိုပြင် ဟိ-စ-ပန-စသော နိပါတ်ပုဒ်များကိုလည်း ဟိ-သစ္စံ၊ ဟိ-ဝိတ္ထာရေမိ-စသည်ဖြင့် ဝါကျတ္ထဇောတကအဖြစ် ထင်ရှားအောင် ပြန်ဆိုထားပေ၏။ ထို့ကြောင့် ရှေးဆရာတော်ကြီးများက "ပြည်မူနိဿယကို ကြည့်ရှုလျှင် စာတတ်ပုဂ္ဂိုလ်ဖြစ်နိုင်သည်"ဟု ဤပြည်မူနိဿယကို ချီးကျူးကြပေသည်။ ထိုသို့ ချီးကျူးကြသည့်အတိုင်းပင် ပြည်မူနိဿယကို ကြည့်ရှုလေ့လာသောကြောင့် အဋ္ဌကထာ ဋီကာ ပိဋကစာပေ အရာ၌ အထူးတတ်သိကျွမ်းကျင်သွားသော ပုဂ္ဂိုလ်တို့ကိုလည်း တွေ့ရ ကြားသိရပေ၏။

ထိုပြင် အချို့သောပုဒ်များ၌ သဒ္ဒါနောက်သို့ မလိုက်ပဲ လိုရင်းအနက် ခေတ်သုံး ဝေါဟာရများဖြင့် ပြန်ထားသည်ကိုလည်း များစွာ တွေ့ရ၏။ ပုံစံကား-သုနိဝတ္ထော-သပ္ပါယ်စွာ ဝတ်သည် (နှာ ၅၁)။ တဏ္ဍုလေ နာလတ္ထန္တိ၊ ဆန်ရှာ၍ မရဟု(၇၆)။ ပဟီနံ၊ ပျောက်ကင်းသည် (၉၆)။ ပရိဘောဂေ ပရိဘောဂေ၊ ဝတ်တိုင်း ဝတ်တိုင်း (၁၁၅)။ ဝိပဿနံ၊ ဝိပဿနာကို။ န ပဋ္ဌပေသိ၊ အားမထုတ်ပဲ နေသတည်း (၁၂၅)။ အပဿတော၊ မမြင်သောလူပြိန်းသည် (၁၂၈)။ သစေ အာဟရန္တိ၊ အကယ်၍ ကပ်ကုန်အံ့ (၁၇၇)။ ပဝတ္တိံ၊ အဖြစ်သနစ်ကို (၂၃၆)။ ဂဏ္ဍာဘတိ၊ နှိုက်၏ (၃၉၆)။ ပဟီယန္တိ၊ ပျောက်ကင်းကုန်၏ (၃၉၀) စသည်တို့ပင် ဖြစ်သည်။ ဤသို့သော ပြန်ဆိုချက်များကို တွေ့ရသဖြင့် သောတုဇနတို့မှာ အနက်အဓိပ္ပါယ်တူညီသော ခေတ်သုံး ဝေါဟာရများဖြင့်လည်း အနက်ပြန်ဆိုကောင်းသည်ကို နည်းယူမှတ်သားကြရပေသည်။

ဤသို့ စသည်ဖြင့် ဂဏဝါစက သောတုဇန စာချ စာသင်ပုဂ္ဂိုလ်တို့အား အထူးကျေးဇူးများစေနိုင်သည့် ဂုဏ်ထူးများစွာတို့နှင့် ပြည့်စုံသောကြောင့် ဤပြည်မူ နိဿယကိုပင် ယခု ထပ်မံပုံနှိပ်ရန် ဗုဒ္ဓသာသနာ့အဖွဲ့အား ညွှန်ကြားတော်မူကြပေသည်။

ပြင်သင့်သည်ကို ပြင်ခြင်း

သို့ရာတွင် ဤပြည်မူနိဿယ၌ စာကြည့်သူတို့အား အချိန်ဖင့်နွှဲစေလျက် အနှောင့်အယှက် ဖြစ်စေနိုင်သော အရာများလည်း ရှိကြပေသေး၏။ ၎င်းတို့မှာ——

(၁) အနက်နှင့် သာဓကစကားများ ရောနှောနေခြင်း၊
(၂) ဋီကာအဖွင့်တို့ကို များစွာထုတ်ပြထားခြင်း၊
(၃) အမှာစကားတို့ကို များစွာပြဆိုထားခြင်း၊
(၄) ဋီကာအဖွင့်များပါ သိမ်းသွင်း၍ ရှည်လျားစွာ အနက် ပြန်ထားခြင်း၊
(၅) အဓိပ္ပါယ်ဆွဲနက်များကို ရှည်လျားစွာ ပြဆိုထားခြင်း၊
(၆) ယခု ၂၀-ရာစုနှစ်အတွင်း၌ သုံးလေ့မရှိသော သို့မဟုတ် အသုံးနည်းသော ၁၉-ရာစုနှစ်သုံး ဝေါဟာရတို့ ပါဝင် နေခြင်းနှင့်၊
(၇) အချို့အရာ၌ အနည်းငယ် တိမ်းပါးနေခြင်း များပင် ဖြစ်ပေသည်။

ထို့ကြောင့် ပုံမနှိပ်မီ ရှေးဦးစွာ အထက်ပါအချက်များနှင့် စပ်လျဉ်း၍ ပြင်သင့်သည်အားလျော်စွာ သုတ်သင် ပြင်ဆင်ရန် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်အား ပုံနှိပ်ရေးဆိုင်ရာ တာဝန်ဆောင် ဆရာတော် များက တာဝန်ပေး လှဲအပ်တော်မူကြသည်။

ဤသို့ တာဝန်ပေးအပ်ထားသည်အား လျော်စွာ ပြင်ဆင်ရေးတာဝန်ခံ ဖြစ်သော အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်သည် အောက်ပါ အစီ အစဉ်ဖြင့် သုတ်သင် ပြင်ဆင်လေသည်။

(၁) ပြမြဲပင် ဆက်လက်၍ ပြထိုက်သော သာဓကနှင့် အမှာစကား များကို နိဿယအနက်နှင့် မရောစေပဲ အောက်ခြေ၌ မှတ်ချက်အဖြစ်ဖြင့် ပြစေသည်။ အဆုံး၌ (ပြည်)ဟူ၍လည်း ဖော်ပြစေသည်။

အခြားအဋ္ဌကထာ ဋီကာ ဂန္ထန္တရတို့မှဆောင်ပြသော သာဓကဖြစ်လျှင် ထိုကျမ်းစာအုပ်၏ စာမျက်နှာနံပါတ်ကို ဖော်ပြစေပါသည်။

(၂-၃) ဋီကာအဖွင့်များမှာ ယခုနေအခါ၌ ဋီကာစာအုပ်များ မရှား သောကြောင့် ၎င်းကို ကြည့်ရှု၍ အလွယ်တကူ သိနိုင်၏။ ထို့ကြောင့်

နိဿယဟောင်း၌ပြထားသော ထိုဋီကာပါဌ်တို့ကို အများအားဖြင့် နုတ်ပယ်စေသည်၊ အရေးကြီးလှ၍ မနုတ်ပယ်သင့်သော ဋီကာပါဌ် အနည်းငယ်မျှကိုသာ အောက်ခြေ၌ ပြစေသည်။ သို့သော် စာအုပ် ပေထုပ်ရခဲသော စူဠဋီကာနှင့် ဂဏ္ဌိတို့ကိုမူ မူရင်းအတိုင်းပင် အောက်ခြေ၌ ပြစေသည်။ ထို့ပြင် ဋီကာကို ကြည့်ရုံမျှဖြင့် သဘောပေါက်နိုင်သော အဓိပ္ပါယ်ပြ အမှာစကားတို့ကိုလည်း နုတ်ပယ်၍ အသိခက်သော အမှာစကားများကိုသာ အောက်ခြေ၌ မှတ်ချက်အဖြစ်ဖြင့် ပြစေသည်။ အဆုံး၌ (ပြည်)ဟူ၍လည်း ဖော်ပြစေသည်။

(၄—၅) ရှည်လျားစွာသော ဋီကာဖွင့် အနက်များနှင့် အဓိပ္ပါယ်ဆွဲနက်များတွင်မူ အရေးမကြီးလှ မလိုလှသည်များကို နုတ်ပယ်စေပါသည်။ ၎င်းတို့မှာ အောက်ပါအနက်မျိုး ဖြစ်သည်။

စာမျက်နှာ	စာကြောင်း	ပါဠိပုဒ်နှင့် ယခုအနက်	ရှေးအနက်
၂	၁၁	ဝိဇဋေယျ၊ ဖြေဖြတ်ရှင်းလင်းနိုင်၏။	ဖြေဖြတ် ရှင်းလင်းနိုင်၏။ "ဖြေဖျည်လှစ်ခွါ ကောင်းစွာဖြတ်ထွင် မြစ်လျှင်မကြွင်းတျင်းတျင်း တူးနှုတ် ထုတ်ပစ်နိုင်၏"။
၅	၁၃	စတုဝေသာရဇ္ဇဝိသာရဒေါ၊ လေးပါးသော ဝေသာရဇ္ဇဂုဏ်ဖြင့် ကြောက်တုန်ထိတ်လန့်ခြင်း ကင်းတော်မူထသော။	ဗုဒ္ဓတ္တ အာသဝက္ခယ အန္တရာယိက နိယျာနိက ဤ လေးပါးသောအရာတို့၌တစုံတယောက်မျှ မလှုပ် မကြွနိုင်သော တည်တံ့ခြင်း

စာမျက်နှာ	စာကြောင်း	ပါဠိပုဒ်နှင့်ယခုအနက်	ရှေးအနက်
			ရှိသည်ဖြစ်၍ လေးပါးသောဝေသာရဇ္ဇဂုဏ်ဖြင့် ကြောက်တုန် ထိတ်လန့်ခြင်းကင်းတော် မူထသော။
၅	၁၈	သမန္တစက္ခု၊ အလုံးစုံသော ဉေယျ တရားတို့ကို ထက်ဝန်းကျင်မြင်စွမ်းနိုင်သော သဗ္ဗညုတဉာဏ် မျက်စိရှိတော်မူထသော။	အလုံးစုံသော ဉေယျတရားတို့ကိုထက်ဝန်းကျင် ကုန်အောင် စုံသော သဘော လက္ခဏာ အခြင်းအရာ အဖို့အစုဖြင့် စေ့ငုကျနု တွေးဆ လွှတ်ကင်းလင်းလင်းမြင်မြော်အာနုဘော် ကြီးမား၍ ဘုရားတို့သာ သုံးဆောင် ရာသော ဉာဏ်တော် မျက်စိရှိတော်မူထသော။
၆	၁၄	နာဓိဂစ္ဆန္တိ၊ မရောက် နိုင်ကြကုန်။	အကြောင်းတရားသွားရာလမ်း ရိုးကိုမသိသည်ဖြစ်၍ မိမိတို့ရှယ်တိုင်းမရောက်နိုင်ကြကုန်။

အရေးကြီး၍ လိုအပ်သော အနက်အချို့ကိုမူ လက်သည်းကွင်းဖြင့် ပိုင်းခြား၍ ထားမြဲထားစေပါသည်။ အကျိုးမှာ-သဒ္ဒါနက်အတိုချုပ်မျှ အလို

ရှိသူတို့အတွက် ထိုလက်သည်းကွင်းအတွင်းရှိ အနက်များကို မဖတ်တော့ပဲ ခုန်ကျော်၍ ဖတ်ယူနိုင်သဖြင့် အချိန်မဖင့်ခြင်း အကျိုးလည်းရှိနိုင်ပါသည်၊ သဒ္ဒါနက်မျှဖြင့် အဓိပ္ပါယ်မပေါ်သော သူတို့အတွက် ထိုလက်သည်းကွင်း အတွင်းရှိ အနက်ပိုများနှင့် ဆက်စပ်ယူခြင်းဖြင့် ပြည့်စုံသော အဓိပ္ပါယ်ကို နားလည်ခြင်း အကျိုးလည်းရှိနိုင်ပါသည်။ ထိုပြင် ပြည်မူ နိဿယဟောင်း ကြီးကို နောင်ကာလမှာ ထပ်မံ၍ ပုံမနှိပ်နိုင်ငြားသော်လည်း အထူးသဖြင့် အကျိုးများစေနိုင်သည့် ထိုအနက်များ မကွယ်မပျောက်ခြင်း အကျိုး လည်း ရှိနိုင်ပါသည်။

(၆) ယခုခေတ်၌ သုံးလေ့မရှိသော သို့မဟုတ် အသုံးနည်းသော ရှေး ဝေါဟာရများကို ယခုခေတ်သုံး ဝေါဟာရနှင့် အများအားဖြင့် လဲလှယ် စေပါသည်။ ၎င်းတို့မှာ အောက်ပါ ဝေါဟာရမျိုးပင်ဖြစ်သည်။

စာမျက်နှာ	စာကြောင်း	ပါဠိပုဒ်နှင့်ယခုအနက်	ရှေးအနက်
၃	၃	ဂေါတမ၊ အရှင်ဂေါတမ။	သခင်ဂေါတမ။
၅	၃	သဗ္ဗမေ့မေသု၊ အလုံးစုံသော ဥ ယျာတရားတို့၌။	ကုန်အောင် စုံသော ဥ ယျာတရားတို့၌။
၂၂	၂၁	ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။	ဖြစ်၏သို့။
၂၅	၂၀	ယဒိ ခတ္တိယပရိသံ၊ မင်းပရိသတ်သို့သော်၎င်း။	စိုးမင်းပရိသတ် သို့ မူလည်း။
၅၀	၁-၂	ထေရေ ဘိက္ခူ၊ ထေရ်ကြီး ဝါကြီးရဟန်းတို့ကို။	ထေရ်ကြီး ဝါကြီး သခင်တို့ကို။
၅၀	၄	ကိဥ္စာပိ နတ္ထိ၊ အကယ်၍ကား မရှိပေ။	အကယ်၍ကား မရှိ ၏ရှင့်။
၉၃	၂၁	အနုရက္ခမာနကာ၊အစဉ်စောင့်ရှောက်ရှာကုန်သည်။	သနားစရာ အစဉ် စောင့်ရှောက် ကုန် သည်။
၁၀၂	၂၁	ဗြူဟိ၊ ဟောတော်မူပါလော့။	ဟောဘိလသေား။
၁၀၅	၈	ဝဝတ္ထာနံ၊ ခွဲခြားခြင်းကို။	ခွဲခြား၍ဝေခြင်းကို။

စာမျက်နှာ	စာကြောင်း	ပါဠိပုဒ်နှင့် ယခုနက်	ရှေးအနက်
၁၂၅	၂၁	တော်၊ ဤသေခါနီး၌ လောကုတ္တရာ တရားကို လျှင်စွာဖြစ်စေခြင်း သည်ကား။	သေခါနီး တျား တျား အားမကြိုး မကုတ် ချက်တဖြုတ် လျှင် လောကုတ္တရာ တရားကိုဖြစ်စေခြင်း သည်ကား။
၁၂၇	၂၃	အဟော ဒုက္ခာတိ၊ ဩြ ဆင်းရဲကုန်စွဟူ၍။	ဆင်း ရဲ ကုန် စွ ဩ ဟူ၍။
၁၃၄	၂၅	ဒွယံဒွယသမာပတ္တိံ၊ နှစ် ယောက် နှစ်ယောက်တို့ သည်....	ရှဉ်းစုံတို့သည်....

သို့ရာတွင် ထိုသို့သော ရှေးခေတ်သုံး ဝေါဟာရအချို့ကို လုံးဝ ပျောက်ကွယ်မသွားစေရန်အတွက် သူ့ဆိုင်ရာပါဠိနှင့် ဆက်စပ်လျက် သိသာ ထင်ရှားသော အချို့အရာ၌ တပုဒ်တလေ ခြွင်းချန်ထားသည်လည်း ရှိသေး၏။

(၇) တိမ်းပါးချွတ်ယွင်းနေသော အရာများမှာ ပြည်မူ ဝိသုဒ္ဓိမဂ် နိဿယဟောင်း၌လည်း အလွန်ပင် နည်းပါးလှပေသည်၊ ထိုအနည်းငယ် ချွတ်ယွင်းချက်များမှာလည်း အနက်အဓိပ္ပါယ် ပျက်လောက်အောင် မကြီးကျယ်လှပဲ အသေးအဖွဲ့မျှသာ ဖြစ်ပေသည်၊ ၎င်းတို့မှာလည်း အဆင့်ဆင့် ရေးကူးရာ ပုံနှိပ်ရာ၌ ချွတ်ယွင်းခဲ့ခြင်းနှင့် မူရင်းစာကိုယ်ဋီကာတို့၏ ကွဲပြားခြင်းတို့အတွက်သာ များပေသည်။ အနည်းငယ် ထုတ်ပြရလျှင်....

စာမျက်နှာ	စာကြောင်း	ယခုပြင်ချက်	မူဟောင်း
၁၁	၂၆	နရဟူ၍၎င်း ဘိက္ခုဟူ၍၎င်း	နရဟူ၍၎င်း
၁၂	၁၅	သုံးပါးသော သီသမဓမ္မဖြင့်	သုံးပါးသော သီလဖြင့်

စာမျက်နှာ	စာကြောင်း	ယခုပြင်ချက်	မူဟောင်း
၂၃	၅	သီလဿ၊ ၏။	သီလဿာပိ၊ ၏ လည်း။
၂၄	၁၆	ပါဏီနံ၊ ထွက်သက် ဝင်သက် ရှိ ကုန် သော။ ဝါ၊ ဇီဝိတိန္ဒြေရှိကုန်သော။	ပါဏီနံ၊ ပါဏ ဟု ဆိုအပ်ကုန်သော။
၄၄	၉	ဝတ္တဗ္ဗံ၊ ၏။	ဝုတ္တံ၊ ၏။
၁၇၆	၁၄	ဘောဇနံ ဝါ၊ ဘောဇဉ်သည် မူလည်း။	ဘောဇနံ ဝါ၊ စားခြင်းသည် မူလည်း။
၁၈၃	၂၉	အိမ်တကာ၏	အိမ်တံခါး၏

ဤသို့ စသည်များပင် ဖြစ်သည်။ စာမျက်နှာ ၁၄၄၊ ၁၆၀၊ ၂၁၀၊ ၂၄၂၊ ၄၁၃-တို့၏ အောက်ခြေ မှတ်ချက်များကိုလည်း ကြည့်ရှု သုံးသပ်နိုင်ပါသည်။

ထိုပြင် ပြည်မူ နိဿယဟောင်း၌ အနှောင့်အယှက်ဖြစ်စေသော အချက်များမှာ ပါဠိပုဒ်၏ အချို့အက္ခရာများကို ပေယျာလဖြင့် မြှုပ်ထားခြင်းနှင့် အချို့ပုဒ်နက်များကို မဖော်ပြခြင်းများ ဖြစ်လေသည်။ ထိုတွင် မြှုပ်ထားသော ပါဠိပုဒ်တို့ကို အကုန်ဖော်လိုက်ရမည်ဆိုလျှင် စာမျက်နှာများ၏ စာအုပ်ကြီးလာဖွယ်ရှိသောကြောင့်ရင်း, ဝိသုဒ္ဓိမဂ်ပါဠိ စာကိုယ်နှင့် တိုက်ဆိုင်ကြည့်ပါမှ အပြည့်အစုံ နားလည်မည်ဖြစ်သောကြောင့်ရင်း, ထိုသို့ တိုက်ဆိုင်ကြည့်ပါက မြှုပ်ထားသော ထိုပုဒ်များကို အလွယ်တကူနှင့်ပင် သိနိုင်သောကြောင့်ရင်း ရှည်သောပုဒ်များကို အပြည့်အစုံ မဖော်ပြတော့ပဲ ပေယျာလသင်္ကေတနှင့် ညီမျှသော အက္ခရာ သုံးလေးလုံးခန့်မျှအထိသာ ဖော်စေပါသည်။

ဖော်ပြမထားသော ပုဒ်နက်များအတွက်မှာမူ ပါဠိ၌ အတော်အသင့် လေ့လာဘူးသော ပုဂ္ဂိုလ်တို့သည် အလွယ်တကူပင် သိနိုင်သောကြောင့်ရင်း, ထိုအနက်တို့ကို အကုန်ဖော်လိုက်မည်ဆိုလျှင် ထက်ဝက်ခန့်စာအုပ်ပမာဏ ကြီးလာဖွယ်ရှိသောကြောင့်ရင်း အပြည့်အစုံ မဖော်တော့ပဲ စာ

မျက်နှာ ၁၀၀ ကျော်အတွင်းမှ ထိုမြှုပ်ထားသောပုဒ်နှင့် အနက်တို့ကို ပါဠိပုဒ်၏ အက္ခရာစဉ်ဖြင့် ဤစာအုပ်၏ အဆုံးအပိုင်း၌ သီးခြားဖော်ပြထားပါသည်။ ပါဠိအရာ၌ သုတ မပြည့်စုံသေးသော ပုဂ္ဂိုလ်တို့သည် ထို အက္ခရာစဉ်အနက်နှင့် တိုက်ဆိုင်၍ ကြည့်ရှုလေ့လာခြင်းဖြင့် သုတပြည့်စုံလျက် နိဿယ၌မြှုပ်ထားသော နောက်ပိုင်းအနက်တို့ကို ဖော်ထုတ်နိုင်လိမ့်မည်ဟု မြော်လင့်ပါသည်။

ထို့ပြင် ထပ်မံ၍ အဆုံးအဖြတ် အမှာ အထား ထည့်သွင်းသည့် အရာဌာနများ၌လည်း မှတ်ချက်အဖြစ်ဖြင့် အောက်ခြေ၌ ထပ်မံ၍ ထည့်သွင်းဖော်ပြစေပါသည်။ ထိုမှတ်ချက်၏ အဆုံး၌ (ဆဋ္ဌသံဂီတိ သောဓက)ဟူ၍ ၎င်း, အတိုချုပ်အားဖြင့် (ဆ-သံ-သော) ဟူ၍၎င်း ဤသို့လည်း ဖော်ပြစေပါသည်။

ထို့ပြင် စာကြည့်ရာ၌ ရှင်းလင်းလွယ်ကူစေရန်အလို့ငှါ ဝိသုဒ္ဓိမဂ်စာကိုယ်ပါဌ်နှင့်အညီ စာပိုဒ်ခွဲခြင်း, စာပိုဒ်နံပါတ် ဂဏန်းကို ပြခြင်း, ပါဠိပုဒ်မြန်မာပုဒ်တို့ကို အသီးအသီး ခွဲခြားထားခြင်း, မူလပုဒ်ရင်းနှင့် အတ္ထသံဝဏ္ဏနာပုဒ်တို့ကို (ဟိုက်ဖင်ခေါ်) ဒက်ကြောင်းအတိုဖြင့် ခွဲခြားပြခြင်း စသည်တို့ကိုလည်း ပြုစေပါသည်။ ထိုသို့ ဒက်ကြောင်းတိုဖြင့် ပြရာ၌ ဒက်ကြောင်း၏ ရှေ့ပုဒ်ကို မူလရင်း ပုဒ်ဟူ၍၎င်း, နောက်ပုဒ်စုကို နိဿယဆရာတော်၏ အနက်အဖွင့်ဟူ၍၎င်း မှတ်ရာ၏။ ဥပမာ-(နှာ ၃၊ ကြောင်း ၁၂-၌) ဝိဇဋ္ဋေ-ဝိဇဋ္ဋေယျ-ဟု ဆိုရာတွင် ဝိဇဋ္ဋေ-ကား မူလရင်း ပုဒ်တည်း၊ ဝိဇဋ္ဋေယျ-ကား အဖွင့်ပုဒ်တည်း။ ကြောင်း ၁၉-၂၀-တို့၌ ဟိ-ကသ္မာ၊ ဟိ-တံ ပါကဋံ ကရောမိ-ဟူရာတို့တွင်လည်း ဟိ-ကား မူလရင်းပုဒ်၊ ကသ္မာ နှင့် တံ ပါကဋံ ကရောမိ-တို့ကား အဖွင့်ပုဒ်များတည်း။

ထို့ပြင် နိဿယ၌ ရောက်ရာပုဒ်ပါဌ်တို့ကို အလွယ်တကူရှာ၍ တွေ့နိုင်စေရန်အလို့ငှါ အထက်ခေါင်းစီး၏ နောက်၌ စာမျက်နှာနံပါတ်နှင့် စာကြောင်း ဂဏန်းများကိုလည်း ပြစေပါသည်။ ဥပမာ-နှာ ၄-ခေါင်းစီး၏ နောက်၌ (၁-၁၁)ဟု ပြထားသည်။ ၎င်းဖြင့် ဤနိဿယ ဤစာမျက်နှာ၌ ရောက်ဆဲ အစပုဒ်ပါဌ်ကို ဝိသုဒ္ဓိမဂ်ပါဌ်တွင် စာမျက်နှာ ၁-စာကြောင်း ၁၁-ဖြစ်သည်ဟု သိစေ၏။ နှာ ၅-ခေါင်းစီး၏ နောက်၌ ပြထားသော

(၂-ဂ)ဖြင့်လည်း ထိုမျက်နှာ၌ ဝဏ္ဏယန္တော-ဟူသော အဆုံးပုဒ်ကို ဝိသုဒ္ဓိမဂ်ပါဠိတွင် နှာ ၂-စာကြောင်း ဂ-ဖြစ်သည်ဟု သိစေ၏။

ယခု ပြဆိုခဲ့သည့်အတိုင်း ပြည်မူ နိဿယဟောင်းကြီးကို ကောင်းသည်ထက် ကောင်းအောင် စွမ်းနိုင်သမျှ ပြုပြင်မွန်းမံကြပြီးလျှင် ဗုဒ္ဓသာသနအဖွဲ့ ပုံနှိပ်တိုက်၌ ပုံနှိပ်စေကြပါသည်။ ပုံနှိပ်သောအခါ၌လည်း နောက်ဆုံးပရုကို ဩသာနသောဓကအဖွဲ့က ထပ်မံ၍ စစ်ဆေးသုတ်သင် အပြီးသတ်ပြင်ဆင်၍ အချောပုံနှိပ်စေကြပါသည်။

ထိုသို့ အစွမ်းကုန်ကြိုးစား၍ ပြင်ဆင်ကြသော်လည်း မမြော်လင့်ပဲ တွေ့ရသော အခက်အခဲတခုမှာ မိုနိုစာလုံးစီစက်ဖြင့် စီသော စပ်စာလုံးများမှ အစိတ်အပိုင်းအချို့၏ ပုံနှိပ်နေစဉ်တွင် ကျွတ်ကျခြင်း ပြုတ်ထွက်ခြင်းပင်ဖြစ်ပါသည်။ ဥပမာ-(ထို)ဟူသော စာလုံးမှ လုံးကြီးတင် ပြုတ်သွားလျှင် (ထု)ဟု ဖြစ်နေပါသည်၊ တချောင်းငင် ပြုတ်သွားလျှင် (ထိ)ဟု ဖြစ်နေပါသည်။ ၎င်း ၂-မျိုးလုံး ပြုတ်သွားလျှင် (ထ)ဟူ၍သာ ဖြစ်နေပါတော့သည်။ ထိုသို့ အက္ခရာအစိတ်အပိုင်းများ ပြုတ်၍ မှားယွင်းနေသည်တို့ကိုလည်း တွေ့ရသမျှအတွက် အမှားအမှန် ပြင်ဆင်ချက် ပြထားပါသည်။ သို့ရာတွင် စစ်ဆေးကြည့်ရှုရသော စာဖောင်၌ မှန်နေသော်လည်း အခြားဖောင်များ၌ အက္ခရာအစိတ်အပိုင်းပြုတ်၍ မှားနေတတ်ပြန်ပါသည်။ သို့ဖြစ်၍ ထိုကဲ့သို့ မှားနေသည်ကိုတွေ့ရပါက မိမိတို့ဉာဏ်အားဖြင့် စဉ်းစားဆင်ခြင်၍ ပြင်ဆင် ဖတ်ရှုကြစေလိုပါသည်။

သာသနာ ၂၅၀၀-ခု၊	နိဿယဝိသောဓကနှင့်
ကောဇာ ၁၃၂၆-ခု၊	ဩသာနသောဓကဆရာတော်များ

ဝိသုဒ္ဓိမဂ် နိဿယ

(ပဌမတွဲ)

မှတ်သားဖွယ်ရာ မာတိကာ

ဦးရေ | အကြောင်းအရာ | စာမျက်နှာ

နိဒါနာဒိကထာ

၁။ ဝိသုဒ္ဓိမဂ်၏ မှီရာဖြစ်သော သဂါထာဝဂ္ဂသံယုတ် ပါဠိတော်, ဒေဝတာသံယုတ်, သတ္တိဝဂ်, ဇဋာသုတ်၌ လာသော "သီလေ ပတိဋ္ဌာယ" စသော ဂါထာ ၁

၂။ မထင်ရှားသော နတ်သားတယောက်သည် ဘုရားရှင်အား လျှောက်ထားအပ်သော အထက်ပါ ဇဋာသုတ်၌ လာသည့် "အန္တောဇဋာ" စသောဂါထာနှင့် ၎င်း၏ အဖွင့် ၃

၃။ "သီလေ ပတိဋ္ဌာယ"စသောဂါထာကိုမှီ၍ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်း လမ်းမှန်ကို ပြဆိုရာဖြစ်သော ဝိသုဒ္ဓိမဂ် ကျမ်းကိုရေးသားရန် အရှင်မဟာဗုဒ္ဓဃောသထေရ် ဝန်ခံခြင်း ၆

၄။ ဝိသုဒ္ဓိမဂ္ဂ-ပုဒ်၏ အနက်အဓိပ္ပါယ် အမျိုးမျိုးကို ဖွင့်ပြခြင်း ၆

၅။ "သီလေ ပတိဋ္ဌာယ" စသောဂါထာ၏ အကျဉ်းချုပ် အဖွင့် ၉

၆။ "သီလေ ပတိဋ္ဌာယ" စသောဂါထာ၌ သီလ, သမာဓိ, ပညာကိုပဓာနပြု၍ နိဗ္ဗာန်ရောက်ကြောင်း လမ်းမှန်ကို ဘုရားရှင်ဟောတော်မူကြောင်း ပြဆိုပုံ ၁၁

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၇။	သီလ, သမာဓိ, ပညာ သုံးပါးနှင့်စပ်၍ သိက္ခာတိက် စသောတိက်ကိုးပါးနှင့် အခြားသော ဂုဏတိက် စသည်တို့ကို အကျယ်ပြဆိုခြင်း	၁၂
၈။	သီလ, သမာဓိ, ပညာတို့ဖြင့် အစ, အလယ်, အဆုံး ကောင်းခြင်း သုံးတန်ကို ဝေဖန်ပြဆိုပုံ	၁၃
၉။	သီလ, သမာဓိ, ပညာတို့သည် ဝိဇ္ဇာသုံးပါး, အဘိညာဉ် ခြောက်ပါး, ပဋိသမ္ဘိဒါ လေးပါးတို့ကို ရခြင်း၏ အားကြီးသော အကြောင်း ဖြစ်ပုံ	၁၅
၁၀။	သီလဖြင့် ကာမဂုဏ်ချမ်းသာ ခံစားမှုကို ကြဉ်ခြင်း, သမာဓိဖြင့် ကိုယ်ပင်ပန်းအောင် ကျင့်ကြံမှုကိုကြဉ်ခြင်း, ပညာဖြင့် မဇ္ဈိမပဋိပဒါ ကျင့်စဉ်အတိုင်း ကျင့်ကြံအားထုတ်ခြင်းကို ပြဆိုပုံ	၁၅
၁၁။	သီလ, သမာဓိ, ပညာတို့ဖြင့် အပါယ်ဘုံ, ကာမဘုံ, ကာမဘဝ စသော ဘဝတို့ကို လွန်နိုင်ခြင်းကို ပြဆိုပုံ....	၁၅
၁၂။	သီလ, သမာဓိ, ပညာတို့သည် ဝိတိက္ကမ, ပရိယုဋ္ဌာန, အနုသယကိလေသာတို့၏ ဆန့်ကျင်ဖက်ဖြစ်ကြောင်း ပြဆိုပုံ....	၁၆
၁၃။	သီလ, သမာဓိ, ပညာတို့ဖြင့် ဒုစ္စရိတ, တဏှာ, ဒိဋ္ဌိ ဟူသော အညစ်အကြေးတို့ကို သုတ်သင်ဖွပ်လျှော်နိုင်ပုံ	၁၆
၁၄။	သီလသည် သောတာပတ္တိဖိုလ်, သကဒါဂါမိဖိုလ်၊ သမာဓိသည် အနာဂါမိဖိုလ်၊ ပညာသည် အရဟတ္တဖိုလ်ကို ရခြင်း၏ အကြောင်းဖြစ်ပုံ	၁၇

ဦးရေ	အကြောင်းအရာ	စာမျက်နှာ

၁-သီလနိဒ္ဒေသ

သီလသရူပါဒိကထာ

၁၅။ သီလ, သမာဓိ, ပညာ သုံးပါးတို့တွင် သီလနှင့် စပ်၍ အဘယ်သဘောတရားသည် သီလမည်သနည်း, အဘယ် အနက်သဘောကြောင့် သီလမည်သနည်း စသော အမေးပုစ္ဆာ (၇)မျိုးတို့ကို ထုတ်ပြခြင်း ၁၈

၁၆။ **စေတနာသီလ, စေတသိကသီလ, သံဝရသီလ, အဝီတိက္ကမသီလ** လေးပါးတို့၏ သဘောသရုပ်ကို ထုတ်ပြခြင်း ၁၉

၁၇။ သံဝရသီလနှင့်စပ်၍ **ပါတိမောက္ခသံဝရ, သတိသံဝရ, ဉာဏသံဝရ, ခန္တိသံဝရ, ဝီရိယသံဝရ** အားဖြင့် သံဝရ ငါးမျိုး၏ အဓိပ္ပါယ်ကိုပြဆိုခြင်း ၁၉

၁၈။ အဝီတိက္ကမသီလ၏အဓိပ္ပါယ်ကို ဖွင့်ပြခြင်း ၂၁

၁၉။ ကာယကံ, ဝစီကံ တို့ကို ကောင်းစွာ ထိန်းသိမ်းခြင်း, ကုသိုလ်တရားတို့၏ တည်ရာဖြစ်ခြင်းဟူသော သီလန အနက်သဘောကြောင့် သီလမည်ပုံ ၂၁

၂၀။ သီလ၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် ၂၂

သီလာနိသံသကထာ

၂၁။ သီလကြောင့် နှလုံးစိတ်ဝမ်း ရွှင်လန်း ကြည်နူးခြင်း စသော အကျိုးများရနိုင်ပုံ ၂၄

၂၂။ သီလနှင့် ပြည့်စုံသောသူအား စည်းစိမ် များစွာရခြင်း, ကောင်းသောသတင်း ကျော်စောခြင်း, ပရိသတ် လေးပါးသို့ ရဲရင့်စွာ ချဉ်းကပ်နိုင်ခြင်း, မတွေမဝေ သေရခြင်း, သေပြီးနောက် နတ်ပြည်သို့ရောက်ရခြင်းဟူသော အကျိုးငါးပါးရပုံ ၂၅

ဦးရေ အကြောင်းအရာ စာမျက်နှာ

၂၃။ သီလသည် သီတင်းသုံးဖော်တို့ ချစ်ခင်မြတ်နိုးခြင်း အစ အရဟတ္တမဂ် အဆုံးရှိသော များစွာသော အကျိုးတို့ကို ရစေနိုင်ပုံ ၂၆

သီလပ္ပဘေဒကထာ

၂၄။ သီလသည် ကာယကံ,ဝစီကံတို့ကို ကောင်းစွာထိန်းသိမ်းခြင်း သဘောအားဖြင့် တပါးတည်းသာဖြစ်သော်လည်း စာရိတ္တ, ဝါရိတ္တသီလစသော အားဖြင့် နှစ်ပါး၊ ဟီန, မဇ္ဈိမ, ပဏီတသီလစသော အားဖြင့် သုံးပါး၊ ဟာန-ဘာဂိယသီလစသော အားဖြင့် လေးပါး၊ ပရိယန္တပါရိ-သုဒ္ဓိသီလစသောအားဖြင့် ငါးပါးစသည်ကွဲပြားပုံ ၂၉

၂၅။ ဘုရားရှင် ပညတ်တော်မူအပ်သော သိက္ခာပဒ သီလကို ဖြည့်ကျင့်ခြင်းဟူသော **စာရိတ္တသီလ**, ဘုရားရှင် ပယ်တော်မူအပ်သော ဒုစရိုက်ကို ရှောင်ကြဉ်ခြင်းဟူသော **ဝါရိတ္တသီလ**တို့ကို ပြဆိုခြင်း ၃၀

၂၆။ **အာဇီဝဋ္ဌမကသီလ**သည် **အာဒိဗြဟ္မစရိယကသီလ** မည်ပုံနှင့် ကြွင်း သီလများသည် **အာဘိသမာစာရိကသီလ** မည်ပုံ ၃၂

၂၇။ ခုဒ္ဒါနုခုဒ္ဒက သိက္ခာပဒသီလသည် **အာဘိသမာစာရိကသီလ**မည်ကြောင်း၊ ကြွင်းသော မဟန္တာမဟန္တ သိက္ခာ-ပဒသီလသည် **အာဒိဗြဟ္မစရိယကသီလ** မည်ကြောင်း စသည်အားဖြင့် တနည်းဖွင့်ပြခြင်း ၃၂

၂၈။ ပါဏာတိပါတ အစရှိသည်တို့မှ ရှောင်ကြဉ်ခြင်းသည် **ဝိရတိသီလ**မည်၍ ကြွင်းသော စေတနာ စသော သီလသည် **အဝိရတိသီလ**မည်ပုံ ၃၃

၂၉။ တဏှာ, ဒိဋ္ဌိဟူသော မှီရာရှိသော **နိဿိတသီလ** နှင့် လောကုတ္တရာသီလ, ဝိဝဋ္ဋူပနိဿယသီလ ဟူသော **အနိဿိတသီလ**တို့ကို ပြဆိုပုံ ၃၃

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၃၀။	ကာလပိုင်းခြား၍ ဆောက်တည်အပ်သော **ကာလပရိယန္တသီလ**, အသက်ထက်ဆုံး ဆောက်တည်အပ်သော **အာပါဏကောဋိကသီလ** နှစ်ပါးကို ဖွင့်ပြခြင်း	၃၄
၃၁။	လာဘ်, အခြံအရံ, ဆွေမျိုးစသည်ကိုငဲ့၍ ဆောက်တည်သဖြင့် အဆုံး အပိုင်းအခြားရှိသော **သပရိယန္တသီလ**, ထိုလာဘ်စသည်ကို မငဲ့ပဲ ဆောက်တည်သဖြင့် အဆုံး အပိုင်းအခြား မရှိသော **အပရိယန္တသီလ** နှစ်ပါးကို သာဓကနှင့်တကွ ဖွင့်ပြခြင်း	၃၄
၃၂။	အာသဝေါတရား၏ အာရုံဖြစ်သော **လောကိယသီလ**, အာသဝေါတရား၏ အာရုံမဟုတ်သော **လောကုတ္တရာသီလ** နှစ်ပါးကို အကျယ်ဖွင့်ပြခြင်း	၃၅
၃၃။	**ဟီန,မဇ္ဈိမ,ပဏီတသီလ**သုံးမျိုးကို အကျယ်ဖွင့်ပြခြင်း	၃၆
၃၄။	မိမိကိုယ်ကို အလေးဂရုပြုသဖြင့် ဆောက်တည်အပ်သော **အတ္တာဓိပတေယျသီလ**, လောကကို အလေးဂရုပြုသဖြင့် ဆောက်တည်အပ်သော **လောကာဓိပတေယျသီလ**, တရားတော်ကို အလေးဂရုပြုသဖြင့် ဆောက်တည်အပ်သော **ဓမ္မာဓိပတေယျသီလ**တို့ကို အကျယ်ပြခြင်း	၃၈
၃၅။	တဏှာဒိဋ္ဌိတို့သည် ဖျက်ဆီးသောအားဖြင့် သုံးသပ်အပ်သော **ပရာမဋ္ဌသီလ**, တဏှာဒိဋ္ဌိတို့သည် ဖျက်ဆီးသော အားဖြင့် မသုံးသပ်အပ်သော **အပရာမဋ္ဌသီလ**, ဖိုလ်နှင့် ယှဉ်သဖြင့် ကိလေသာ အပူမီး ငြိမ်းအေးပြီးသော **ပဋိပ္ပဿဒ္ဓသီလ**တို့ကို ဖွင့်ပြခြင်း	၃၈
၃၆။	အာပတ်မသင့်အောင် စောင့်စည်း ထိန်းသိမ်းခြင်း ကြောင့်ဖြစ်စေ, သင့်ပြီးသော်လည်း ကုစားပြီးခြင်း ကြောင့်ဖြစ်စေ စင်ကြယ်သော **ဝိသုဒ္ဓသီလ**, အာပတ် သင့်လျက် မကုစားခြင်းကြောင့် မစင်ကြယ်သော **အဝိသုဒ္ဓသီလ**, ဝတ္ထု, အာပတ်, အဇ္ဈာစာရတို့၌ ယုံမှား ရှိသော **ဝေမတိကသီလ**တို့ကို အကျယ်ပြခြင်း	၃၈

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၃၇။	အရိယမဂ်လေးပါး, အောက်ဖိုလ်သုံးပါးတို့နှင့်ယှဉ်သော သေက္ခသီလ,အရဟတ္တဖိုလ်နှင့်ယှဉ်သော **အသေက္ခသီလ**, လောကီသီလ ဟူသော **နေဝသေက္ခနာသေက္ခသီလ** တို့ကို ပြဆိုခြင်း	၃၉
၃၈။	ဆုတ်ယုတ်သော အဖို့ရှိသော **ဟာနဘာဂိယသီလ**, မတိုးပွါးပဲ ရပ်တည်သော အဖို့ရှိသော **ဌိတိဘာဂိယ သီလ**, ထူးသော အဖို့ရှိသော **ဝိသေသဘာဂိယသီလ**, အကုသိုလ်တုံးကိုဖောက်ခွဲဖျက်ဆီးရာ နိဗ္ဗာန်အဖို့ရှိသော **နိဗ္ဗေဓဘာဂိယသီလ**တို့ကို ဖွင့်ပြခြင်း	၄၀
၃၉။	**ဘိက္ခုသီလ, ဘိက္ခုနီသီလ, အနုပသမ္ပန္နသီလ, ဂဟဋ္ဌ-သီလ**တို့ကို ခွဲခြားပြဆိုခြင်း	၄၁
၄၀။	မည်သည့်အခါမှ မလွန်ကျူးသဖြင့် ပကတိအားဖြင့်ပင် ပြည့်စုံနေသော မြောက်ကျွန်းသားတို့၏ **ပကတိသီလ**၊ အမျိုးအနွယ်, အရပ်ဒေသ, အယူဝါဒအလိုက် ထိုက်သလို ကျင့်သုံးရသော **အာစာရသီလ**, သဘာဝအလျောက် ယောကျ်ားတပါးတို့၌ ဖောက်ပြားလိုစိတ် မရှိသော ဘုရားလောင်းမယ်တော်၏ **ဓမ္မတာသီလ**၊ အရှင်မဟာ-ကဿပစသော စင်ကြယ်သောသူတို့၏ သီလကဲ့သို့ရင်း, ဘုရားအလောင်းတော်တို့၏ သီလကဲ့သို့ရင်း ရှေး အကြောင်းကြောင့်ဖြစ်သော **ပုဗ္ဗဟေတုကသီလ**တို့ကို ပြဆိုခြင်း	၄၂
၄၁။	**ပါတိမောက္ခသံဝရ, ဣန္ဒြိယသံဝရ, အာဇီဝပါရိသုဒ္ဓိ, ပစ္စယသန္နိဿိတ**သီလလေးမျိုးတို့၏ သဘောကို ဆိုင်ရာ ဘုရားဟောပါဠိတော်တို့ဖြင့် ကိုးကား၍ ပြဆိုခြင်း	၄၃

ဦးရေ အကြောင်းအရာ စာမျက်နှာ

ပါတိမောက္ခသံဝရသီလ

၄၂။ **ပါတိမောက္ခ, ပါတိမောက္ခသံဝရ, ပါတိမောက္ခသံဝရ-သံဝုတတို့၏** အဓိပ္ပါယ်ကို ပြဆိုခြင်း ၄၅

၄၃။ အာစာရ, အနာစာရ, ဂေါစရ, အဂေါစရတို့၏ သဘောကို ဝိဘင်း ပါဠိတော်မှ ထုတ်ဆောင်၍ ပြဆိုခြင်း ၄၆

၄၄။ ကာယဒုစရိုက် သုံးပါး, ဝစီဒုစရိုက် လေးပါးတို့သည် အကျင့်ယုတ် (အနာစာရ)မည်ပုံကို ပြဆိုခြင်း ၄၆

၄၅။ ဒါယကာတို့ထံမှ လာဘ်ကိုမြှော်၍ သစ်, ဝါး, သစ်သီး, သစ်ရွက်, ပန်းမာလ်, ရေမွှေး, ပေါင်ဒါ, သွားပွတ်တန် စသည်ကိုပေးခြင်း၊ မိမိကိုယ်ကို နှိမ့်ချ၍ ဆက်ဆံ ပြောဆိုခြင်း၊အမှန်နည်းပါး အမှားများသောစကားကို ပြောဆိုခြင်း၊ ဒါယကာတို့၏ ကလေးငယ်တို့ကို ထိန်းယ ချီပိုးခြင်း၊ ဒါယကာတို့၏ အစေအပါးခံခြင်းစသော ယုတ်မာသော အသက်မွေးမှုတို့တွင် တမျိုးမျိုးဖြင့် အသက်မွေးခြင်းသည်လည်း အကျင့်ယုတ်(အနာစာရ) မည်ပုံကို ပြဆိုခြင်း ၄၆

၄၆။ ကာယသုစရိုက်သုံးပါး, ဝစီသုစရိုက် လေးပါးတို့သည် အကျင့်မြတ် (အာစာရ)မည်ပုံကို ပြဆိုခြင်း ၄၇

၄၇။ ပျို့, ပဏ်, သူရာ, ပြည့်တန်ဆာ, လင်ကွာ, ရဟန်းမ ဟူသော မကျက်စားအပ်ရာ အရပ်များသို့ သွားလာ ကျက်စားခြင်း၊ မလျော်သော ဆက်ဆံနည်းမျိုးဖြင့် မင်းစိုးရာဇာတို့နှင့်၎င်း, ဘာသာခြားတို့နှင့်၎င်း ရောနှောဆက်ဆံခြင်း၊ သာသနာတော်ကို မကြည်ညိုသဖြင့် အကျိုးစီးပွါးမဲ့ကို ပြုတတ်သူတို့နှင့် ရောနှောဆက်ဆံခြင်း စသည်တို့သည် ကျက်စားခြင်းငှါ မလျောက်ပတ်သောအရာ(အဂေါစရ)မည်ကြောင်း ပြဆိုပုံ ၄၇

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၄၈။	သစ်, ဝါး, သစ်သီး, သစ်ရွက် စသည်တို့ကို ပေးခြင်း စသော ယုတ်မာသော အသက်မွေးမှုကို မပြုခြင်းသည်လည်း အကျင့်မြတ်(**အာစာရ**)မည်ကြောင်း ပြဆိုပုံ	၄၇
၄၉။	ပျို, ပဏ်, သုရာ, ပြည့်တန်ဆာ, လင်ကွာ, ရဟန်းမဟူသော မကျက်စားအပ်ရာ အရပ်များသို့ သွားလာကျက်စားမှု မပြုခြင်း၊ မလျော်သော ဆက်ဆံနည်းမျိုးဖြင့် မင်းစိုးရာဇာတို့နှင့်ငင်း, ဘာသာခြားတို့နှင့်ငင်း ရောနှောဆက်ဆံမှု မပြုခြင်း၊ သာသနာတော်ကို ကြည်ညိုကိုင်းရှိုင်း၍ အကျိုးစီးပွါးကို ဆောင်တတ်သောသူတို့နှင့် ရောနှောဆက်ဆံခြင်း စသည်တို့သည် ကျက်စားခြင်းငှါ လျောက်ပတ်သောအရာ(**ဂေါစရ**)မည်ကြောင်း ပြဆိုပုံ	၄၈
၅၀။	သံဃာ့ အစည်းအဝေး၌ငင်း, ဇရုံးအိမ်၌ငင်း, ရေချိုးဆိပ်၌ငင်း, ရွာတွင်းသို့ဝင်ရာ စသည်၌ငင်း မထေရ်ကြီးတို့ကို ရိုသေလေးစားမှုမရှိပဲ မထေမဲ့မြင် သဘောမျိုးဖြင့် ပြုမူနေထိုင်ခြင်းသည်လည်း ယုတ်သော ကိုယ်အကျင့် (**ကာယိကအနာစာရ**) မည်ကြောင်းကို မဟာနိဒ္ဒေသ ပါဠိတော်လာသည့်အတိုင်း ပြဆိုပုံ	၄၉
၅၁။	သံဃာ့ အစည်းအဝေး၌ မထေရ်ကြီးတို့ကို မပန်ကြားပဲ တရားရွတ်ဆိုခြင်း, ပြဿနာဖြေခြင်း, ပါတိမောက်ပြခြင်း စသည် သည်ငင်း၊ ရွာတွင်းသို့ဝင်သောအခါ အမျိုးသမီးတို့ကို "မည်သည့် အစားအစာရှိသနည်း" စသည်ဖြင့် နှုတ်မစောင့်စည်းပဲ မေးမြန်းပြောဆိုခြင်း သည်ငင်း ယုတ်သော နှုတ်အမူအကျင့် (**ဝါစသိကအနာစာရ**)မည်ကြောင်းကို မဟာနိဒ္ဒေသ ပါဠိတော်လာသည့်အတိုင်း ပြဆိုပုံ	၅၁

ဦးရေ အကြောင်းအရာ စာမျက်နှာ

၅၂။ မြတ်သော ကိုယ်အမူအကျင့်ဟူသော **ကာယိကအာစာရ**၊ မြတ်သော နှုတ်အမူအကျင့်ဟူသော **ဝါစသိကအာစာရ** တို့ကိုမူ ကာယိကအနာစာရ, ဝါစသိကအနာစာရတို့မှ ပြောင်းပြန်အားဖြင့် သိမှတ်ရမည်ဖြစ်ကြောင်း ပြဆိုပုံ ၅၁

၅၃။ ရိုသေနှိမ့်ချ မာန်မာနမရှိခြင်း, အရှက်အကြောက်ရှိခြင်း, ယဉ်ကျေးသေသပ်စွာ ဝတ်ရုံခြင်း, ကြည်ညိုဖွယ်ရာ သွားလာခြင်း, ဣန္ဒြေစောင့်စည်းခြင်း, အလိုနည်းခြင်း, ရောင့်ရဲလွယ်ခြင်း စသည်သည် အကျင့်မြတ် (**အာစာရ**) မည်ကြောင်းကို မဟာနိဒ္ဒေသ အဋ္ဌကထာ လာသည့်အတိုင်းပြဆိုပုံ ၅၁

၅၄။ မိမိမနာကြားဘူးသေးသော တရားစကားတို့ကို ပြောဟောတတ်၍ ယုံမှားသံသယကို ပယ်ဖျောက်ပေးလျက် အယူမှန်ကို ယူစေနိုင်သော မိမိစိတ်ချမ်းသာမှုကို ပြုတတ်သည့် မိတ်ကောင်း ဆွေကောင်းသည် သီလ အစရှိသောဂုဏ်တို့၏ အားကြီးသောအကြောင်း(**ဥပနိဿယဂေါစရ**)မည်ပုံကို မဟာနိဒ္ဒေသ အဋ္ဌကထာ လာသည့်အတိုင်း ပြဆိုခြင်း ၅၂

၅၅။ ရွာတွင်းသို့ဝင်သောအခါ ထက်,အောက်,ဝဲ,ယာ ဘက်ကို မျှမကြည့်ပဲ မျက်လွှာချလျက် သွားလာနေထိုင်ခြင်းသည် စိတ်၏ အစောင့်အရှောက် ဖြစ်သော သတိ (**အာရက္ခဂေါစရ**) မည်ပုံ ၅၃

၅၆။ သတိပဋ္ဌာန် လေးပါးတို့ကို စွဲမြဲစွာ ပွါးများနေထိုင်ခြင်းသည် စိတ်ကို ဖွဲ့ချည်ကြောင်းဖြစ်သော ကမ္မဋ္ဌာန်း (**ဥပနိဗန္ဓဂေါစရ**)မည်ပုံ ၅၃

ဦးရေ အကြောင်းအရာ စာမျက်နှာ

ဣန္ဒြိယသံဝရသီလ

၅၇။ ဣဋ္ဌာရုံ, အနိဋ္ဌာရုံတို့ကို မြင်သည်ရှိသော် ထိုအာရုံတို့၏ ဣဋ္ဌသဘော, အနိဋ္ဌသဘောတို့ကို အာရုံမပြုပဲ မြင်ကာမတ္တမျှသာ စိတ်ကိုထားခြင်းသည် ဣန္ဒြိယသံဝရသီလမည်ပုံ.... .... ၅၅

၅၈။ စေတိယတောင်မှ အနုရာဓမြို့သို့ ဆွမ်းခံကြွလာသော အရှင်မဟာတိဿထေရ်သည် ခင်ပွန်းသည်နှင့် အချင်းများ၍ အိမ်မှဆင်းလာသော အမျိုးသမီး တယောက်၏ ရယ်သံကို ကြားသဖြင့် ထိုအမျိုးသမီး၏ သွားတို့၌ ဣဋ္ဌသဘောကို နှလုံးမသွင်းပဲ အသုဘသညာကို ပွါးသဖြင့် ရဟန္တာဖြစ်ပုံ ၅၆

၅၉။ ရူပါရုံကိုအာရုံပြု၍ စက္ခုဒွါရိကဝီထိ ဖြစ်ပုံ ၅၈

၆၀။ စက္ခုန္ဒြေကို စောင့်စည်းမှု, မစောင့်စည်းမှုသည် ဘဝင်, အာဝဇ္ဇန်း စသည်တို့၏ ကိစ္စမဟုတ်၊ ဇော၏ ကိစ္စသာ ဖြစ်ကြောင်းကို မြို့တံခါးဥပမာဖြင့် ပြဆိုခြင်း ၅၈

အာဇီဝပါရိသုဒ္ဓိသီလ

၆၁။ ရဟန်းတော်တို့၏ အသက်မွေးမှုနှင့်စပ်သော သိက္ခာပုဒ် ခြောက်ပါးကို လွန်ကျူးလျှင် အာဇီဝပါရိသုဒ္ဓိသီလ ပျက်စီးပုံ ၆၀

၆၂။ လာဘ်, အကျော်အစောကို မြှော်ကိုး၍ မိမိ၌မရှိသော သီလစသောဂုဏ်ကို ရှိလေယောင် ဟန်ဆောင်လျက် အံ့ဖွယ်သရဲကို ပြုခြင်း ကုဟနာ၊ ဒါယကာ ဒါယိကာမတို့ကို လောကွတ်စကား ပြောဆိုခြင်း, မြှောက်မြှောက် ပင့်ပင့် ပြောဆိုခြင်းစသော လပနာ၊ မိမိအား လှူချင်လာအောင် အရိပ်အမြွက်ပြ၍ ပြောဆိုခြင်း စသော နေမိတ္တိကတာ၊ မလှူပဲ မနေဝံ့အောင် ဒါယကာတို့ကို

ဦးရေ အကြောင်းအရာ စာမျက်နှာ

ကဲ့ရဲ့ပြစ်တင်ခြင်း, လှူချင်လာအောင် မြှောက်ပင့် ပြောဆိုခြင်း, စကားစောင်းပစ်ခြင်း စသော နိပ္ပေသိကတာ၊ ဒါယကာတဦးထံမှ ရသောလာဘ်ကို အခြား ဒါယကာတဦးအား ပေး၍ လာဘ်ရအောင် ပြုခြင်း ဟူသော **လာဘေနလာဘံနိဇိဂီသနတာ** တို့ကို စျာနဝိဘင်း ပါဠိတော် လာသည့်အတိုင်း အကျယ်ပြဆိုပုံ ၆၁

၆၃။ ဒါယကာတို့က ပစ္စည်းဝတ္ထု တခုခုကို လှူသည်ရှိသော် မိမိကို အလိုနည်းသူ ခြိုးခြံစွာကျင့်သူဟု ဒါယကာတို့ ထင်မြင်၍ အကြည်ညိုတိုးလျက် ပိုမိုများပြားသော ပစ္စည်းဝတ္ထုကို လှူစေလိုသော ရည်ရွယ်ချက်ဖြင့် ထိုမူလလှူရင်း ပစ္စည်းဝတ္ထုကို အလှူမခံ ပယ်လှန်ခြင်းသည် ပစ္စည်းကို သုံးဆောင်မှီဝဲခြင်းနှင့်စပ်သော **ပစ္စယပဋိသေဝန** ကုဟနဝတ္ထု မည်ကြောင်းကို မဟာနိဒ္ဒေသ ပါဠိတော် လာသည့်အတိုင်း အကျယ်ပြဆိုပုံ ၆၅

၆၄။ စျာန် မဂ် ဖိုလ် တရားကို မရရှိပါပဲလျက် မိမိ ရလေသယောင် ဟန်ဆောင်၍ အရိပ်နိမိတ်ပြလျက် ပြောဆိုခြင်း, မိမိနှင့်စပ်သော အခြားရဟန်းတော်များ ရရှိလေသယောင် ဟန်ဆောင်လျက် အရိပ်နိမိတ် ပြ၍ ပြောဆိုခြင်းတို့သည် စျာန်မဂ်ဖိုလ်တရား၏ အနီးအနားသို့ မိမိကိုဆောင်၍ ပြောခြင်း ဟူသော **သာမန္တဇပ္ပန-ကုဟနဝတ္ထု** မည်ကြောင်းကို မဟာနိဒ္ဒေသ ပါဠိတော် လာသည့်အတိုင်း အကျယ်ပြဆိုပုံ ၆၈

၆၅။ မိမိကို သူတပါးတို့ ချီးမွမ်းကြည်ညိုစေလိုသဖြင့် ဖြည်းညှင်းသာယာ ဣန္ဒြေသိက္ခာရှိလေယောင် ဟန်ဆောင်၍ သွားလာခြင်း, သတိသမ္ပဇဉ် မကင်းသယောင် ဟန်ဆောင်၍ သွားလာနေထိုင်ခြင်း စသည်တို့သည် ဣရိ-ယာပုထ်ကို သိမ်သိမ်မွေ့မွေ့ သိမ်းဆည်းပြုပြင်ခြင်း ဟုဆိုအပ်သော **ဣရိယာပထ သန္နိဿိတ** ကုဟနဝတ္ထု မည်

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
	ကြောင်းကို မဟာနိဒ္ဒေသပါဠိတော် လာသည့် အတိုင်း အကျယ်ပြဆိုပုံ	၇၀
၆၆။	ပြဆိုခဲ့ပြီးသော ကုဟနဝတ္ထု သုံးမျိုးတို့၌ ပါဝင်သော ပစ္စယ ပဋိသေဝန သခ်ါတ စသောပုဒ်တို့၏ အသေးစိတ် အနက်ကို ဖွင့်ပြခြင်း....	၇၁
၆၇။	ဒါယကာတို့အား လောကွတ်စကား ပြောဆိုခြင်း, မြှောက်မြှောက်ပင့်ပင့် ပြောဆိုခြင်းဟူသော စကားအရ လောကွတ်စကား ပြောဆိုပုံနှင့် မြှောက်မြှောက်ပင့်ပင့် ပြောဆိုပုံ	၇၂
၆၈။	ဥန္နဟနာ,သမုန္နဟနာ,ဥက္ကာစနာ,သမုက္ကာစနာ ဟူသော ပါဠိတို့အရ ဒါယကာတို့ကို မလှူပဲမနေသာအောင် ချည်နှောင်ချီးမြှောက်၍ အထပ်ထပ်ပြောဆိုပုံ	၇၃
၆၉။	အနုပ္ပိယဘာဏိတာ, စာဋုကမျတာ, မုဂ္ဂသူပျတာ, ပါရိဘဋျတာ ဟူသော ပါဠိတို့အရ ဒါယကာတို့ ကြည်ညိုလာအောင် ချစ်နှစ်သက်ဖွယ်သော စကား, အမှန်နည်းပါး အမှားများသော စကားတို့ကို ပြောဆိုပုံနှင့် မိမိကိုယ်ကို နှိမ့်နှိမ့်ချချ ပြုမူပုံစသည်ကို ပြဆိုခြင်း	၇၄
၇၀။	နိမိတ္တ, နိမိတ္တကမ္မ,ဩဘာသ, ဩဘာသကမ္မ, သာမန္တဇပ္ပ ဟူသော ပါဠိတို့အရ မိမိအား လှူချင်လာအောင် အရိပ်နိမိတ်ပြ၍ ပြောဆိုပုံစသည်ကို ပြဆိုခြင်း	၇၅
၇၁။	မိမိလိုချင်သော ဝတ္ထုပစ္စည်း၏ အနီးအနားပြု၍ ပြောဆိုခြင်း သာမန္တဇပ္ပအရ သာဓကအဖြစ်ဖြင့် ကုလူပကရဟန်းတပါး၏ ဝတ္ထုကို ထုတ်ဆောင်ပြဆိုခြင်း	၇၆
၇၂။	အက္ကောသနာ, ဝမ္ဘနာ, ဂရဟဏာ စသော ပုဒ်တို့ကို အသေးစိတ် ဖွင့်ပြခြင်း	၇၇
၇၃။	လာဘေန လာဘံ နိဇိဂိသနတာ ပါဠိအရ လာဘ်တခုဖြင့် လာဘ်တခုကို ရှာပုံအကျယ်	၇၈

ဦးရေ အကြောင်းအရာ စာမျက်နှာ

၇၄။ ဤပြဆိုအပ်ပြီးသော ယုတ်မာသော အသက်မွေးမှု အလုံးစုံသည်ရင်း၊ ထိုမှတပါးသော ဖြဟ္မဇာလသုတ်၌ လာသည့် အင်္ဂဝိဇ္ဇာအဟော, ဥပါတ်ပုံတော်လဲအဟော, အိပ်မက်တိတ္ထုံအဟော, လက္ခဏာအဟော, ကြွက်ခဲအဟောတို့ဖြင့် အသက်မွေးခြင်းသည်ရင်း၊ မီးဖြင့် ယဇ်ပူဇော်သောအတတ်, ယောက်မဖြင့် ယဇ်ပူဇော်သောအတတ်တို့ဖြင့် အသက်မွေးခြင်းသည်ရင်း ရဟန်းတော်တို့အား မလျောက်ပတ်သော ယုတ်မာသော အသက်မွေးမှု (မိစ္ဆာဇီဝ)များ ဖြစ်၍ ထိုအလုံးစုံမှ ရှောင်ကြဉ်ခြင်းသည် အာဇီဝပါရိသုဒ္ဓိ မည်ကြောင်းကို ပြဆိုခြင်း ၁၀

ပစ္စယသန္နိဿိတသီလ

၇၅။ ပစ္စဝေက္ခဏာ လေးပါးတို့တွင် စီဝရပစ္စဝေက္ခဏာ၌ အအေးအပူကို ပယ်ဖျောက်ခြင်း, မှက်, ခြင်, ယင်, လေ, နေပူ, မြွေ, ကင်း, သန်းတို့၏ ကိုက်ခဲခြင်းအတွေ့တို့ကို ပယ်ဖျောက်ခြင်း, အရှက်အကြောက်ကို ဖျက်ဆီးတတ်သော အင်္ဂါကြီးငယ်ကို ဖုံးလွှမ်းခြင်းဟူသော အကျိုးများအနက် အင်္ဂါကြီးငယ်ကို ဖုံးလွှမ်းခြင်း အကျိုးသည်သာ ကိန်းသေမြဲသော နိယတအကျိုးဖြစ်၍ ကြွင်းသော အကျိုးများမှာ ကိန်းသေမမြဲသော အနိယတအကျိုးဖြစ်ပုံကို ဖွင့်ပြခြင်း ၁၂

၇၆။ ပိဏ္ဍပါတပစ္စဝေက္ခဏာ၌ မောဟပွါးကြောင်း ကစားမြူးတူးခြင်းကို ပယ်ခြင်းငှါ နေဝ ဒဝါယ ပုဒ်ကိုရင်း,ဒေါသပွါးကြောင်း မာန်ယစ်ခြင်းကို ပယ်ခြင်းငှါ န မဒါယ ပုဒ်ကိုရင်း, ရာဂပွါးကြောင်း တန်ဆာဆင်ခြင်းကို ပယ်ခြင်းငှါ န မဏ္ဍနာယ ပုဒ်ကိုရင်း ဘုရားရှင် ဟောတော်မူကြောင်း ပြဆိုပုံ ၁၃

ဦးရေ | အကြောင်းအရာ | စာမျက်နှာ

၇၇။ နေဝ ဒဝါယစသော လေးပုဒ်လုံးတို့ဖြင့် ရဟန်းတော်တို့၏ အကျိုးစီးပွါးနှင့် မလျော်သော အကျင့်မှားကိုငင်း, ကာမချမ်းသာကို သုံးဆောင်ခံစားခြင်းကိုငင်း ပယ်ပုံကို ဖွင့်ပြခြင်း ၈၅

၇၈။ ဗြဟ္မစရိယာနုဂ္ဂဟာယဥ္စ သိက္ခာသုံးပါးဖြင့် ရေတွက်အပ်သော အလုံးစုံသော ဘုရားအဆုံးအမတော် ဟူသော **သာသနဗြဟ္မစရိယ**, အရိယမဂ်ဟူသော မဂ္ဂဗြဟ္မ-**စရိယ**နှစ်ပါးကို ခွဲခြားပြဆိုခြင်း ၈၇

၇၉။ ဣတိ ပုရာဏဥ္စ ဝေဒနံ စသော နှစ်ပုဒ်ဖြင့် ရဟန်းတော်တို့အား လျော်သော သုံးဆောင်ခြင်း, ကိုယ်ကိုပင်ပန်းစေသော အကျင့်ကိုပယ်ခြင်း, တရားနှင့်လျော်သော သုခကို မစွန့်ခြင်းတို့ကို ပြပုံ ၈၉

၈၀။ **ယာတြာ စ မေ ဘဝိဿတိ** စသော သုံးပုဒ်ဖြင့် အကျိုးတရားကို သိမ်းဆည်းခြင်းနှင့် အလယ်အလတ် အကျင့်ကိုပြပုံ ၈၉

၈၁။ သေနာသနပစ္စဝေက္ခဏာ၌ ကျောင်းတွင် သီတင်းသုံးနေထိုင်ခြင်းဖြင့် အအေးအပူကို ပယ်ဖျောက်နိုင်ခြင်းဟူသော အမြဲရနိုင်သည့် အကျိုးကို ပြခြင်းငှါ ဥတု-ပရိဿယ။ ပ။ ရာမတ္ထံ ဟူသောပုဒ်ကို ထပ်မံဟောရပုံ ၉၂

၈၂။ ဥတုပရိဿယ ဟူသော စကား၌ **ဥတု**အရ အအေးအပူဟူသော ဥတုကိုငင်း, **ပရိဿယ**အရ ခြသေ့်, ကျားစသော ထင်ရှားသောဘေးရန်နှင့် ရာဂဒေါသ စသောမထင်ရှားသော ဘေးရန် နှစ်မျိုးလုံးကိုငင်း ယူရမည်ကိုပြဆိုပုံ ၉၂

၈၃။ ဘေသဇ္ဇပစ္စဝေက္ခဏာ၌ **ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရံ** ဟူသောပုဒ်၌ ပရိက္ခာရသဒ္ဒါ၏ ပရိဝါရ, အလင်္ကာရ,

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
	သမ္ဘာရအနက်သုံးမျိုးကိုထုတ်ပြ၍ ဤအရာ၌ သမ္ဘာရနှင့် ပရိဝါရအနက်နှစ်မျိုးဖြစ်သင့်ကြောင်းပြဆိုပုံ	၉၅
၈၄။	ဘေသဇ္ဇဟူသည် အနာရောဂါကို ပျောက်ကင်းစေတတ်သော သမားတော်များ ခွင့်ပြုသည့် ဆီ, ပျား, တင်လဲ စသည်ကို ဆိုလိုကြောင်းပြဆိုပုံ	၉၅

စတုပါရိသုဒ္ဓိသမ္ဘာဒနဝိဓိ

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၈၅။	တစ်တီတူးငှက်မသည် မိမိဥကိုငင်း, စမရီမည်သော တိဗက် (Yak) နွားသည် မိမိအမြီးကိုငင်း, သားတယောက်သာ ရှိသော မိခင်သည် မိမိသားကိုငင်း, မျက်လုံးတဖက်သာကောင်းသူသည် မိမိမျက်လုံးကိုငင်း အသက်ကို မငဲ့ပဲ စောက်ရှောက်သကဲ့သို့ ဘုရားသားတော်တို့သည်လည်း မိမိတို့သီလ မကျိုးမပေါက်ရအောင် အသက်ကိုပမာဏမထားပဲ စောင့်ရှောက်ကြသင့်ကြောင်း တိုက်တွန်းစကားနှင့် ပါတိမောက္ခသံဝရသီလကို သဒ္ဓါတရားဖြင့် ပြည့်စုံစေအပ်ကြောင်း ပြဆိုပုံ	၉၆
၈၆။	အသက်ကို ပမာဏမထားပဲ သီလကို စောင့်ရှောက်ရာ၌ တောအုပ်ကြီးတခု အတွင်းဝယ် ခိုးသားတို့က နွယ်ငန်းတို့ဖြင့် တုပ်နှောင်ထားသော်လည်း မိမိသီလကျိုးပေါက်မှာ စိုးသဖြင့် နွယ်ငန်းတို့ကိုမဖြတ်ပဲ ဝိပဿနာကိုသာ ခုနစ်ရက်ပတ်လုံး ပွါးလျက် နေရာမှ အနာဂါမိဖိုလ်ကို ရ၍ ပံ့လွန်တော်မူပြီးလျှင် ဗြဟ္မာ့ဘုံ၌ ဖြစ်ရသော စံထားထိုက်သည့်မထေရ်တပါးအကြောင်း	၉၈
၈၇။	ဆင်သမနွယ်ဖြင့် အတုပ်နှောင်ခံရသော သီဟိုဠ်သားမထေရ် တပါးသည်လည်း တောမီး လောင်လာသည်ကို မြင်ပါလျက် နွယ်ကိုမဖြတ်ပဲ ဝိပဿနာပွါးသဖြင့် သမသီသီ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံကြောင်းပြဆိုပုံ	၉၈

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၈၈။	အသက်ကိုပင် စွန့်ရသော်လည်း သီလကို မဖျက်ဆီးအပ်ကြောင်း ပြဆိုသော "ပါတိမောက္ခံ။ ပ ။ သီလသံဝရံ" ဟူသော ဂါထာ	၉၉
၈၉။	ပါတိမောက္ခသံဝရသီလကို သဒ္ဓါတရားဖြင့် ပြည့်စုံစေအပ်သကဲ့သို့ ဣန္ဒြိယသံဝရသီလကို သတိဖြင့်ပြည့်စုံစေအပ်ပုံ	၉၉
၉၀။	ဝရံ ဘိက္ခဝေ စသော (သံ ၂-၃၇၇) အာဒိတ္တပရိယာယသုတ်ဒေသနာကို အောက်မေ့၍ သတိဖြင့် ဣန္ဒြိယသံဝရသီလကို ပြည့်စုံစေအပ်ပုံ	၉၉
၉၁။	ဣန္ဒြိယသံဝရသီလ မပြည့်စုံခဲ့သော် ပါတိမောက္ခ သံဝရသီလသည်လည်း အရှည်မခံ့ မတည်တံ့နိုင်ပုံကို အကာအရံမရှိသော လယ်, တံခါးဖွင့်ထားသော ရွာ, အမိုးမကောင်းသောအိမ်ဥပမာတို့ဖြင့် ဖွင့်ပြပုံ	၁၀၀
၉၂။	ဣန္ဒြိယသံဝရသီလ ပြည့်စုံခဲ့သော် ပါတိမောက္ခသံဝရသီလသည်လည်း အရှည်ခံ့၍ တည်တံ့နိုင်ပုံကို အကာအရံရှိသော လယ်, တံခါးပိတ်ထားသော ရွာ, အမိုးကောင်းသောအိမ် ဥပမာတို့ဖြင့်ဖွင့်ပြပုံ	၁၀၁
၉၃။	စိတ်အစဉ်၌ ရာဂဖြစ်ပေါ်လာလျှင် အသုဘ ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်းဖြင့် ပယ်ဖျောက်၍ ဣန္ဒြိယသံဝရသီလကို ပြည့်စုံစေသင့်ကြောင်း ရဟန်းသစ် အရှင်**ဝင်္ဂီသ**ထေရ်ကို ဥပမာပြု၍ ဖွင့်ဆိုပုံ	၁၀၂
၉၄။	ဣန္ဒြိယသံဝရသီလကို ဖြည့်ကျင့်လိုသော ရဟန်းသည် ကုရုဏ္ဍကလိုဏ်ကြီး၌ သီတင်းသုံးနေသော အရှင်**စိတ္တဂုတ္တ**ထေရ်ကဲ့သို့ရင်း, **စောရကမဟာဝိဟာ**ရ၌ သီတင်းသုံးနေသော အရှင်**မဟာမိတ္တ**ထေရ်ကဲ့သို့ရင်း ဖြည့်ကျင့်သင့်ပုံ....	၁၀၃

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၉၅။	ဣန္ဒြိယသံဝရသီလကို သတိဖြင့် ပြည့်စုံစေအပ်သကဲ့သို့ **အာဇီဝပါရိသုဒ္ဓိသီလကို ဝီရိယဖြင့် ပြည့်စုံစေအပ်ပုံ**	၁၀၇
၉၆။	အာဇီဝ ပါရိသုဒ္ဓိသီလကို ဖြည့်ကျင့်လိုသော အမျိုးကောင်းသားသည် စင်စင်ကြယ်ကြယ် ရရှိသောပစ္စည်းတို့ကို မှီဝဲ၍ မစင်မကြယ်ရသော ပစ္စည်းတို့ကို မြွေပွေး, မြွေဟောက်ကဲ့သို့ ရှောင်ကြဉ်လျက် ဖြည့်ကျင့်အပ်ပုံ	၁၀၈
၉၇။	သံဃာ,ဂိုဏ်းနှင့် ကြည်ညိုသော ဒါယကာတို့ထံမှရသော ဓုတင်မဆောင်သောရဟန်း၏ ပစ္စည်းတို့သည် စင်ကြယ် **သောပစ္စည်းမည်ပုံနှင့်** ဆွမ်းခံခြင်းဖြင့်ရင်း, သီတင်းသုံးဖော်များ လှူဒါန်းသဖြင့်ရင်း, ပံသုကူအဖြစ်ဖြင့်ရင်း ရရှိသောပစ္စည်းတို့သည် **အလွန်စင်ကြယ်သော ပစ္စည်း** မည်ပုံ....	၁၀၈
၉၈။	ဆွမ်းခံခြင်းဖြင့်ရင်း, ကြည်ညိုသော ဒါယကာတို့ လှူဒါန်းသဖြင့်ရင်း ဓုတင်ဆောင်ရဟန်းရရှိသောပစ္စည်းသည် **စင်ကြယ်သောပစ္စည်းမည်ပုံ**	၁၀၈
၉၉။	ပစ္စည်းလေးပါးတို့တွင် သင်္ကန်း, ဆွမ်း, ပစ္စည်းနှစ်ပါး၌ နိမိတ်, ဩဘာ, ပရိကထာ, ဝိညတ်ဟူသော လေးမျိုး မအပ်ပုံနှင့် ကျောင်းပစ္စည်း၌ ဝိညတ်တမျိုးသာ မအပ်၍ နိမိတ်, ဩဘာ, ပရိကထာ သုံးမျိုးအပ်ပုံ	၁၀၉
၁၀၀။	ပစ္စည်းကိုရည်ရွယ်၍ မိမိအလိုကို ဒါယကာတို့သိအောင် အမှတ်ပြုခြင်း **နိမိတ္တ**, အဖြောင့်တိုက်ရိုက် မဆိုမူ၍ အလိုထင်ရှားအောင် ရိပ်ဝဲပြောဆိုခြင်း **ဩဘာသ**, ပရိယာယ်အားဖြင့် ပြောဆိုခြင်း **ပရိကထာ** သုံးပါးတို့ကို ခွဲခြားဖွင့်ပြပုံ	၁၀၉
၁၀၁။	ဆေးပစ္စည်း၌ နိမိတ်စသော လေးပါးလုံးအပ်ပုံ	၁၁၀
၁၀၂။	“အနာရောဂါ ပျောက်ကင်းလျှင် နိမိတ်စသည်တို့၏ အစွမ်းဖြင့်ရသော ဆေးပစ္စည်းကို သုံးဆောင်ခြင်းငှါ	

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
	အပ်၏”ဟု ဝိနည်းဆောင် မဟာထေရ်များယူဆကြပုံနှင့် “အာပတ်မသင့်သော်လည်း အာဇီဝပျက်သောကြောင့် မအပ်”ဟု သုတ္တန်ဆောင်မဟာထေရ်များ ယူဆကြပုံ	၁၁၀
၁၀၃။	သေလောက် ပျောက်လောက်သော အနာရောဂါစွဲကပ်လာသော်လည်း ဩဘာသစသည်တို့ကိုမပြုပဲ မိုးပေါ်မှ ကျသကဲ့သို့ဖြစ်သော ပစ္စည်းတို့ကိုသာ မှီဝဲသော ရဟန်းကို အလွန်ခေါင်းပါးသော အကျင့်ရှိသော ရဟန်းမြတ်ဟု ဆိုအပ်ကြောင်း အရှင်သာရိပုတ္တရာ မဟာထေရ် ဥပမာထား၍ အကျယ်ဖွင့်ပြခြင်း	၁၁၀
၁၀၄။	ဝီရိယဖြင့် အာဇီဝပါရိသုဒ္ဓိသီလကို ပြည့်စုံစေအပ်သကဲ့သို့ ပစ္စယသန္နိဿိတသီလကို ပညာဖြင့် ပြည့်စုံစေအပ်ပုံ	၁၁၄
၁၀၅။	ဆင်ခြင်ခြင်းတို့သည် ပစ္စည်းကိုရသောအခါ၌ ဆင်ခြင်ခြင်း, သုံးဆောင်သောအခါ၌ ဆင်ခြင်ခြင်းအားဖြင့် နှစ်ပါးပြားပုံ	၁၁၅
၁၀၆။	ထေယျပရိဘောဂ, ဣဏပရိဘောဂ, ဒါယဇ္ဇပရိဘောဂ, သာမိပရိဘောဂအားဖြင့် ပရိဘောဂ လေးမျိုးတို့တွင် ဒုဿီလရဟန်း၏ သုံးဆောင်ခြင်းသည် ခိုးသူ၏ သုံးဆောင်ခြင်းနှင့်တူသောကြောင့် ထေယျပရိဘောဂ မည်ပုံနှင့် သီလရှိသော ရဟန်း၏ ပစ္စဝေက္ခဏာ မဆင်ခြင်ပဲ သုံးဆောင်ခြင်းသည် သူ့ကြွေးမြီကို ချေးယူ၍ ပြန်မဆပ်ပဲ သုံးဆောင်သည်နှင့်တူသောကြောင့် ဣဏပရိဘောဂ မည်ပုံ	၁၁၅
၁၀၇။	ဒေသနာသုဒ္ဓိ, သံဝရသုဒ္ဓိ, ပရိယေဋ္ဌိသုဒ္ဓိ, ပစ္စဝေက္ခဏသုဒ္ဓိအားဖြင့် သုဒ္ဓိလေးပါးတို့တွင် ပါတိမောက္ခသံဝရသီလသည် ဒေသနာသုဒ္ဓိ မည်ကြောင်း, ဣန္ဒြိယသံဝရသီလသည် သံဝရသုဒ္ဓိမည်ကြောင်း, အာဇီဝ ပါရိသုဒ္ဓိ	

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
	သီလသည် **ပရိယေဋ္ဌိသုဒ္ဓိ**မည်ကြောဝ်း, ပစ္စယသန္နိဿိတ သီလသည် **ပစ္စဝေက္ခဏသုဒ္ဓိ** မည်ကြောင်း ဖွင့်ပြခြင်း	၁၁၆
၁၀၈။	သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့၏ ပစ္စည်းကို သုံးဆောင်ခြင်းသည် **ဒါယဇ္ဇပရိဘောဂ** မည်ပုံနှင့် ရဟန္တာ ပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်းသည် **သာမိပရိဘောဂ** မည်ပုံ....	၁၁၇
၁၀၉။	ပရိဘောဂလေးမျိုးတို့တွင် သာမိပရိဘောဂနှင့် ဒါယဇ္ဇ-ပရိဘောဂနှစ်ပါးသည် အလုံးစုံသော အရိယာပုထုဇဉ်တို့အား အပ်၍ ဣဏပရိဘောဂနှင့် ထေယျ ပရိဘောဂ နှစ်ပါး မအပ်ကြောင်း ဖွင့်ပြခြင်း	၁၁၈
၁၁၀။	ပရိဘောဂလေးမျိုးတို့တွင် အမြတ်ဆုံးဖြစ်သော သာမိပရိဘောဂဖြင့် သုံးဆောင်လိုသော ရဟန်းသည် ပစ္စ-ဝေက္ခဏာ ဆင်ခြင်၍ သုံးဆောင်ခြင်းဖြင့် ပစ္စယသန္နိ-ဿိတသီလကို ပြည့်စုံစေသင့်ကြောင်းကို ခုဒ္ဒကပါဌ ပါဠိတော်လာသည့်အတိုင်း ပြဆိုခြင်း	၁၁၈
၁၁၁။	ပစ္စယသန္နိဿိတ သီလကို ဖြည့်ကျင့်ရာ၌ **မဟာသံဃ-ရက္ခိတမထေရ်**၏တူ **သံဃရက္ခိတ သာမဏေ** ကဲ့သို့ ဖြည့်ကျင့်သင့်ပုံ	၁၂၀

ပဉ္စမသီလပဉ္စက

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁၁၂။	ပရိယန္တ, အပရိယန္တ, ပရိပုဏ္ဏ, အပရာမဋ္ဌ, ပဋိပ္ပဿဒ္ဓိ ပါရိသုဒ္ဓိ သီလငါးမျိုးတို့ကို **ပဋိသမ္ဘိဒါမဂ်** **ပါဠိတော်**လာသည့်အတိုင်း ပြဆိုခြင်း	၁၂၂
၁၁၃။	သာမဏေတို့၏ သီလသည် အရေအတွက် အပိုင်းအခြား ရှိသောကြောင့် **ပရိယန္တပါရိသုဒ္ဓိ** သီလမည်ပုံနှင့် ရဟန်းတော်တို့၏ သီလသည် အရေအတွက် အပိုင်းအခြား ရှိသော်လည်း အကြွင်းမဲ့ဆောက်တည်ရန် ဖြစ်သင့်သော	

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
	ကြောင့်၎င်း, လာဘ် အခြံအရံစသော အပိုင်းအခြားမရှိသောကြောင့်၎င်း **အပရိယန္တပါရိသုဒ္ဓိ** သီလမည်ပုံ	၁၂၂
၁၁၄။	**စိရဂုမ္ဗဝါသီ အမ္ဗခါဒက မဟာတိဿ မထေရ်** သည် "ဓနံ စဇေ အင်္ဂဝရဿ ဟေတု" စသော သူတော်ကောင်းတို့၏ တရားကို မစွန့်ပဲ သေရှင်နှစ်ချက် အသက်၌ယုံမှားခြင်း ရှိငြားသော်လည်း ပဋိဂ္ဂဟဏ သိက္ခာပုဒ်တော်ကို မလွန်ကျူးပဲ အပရိယန္တပါရိသုဒ္ဓိသီလကိုမှီ၍ ဒါယကာ၏ ကျောက်ကုန်းထက်၌ အရဟတ္တဖိုလ်သို့ရောက်ပုံ	၁၂၃
၁၁၅။	ကလျာဏ ပုထုဇဉ်တို့၏ သီလသည် ရဟန်းဖြစ်သည်မှ စ၍ အလွန်စင်ကြယ်သဖြင့် အရဟတ္တဖိုလ်၏ နီးသော အကြောင်းဖြစ်သောကြောင့် **ပရိပုဏ္ဏပါရိသုဒ္ဓိ** သီလ မည်ပုံကို **မဟာသံဃရက္ခိတထေရ်**နှင့် တူတော် **စူဠ- သံဃရက္ခိတထေရ်**တို့ကို ဥပမာထား၍ အကျယ်ဖွင့်ပြ ခြင်း	၁၂၄
၁၁၆။	သေက္ခ,ပုထုဇဉ်တို့၏ သီလသည် ဒိဋ္ဌိ, ဘဝရာဂ၏ အစွမ်း ဖြင့် မသုံးသပ်အပ်သောကြောင့် **အပရာမဋ္ဌပါရိသုဒ္ဓိ- သီလ**မည်ပုံကို **ကုဋုမ္ဗိယပုတ္တတိဿထေရ်**နှင့် အညတရ မဟာထေရ်တို့ကို ဥပမာထား၍ ဖွင့်ပြခြင်း	၁၂၆
၁၁၇။	ရဟန္တာ, ပစ္စေကဗုဒ္ဓါ, ဘုရားရှင်တို့၏ သီလသည် ကိလေသာအပူ လုံးဝငြိမ်းအေးသောကြောင့်၎င်း,ထက် ဝန်းကျင် စင်ကြယ်သောကြောင့်၎င်း **ပဋိပ္ပဿဒ္ဓိ ပါရိ- သုဒ္ဓိ** သီလမည်ပုံ	၁၂၈

ဒုတိယသီလပဉ္စက

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁၁၈။	**ပဟာန, ဝေရမဏီ, စေတနာ, သံဝရ, အဝီတိက္ကမသီလ** တို့ကို **ပဋိသမ္ဘိဒါမဂ် ပါဠိ**တော်လာသည့်အတိုင်း ဖွင့်ပြ ခြင်း	၁၂၉

ဦးရေ | အကြောင်းအရာ | စာမျက်နှာ

သီလသံကိလေသ, ဝေါဒါန

၁၁၉။ သီလကျိုးပြတ်ခြင်း စသည်သည် သီလညစ်ညူးကြောင်း မည်၍ သီလမကျိုးမပြတ်ခြင်း စသည်သည် သီလဖြူစင်ကြောင်း မည်ပုံကို အကျယ်ဖွင့်ပြခြင်း ၁၃၃

၁၂၀။ အာပတ်ခုနစ်ပုံတို့တွင် အစသိက္ခာပုဒ်နှင့် အဆုံးသိက္ခာပုဒ် ပျက်သောရဟန်း၏ သီလသည် ခဏ္ဍ၊ အလယ်သိက္ခာပုဒ် ပျက်သောရဟန်း၏ သီလသည် ဆိဒ္ဒ၊ သိက္ခာပုဒ် နှစ်ပါးသုံးပါး အစဉ်အတိုင်း ပျက်သော ရဟန်း၏ သီလသည် သဗလ၊ သိက္ခာပုဒ် ကွက်ကျား ပျက်ပြားသော ရဟန်း၏ သီလသည် ကမ္မာသ မည်ပုံ ၁၃၃

၁၂၁။ မေထုန်ငယ် ခုနစ်ပါးကို အင်္ဂုတ္တိုရ်ပါဠိတော် လာသည့်အတိုင်း ပြဆိုခြင်း ၁၃၄

၁၂၂။ အခဏ္ဍ, အဆိဒ္ဒ, အသဗလ, အကမ္မာသ လေးပါးတို့၏ အဓိပ္ပါယ်ကို ဖွင့်ပြ၍ ထို လေးပါးတို့သည်ပင် ဘုဇိဿ, ဝိညူပသတ္ထ, အပရာမဋ္ဌ, သမာဓိသံဝတ္တနိက ဖြစ်ပုံကို ပြဆိုခြင်း ၁၃၇

၁၂၃။ သီလ ပျက်စီးခြင်း၏ အပြစ်ကို မြင်ခြင်း, သီလပြည့်စုံခြင်း၏ အကျိုးကို မြင်ခြင်း ဟူသော အကြောင်း နှစ်ပါးတို့ဖြင့် သီလဖြူစင်ပုံကို ပြဆိုခြင်း ၁၃၈

၁၂၄။ သီလမရှိသော ပုဂ္ဂိုလ်သည် နတ်လူတို့ မနှစ်သက်ခြင်း, သီတင်းသုံးဖော်တို့ အဆုံးမ မခံရခြင်း, ဒုဿီလ ဟု အကဲ့ရဲ့ ခံရခြင်းကြောင့် စိတ်မချမ်းသာခြင်း စသော အပြစ်များရပုံ ၁၃၈

၁၂၅။ မိန်းမနှင့် စပ်သော ကာမဂုဏ်ငါးပါးကို သုံးဆောင်ခြင်းကြောင့် ဖြစ်သော ဆင်းရဲကို မီးပုံ ဥပမာဖြင့် အင်္ဂုတ္တိုရ်ပါဠိတော် လာသည့်အတိုင်း ပြဆိုခြင်း ၁၄၂

ဦးရေ	အကြောင်းအရာ	စာမျက်နှာ
၁၂၆။	ရှိခိုးခြင်း, လက်အုပ်ချီခြင်းတို့ကို သာယာခြင်းနှင့် သင်္ကန်း, ဆွမ်း, ညောင်စောင်း, အင်းပျဉ်, ကျောင်းတို့ကို သုံးဆောင်ခြင်းကြောင့် ဖြစ်သော ဆင်းရဲ အပေါင်းကို သားမြီးကြိုး, မြမြထက်သောလှံ, ရဲရဲတောက်သော သံပြား, သံတွေခဲ, သံညောင်စောင်း, သံအင်းပျဉ်, သံ ဒယ်အိုး ဥပမာတို့ဖြင့် အင်္ဂုတ္တိုရ်ပါဠိတော် လာသည့် အတိုင်း ပြဆိုခြင်း	၁၄၃
၁၂၇။	သီလစင်ကြယ်သော ရဟန်းသည် သင်္ကန်းဝတ်ရုံပုံ သပိတ်ကိုင်ပုံ ကြည်ညိုဖွယ်ရှိခြင်း, ရဟန်းဖြစ်ကျိုး နပ် ခြင်း, အတ္တာနုဝါဒဘေး မရှိခြင်း စသော အကျိုးများ ကို ရနိုင်ပုံ	၁၄၆
၁၂၈။	သီလ ပျက်စီးခြင်း၏ အပြစ်နှင့် သီလ ပြည့်စုံခြင်း၏ အကျိုး အာနိသင်များကို ရှုမြော်၍ သီလကို အခါ ခပ်သိမ်း စင်ကြယ်အောင် စောင့်ထိန်းသင့်ပုံ	၁၄၈

သီလနိဒ္ဒေသ ပြီး၏။

၂–ဓုတင်္ဂနိဒ္ဒေသ

ဦးရေ | အကြောင်းအရာ | စာမျက်နှာ

၁၂၉။ သီလနိဒ္ဒေသ၌ ပြအပ်ပြီးသော သီလတို့နှင့် ပြည့်စုံသော ယောဂီသည် အလိုနည်းခြင်း, ရောင့်ရဲခြင်း, ခေါင်းပါး အောင်ပြုခြင်း, ဆိတ်ငြိမ်ရာ၌ မွေ့လျော်ခြင်း, ကိလေသာကို ဖျက်ဆီးသော အကျင့်ကို ကျင့်ခြင်း, သမထ-ဝိပဿနာကို လုံ့လကြိုးကုတ် အားထုတ်ခြင်း, မွေးမြူလွယ်ခြင်း စသော ဂုဏ်ကျေးဇူးတည်းဟူသော ရေဖြင့် မိမိ၏သီလကို ကောင်းစွာ စင်ကြယ်စေလျက် တဆယ့်သုံးပါးသော ဓုတင်တို့ကို ကျင့်ကြံအားထုတ်သင့်ပုံ ၁၄၉

၁၃၀။ သုသာန်မြေ စသည်တို့မှ ရသော ဖုံအလိမ်းလိမ်း ကပ်သော အဝတ်သင်္ကန်းကို ဝတ်ရုံသုံးဆောင်သော ယောဂီသည် ပံသုကူလိက မည်ကြောင်း, ထိုသို့ဝတ်ရုံ သုံးဆောင်ကြောင်း ဖြစ်သော စေတနာသည် ပံသု-ကူလိကင်္ဂဓုတင် မည်ကြောင်း ပြဆိုပုံ ၁၅၀

၁၃၁။ သင်းပိုင်, ကိုယ်ဝတ်, ဒုကုဋ်ဟူသော သင်္ကန်းသုံးထည်ကို ဝတ်ရုံ သုံးဆောင်သော ရဟန်းသည် တေစီဝရိက မည်ကြောင်း, ထိုသို့ ဝတ်ရုံ သုံးဆောင်ကြောင်း ဖြစ်သော စေတနာသည် တေစီဝရိကင်္ဂဓုတင် မည်ကြောင်း ပြဆိုပုံ ၁၅၁

၁၃၂။ မိမိကိုယ်တိုင် ခံ၍ရသော ဆွမ်းကို ဘုဉ်းပေးသုံးဆောင်ခြင်းဖြင့် မျှတအောင် နေထိုင်သော ယောဂီသည် ပိဏ္ဍပါတိက မည်ကြောင်း, ထိုသို့ မျှတအောင် နေထိုင်ကြောင်းဖြစ်သော စေတနာသည် ပိဏ္ဍပါတိကင်္ဂဓုတင် မည်ကြောင်း ပြဆိုပုံ.... .... ၁၅၁

၁၃၃။ ဆွမ်းခံရာ၌ အိမ်စဉ်ကိုမကျော်ပဲ လှည့်လည်၍ရသော ဆွမ်းကို ဘုဉ်းပေးသုံးဆောင်ခြင်းဖြင့် မျှတစွာနေထိုင်

ဦးရေ အကြောင်းအရာ စာမျက်နှာ

သောယောဂီသည် **သပဒါနစာရိက** မည်ကြောင်း, ထိုသို့
မျှတစွာ နေထိုင်ကြောင်း ဖြစ်သော စေတနာသည်
သပဒါနစာရိကင်္ဂဝုတင် မည်ကြောင်း ပြဆိုပုံ ၁၅၂

၁၃၄။ တထိုင်တည်းသော ဣရိယာပုထ်ဖြင့်သာ ဆွမ်းကိုဘုဉ်း
ပေး သုံးဆောင်ခြင်းဖြင့် မျှတစွာနေထိုင်သော ယောဂီ
သည် **ကောသနိက** မည်ကြောင်း, ထိုသို့မျှတစွာ နေထိုင်
ကြောင်းဖြစ်သော စေတနာသည် **ကောသနိကင်္ဂ**ဝုတင်
မည်ကြောင်း ပြဆိုပုံ.... .... ၁၅၂

၁၃၅။ တသပိတ်တည်း၌သာရှိသော ဆွမ်းကို ဘုဉ်းပေးသုံး
ဆောင်ခြင်းဖြင့် မျှတစွာနေထိုင်သော ယောဂီသည်
ပတ္တပိဏ္ဍိကမည်ကြောင်း,ထိုသို့ မျှတစွာနေထိုင်ကြောင်း
ဖြစ်သော စေတနာသည် **ပတ္တပိဏ္ဍိကင်္ဂ**ဝုတင်မည်
ကြောင်း ပြဆိုပုံ ၁၅၂

၁၃၆။ ပဝါရိတ်သင့်ပြီးနောက်မှ ရသောဆွမ်းကို အတိရိတ်
ဝိနည်းကံပြု၍သော်မှလည်း မဘုဉ်းပေးတော့ပဲ မျှတ
စွာနေထိုင်သော ယောဂီသည် **ခလုပစ္ဆာဘတ္တိက**မည်
ကြောင်း, ထိုသို့ မျှတစွာနေထိုင်ကြောင်းဖြစ်သော စေ-
တနာသည် **ခလုပစ္ဆာဘတ္တိကင်္ဂ**ဝုတင်မည်ကြောင်း ပြ
အထ ဝါ၊ ကား။ ပီတိ စ၊ ပီတိလည်း။ သုခဥ္စ၊ သုခလည်း။ ပီတိသုခံ၊ ပီတိသုခ။ ဓမ္မဝိနယာဒယော ဝိယ၊ ဓမ္မဝိနယ-သဒ္ဒါအစရှိသည်တို့ကဲ့သို့တည်း။ ဝိဝေကဇံ၊ သော။ ပီတိသုခံ၊ သည်။ အဿ ဈာနဿ၊ အား။ ဝါ၊ ကား။ အသ္မိံ ဈာနေ၊ ၌။ အတ္ထိ၊ ၏။ ဣတိ ဧဝမ္ပိ၊ ဤသို့ အညပဒတ္ထသမာသ် အနက်အားဖြင့်လည်း။ ဣဒံ ဈာနံ၊ သည်။ (လိုက်) ဝိဝေကဇံပီတိသုခံ၊ မည်၏။ ဟိ-သစ္စံ၊ ၏။ ဝါ၊ ဟိ-ယသ္မာ၊ ကြောင့်။ ဈာနံ၊ ဈာန်သည်။ ဝိဝေကဇံ၊ ဝိဝေကကြောင့်ဖြစ်သည်။ ဟောတိ ယထေဝ၊ ဖြစ်၏သို့လျှင်။ ဧဝံ၊ တူ။ တတ္ထ၊ ဤဈာန်၌။ ပီတိသုခမ္ပိ၊ သည်လည်း။ ဝိဝေကဇမေဝ၊ ဝိဝေကကြောင့်ဖြစ်သည်သာလျှင်။ ဟောတိ၊ ၏။ တဥ္စ၊ ထိုဝိဝေကကြောင့် ဖြစ်သော ပီတိသုခသည်လည်း။ အဿ ဈာနဿ၊ အား။ အတ္ထိ၊ ၏။ တသ္မာ၊ ကြောင့်။ ဧကပဒေနေဝ၊ ဖြင့်သာလျှင်။ ဝိဝေကဇံပီတိသုခန္တိပိ၊ ဟူ၍လည်း။ ဝတ္တုံ၊ ငှါ။ ယုဇ္ဇတိ၊ ၏[၁]။

၁-ဝိဝေကဇံ ပီတိသုခံ ဟူသော ပုဒ်၌ ရှေးဝိကပ်၌ ဝိဝေကဇံ-ဟူသော ပုဒ်ဖြင့် ဈာန်ကို ဟောအပ်၏၊ အတ္ထိ-ဟူသော အတ္ထဝိသေသရှိသော ပီတိသုခ-သဒ္ဒါနောက်မှလည်း အဿ ဈာနဿ, အသ္မိံ ဈာနေ ဟူသော အနက်၌ အ-ပစ္စည်းကို မှတ်အပ်၏၊ အဿတ္ထိတဒ္ဓိတ် ဟူလို။ ဒုတိယဝိကပ်၌ ပီတိသုခသည်လျှင် ဝိဝေကဇ-မည်၏၊ ဝိဝေကဇံပီတိသုခံ

ပန၊ ထူးသည်ကိုဆိုအံ့။ ဝိဘင်္ဂေ၊ ၌။ ဣဒံ သုခံ ဣမာယ ပီတိယာ သဟဂတန္တိအာဒိနာ၊ သော။ နယေန၊ ဖြင့်။ ဝုတ္တံ၊ ၏။ ပန၊ ထိုသို့ သော်လည်း။ အတ္ထော၊ ကို။ တတ္ထာပိ၊ ထိုဝိဘင်း၌လည်း။ ဝေမေဝ၊ ဤအဋ္ဌကထာ၌ ဖွင့်အပ်သည်နှင့်တူစွာသာလျှင်။ ဒဋ္ဌဗ္ဗော၊ ၏။

ပဥ္စမံ ဈာနန္တိ ဣဒံ၊ ဟူသော ဤပုဒ်သည်။ ပရတော၊ ၌။ အာဝိ၊ စွာ။ ဘဝိဿတိ၊ လတ္တံ့။ ဥပသမ္ပဇ္ဇာတိ၊ ကား။ ဥပဂန္တွာ၊ ရောက်၍။ ပါပု-ဏိတွာတိ၊ ဟူ၍။ ဝုတ္တံ၊ ဆိုအပ်သည်။ ဟောတိ၊ ၏[၁]။ ဝါ၊ ကား။ ဥပ-သမ္ပာဒယိတွာ၊ ပြီးစေ၍။ နိပ္ဖါဒေတွာတိ၊ နိပ္ဖါဒေတွာဟူ၍။ ဝုတ္တံ၊ ဆိုအပ်သည်။ ဟောတိ၊ ၏[၂]။

ပန၊ အထူး။ ဝိဘင်္ဂေ၊ ၌။ ဥပသမ္ပဇ္ဇာတိ၊ ကား။ ပဥ္စမဿ ဈာနဿ၊ ကို။ လာဘော၊ ရခြင်း။ ပဋိလာဘော၊ ရခြင်း။ ပတ္တိ၊ ရောက်ခြင်း။ သမ္ပတ္တိ၊ ကောင်းစွာရောက်ခြင်း။ ဖုသနာ၊ တွေ့ထိခြင်း။ သစ္ဆိကိရိယာ၊ မျက်မှောက်ပြုခြင်း။ ဥပသမ္ပဒါ၊ ပြည့်စုံစေခြင်း။ ဣတိ၊ သို့။ ဝုတ္တံ၊ ၏။ တဿာပိ၊ ထိုဝိဘင်း၏လည်း။ အတ္ထော၊ ကို။ ဝေမေဝ၊ ဤအတူသာလျှင်။ ဒဋ္ဌဗ္ဗော၊ ၏။ ဝိဟရတီတိ၊ ကား။ တဒနုရူပေန၊ ထိုဈာန်အားလျော်သော။ ဣရိယာပထဝိဟာရေန၊ ဖြင့်။ ဣတိဝုတ္တပ္ပကာရဈာနသမင်္ဂီ၊ ဤသို့ဆိုအပ်ပြီးသောဈာန်နှင့် ပြည့်စုံခြင်းရှိသည်။ ဟုတွာ၊ ၍။ အတ္တဘာဝဿ၊ ၏၊ ဝါ၊ ကို။ ဣရိယံ-ကိရိယံ၊ အမှုကို၊ ဝါ၊ ကိစ္စကို။ ဝုတ္တိံ၊ သုံးခြင်းကို၊ ဝါ၊ ဖြစ်ခြင်းကို။ ပါလနံ၊ တခုသောဣရိယာပုထ်ဖြင့် ကျင်နာသည်ကို တခုသော ဣရိယာပုထ်ဖြင့်ဖြတ်၍ စောင့်ခြင်းကို။ ယပနံ ယာပနံ၊ မျှခြင်းကို၊ ဝါ၊ ရှည်မြင့်စွာကာလတိုင်အောင်ရောက်စေခြင်းကို။ စာရံ၊ ကျက်စားခြင်းကို။

ဟူသော ပုဒ်သည်လည်း အညပဒတ္ထ သမာသ်တည်း၊ ပဥ္စမာဝိဘတ်၏လည်း မကျေခြင်း ကို မှတ်အပ်၏။ (ပြည်)

၁-ဣ ဂတိယံ၊ ယေသံ ဓာတူနံ ဂတိအတ္ထော၊ ဗုဒ္ဓိပိ တေသံ အတ္ထော။ ပဝတ္တိပါပုဏနာနိပိ ဟု သဒ္ဒနီတိ(ဓာတု၊ ၁) ဟူရကား ဂတိအနက်ရှိသော ပဒ ဓာတ်၏ ပါပုဏနအနက်ရှိသည် လည်း ဖြစ်သင့်သောကြောင့် ပါပုဏိတွာ-ဆိုသည်နှင့် တူသည်ဟူလို၊ ဥပဂန္တွာ-ဟူသော ပုဒ်ကိုလည်း ကပ်၍ဟု အနက်ယောဇနာသော် ဥပ-သဒ္ဒါအနက်ရှိသည်မည်ရကား ရောက်၍ ဟုသာအနက်ပေး။ (ပြည်)

၂-ဥပ-သဒ္ဒါ သံ-သဒ္ဒါတို့သည် အနုကူလမဟုတ် အကုံသဖြစ်ရကား ဂတိအနက်ရှိသော ပဒ-ဓာတ်သည် နိပ္ဖါဒနသာဓနအနက်ကို ဟောသည်ဟူလို။ (ပြည်)

ဝိဟာရ၏၊ တခုသောဣရိယာပုထ်ဖြင့် ကျင်နေခြင်းကို တခုသောဣရိယာ-
ပုထ်ဖြင့်ဖြတ်၍ဆောင်ခြင်းကို။ အဘိနိပ္ဖါဒေတိ၊ ပြီးစေ၏။ ဟိ-သစ္စံ၊ ၏။
ဝိဘင်္ဂေ၊ ၌။ ဝိဟရတီတိ ။ပ။ ဝိဟရတိဟူသော။ ဝေါ်၊ ကို။ ဝုတ္တံ၊ ပြီ။
[ဝိဟရတီတိ၊ ကား။ ဣရိယတိ၊ အတ္တဘော၏ အမူကိစ္စကိုပြီးစေ၏။
ဝတ္တတိ၊ အမူကိုဖြစ်စေ၏၊ ဝါ၊ အတ္တဘောကို ဖြစ်စေ၏။ ပါလေတိ၊
အတ္တဘောကို စောင့်၏။ ယပေတိ ယာပေတိ၊ အတ္တဘောကို မျှစေ၏၊
ဝါ၊ ရှည်မြင့်စွာသော ကာလတိုင်အောင် အတ္တဘောကို ရောက်စေ၏။
စရတိ၊ ကျက်စား၏။ ဝိဟရတိ၊ တခုသောဣရိယာပုထ်ဖြင့် ကျင်နေသည်
ကို တခုသော ဣရိယာပုထ်ဖြင့်ဖြတ်၍ အတ္တဘောကိုဆောင်၏။ တေန၊
ကြောင့်။ ဝိဟရတီတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။]

ပဋ္ဌဂ်ဝိပ္ပဟီနဒိ

၇၄။ ပန၊ ထိုမှတပါး။ ပဉ္စင်္ဂဝိပ္ပဟီနံ ပဉ္စင်္ဂသမန္နာဂတန္တိ၊ ဟူ၍။
ယံ ဝစနံ၊ ကို။ ဝုတ္တံ၊ ပြီ။ တတ္ထ ဝစနေ၊ ၌။ ကာမစ္ဆန္ဒော၊ ၎င်း။ ဗျာပါဒေါ၊
၎င်း။ ထိနမိဒ္ဓံ၊ ၎င်း။ ဥဒ္ဓစ္စကုက္ကုစ္စံ၊ ၎င်း။ ဝိစိကိစ္ဆာ၊ ၎င်း။ ဣတိ၊ သို့။
ဣမေသံ ပဉ္စန္နံ နီဝရဏာနံ၊ တို့ကို။ ပဟာနဝသေန၊ ဖြင့်။ ပဉ္စင်္ဂဝိပ္ပဟီနတာ၊
ပယ်အပ်ပြီး အင်္ဂါငါးပါး ရှိသည်၏အဖြစ်ကို၊ ဝါ၊ ဝိတက်စသော ငါးပါး
သောအင်္ဂါတို့ဖြင့် နီဝရဏကို ပယ်တတ်သည်၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ ၏။
ဟိ-သစ္စံ၊ ၏၊ ဝါ၊ ဟိ-ယသ္မာ၊ ကြောင့်။ ဧတေသု၊ ထိုကာမစ္ဆန္ဒစသော
ငါးပါးသော နီဝရဏတို့ကို။ အပ္ပဟီနေသု၊ မပယ်အပ်ကုန်သည်ရှိသော်။
ဈာနံ၊ သည်။ န ဥပ္ပဇ္ဇတိ၊ မဖြစ်။ တေန၊ ကြောင့်။ တောနိ၊ တို့ကို။
အဿ ဈာနဿ၊ ၏။ ပဟာနင်္ဂါနီတိ၊ ပယ်အပ်သောအင်္ဂါတို့ဟူ၍။ ဝုစ္စန္တိ၊
ကုန်၏။ ဟိ၊ ဆက်။ ဈာနက္ခဏေ၊ ၌။ အညေပိ အကုသလာ ဓမ္မာ၊
နီဝရဏမှတပါးသော အကုသိုလ်တရားတို့ကိုလည်း၊ ဝါ၊ တို့သည်လည်း။
ကိဉ္စာပိ ပဟီယန္တိ၊ အကယ်၍ပယ်အပ်ကုန်၏၊ ဝါ၊ အကယ်၍ကင်းပျောက်
ကုန်၏။ တထာပိ၊ သော်လည်း။ ဧတာနေဝ၊ ထိုကာမစ္ဆန္ဒစသော
ငါးပါးသော နီဝရဏတို့သည်သာလျှင်။ ဝိသေသေန၊ ဖြင့်။ ဈာနန္တရာယ-
ကရာနိ၊ ဈာန်၏အန္တရာယ်ကိုပြုတတ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ တသ္မာ၊
ကြောင့်။ ပဉ္စင်္ဂဝိပ္ပဟီနတာဝ၊ ကိုသာလျှင်။ ဝုစ္စတိ၊ ၏။ (ဤဝါကျ၌
ဈာနက္ခဏေ ဟူသောစကားကို အဘယ့်ကြောင့် ဆိုအပ်သနည်း) ဟိ-

ဝိတ္တာရေမိ၊ အံ့။ ကာမစ္ဆန္ဒေန၊ သည်။ နာနာဝိသယပ္ပလောဘိတံ၊ အထူးထူးသောအာရုံဖြင့် ဖြားယောင်းအပ်သော။ စိတ္တံ၊ သည်။ ကေတ္တာ-ရမ္မဏေ၊ ပထဝီကသိုဏ်းစသောအားဖြင့် တခုသောသဘောရှိသောအာရုံ၌၊ ဝါ၊ ကေဂ္ဂတာဟု ဆိုအပ်သော ကေတ္တကို ဆောင်တတ်သော အာရုံ၌။ န သမာဓိယတိ၊ ကောင်းစွာမတည်။ ဝါ၊ ကား။ ကာမစ္ဆန္ဒာဘိဘူတံ၊ သော။ တံ စိတ္တံ၊ ထိုအထူးထူးသောဝိသယဖြင့် ဖြားယောင်းအပ်သော စိတ်သည်။ ကာမဓာတုပ္ပဟာနာယ၊ ကာမဓာတ်ကိုလွန်ခြင်းငှါ။ ပဋိပဒံ၊ အကျင့်ဖြစ်သော ဈာန်ကို။ န ပဋိပဇ္ဇတိ၊ မကျင့်နိုင်။ ဗျာပါဒေန စ၊ သည်လည်း။ အာရမ္မဏေ၊ ၌။ ပဋိဟညမာနံ၊ နှိပ်စက်အပ်သော။ စိတ္တံ၊ စိတ်သည်။ နိရန္တရံ၊ ဝိကွေပဖြင့်မခြားမူ၍။ (သမာဟိတန္တိ အတ္ထော) [၁၄၂] နပ္ပဝတ္တတိ၊ မဖြစ်။ ထိနမိဒ္ဓါဘိဘူတံ၊ ထိနမိဒ္ဓသည် နှိပ်စက်အပ်သော။ စိတ္တံ၊ သည်။ အကမ္မညံ၊ ဘာဝနာအမှုအားမလျော်ပတ်သည်။ ဟောတိ၊ ၏။ ဥဒ္ဓစ္စကုက္ကုစ္စပရေတံ၊ ဥဒ္ဓစ္စကုက္ကုစ္စသည် နှိပ်စက်အပ်သော။ စိတ္တံ၊ သည်။ အဝူပသန္တမေဝ၊ မငြိမ်သက်သည်သာလျှင်။ ဟုတွာ၊ ၍။ ပရိဗ္ဘမတိ၊ အမြဲမတည် လှည့်လည်လေလွင့်၏။ ဝိစိကိစ္ဆာယ၊ သည်။ ဥပဟတံ၊ နှိပ်စက်အပ်သော။ စိတ္တံ၊ စိတ်သည်။ ဈာနာဓိဂမသာဓိကံ၊ ဈာန်ရခြင်းကို ပြီးစေတတ်သော။ ပဋိပဒံ၊ အကျင့်လမ်းရိုးသို့။ နာရောဟတိ၊ မတက်လို။ ဣတိ၊ သို့။ ဝိသေသေန၊ တပါးသော အကုသိုလ်တို့မှထူးသောအားဖြင့်။ (ဥဇုဝိပစ္စနီကတာယ၊ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်၏ အဖြစ်ဖြင့်။) ဈာနန္တရာယကရတ္တာ၊ ဈာန်ရခြင်း၏ အန္တရာယ်ကိုပြုတတ်သည်၏အဖြစ်ကြောင့်။ တောနေဝ၊ ထိုကာမစ္ဆန္ဒစသော ငါးပါးသော နီဝရဏတရားတို့ကိုသာလျှင်။ ပဟာနင်္ဂါနီတိ၊ ဟူ၍။ ဝုတ္တာနိ၊ ကုန်၏။

ပန၊ အလျော်ကား။ ယသ္မာ၊ ကြောင့်။ ဝိတက္ကော၊ သည်။ အာရမ္မ-ဏေ၊ ၌။ စိတ္တံ၊ ကို။ အဘိနိရောပေတိ၊ ရှေးရှုတင်၏။ ဝိစာရော၊ သည်။ အာရမ္မဏေ၊ ၌။ စိတ္တံ၊ ကို။ (လိုက်) အနုပ္ပဗန္ဓတိ၊ အစဉ်မပြတ်ဖွဲ့တတ်၏။ တေဟိ၊ ဈာန်ရခြင်း၏အကြောင်းဖြစ်ကုန်သော ထိုဝိတက်ဝိစာရတို့ဖြင့်။ အဝိက္ခေပါယ၊ မပျံ့လွင့်ခြင်းငှါ။ သမ္ပာဒိတပ္ပယောဂဿ၊ ပြီးစေအပ်သော ဘာဝနာပယောဂရှိသော။ စေတသော၊ ၏။ (ပီဏနံ ဥပဗြူဟနံ ကရောတီတိ သမ္ဗန္ဓော) ပယောဂသမ္ပတ္တိသမ္ဘဝါ၊ ဘာဝနာပယောဂပြည့်စုံခြင်းကြောင့်

ဖြစ်သော။ ပီတိ၊ သည်။ ပီဏနံ၊ ရောင့်ရဲနှစ်သက်ခြင်းကို။ သုခဥ္စ၊ သည်လည်း။ ဥပဗြူဟနံ၊ ပွါးခြင်းကို။ ကရောတိ၊ ၏။ အထ၊ ထိုသို့ ပြုလတ်သော်။ သသေသသမ္ပယုတ္တဓမ္မံ၊ ဝိတက်ဝိစာရပီတိသုခမှကြွင်းသော ဖဿစသောသမ္ပယုတ်တရားနှင့်တကွသော။ နံ စိတ္တံ၊ ကို။ (သမံ သမ္မာ စ အာဓိယတီတိ သမ္မန္ဓော) ဧတေဟိ၊ ထိုဝိတက်ဝိစာရပီတိသုခတို့သည်။ အဘိနိရောပနာနုပ္ပဗန္ဓနပီဏနာနုပဗြူဟနေဟိ၊ အာရုံသို့ ရှေးရှုတင်ခြင်း, အာရုံ၌အစဉ်မပြတ်ဖွဲ့ခြင်း, ရောင့်ရဲနှစ်သက်ခြင်း, ပွါးစေခြင်းတို့ဖြင့်။ အနုဂ္ဂဟိတာ၊ ချီးပင့်အပ်သော။ ဧကဂ္ဂတာ၊ သည်။ ဧကတ္တာရမ္မဏေ၊ ပထဝီကသိုဏ်းစသောအားဖြင့် တခုသောသဘောရှိသောအာရုံ၌။ သမံ၊ ဣန္ဒြိယသမတာ၏ အစွမ်းအားဖြင့် အညီအညွတ်။ သမ္မာ စ၊ (ပဋိပက္ခတို့၏ ဝေးသည်၏ အဖြစ်, လီနုဒ္ဓစ္စတို့၏ကင်းခြင်းဖြင့်) ကောင်းစွာလည်း။ အာဓိယတိ ဌပေတိ၊ ထား၏။ တသ္မာ၊ ကြောင့်။ ဝိတက္ကော၊ ၎င်း။ ဝိစာရော၊ ၎င်း။ ပီတိ၊ ၎င်း။ သုခံ၊ ၎င်း။ စိတ္တေကဂ္ဂတာ၊ ၎င်း။ ဣတိ၊ သို့။ ဣမေသံ ပဉ္စန္နံ၊ ဤငါးပါးသောတရားတို့၏။ ဥပ္ပတ္တိဝသေန၊ ဖြစ်ခြင်း၏အစွမ်းအားဖြင့်။ ပဉ္စင်္ဂသမန္နာဂတတာ၊ ငါးပါးသောအင်္ဂါနှင့် ပြည့်စုံသည်၏ အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ ၏။ ဟိ-သစ္စံ၊ ၏။ ဧတေသု ပဉ္စသု၊ ထိုဝိတက်စသော ငါးပါးသောတရားတို့သည်။ ဥပ္ပန္နေသု၊ ဖြစ်ကုန်လတ်သော်။ ဈာနံ၊ သည်။ ဥပ္ပန္နံ နာမ၊ ဖြစ်သည်မည်သည်။ ဟောတိ၊ ၏။ တေန၊ ကြောင့်။ အဿ ဈာနဿ၊ ၏။ တာနိ ပဉ္စ၊ ထိုဝိတက်စသော ငါးပါးသောတရားတို့ကို။ သမန္နာဂတင်္ဂါနီတိ၊ ပြည့်စုံသောအင်္ဂါတို့ဟူ၍။ ဝုစ္စန္တိ၊ ကုန်၏။ တသ္မာ၊ ကြောင့်။ ဧတေဟိ၊ ထိုဝိတက်စသောငါးပါးသော တရားတို့နှင့်။ သမန္နာဂတံ၊ သော။ အညဒေဝ၊ ဝိတက်စသည်မှ တပါး သာလျှင်ဖြစ်သော။ ဈာနံ နာမ၊ မည်သည်။ အတ္ထီတိ၊ ရှိသေး၏ဟူ၍။ န ဂဟေတဗ္ဗံ၊ မယူသင့်ပြီ။ ပန-ပါကဋ္ဌံ ကရောမိ၊ အံ့။ အင်္ဂမတ္တဝသေနေဝ၊ အင်္ဂါမျှ၏အစွမ်းဖြင့်သာလျှင်။ စတုရင်္ဂိနီ၊ အင်္ဂါလေးပါးရှိသော။ သေနာ စ၊ စစ်သည်ဟူ၍၎င်း။ ပဉ္စင်္ဂိကံ၊ သော။ တူရိယံ၊ ဟူ၍၎င်း။ အဋ္ဌင်္ဂိကော၊ သော။ မဂ္ဂေါတိ စ၊ ဟူ၍၎င်း။ ဝုစ္စတိ ယထာ၊ ၏သို့။ ဝံ၊ တူ။ ဣဒမ္ပိ၊ ဤဈာန်ကိုလည်း၊ အင်္ဂမတ္တဝသေနေဝ၊ အင်္ဂါမျှ၏အစွမ်းဖြင့်သာလျှင်။ ပဉ္စင်္ဂိကန္တိ ဝါ၊ ဟူ၍၎င်း။ ပဉ္စင်္ဂသမန္နာဂတန္တိ ဝါ၊ ဟူ၍၎င်း။ ဝုစ္စတိ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

စ၊ ဆက်။ တောနိ ပဋ္ဌင်္ဂါနိ၊ တို့သည်။ ဥပစာရက္ခဏေပိ၊ ၌လည်း။
ကိဥ္စာပိ အတ္ထိ၊ ကုန်၏ရှင့်။ အထ ခေါ၊ ထိုသို့ရှိကုန်သော်လည်း။ ဥပစာရေ၊
၌။ ပကတိစိတ္တတော၊ ပြကတေ့သောကာမာဝစရစိတ်ထက်။ ဗလဝတရာနိ၊
အားကြီးမြတ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ပန၊ အထူး။ ဣဓ၊ ဤစျာန်စိတ်
၌။ ဥပစာရတောပိ၊ ထက်လည်း။ ဗလဝတရာနိ၊ အားကြီးမြတ်ကုန်သည်။
ရူပါဝစရလက္ခဏပ္ပတ္တာနိ၊ ရူပါဝစရလက္ခဏာသို့ရောက်ကုန်သည်။ ဟောန္တိ၊
ကုန်၏။ ဟိ-သစ္စံ၊ ၏။ ဧတ္ထ၊ ဤစျာန်၌၊ ဝါ၊ ငါးပါးသောစျာန်အင်္ဂါတို့
တွင်။ ဝိတက္ကော၊ သည်။ သုဝိသဒေန၊ အလွန်သန့်ရှင်းသော၊ ဝါ၊
အလွန်ထင်ရှားသော။ အာကာရေန၊ ဖြင့်။ အာရမ္မဏေ၊ ၌။ စိတ္တံ၊ ကို။
အဘိနိရောပယမာနော၊ တက်စေလျက်၊ ဝါ၊ တင်လျက်။ ဥပ္ပဇ္ဇတိ၊ ၏။
ဝိစာရော၊ သည်။ အတိဝိယ၊ (ပညာပတိရူပကဖြစ်၍) အလွန်လျှင်။
အာရမ္မဏံ၊ ကို။ အနုမဇ္ဇမာနော၊ သုံးသပ်ဆင်ခြင်လျက်။ ဥပ္ပဇ္ဇတိ၊ ၏။
ပီတိသုခံ၊ ပီတိနှင့်သုခသည်။ သဗ္ဗာဝန္တမ္ပိ၊ အလုံးစုံသော အစိတ်ရှိသည်
လည်းဖြစ်သော။ ကာယံ၊ ကို။ ဖရမာနံ၊ ပျံ့နှံ့လျက်၊ ဝါ၊ ပြည့်စေလျက်။
ဥပ္ပဇ္ဇတိ၊၏။ တေနေဝ၊ ကြောင့်လျှင်။ နာဿ။ပ။ ဟောတီတိ၊ ဟူ၍။
အာဟ၊ ဟောတော်မူပြီ။

[အဿ၊ ထိုစျာနလာဘီပုဂ္ဂိုလ်၏။ သဗ္ဗာဝတော၊ အလုံးစုံ အစိတ်ရှိ
သော။ ကာယဿ၊ ၏။ ဝိဝေကဇေန၊ သော။ ပီတိသုခေန၊ ဖြင့်။
အပ္ဖုဋံ၊ မတွေ့မထိအပ်သော။ ကိဉ္စိ၊ တစုံတခုသောအရပ်အစိတ်သည်။
န ဟောတိ၊ မဖြစ်။]

ဟေဋ္ဌိမမ္ပိ သမုဂ္ဂပဋလေ၊ အောက်ဖြစ်သော အုပ်မအပြင်၌။ ဥပရိမံ
သမုဂ္ဂပဋလံ၊ အထက်ဖြစ်သော အုပ်ဖုံးအပြင်သည်။ သုဖုသိတံ ဝိယ၊
ကောင်းစွာ အစေ့အစပ် မလပ်မလစ်ထိသကဲ့သို့။ စိတ္တေကဂ္ဂတာပိ၊ စိတ္တေ-
ကဂ္ဂတာသည်လည်း။ အာရမ္မဏေ၊ ၌။ သုဖုသိတာ၊ ထက်ဝန်းကျင်မှ
ကောင်းစွာထိသည်။ ဟုတွာ၊ ၍။ ဥပ္ပဇ္ဇတိ၊ ၏။ အယံ၊ ဤသည်လျှင်။
ဧတေသံ၊ ထိုရူပါဝစရလက္ခဏာသို့ ရောက်ကုန်သော အင်္ဂါငါးပါးတို့၏။
ဣတရေဟိ၊ ဥပစာရအခိုက်၌ဖြစ်သော အင်္ဂါငါးပါးတို့မှ။ ဝိသေသော၊
ထူးသည်၏အဖြစ်တည်း။ တတ္ထ တေသု စျာနင်္ဂေသု၊ တို့၌၊ ဝါ၊ တို့တွင်။
စိတ္တေကဂ္ဂတာ၊ ကို။ သဝိတက္ကံ သဝိစာရန္တိ ဣမသ္မိံ ပါဌေ၊ ၌။ ကိဉ္စာပိ

န နိဒ္ဒိဋ္ဌာ၊ အကယ်၍ကား သရုပ်အားဖြင့် မပြအပ်။ တထာပိ၊ ထိုသို့ သရုပ်အားဖြင့် မပြအပ်သော်သည်း။ ဝိဘင်္ဂေ၊ ၌။ ဈာနန္တိ ဝိတက္ကော ဝိစာရော ပီတိ သုခံ စိတ္တေကဂ္ဂတာတိ၊ ဟူ၍။ ဧဝံ၊ ဤသို့ သရုပ်အားဖြင့် သာလျှင်။ ဝုတ္တတ္တာ၊ ကြောင့်။ စိတ္တေကဂ္ဂတာ၊ သည်။ (လိုက်) အင်္ဂမေဝ၊ ဈာန်အင်္ဂါမည်သည်သာတည်း။ ဟိ-သစ္စံ၊ ၏။ ယေန အဓိပ္ပါယေန၊ အကြင်(ဝိတက်စသည်တို့နှင့် တကွဖြစ်သောဓမ္မကို ပြလိုသော) ဆန္ဒတော်ဖြင့်။ (သဝိတက္ကံ သဝိစာရန္တိအာဒိနာ၊ ဖြင့်။) ဥဒ္ဒေသော၊ အကျဉ်းဥဒ္ဒေသကို။ ဘဂဝတာ၊ သည်။ ကတော၊ ၏။ သောယေဝ အဓိပ္ပါယော၊ ကိုပင်လျှင်။ တေန ဘဂဝတာ၊ ထိုမြတ်စွာဘုရားသည်။ ဝိဘင်္ဂေ၊ ၌။ ပကာသိတော၊ ၏။ ဣတိ၊ ၏။

တိဝိဓကလျာဏ

[၁၄၃] ၇၅။ ပန၊ ထိုမှတပါး။ တိဝိဓကလျာဏံ ဒသလက္ခဏသမ္ပန္နန္တိ ဧတ္ထ၊ ၌။ အာဒိမဇ္ဈပရိယောသာနဝသေန၊ ဈာန်၏ အစအလယ်အဆုံး၏ အစွမ်းဖြင့်။ တိဝိဓကလျာဏတာ၊ သုံးပါးအပြားရှိသော ကောင်းခြင်းရှိသည်၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ ၏။ တေသံယေဝ စ အာဒိမဇ္ဈပရိယောသာနာနံ၊ ထိုသို့သဘောရှိကုန်သော ဈာန်၏ အစ အလယ် အဆုံး တို့၏သာလျှင်။ လက္ခဏဝသေန၊ အပ္ပနာ၌ မှတ်အပ်သော အဖြစ်၏အစွမ်းဖြင့်။ ဒသလက္ခဏသမ္ပန္နတာ စ၊ ဆယ်ပါးသောလက္ခဏာနှင့်ပြည့်စုံသည်၏ အဖြစ်ကိုလည်း။ ဝေဒိတဗ္ဗာ၊ ၏။

တတြ၊ ထိုအရာ၌။ ဝါ၊ ထိုကလျာဏအဖြစ် လက္ခိတဗ္ဗအဖြစ်တို့ကို ထင်စွာပြခြင်း၌။ အယံ၊ ကား။ ပါဠိ၊ တည်း။

ပဌမဿ ဈာနဿ၊ ၏။ ပဋိပဒါဝိသုဒ္ဓိ၊ ဈာန်သို့ရောက်ကြောင်း အကျင့်၏ စင်ခြင်းသည်။ အာဒိ၊ အစမည်၏။ ဥပေက္ခာနုဗြူဟနာ၊ တတြမဇ္ဈတ္တုပေက္ခာ၏ ပွါးခြင်းသည်။ မဇ္ဈေ၊ အလယ်မည်၏။ သမ္ပဟံသနာ၊ ရွှင်ခြင်း ကြည်လင်ခြင်းသည်။ ပရိယောသာနံ၊ အဆုံးမည်၏။ ပဌမဿ ဈာနဿ၊ ၏။ ပဋိပဒါဝိသုဒ္ဓိ၊ သည်။ အာဒိ၊ အစမည်၏။ အာဒိဿ၊ အစ၏။ လက္ခဏာနိ၊ တို့သည်။ ကတိ၊ အဘယ်မျှတို့နည်း။ အာဒိဿ၊ ၏။ လက္ခဏာနိ၊ တို့သည်။ တီဏိ၊ သုံးပါးတို့တည်း။ တဿ၊ ထိုပဌမဈာန်၏။ ယော ပရိပန္ထော၊ အကြင်နီဝရဏဟူသောဘေးရန်သည်။

အတ္ထိ၊ ၏။ တတော ပရိဗန္ဓတော၊ မှ။ စိတ္တံ၊ သည်။ ဝိသုဇ္ဈတိ၊ စင်ကြယ်၏။ ဝိသုဒ္ဓတ္တာ၊ ကြောင့်။ စိတ္တံ၊ သည်။ မဇ္ဈိမံ၊ အလယ်ဖြစ်သော။ သမထနိမိတ္တံ၊ သမာဓိဟူသော ဥပရိဝိသေသ၏ကာရဏကို။ ပဋိပဇ္ဇတိ၊ ကျင့်၏။ ပဋိပန္နတ္တာ၊ ကြောင့်။ တတ္ထ သမထနိမိတ္တေ၊ ၌။ စိတ္တံ၊ သည်။ ပက္ခန္ဒတိ၊ ပြေးဝင်၏။ (တနည်း) တတ္ထ၊ ထိုကေတ္တာရမ္မဏဖြစ်သော အပ္ပနာဂေါစရ၌။ စိတ္တံ၊ သည်။ ပက္ခန္ဒတိ ဥပတိဋ္ဌတိ၊ ကပ်၍တည်၏။ ပရိဗန္ဓတော၊ မှ။ စိတ္တံ၊ သည်။ ယဉ္စ ဝိသုဇ္ဈတိ၊ အကြင်စင်လည်း စင်ကြယ်၏။ ဝိသုဒ္ဓတ္တာ၊ ကြောင့်။ စိတ္တံ၊ သည်။ မဇ္ဈိမံ၊ သော။ သမထနိမိတ္တံ၊ ကို။ ယဉ္စ ပဋိပဇ္ဇတိ၊ အကြင်ကျင့်လည်း ကျင့်၏။ ပဋိပန္နတ္တာ၊ ကြောင့်။ တတ္ထ သမထနိမိတ္တေ၊ ၌။ စိတ္တံ၊ သည်။ ယဉ္စ ပက္ခန္ဒတိ၊ အကြင်ပြေးလည်း ပြေးဝင်၏။ ပဌမဿ ဈာနဿ၊ ၏။ ပဋိပဒါဝိသုဒ္ဓိ၊ သည်။ အာဒိ၊ မည်၏။ အာဒိဿ၊ ၏။ ဣမာနိ တီဏိ၊ (ပရိဗန္ဓမှ စိတ်၏ စင်ကြယ်သော အခြင်းအရာ, မဇ္ဈိမသမထနိမိတ်ကို ကျင့်သော အခြင်းအရာ, သမထနိမိတ်၌ ပြေးဝင်သော အခြင်းအရာဟူသော) ဤသုံးပါးတို့သည်။ လက္ခဏာနိ၊ (အပ္ပနာသို့ ရောက်ခြင်း၏ မှတ်ကြောင်းလက္ခဏာ, အပ္ပနာသို့ရောက်ခြင်း၌ မှတ်အပ်သော) လက္ခဏာ မည်ကုန်၏။ တေန၊ ကြောင့်။ ပဌမံ ဈာနံ၊ သည်၊ ဝါ၊ ကို။ အာဒိကလျာဏဉ္စေဝ၊ သည်လည်း။ ဟောတိ၊ ၏။ တိလက္ခဏသမ္ပန္နဉ္စ၊ သည်လည်း။ ဟောတိ၊ ၏။ (ဣတိ၊ သို့။) ဝုစ္စတိ၊ ၏။

ပဌမဿ ဈာနဿ၊ ၏။ ဥပေက္ခာနုဗြူဟနာ၊ သည်။ မဇ္ဈေ၊ တည်း။ မဇ္ဈဿ၊ ၏။ လက္ခဏာနိ၊ တို့သည်။ ကတိ၊ တို့နည်း။ မဇ္ဈဿ၊ ၏။ လက္ခဏာနိ၊ တို့သည်။ တီဏိ၊ သုံးပါးတို့တည်း။ ဝိသုဒ္ဓံ၊ သော။ စိတ္တံ၊ ကို။ အဇ္ဈုပေက္ခတိ၊ ၏။ သမထပဋိပန္နံ၊ သမထဟူသော ခရီးမှန်သွားသော။ စိတ္တံ၊ ကို။ (လိုက်) အဇ္ဈုပေက္ခတိ၊ ၏။ ဧကတ္တုပဋ္ဌာနံ၊ ကိလေသသံသဂ္ဂကို ပယ်၍ အဖော်မရှိတခုတည်း၏ အဖြစ်ဖြင့်တည်သော အပ္ပနာစိတ်ကို၊ ဝါ၊ တခုတည်းသောသဘောရှိသောအာရုံ၌ မြဲစွာကပ်၍တည်သောစိတ်ကို။ အဇ္ဈုပေက္ခတိ၊ ၏။ ဝိသုဒ္ဓံ၊ သော။ စိတ္တံ၊ ကို။ ယဉ္စ အဇ္ဈုပေက္ခတိ၊ အကြင်လျစ်လျူမှုလည်းရှု၏။ သမထပဋိပန္နံ၊ သော။ စိတ္တံ၊ ကို။ ယဉ္စ အဇ္ဈုပေက္ခတိ၊ ၏။ ဧကတ္တုပဋ္ဌာနံ၊ သော။ စိတ္တံ၊ ကို။ ယဉ္စ အဇ္ဈုပေက္ခတိ၊ ၏။ ပဌမဿ ဈာနဿ၊ ၏။ ဥပေက္ခာနုဗြူဟနာ၊ သည်။ မဇ္ဈေ၊ တည်း။

မဇ္ဈသ၊ ၏။ ဉာမာနိ တိဏ္ဏံ၊ ဝိသုဒ္ဓိစိတ္တကိုလျစ်လျူရှုခြင်း, သမထပဋိပန္န စိတ္တကိုလျစ်လျူရှုခြင်း, ဧကတ္တုပဋ္ဌာနစိတ္တကို လျစ်လျူရှုခြင်းဟူသော ဉာဏ်သုံးပါးသော အခြင်းအရာတို့သည်။ လက္ခဏာနိ၊ မှတ်အပ်သော လက္ခဏာ, မှတ်ကြောင်းလက္ခဏာမည်ကုန်၏။ တေန၊ ကြောင့်။ ပဌမံ ဈာနံ၊ သည်၊ ဝါ၊ ကို။ မဇ္ဈေကလျာဏဉ္စေဝ၊ သည်လည်း။ ဟောတိ၊ ၏။ တိလက္ခဏသမ္ပန္နဉ္စ၊ သည်လည်း။ ဟောတိ၊ ၏။ (ဉာတိ၊ သို့။) ဝုစ္စတိ၊ ၏။

ပဌမဿ ဈာနဿ၊ ၏။ သမ္ပဟံသနာ၊ သည်။ ပရိယောသာနံ၊ မည်၏။ ပရိယောသာနဿ၊ ၏။ လက္ခဏာနိ၊ တို့သည်။ ကတိ၊ နည်း။ ပရိယောသာနဿ၊ ၏။ လက္ခဏာနိ၊ တို့သည်။ စတ္တာရိ၊ လေးပါးတို့တည်း။ တတ္ထ၊ ထိုဈာန်စိတ်၌။ ဇာတာနံ၊ ကုန်သော။ ဓမ္မာနံ၊ တို့၏။ အနတိဝတ္တနဋ္ဌေန၊ အချင်းချင်းမလွန်သောအဖြစ်ဖြင့်။ သမ္ပဟံသနာ၊ ရွှင်ခြင်း ကြည်လင်ခြင်း ပြုံးပြုံးပြက်ထွန်းလင်းခြင်းရှင်း။ ဣန္ဒြိယာနံ၊ သဒ္ဓါစသော ဣန္ဒြေတို့၏။ ဧကရသဋ္ဌေန၊ တူသော ကိစ္စရှိသောအဖြစ်ဖြင့်။ သမ္ပဟံသနာ၊ ရှင်း။ တဒုပဂဝီရိယဝါဟနဋ္ဌေန၊ ထိုဣန္ဒြေတို့အားလျော်သော ဝီရိယကိုဆောင်သောသဘောဖြင့်။ သမ္ပဟံသနာ၊ ရှင်း။ အာသေဝနဋ္ဌေန၊ (ထိုခဏ၌ ယထာဝုတ္တဓမ္မတို့ကို) မှီဝဲသောသဘောဖြင့်။ သမ္ပဟံသနာ၊ ရှင်း။ ပဌမဿ ဈာနဿ၊ ၏။ သမ္ပဟံသနာ၊ သည်။ ပရိယောသာနံ၊ မည်၏။ ပရိယောသာနဿ၊ ၏။ ဉာမာနိ စတ္တာရိ၊ တို့သည်။ လက္ခဏာနိ၊ မည်ကုန်၏။ တေန၊ ကြောင့်။ ပဌမံ ဈာနံ၊ သည်၊ ဝါ၊ ကို။ ပရိယောသာနကလျာဏဉ္စေဝ၊ သည်လည်း။ ဟောတိ၊ ၏။ စတုလက္ခဏသမ္ပန္နဉ္စ၊ သည်လည်း။ ဟောတိ၊ ၏။ ဉာတိ၊ သို့။ ဝုစ္စတိ၊ ၏။

[၁၄၄] တတြ၊ ထိုပါဠိတော်၌။ သသမ္ဘာရိကော! ဈာန်ကိုကောင်းစွာ မွေးမြူကြောင်း ဈာန်၏ဖြစ်ကြောင်း သမ္ဘာရ နာနာဝဇ္ဇနပရိကံနှင့် တကွသော။ ဥပစာရော၊ ကောဝဇ္ဇနုပစာရသည်။ ပဋိပဒါဝိသုဒ္ဓိ နာမ၊ မည်၏။ အပ္ပနာ၊ သည်။ ဥပေက္ခာနုဗြူဟနာ နာမ၊ ဥပေက္ခာနုဗြူဟနာမည်၏။ ပစ္စဝေက္ခဏာ၊ သည်။ သမ္ပဟံသနာ နာမ၊ မည်၏။ ဉာတိ ဧဝံ၊ သို့။ ဧကေ၊ အဘယဂိရိဝါသီကေဆရာတို့သည်။ ဝဏ္ဏယန္တိ၊ ကုန်၏။ ပန၊ ထိုသို့ကေ ဆရာတို့ အတ္တနောမတိဖြင့် ဖွင့်ဆိုသော်လည်း။ ယသ္မာ၊ ကြောင့်။ ဧကတ္တဂတံ၊ တခုသောကိစ္စရှိသည်၏ အဖြစ်သို့ရောက်သော၊ ဝါ၊ တခုသော

အာရုံရှိသည်၏ အဖြစ်သို့ရောက်သော။ စိတ္တံ၊ အပ္ပနာအဖြစ်သို့ရောက်သော စိတ်သည်။ ပဋိပဒါဝိသုဒ္ဓိပက္ခန္ဒဉ္စေဝ၊ သည်ရင်း။ ဥပေက္ခာနုဗြူဟိတဉ္စ၊ တတြမဇ္ဈတ္တုပေက္ခာကို ပွါးစေတတ်သည်ရင်း။ ဉာဏေန၊ သည်။ သမ္ပဟံသိတဉ္စ၊ ရွှင်စေအပ် ကြည်စေအပ် လင်းစေအပ်သည်ရင်း။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ပါဠိယံ၊ ၌။ ဝုတ္တံ၊ ၏။ တသ္မာ၊ ထိုသို့ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ အန္တောအပ္ပနာယမေဝ၊ အပ္ပနာ၏ အတွင်း၌သာလျှင်။ အာဂမနဝသေန၊ ပရိကံဟူသော အာဂမန၏ အစွမ်းဖြင့်။ ပဋိပဒါဝိသုဒ္ဓိ၊ ကို။ ဝေဒိတဗ္ဗာ၊ ၏။ တတြမဇ္ဈတ္တုပေက္ခာယ၊ ၏။ ကိစ္စဝသေန၊ ကိစ္စ၏အစွမ်းဖြင့်။ ဥပေက္ခာနုဗြူဟနာ၊ ကို။ ဝေဒိတဗ္ဗာ၊ ၏။ ဓမ္မာနံ၊ သမာဓိပညာဟုဆိုအပ်ကုန်သောဓမ္မတို့၏။ အနတိဝတ္တနာဒိဘာဝသာဓနေန၊ အနတိဝတ္တနစသည်တို့၏အဖြစ်ကို ပြီးစေခြင်းဖြင့်။ ပရိယောဒါပကဿ၊ သုတ်သင်တတ် ဖြူစင်စေတတ်သော။ ဉာဏဿ၊ ၏။ ကိစ္စနိပ္ဖတ္တိဝသေန၊ ကိစ္စပြီးခြင်း၏ အစွမ်းဖြင့်။ သမ္ပဟံသနာ စ၊ ကိုလည်း။ ဝေဒိတဗ္ဗာ၊ ၏။

ကထံ ဝေဒိတဗ္ဗာ၊ ကား။ ဟိ၊ ချဲ့အံ့။ ယသ္မိံ ဝါရေ၊ အကြင်ဇောဝါရ၌။ အပ္ပနာ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ တသ္မိံ ဝါရေ၊ ထိုအပ္ပနာဇောဝါရ၌။ နီဝရဏသင်္ခါတော၊ ဟုဆိုအပ်သော။ ယော ကိလေသဂဏော၊ အကြင် ကိလေသာအပေါင်းသည်။ တဿ ဈာနဿ၊ ၏။ ပရိဗန္ဓော၊ ဘေးရန်သည်။ ဟောတိ၊ ၏။ တတော ပရိဗန္ဓတော၊ ထိုနီဝရဏဟု ဆိုအပ်သော ဈာန်၏ဘေးရန်မှ။ စိတ္တံ၊ သည်။ ဝိသုဇ္ဈတိ၊ ၏။ ဝိသုဒ္ဓတ္တာ၊ ကြောင့်။ အာဝရဏဝိရဟိတံ၊ ပိတ်ကွယ် ဖုံးလွှမ်းတတ်သော နီဝရဏ ကင်းသည်။ ဟုတွာ၊ ၍။ (ထိုနီဝရဏကို ပယ်ခွါ၍ဟူလို) မဇ္ဈိမံ၊ သော။ သမထနိမိတ္တံ၊ ကို။ ပဋိပဇ္ဇတိ၊ ၏။ သမပ္ပဝတ္တော၊ (လီနုဒ္ဓစ္စသို့ မကပ်သဖြင့်) အညီအညွတ်ဖြစ်သော။ အပ္ပနာသမာဓိယေဝ၊ သည်သာလျှင်။ မဇ္ဈိမံ၊ (လီနုဒ္ဓစ္စဟုဆိုအပ်သော အစွန်းနှစ်ဖက်တို့ကို မကပ်သဖြင့်) အလယ်လမ်းမှန်ဖြစ်သော။ သမထနိမိတ္တံ နာမ၊ မည်၏။ ပန၊ ဆက်။ တဒနန္တရံ၊ ထိုအပ္ပနာစိတ်အား အနန္တရပစ္စည်းပြုသော။ ပုရိမစိတ္တံ၊ ရှေးဖြစ်သောဂေါတြဘူစိတ်သည်။ ဧကသန္တတိပရိဏာမနယေန၊ တခုတည်းသောသန္တာန်၌ ညွတ်စေသော၊ ဝါ၊ ပြောင်းလဲသော ဧကတ္တနည်းအားဖြင့်။ တထတ္တံ-တထာဘာဝံ

အပ္ပနာသမာဓိဝသေန သမာဟိတဘာဝံ၊ မှန်သောအဖြစ်,အပ္ပနာသမာဓိ၏ အစွမ်းသတ္တိဖြင့် ကောင်းစွာ တည်ကြည်သည်၏ အဖြစ်သို့[၁]။ ဥပဂစ္ဆမာနံ၊ ကပ်သည်ဖြစ်၍။ မဇ္ဈိမသမထနိမိတ္တံ၊ အလယ်ဖြစ်သော သမထနိမိတ်ကို။ ပဋိပဇ္ဇတိ နာမ၊ ကျင့်သည်မည်၏၊ ဝါ၊ ရောက်သည်မည်၏။ ဧဝံ ပဋိ-ပန္နတ္တာ၊ ဤသို့ရောက်သည်၏အဖြစ်ကြောင့်။ တထတ္တုပဂမနေန၊ မှန်သော အဖြစ်သို့ ထိုအပ္ပနာသမာဓိ၏ အခြင်းအရာရှိသည်၏ အဖြစ်သို့ ကပ်သဖြင့်။ တတ္ထ၊ ထိုသမထနိမိတ်၌။ ပက္ခန္ဒတိ နာမ၊ မည်၏။ ဧဝံ၊ ဤသို့ ဆိုအပ်ပြီးသောနည်းဖြင့်။ တာဝ၊ စွာ။ ပုရိမစိတ္တေ၊ ရှေးဖြစ်သော ဂေါ်တြဘူစိတ်၌။ ဝိဇ္ဇမာနာကာရနိပ္ဖါဒိကာ၊ ထင်ရှားရှိသော ပရိဗန္ဓဝိသုဒ္ဓိ, မဇ္ဈိမသမထ,ပဋိပတ္တိပက္ခန္ဒနာကာရတို့ကိုပြီးစေတတ်သော။(ပဋိပဒါဝိသုဒ္ဓိ-၌စပ်) ပဌမဿ ဈာနဿ၊ ၏။ ဥပ္ပါဒက္ခဏေယေဝ၊ ဥပါဒ်ခဏ၌သာလျှင်။ အာဂမနဝသေန၊ လာခဲ့ရာအကြောင်း၏အစွမ်းဖြင့်။ ပဋိပဒါဝိသုဒ္ဓိ၊ ကို။ ဝေဒိတဗ္ဗာ၊ ၏။

ပန၊ ပါး။ ဧဝံ၊ သို့။ ဝိသုဒ္ဓဿ၊ စင်ကြယ်ပြီးသော။ တဿ စိတ္တဿ၊ ၏။ ပုန၊ ဖန်။ ဝိသောဓေတဗ္ဗာဘာဝတော၊ သုတ်သင်အပ်သည်၏ အဖြစ်၏ မရှိခြင်းကြောင့်။ ဝိသောဓနေ၊ ၌။ ဗျာပါရံ၊ ကို။ အကရောန္တော၊ မပြုမူ၍၊ ဝါ၊ မပြုသောယောဂီသည်။ ဝိသုဒ္ဓံ၊ သော။ စိတ္တံ၊ ကို။ အဇ္ဈုပေက္ခတိ နာမ၊ မည်၏။ သမထဘာဝူပဂမနေန၊ သမထအဖြစ်သို့ ရောက်သဖြင့်။ သမထပဋိပန္နဿ၊ သမထလမ်းရိုးမှန်သွားသော။ (စိတ္တဿ၊ ကို။) ပုန၊ ဖန်။ သမာဓာနေ၊ အညီအညွတ်ကောင်းစွာထားခြင်း၌။ ဗျာပါရံ၊ ကို။ အက-ရောန္တော၊ မပြုသည်ဖြစ်၍၊ ဝါ၊ မပြုသောသူသည်။ သမထပဋိပန္နံ၊ သမထ လမ်းရိုးမှန်သွားသောစိတ်ကို။ အဇ္ဈုပေက္ခတိ နာမ၊ မည်၏။ စ၊ ပါး။ သမထပဋိပန္နဘာဝတော ဝေ၊ သမထလမ်းရိုးမှန် သွားသည်၏ အဖြစ် ကြောင့်သာလျှင်။ ကိလေသသံသဂ္ဂံ၊ ကိလေသာနှင့် ပေါင်းဖက်ခြင်းကို။ ပဟာယ၊ ၍။ ဧကတ္တေန၊ ကိလေသာအဖော်မရှိ တဦးတည်း၏အဖြစ်ဖြင့်။ ဥပဋ္ဌိတဿ၊ တည်ပြီးသော။ အဿ စိတ္တဿ၊ ထိုအပ္ပနာစိတ်၏။ ပုန၊ ဖန်။ ဧကတ္တုပဋ္ဌာနေ၊ ကိလေသာအဖော်အဖက်ကင်း၍ တဦးတည်း၏အဖြစ်ဖြင့် တည်ခြင်း၌၊ ဝါ၊ တခုတည်းသောသဘောရှိသောအာရုံ၌ မြဲစွာတည်ခြင်း၌။

၁-တထတ္တ-တတာဘာဝံ၊ ထိုအပ္ပနာသမာဓိ၏ အခြင်းအရာအားဖြင့် ဖြစ်ခြင်းသို့-ဟူ၍လည်း အနက်ပြန်သင့်၏။ (ဆ-သံ-သော)

ဗျာပါရံ၊ ကို။ အကရောန္တော၊ ၍၊ ဝါ၊ သည်။ ကေတ္တုပဋ္ဌာနံ၊ ကိလေသာ အဖော်အဖက်ကင်း၍ တဦးတည်း၏အဖြစ်ဖြင့် တည်ခြင်းရှိသောစိတ်ကို။ အဇ္ဈုပေက္ခတိ နာမ၊ မည်၏။ ဧဝံ၊ သို့။ တတြမဇ္ဈတ္တုပေက္ခာယ၊ ၏။ ကိစ္စဝသေန၊ ဖြင့်။ ဥပေက္ခာနုဗြူဟနာ၊ ကို။ ဝေဒိတဗ္ဗာ၊ ၏။

ပန၊ ပါး။ ဧဝံ၊ သို့။ ဥပေက္ခာနုဗြူဟိတေ၊ ဥပေက္ခာသည်ပွါးစေအပ်သော။ တတ္ထ-တသ္မိံ စျာနစိတ္တေ၊ ၌။ ဇာတာ၊ ကုန်သော။ သမာဓိ-ပညာသင်္ခါတာ၊ ကုန်သော။ ယေ ဧတေ ယုဂနဒ္ဓဓမ္မာ၊ အကြင်(အညမည-မနတိဝတ္တန၏အစွမ်းဖြင့် ကိစ္စကိုပြုခြင်းကြောင့် ထမ်းပိုး၌ ဖွဲ့အပ်သော နွားနှင့်တူကုန်၍) ရှင်းစုံဖွဲ့အပ်သော တရားတို့သည်။ အညမညမနတိ-ဝတ္တမာနာ၊ အချင်းချင်းမလွန်ကုန်သည်။ ဟုတွာ၊ ၍။ ပဝတ္တာ၊ ဖြစ်ကုန်၏။ စ၊ ပါး။ သဒ္ဓါဒီနိ၊ ကုန်သော။ ယာနိ ဣန္ဒြိယာနိ၊ တို့သည်။ နာနာကိလေသေဟိ၊ တို့မှ။ ဝိမုတ္တတ္တာ၊ ကြောင့်။ ဝိမုတ္တိရသေန၊ ကိလေသာမှလွတ်ခြင်းဟူသော ကိစ္စအားဖြင့်။ ဧကရသာနိ၊ တူသောကိစ္စရှိကုန်သည်။ ဟုတွာ၊ ၍။ ပဝတ္တာနိ၊ ကုန်၏။ စ၊ ပါး။ သော ယောဂီ၊ သည်။ တဒုပဂံ၊ ထိုအနတိဝတ္တန ဧကရသအဖြစ်တို့အားလျော်သော။ ယံ ဝီရိယံ၊ ကို။ ဝါဟယတိ ပဝတ္တေတိ၊ ဖြစ်စေ၏။ အဿ စျာနစိတ္တဿ၊ ၏။ တသ္မိံ ခဏေ၊ ထိုဘင်ခဏ၌။ ပဝတ္တာ၊ သော။ ယာ စ အာသေဝနာ၊ အကြင်မှီဝဲခြင်းသည်လည်း။ အတ္ထိ၊ ၏။ သဗ္ဗေပိ၊ ကုန်သော။ တေ အာကာရာ၊ ထိုအညမညမနတိဝတ္တန အစရှိကုန်သော (စျာန်စိတ်၌ဖြစ်ကုန်သောသမာဓိပညာစသော တရားတို့၏ဖြစ်သော) အာကာရတို့သည်။ (နိပ္ဖန္နာဝ-၌စပ်) ယသ္မာ၊ ကြောင့်။ သံကိလေသဝေါဒါနေသု၊ တို့၌။ တံ တံ အာဒီနဝဥ္စ၊ ကိုရင်း။ [၁၄၅] တံ တံ အာနိသံသဉ္စ၊ ကိုရင်း။ (ပုရေတရံ၊ မဆွက။) ဉာဏေန၊ ပါရိဟာရိယဉာဏ်ဖြင့်။ ဒိသွာ၊ ၍။ ယထာ ယထာ၊ ဖြင့်။ အညမညမနတိဝတ္တနာဒယော၊ တို့သည်။ (ဟောန္တိ၊ ကုန်၏။) တထာ တထာ၊ ဖြင့်။ (ဘာဝနာယ၊ ၏။) သမ္ပဟံသိတတ္တာ၊ ရွှင်စေအပ်သည်၏ အဖြစ်ကြောင့်။ (တေနေဝ ဉာဏေန၊ ဖြင့်သာလျှင်။) ဝိသောဓိတတ္တာ၊ သုတ်သင်အပ်ပြီးသည်၏အဖြစ်ကြောင့်။ ပရိယောဒါပိ-တတ္တာ၊ ထက်ဝန်းကျင်ဖြူစင်စေအပ်ပြီးသည်၏ အဖြစ်ကြောင့်။ နိပ္ဖန္နာဝ၊ ပြီးကုန်သည်သာလျှင်တည်း။ တသ္မာ၊ ကြောင့်။ ဓမ္မာနံ။ပ။ ဝေဒိတဗ္ဗာတိ၊

ဟူ၍။ (လက္ခဏာသံဝဏ္ဏနာယ၊ ၏။ အာဒိမှိ၊ ၌။ မယာ၊ သည်။) ဝုတ္တံ၊ ပြီ။

တတ္ထ-တသ္မိံ ဘာဝနာစိတ္တေ၊ ၌။ ယသ္မာ၊ ကြောင့်။ ဥပေက္ခာဝသေန၊ ဖြင့်။ ဉာဏံ၊ သည်။ ပါကဋံ၊ သည်။ ဟောတိ၊ ၏။ ယထာဟ၊ ကား။ တထာ။ပ။ ဘာဝနာတိ၊ ဟူ၍။ အာဟ၊ ပြီ။

[(ယထာ၊ ဖြင့်။ ပဂ္ဂယှမာနံ၊ သော်၊ ဝါ၊ သော။ ဘာဝနာစိတ္တံ၊ သည်။ ကောသဇ္ဇပက္ခေ၊ ၌။ န ပတတိ၊ မကျ။) တထာ၊ ဖြင့်။ (ဝီရိယသမ္ဗောဇ္ဈင်္ဂ-ဋ္ဌာနီယာနံ၊ ကုန်သော။ ဓမ္မာနံ၊ တို့ကို။ ဗဟုလီကာရဝသေန၊ ဖြင့်။) ပဂ္ဂဟိတံ၊ သော။ စိတ္တံ၊ ကို။ (ပဂ္ဂဏှန္တေနာပိ၊ သော်လည်း။ သမာ-ဓိဿ၊ ၏။ ဝီရိယသမတာယောဇနဝသေန၊ ဖြင့်။ ပဂ္ဂဟိတတ္တာ၊ ကြောင့်။) သာဓုကံ၊ စွာ။ (ဥပေက္ခာဝသေန၊ ဖြင့်။)[1] အဇ္ဈုပေက္ခတိ၊ ၏။ ဥပေက္ခာဝသေန၊ (လိုက်ဦး) ဥပေက္ခာ၏အစွမ်းဖြင့်ရင်း[2]။ ပညာဝသေန၊ ရှေး၌ဖြစ်သော ပါရိဟာရိယပညာ၏ အစွမ်းဖြင့်ရင်း။ ပညိန္ဒြိယံ၊ အပ္ပနာ-ပညိန္ဒြေသည်။ အဓိမတ္တံ၊ လွန်သည်။ ဟောတိ၊ ၏။ (တဿ ပညိန္ဒြိယဿ၊ ၏။ အဓိမတ္တတ္တာ ဝေ၊ ကြောင့်သာလျှင်။ အဇ္ဈုပေက္ခန္တဿဝ၊ လျစ်လျူရှုသူအားသာလျှင်။) ဥပေက္ခာဝသေန၊ ဖြင့်။ နာနတ္တကိလေသေဟိ၊ အထူးထူးသော သဘောရှိကုန်သော နီဝရဏအမှူးရှိသောကိလေသာတို့မှ။ စိတ္တံ၊ သည်။ ဝိမုစ္စတိ၊ လွတ်၏။ ဝိမောက္ခဝသေန၊ လွတ်ခြင်း၏အစွမ်းဖြင့်။ ပညာဝသေန၊ ဖြင့်။ ပညိန္ဒြိယံ၊ သည်။ အဓိမတ္တံ၊ သည်။ ဟောတိ၊ ၏။ ဝိမုတ္တတ္တာ၊ ကြောင့်။ တေ ဓမ္မာ၊ ထိုသဒ္ဓါ ပညာ သမာဓိ ဝီရိယရှိသော တရားတို့သည်။ ဧကရသာ၊ တူမျှသော ကိစ္စရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ (ဧဝံ၊ သို့။ ဣန္ဒြိယာနံ၊ တို့၏။) ဧကရသဋ္ဌေန၊ တူသော ကိစ္စရှိသည်၏ အဖြစ်ကြောင့်။ ဘာဝနာ၊ သည်[3]။ ဟောတိ၊ ၏။]

၁-မူရင်းအတိုင်းပင်၊ သို့သော် ဤပုဒ်ကို အဇ္ဈုပေက္ခတိ-၌ မစပ်သင့်ဟုထင်၏၊ ပဋိ-သမ္ဘိဒါမဂ် ပါဠိတော်ရင်း၌ ကြည့်၍ ဆုံးဖြတ်ပါ။ (ဆ-သံ-သော)

၂-ဤပုဒ်လည်း ပါဠိရင်းအလိုအားဖြင့် လိုက်ပုဒ်မဟုတ်၊ ဌာနပယောဂပင် ဖြစ်သင့်၏။ (ဆ-သံ-သော)

၃-ဧကရသဋ္ဌေန ဘာဝနာ-ဟူသော ဤပါဌ်သည် ပဋိသမ္ဘိဒါမဂ်တွင် ဤအရာ၌မရှိ၊ ဧကရသဋ္ဌေန ဘာဝနာဝသေန ဟု သျာ-က-မူကွဲမျှသာရှိ၏၊ ရင်းလည်း ဤ၌မလို။ (ဆ-သံ-သော)

တသ္မာ၊ ထိုသို့ ဥပေက္ခာ၏ အားအစွမ်းဖြင့် ဉာဏ်၏ ထင်သည်၏ အဖြစ်ကြောင့်။ ဉာဏကိစ္စဘူတာ၊ အပ္ပနာပညာ၏ ကိစ္စဖြစ်၍ဖြစ်သော။ သမ္ပဟံသနာ၊ ရွှင်ပျစေခြင်းကို။ ပရိယောသာနန္တိ၊ ဟူ၍။ ဝုတ္တာ၊ ၏။

ဣဒါနိ၊ ဌ။ ပဌမဇ္ဈာနမဓိဂတံ ဟောတိ ပထဝီကသိဏန္တိ ဧတ္ထ၊ ဌ။ ဂဏနာနုပုဗ္ဗတာ - ဂဏနာနုပုဗ္ဗတာယ၊ ရေတွက်ခြင်း အစဉ်အားဖြင့် ရှေးဖြစ်သည်၏ အဖြစ်ကြောင့်။ ပဌမံ၊ မည်၏။ (တနည်း) ပဌမန္တိ ဣဒံ၊ ပဌမံ ဟူသော ဤပုဒ်သည်။ ဂဏနာနုပုဗ္ဗတာ-ဂဏနာနုပုဗ္ဗတာမတ္တံ၊ ရေတွက်ခြင်း အစဉ်အားဖြင့် ရှေးဖြစ်သည်၏ အဖြစ်မျှကို ပြတတ်သည်။ ဟောတိ၊ ၏။ ဣဒံ ဈာနံ၊ သည်။ ပဌမံ၊ မဆွလက်မွန်။ ဥပ္ပန္နံ၊ ဖြစ်၏။ ဣတိပိ၊ ကြောင့်လည်း။ ပဌမံ၊ မည်၏။ အာရမ္မဏူပနိဇ္ဈာနတော၊ ပထဝီကသိုဏ်းဟု ဆိုအပ်သော မိမိ၏အာရုံကို ကပ်၍ ရှုတတ်သောကြောင့်။ ဈာနံ၊ မည်၏။ ဝါ၊ ကား။ ပစ္စနီကဈာပနတော၊ နီဝရဏအစရှိကုန်သော ပစ္စနီကဓမ္မတို့ကိုလောင်တတ်သောကြောင့်။ ဈာနံ၊ မည်၏။ ပထဝီမဏ္ဍလံ၊ မြေအဝန်းကို။ သကလဋ္ဌေန၊ အလုံးစုံ အကြွင်းမဲ့ကို အာရုံပြုအပ်သောအနက်ကြောင့်။ ပထဝီကသိဏန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ တံ ပထဝီမဏ္ဍလံ၊ ထိုမြေအဝန်းကို။ နိဿာယ၊ ၍။ ပဋိလဒ္ဓနိမိတ္တမ္ပိ၊ ရအပ်သောပဋိဘာဂနိမိတ်ကိုလည်း။ ပထဝီကသိဏန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ ပထဝီကသိဏနိမိတ္တေ၊ ပထဝီကသိုဏ်း ပဋိဘာဂနိမိတ်၌။ ပဋိလဒ္ဓဈာနမ္ပိ၊ ရအပ်သောဈာန်ကိုလည်း။ ပထဝီကသိဏန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ တတြ၊ ထိုပထဝီမဏ္ဍလ ပဋိဘာဂနိမိတ္တ ဈာနတို့တွင်။ ဣမသ္မိံ အတ္ထေ၊ ပဌမံ ဈာနမဓိဂတံ ဟောတိ ပထဝီကသိဏံဟူသော ဤအရာ၌။ ဈာနံ၊ ကို။ ပထဝီကသိဏန္တိ၊ ဟူ၍။ ဝေဒိတဗ္ဗံ၊ ၏။ တံ၊ ထိုဈာန်၏ ပထဝီကသိဏမည်သည်၏အဖြစ်ကို။ သန္ဓာယ၊ ၍။ ပဌမံ။ ပ ။ ကသိဏန္တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။

စိရဋ္ဌိတိသမ္ပာဒန

၇၆။ ပန၊ ဆက်။ ဧဝံ၊ သို့။ ဧတသ္မိံ ပဌမဇ္ဈာနေ၊ ကို။ အဓိဂတေ၊ ရအပ်ပြီးသော်။ ဧတေန ယောဂိနာ၊ သည်။ ဝါလဝေဓိနာ ဝိယ ဝ၊ သားမြီးဖျားကိုမှန်အောင်ပစ်နိုင်သောလေးသမားကဲ့သို့ငှင်း။ သူဒေန ဝိယ ဝ၊ မင်း၏ စားတော်ကဲ ကဲ့သို့ငှင်း။ အာကာရာ၊ တို့ကို။ ပရိဂ္ဂဟေတဗ္ဗာ၊

သိမ်းဆည်းမှတ်သားအပ်ကုန်၏။ ဟိ၊ ချဲ့အံ့။ သုကုသလော၊ အလွန်
လိမ္မာသော။ ခနုဂ္ဂဟော၊ လေးသမားသည်။ ဝါလဝေဓာယ၊ သားမြီး
စွန်းကို ပစ်ခြင်းငှါ။ ကမ္မံ၊ သင့်လျော်သောအမှုကို။ ကုရုမာနော၊ ပြုသည်
ရှိသော်။ ယသ္မိံ ဝါရေ၊ အကြင်အကြိမ်၌။ ဝါလံ၊ သားမြီးစွန်းကို။
ဝိဇ္ဈတိ၊ မှန်၏၊ ဝါ၊ ထိုးပစ်မိ၏။ တသ္မိံ ဝါရေ၊ ထိုမှန်သောအကြိမ်၌၊
ဝါ၊ မှန်သောအချက်၌။ အက္ကန္တပဒါနဉ္စ၊ ပစ်လွှတ်သောအခါ နင်းသောခြေ
တို့၏ရင်း။ ခနုဒဏ္ဍဿ စ၊ လေးကိုင်း၏ရင်း။ ဇိယာယ စ၊ ညှို့၏ရင်း။
သရဿ စ၊ မြား၏ရင်း။ ဧဝံ၊ သို့။ ဌိတေန၊ တည်သော။ မေ၊ ငါသည်။
ဧဝံ၊ သို့။ ခနုဒဏ္ဍံ၊ လေးကိုင်းကို။ ဂဟေတွာ၊ ကိုင်၍။ ဧဝံ၊ သို့။ ဇိယံ၊
ကို။ ဂဟေတွာ၊ ၍။ ဧဝံ၊ သို့။ သရံ၊ ကို။ ဂဟေတွာ၊ ၍။ ဝါလော၊
သားမြီးကို။ ဝိဒ္ဓေါ၊ မှန်အောင်ပစ်အပ်ပြီ။ ဣတိ၊ သို့။ အာကာရံ၊
လေးကိုင်း ကြိုး မြားတို့ကို ယူဟန်ကိုင်ဟန်အခြင်းအရာကို။ ပရိဂ္ဂဏှေယျ
ယထာ၊ ဉာဏ်ဖြင့်သိမ်းဆည်းမှတ်သားရာ၏သို့။ သော ခနုဂ္ဂဟော၊ သည်။
တတော၊ ထိုမှန်သောအချက်မှ။ ပဋ္ဌာယ၊ စ၍။ တထေဝ၊ ထိုရှေးက
မှတ်သားသောအတိုင်းသာလျှင်။ တေ အာကာရေ၊ ထိုယူဟန်ကိုင်ဟန်
အခြင်းအရာတို့ကို။ သမ္ပာဒေန္တော၊ ပြည့်စုံစေလျက်။ အဝိရာဓေတွာ၊
မချွတ်ယွင်းစေမူ၍။ ဝါလံ၊ ကို။ ဝိဇ္ဈေယျ ယထာ၊ မှန်အောင်ပစ်၏သို့။
ဧဝမေဝ၊ တူ။ ယောဂိနာပိ၊ သည်လည်း။ မေ၊ သည်။ ဣမံ နာမ ဘောဇနံ၊
ကို။ ဘုဉ္ဇိတွာ၊ ၍။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ပုဂ္ဂလံ၊ ကို။
သေဝမာနေန၊ မှီဝဲသည်ဖြစ်၍။ ဧဝရူပေ၊ သော။ သေနာသနေ၊ ၌။
ဣမိနာ နာမ ဣရိယာပထေန၊ ဖြင့်။ ဣမသ္မိံ ကာလေ၊ ၌။ ဣဒံ၊ ဤပဋိဘာဂ
ချာန်ကို။ အဓိဂတံ၊ ရအပ်ပြီ။ ဣတိ၊ သို့။ ဘောဇနသပ္ပါယာဒယော၊
လျောက်ပတ်သောဘောဇဉ်အစရှိကုန်သော။ ဧတေ အာကာရာ၊ တို့ကို။
ပရိဂ္ဂဟေတဗ္ဗာ၊ ဆင်ခြင်မှတ်သားအပ်ကုန်၏။ ဟိ၊ အကျိုးကိုဆိုအံ့။ ဧဝံ၊
ဤသို့ဆင်ခြင်မှတ်သား နှလုံးထားသည်ရှိသော်။ သော၊ ထိုယောဂီသည်။
[၁၄၆] တသ္မိံ တရုဏေ သမာဓိမှိ၊ သည်။ နဋ္ဌေ ဝါ၊ ပျောက်သော်လည်း။
တေ အာကာရေ၊ ထိုဘောဇနသပ္ပါယစသောအာကာရတို့ကို။ သမ္ပာ-
ဒေတွာ၊ ရှေးအတိုင်းပြည့်စုံစေ၍။ ပုန၊ တဖန်။ ဥပ္ပါဒေတုံ၊ ဖြစ်စေခြင်းငှါ။
သက္ခိဿတိ၊ တတ်နိုင်လတံ့။ အပ္ပဂုဏံ ဝါ၊ ကျေပြွန်စွာမလေ့လာအပ်

သော သမာဓိကိုလည်း။ ပဂ္ဂဏှံ၊ ကျေပြွန်စွာ လေ့လာအပ်သည်ကို။ ကရောန္တော၊ ပြုလျက်။ ပုနပ္ပုနံ၊ ဖန်။ အပ္ပေတုံ၊ ဝင်စားခြင်းငှါ။ သက္ကိဿတိ၊ လတံ့။

စ၊ တပါး။ ကုသလော၊ သော။ သူဒေါ၊ သည်။ ဘတ္တာရံ၊ ထမင်း ရှိက္ခာစသည်ဖြင့် မွေးပေတတ်သော အရှင်သခင်ကို။ ပရိဝိသန္တော၊ ချက်ပြုတ်ကျွေးမွေးသည်ရှိသော်။ ဘတ္တာ၊ အရှင်သည်။ ယံ ယံ ဘောဇနံ၊ ကို။ ရုစိယာ၊ မြိန်မြိန်ရှက်ရှက် နှစ်သက်သဖြင့်။ ဘုဉ္ဇတိ၊ ၏။ တံ တံ ဘောဇနံ၊ ကို။ သလ္လက္ခေတွာ၊ ၍။ တတော ပဋ္ဌာယ၊ ထိုနေ့မှစ၍။ တာဒိသမေဝ၊ ထိုသခင်မြိန်နိုးထင်သော ဘောဇဉ်ကိုသာလျှင်။ ဥပနာမေန္တော၊ ပွဲတော်တည်သည်ဖြစ်၍။ လာဘဿ၊ ဆုလာဘ်၏။ ဘာဂီ၊ အဖို့ရှိသည်။ ဟောတိ ယထာ၊ ဖြစ်၏သို့။ ဧဝံ၊ တူ။ အယမ္ပိ ယောဂီ၊ သည်လည်း။ အဓိဂတက္ခဏေ၊ ရှေးဈာန်ကို ရသော အခိုက်၌။ ဘောဇနာဒယော၊ ဘောဇဉ်စသည်၌ တည်ကုန်သော။ (ဘောဇနဖြင့် ဘောဇနဂတကိုယူ)အာကာရေ၊ ကိစ္စ,သဘော,အာကာရတို့ကို။ ဂဟေတွာ၊ ဉာဏ်ဖြင့် သိမ်းဆည်းမှတ်သား၍။ တေ အာကာရေ၊ တို့ကို။ သမ္ပာဒေန္တော၊ ပြည့်စုံစေလျက်။ (သမာဓိမှု၊ သည်။) နဋ္ဌေ နဋ္ဌေ၊ တိုင်း။ ပုနပ္ပုနံ၊ ဖန်။ အပ္ပနာယ၊ ကို။ လာဘီ၊ ရခြင်းရှိသည်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ တေန ယောဂိနာ၊ သည်။ ဝါလဝေဓိနာ ဝိယ၊ သားမြီးဖျားကို မှန်အောင် ပစ်နိုင်သော လေးသမားကဲ့သို့ရင်း။ သူဒေန ဝိယ စ၊ စားတော်ကဲ ကဲ့သို့ရင်း။ အာကာရာ၊ တို့ကို။ ပရိဂ္ဂဟေတဗ္ဗာ၊ ကုန်၏။ စ-သဒ္ဒေါ၊ ၏။ သေယျထာပိ ဘိက္ခဝေ။ပ။ မုဂ္ဂဏှာတီတိ၊ ဟူသော။ ဧတံ ဝစနံ၊ ကို။ ဝုတ္တမ္ပိ၊ ဟောလည်း ဟောတော်မူအပ်၏။

[ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ကား။ ပဏ္ဍိတော၊ စားတော်ကဲ အတတ်၌ လေ့လာ လက်လည်သောပညာရှိသော။ ဗျတ္တော၊ စားတော်ကဲ အတတ်၌ သန့်ရှင်းသောဉာဏ်ရှိသော။ ကုသလော၊ အရာရာ၌ လိမ္မာ ကျွမ်းကျင် ဆင်ခြင်တတ်သော။ သူဒေါ၊ သည်။ ရာဇာနံ ဝါ၊ ကိုရင်း။ ရာဇမဟာမတ္တံ ဝါ၊ ကိုရင်း။ နာနစ္စယေဟိ၊ အထူးထူးသော သဘောရှိကုန်

သော၊ ဝါ၊ အထူးထူးသော အရသာရှိကုန်သော။ သူပေဟိ-ဗျဉ္ဇနေဟိ၊ တို့ဖြင့်။ ပဋိပဒ္ဒိတော၊ လုပ်ကျွေးသည်။ အဿ၊ ဖြစ်ရာ၏။ အမ္ဗိလဂ္ဂေဟိပိ၊ ချဉ်သောအရသာ အဖွဲ့အစုရှိသည်လည်း ဖြစ်ကုန်သော၊ ဝါ၊ ချဉ်သော အရသာရှိသည်ဖြစ်၍ အမြတ်အထွတ်လည်း ဖြစ်ကုန်သော။ တိတ္တကဂ္ဂေ-ဟိပိ၊ ခါးသောအရသာ အဖွဲ့အစုရှိသည်လည်း ဖြစ်ကုန်သော၊ ဝါ၊ ခါးသော အရသာရှိသည်ဖြစ်၍ အထွတ်အမြတ်လည်း ဖြစ်ကုန်သော။ ကဋုကဂ္ဂေ-ဟိပိ၊ စပ်သောအရသာ အဖွဲ့အစုရှိသည်လည်း ဖြစ်ကုန်သော၊ ဝါ၊ ကုန်သော။ မဓုရဂ္ဂေဟိပိ၊ ချိုသောအရသာ အဖွဲ့အစုရှိသည်လည်း ဖြစ်ကုန်သော၊ ဝါ၊ ကုန်သော။ ခါရိကေဟိပိ၊ ငန်သောအရသာရှိသော ခရမ်းသီးအညှောက်စသည်နှင့် ရောသည်လည်း ဖြစ်ကုန်သော။[၁] အခါရိ-ကေဟိပိ၊ ငန်သောအရသာရှိသော ခရမ်းသီးအညှောက်စသည်နှင့် မရော သည်လည်း ဖြစ်ကုန်သော။ လောဏိကေဟိပိ၊ ဆားငန်သည်လည်း ဖြစ်ကုန်သော၊ အလောဏိကေဟိပိ၊ ဆားပေါ့ပျက်ရှိသည်လည်း ဖြစ်ကုန် သော။ သူပေဟိ၊ တို့ဖြင့်။ ပဋိပဒ္ဒိတော၊ သည်။ အဿ၊ ၏။ ဘိက္ခဝေ၊ တို့။ ပဏ္ဍိတော၊ သော။ ဗျတ္တော၊ သော။ ကုသလော၊ သော။ သော သော သူဒေါ၊ သည်[၂]။ (သကဿ-၌ သော ဧဝ သကော၊ တဿ သကဿ အတ္တနောတိ အတ္ထော ဟုသင့်ရကား) သကဿ၊ မိမိ၏။ ဘတ္တု၊ အရှင်သခင်၏။ နိမိတ္တံ၊ မြိန်မြိန်ရှက်ရှက် နှစ်သက်သဖြင့် စားတော် ခေါ်သော အခြင်းအရာနိမိတ်ကို။ ဥဂ္ဂဏှာတိ၊ နှလုံးပိုက်၏။ အဇ္ဇ၊ နေ့။ မေ၊ ၏။ ဘတ္တု၊ အား။ ဣဒံ ဝါ သူပေယျံ၊ ဤမည်သောအမဲဟင်းလျာ သည်။ ရုစ္စတိ-ရုစိံ ဥပ္ပါဒေတိ၊ မြိန်ရှက်နှစ်သက်ခြင်းကို ဖြစ်စေ၏။ ဣမဿ သူပေယျဿ၊ ဟူသော။ (အတ္ထာယ ဝါ၊ အကျိုးငှါမူလည်း။ အဇ္ဇ၊ နေ့။ ဟတ္ထံ၊ ကို။) အဘိဟရတိ၊ ရှေးရှုဆောင်၏။ ဣမဿ ဝါ သူပေယျဿ၊ ကိုမူလည်း။ ဗဟုံ၊ စွာ။ ဂဏှာတိ၊ နှိုက်၏။ ဣမဿ ဝါ သူပေယျဿ၊ ၏မူလည်း။ ဝဏ္ဏံ၊ ကို။ ဘာသတိ၊ ချီးမွမ်း၏။ အမ္ဗိလဂ္ဂံ၊ ချဉ်သောအရသာ ရှိသည်ဖြစ်၍ အထွတ်အမြတ်ဖြစ်သော။ သူပေယျံ ဝါ၊ သည်မူလည်း။

၁-ခါရိကေဟီတိ ဝါတိင်္ဂဏကဠီရာဒိမိဿေဟိ—ဋီကာ၌ ဝါတိင်္ဂဏ၊ ခရမ်းသီး။ ကဠီရ၊ မျှစ်၊ မှိုလာညှောက် စသည်ကိုယူ။ (ပြည်)

၂-သ ခေါ သော-ကို သော ခေါ သော-ဟု ပဒစ္ဆေဒပြု။ (ပြည်)

အဇ္ဇ၊ နေ့။ မေ၊ ၏။ ဘတ္တု၊ အား။ ရုစ္စတိ-ရုစိံ ဥပ္ပါဒေတိ၊ ၏။ အမ္ဘိလဂ္ဂဿ သူပေယျဿ၊ ဟူသော။ အတ္ထာယ ဝါ၊ မူလည်း။ အဇ္ဇ၊ ယနေ့။ ဟတ္ထံ၊ ကို။ အဘိဟရတိ၊ ၏။ အမ္ဘိလဂ္ဂဿ ဝါ သူပေယျဿ၊ ကိုမူလည်း။ ဗဟုံ၊ စွာ။ ဂဏှာတိ၊ နှိုက်၏။ အမ္ဘိလဂ္ဂဿ ဝါ သူပေယျဿ၊ ၏မူလည်း။ ဝဏ္ဏံ၊ ကို။ ဘာသတိ၊ ၏။ပ။ အလောဏိကဿ၊ ဆားပေါ့ပျက်ရှိသော။ သူပေယျဿ ဝါ၊ ၏မူလည်း။ ဝဏ္ဏံ၊ ကို။ ဘာသတိ၊ ၏။ ဣတိ၊ သို့။ ဘတ္တု၊ ၏။ နိမိတ္တံ၊ ကို။ ဥဂ္ဂဏှာတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ပဏ္ဍိတော၊ သော။ ဗျတ္တော၊ သော။ ကုသလော၊ သော။ သော သော သူဒေါ၊ သည်။ အစ္ဆာဒနဿ၊ အဝတ်အစား ဆုတော်လာဘ်တော်ကို။ လာဘီ စေဝ၊ ရသည်လည်း။ ဟောတိ၊ ၏။ ဝေတနဿ၊ ထမင်းရိက္ခာကို။ လာဘီ၊ သည်။ ဟောတိ၊ ၏။ အဘိဟာရာနံ၊ မင်းသို့ရှေးရှုဆောင်ခဲ့သော လက်ဆောင်တော်တို့ကို၊ ဝါ၊ မင်း၏မျက်မှောက်၌ ဝေပုံချီကာ ဆောင်ယူအပ်ကုန်သော လက်ဆောင်တော်တို့ကို။ လာဘီ၊ သည်။ ဟောတိ၊ ၏။ တံ၊ ထိုသို့ရခြင်းသည်။ ကိဿ ဟေတု၊ ကား။ ဘိက္ခဝေ၊ တို့။ ပဏ္ဍိတော၊ သော။ ဗျတ္တော၊ သော။ ကုသလော၊ သော။ သော သူဒေါ၊ သည်။ သကဿ၊ မိမိ၏။ ဘတ္တု၊ ၏။ နိမိတ္တံ၊ ကို။ ယသ္မာ၊ ကြောင့်။ ဥဂ္ဂဏှာတိ၊ ၏။ တထာ ဟိ၊ ထိုကြောင့်လျှင်။ လာဘီ၊ သည်။ ဟောတိ၊ ၏။ ဘိက္ခဝေ၊ တို့။ ဝေမေဝ ခေါ၊ ဤအတူလျှင်။ ဣဓ၊ ဤသာသနာတော်၌။ ဧကစ္စော၊ သော။ ပဏ္ဍိတော၊ ကမ္မဋ္ဌာန်းအတတ်၌ လေ့လာလက်လည်သော ပညာရှိသော။ ဗျတ္တော၊ ကမ္မဋ္ဌာန်းအတတ်၌ သန့်ရှင်းသောဉာဏ်ရှိသော။ ကုသလော၊ အရာရာ၌ချက်ချာသောဉာဏ်ရှိသော။ ဘိက္ခု၊ သည်။ အာတာပီ၊ ကိလေသာကို ပူပန်စေတတ်သော ထက်သန်သော လုံ့လရှိသည်ဖြစ်၍။ သမ္ပဇာနော၊ ကောင်းစွာ အပြားအားဖြင့် ဆင်ခြင်သော ဉာဏ်ရှိသည်ဖြစ်၍။ သတိမာ၊ အောက်မေ့တတ်သော သတိရှိသည်ဖြစ်၍။ လောကေ၊ ဥပါဒါနက္ခန္ဓာ ဟူသောလောက၌။ အဘိဇ္ဈာဒေါမနဿံ၊ ရမ္မက်အဘိဇ္ဈာ နှလုံးမသာသော ဒေါမနဿကို။ ဝိနေယျ၊ ဖျောက်၍။ ကာယေ၊ ရူပကာယ၌။ ကာယာနုပဿီ၊ ရူပကာယဟု အဖန်တလဲလဲရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ ဝေဒနာသု၊ တို့၌။ ဝေဒနာနုပဿီ၊ ဖြစ်၍။ စိတ္တေ၊ ၌။ စိတ္တာနုပဿီ၊

ဖြစ်၍။ ဓမ္မေသု၊ တို့၌။ ဓမ္မာနုပဿီ၊ ဖြစ်၍။ ဝိဟရတိ၊ ၏။ ဓမ္မေသု၊ တို့၌။ ဓမ္မာနုပဿီ၊ ဖြစ်၍။ ဝိဟရတော၊ သော။ တဿ ဘိက္ခုနော၊ ၏။ စိတ္တံ၊ သည်။ သမာဓိယတိ၊ တည်ကြည်၏။ ဥပက္ကိလေသာ၊ စိတ်ကိုညစ်ညူးစေတတ်သော ကိလေသာတို့သည်။ ပဟီယန္တိ၊ ပျောက်ကင်းကုန်၏။ သော ဘိက္ခု၊ သည်။ တံ နိမိတ္တံ၊ ထိုစိတ်တည်ကြည်ကြောင်း, ဥပက္ကိလေသ ပျောက်ကင်းကြောင်းဖြစ်သော အခြင်းအရာကို။ ဝေံ၊ ဤသို့သော အာကာရဖြင့်။ မေ၊ ၏။ စိတ္တံ၊ သည်။ သမာဟိတံ၊ သည်။ အဟောသိ၊ ပြီ။ ဝေံ၊ ဖြင့်။ မေ၊ အား။ ဥပက္ကိလေသာ၊ တို့သည်။ ပဟီယိံသု၊ ကုန်ပြီ။ ဣတိ၊ သို့။ ဥဂ္ဂဏှာတိ၊ ကောင်းစွာမှတ်သား နှလုံးထား၏။ ဘိက္ခဝေ၊ တို့။ ပဏ္ဍိတော၊ သော။ ဗျတ္တော၊ သော။ ကုသလော၊ သော။ သော ဧသော ဘိက္ခု၊ သည်။ ဒိဋ္ဌဓမ္မသုခဝိဟာရာနံ၊ မျက်မှောက်သော ကိုယ်၏ကဖြစ်၌ ချမ်းသာစွာ နေကြောင်းဖြစ်သော ခဏိကသမာဓိ, ဥပစာရသမာဓိ, အပ္ပနာသမာဓိဟူသော သုံးပါးသောသမာဓိတို့ကို။ လာဘီ စေဝ၊ ရသည်လည်း။ ဟောတိ၊ ၏။ သတိသမ္ပဇညဿ၊ သတိသမ္ပဇဉ်ကို။ လာဘီ၊ သည်။ ဟောတိ၊ ၏။ တံ၊ ထိုသို့ရခြင်းသည်။ ကိဿ ဟေတု၊ ကား။ [၁၄၇] ဘိက္ခဝေ၊ တို့။ ပဏ္ဍိတော၊ သော။ ဗျတ္တော၊ သော။ ကုသလော၊ သော။ သော ဘိက္ခု၊ သည်။ သကဿ၊ မိမိ၏၊ ဝါ၊ မိမိဥစ္စာဖြစ်သော။ စိတ္တဿ၊ ၏။ နိမိတ္တံ၊ တည်ကြည်ကြောင်း, ဥပက္ကိလေသ ကင်းကြောင်းဖြစ်သော အခြင်းအရာကို။ ယသ္မာ၊ ကြောင့်။ ဥဂ္ဂဏှာတိ၊ ၏။ တထာ ဟိ၊ ထို ကြောင့်လျှင်။ လာဘီ၊ သည်။ ဟောတိ၊ ၏။]

စ၊ ဆက်။ နိမိတ္တဂ္ဂဟဏေန၊ အခြင်းအရာနိမိတ်ကို မှတ်သားခြင်းကြောင့်။ ပုန၊ တဖန်။ တေ အာကာရေ၊ တို့ကို။ သမ္ပာဒယတော၊ ပြည့်စုံစေသော။ အဿ ယောဂိနော၊ အား။ အပ္ပနာမတ္တမေဝ၊ အပ္ပနာမျှသည်သာလျှင်။ ဣဇ္ဈတိ၊ ပြည့်စုံ၏။ စိရဋ္ဌာနံ၊ မြင့်ရှည်စွာတည်ခြင်းမူကား။ န ဣဇ္ဈတိ၊ မပြည့်စုံသေး။ ပန၊ အလျှော်ကိုဆိုအံ့။ သမာဓိပရိဗန္ဓာနံ၊ သမာဓိ၏ ဘေးရန်ဖြစ်ကုန်သော။ ဓမ္မာနံ၊ ကာမစ္ဆန္ဒ အစရှိသော နီဝရဏ တရားတို့၏။ သုဝိသောဓိတတ္တာ၊ ကြောင့်။ စိရဋ္ဌာနံ၊ မြင့်ရှည်စွာတည်ခြင်းသည်။ ဟောတိ၊ ၏။ ဟိ-သစ္စံ၊ ၏။ ယော ဘိက္ခု၊ သည်။ ကာမာ-ဒီနဝပစ္စဝေက္ခဏာဒီဟိ၊ ကာမ၌ အပြစ်ကိုဆင်ခြင်ခြင်း အစရှိသည်တို့ဖြင့်။

ကာမစ္ဆန္ဒံ၊ ကို။ သုဋ္ဌု၊ ကောင်းစွာ။ န ဝိက္ခမ္ဘေတွာ၊ မခွါမူ၍။ ကာယ-ပဿဒ္ဓိဝသေန၊ ဖြင့်။ ကာယဒုဋ္ဌုလ္လံ-ကာယဒရထံ၊ ကိုယ်၏ပူပန်ခြင်းကို။ သုပ္ပဋိပဿဒ္ဓံ၊ ကောင်းစွာငြိမ်းသည်ကို။ န ကတွာ၊ မပြုမူ၍။ အာရမ္ဘ-ဓာတုမနသိကာရာဒိဝသေန၊ အာရမ္ဘဓာတ်ကို နှလုံး၌ထားခြင်းစသည်တို့၏ အစွမ်းဖြင့်။ ထိနမိဒ္ဓံ၊ ကို။ သုဋ္ဌု၊ ကောင်းစွာ။ န ပဋိဝိနောဒေတွာ၊ မဖျောက်မူ၍။ သမထနိမိတ္တမနသိကာရာဒိဝသေန၊ သမထနိမိတ်ကို နှလုံး၌ ထားခြင်းစသည်တို့၏ အစွမ်းဖြင့်။ ဥဒ္ဓစ္စကုက္ကုစ္စံ၊ ကို။ သုသမူဟတံ၊ ကောင်းစွာ နုတ်အပ် ပယ်အပ်သည်ကို။ န ကတွာ၊ မပြုမူ၍။ အညေပိ၊ ကာမစ္ဆန္ဒစသည်မှ တပါးလည်းဖြစ်ကုန်သော။ သမာဓိပရိဗန္ဓေ၊ သမာဓိ၏ ဘေးရန်ဖြစ်ကုန်သော။ ဓမ္မေ၊ ဝိစိကိစ္ဆာဥဒ္ဒါနိယ မဒ မာနစသောတရား တို့ကို။ သုဋ္ဌု၊ ကောင်းစွာ။ န ဝိသောဓေတွာ၊ မသုတ်သင်မူ၍။ ဈာနံ၊ ကို။ သမာပဇ္ဇတိ၊ ဝင်စားအံ့။ သော ဘိက္ခု၊ သည်။ အဝိသောဓိတံ၊ မသုတ်သင် အပ်သော။ အာသယံ၊ မိမိတို့ကိန်းအောင်းရာဝါးခေါင်းသို့။ ပဝိဋ္ဌဘမရော ဝိယ၊ ဝင်သောပိတုန်းကဲ့သို့ရင်း။ အဝိသုဒ္ဓံ၊ ဘေးရန်ကိုမသုတ်သင်အပ် သော။ ဥယျာနံ၊ သို့။ ပဝိဋ္ဌရာဇာ ဝိယ စ၊ ဝင်သော မင်းကဲ့သို့ရင်း။ ခိပ္ပမေဝ၊ ရှောင်တခင်သာလျှင်။ နိက္ခမတိ၊ ဈာန်မှထွက်၏။ ပန၊ အလျှော် ကိုဆိုအံ့။ ယော ဘိက္ခု၊ သည်။ သမာဓိပရိဗန္ဓေ၊ ကုန်သော။ ဓမ္မေ၊ နီဝရဏတရားတို့ကို။ သုဋ္ဌု၊ စွာ[၁]။ ဝိသောဓေတွာ၊ ၍။ ဈာနံ၊ ကို။ သမာပဇ္ဇတိ၊ ဝင်စားအံ့။ သော ဘိက္ခု၊ သည်။ သုဝိသောဓိတံ၊ ကောင်း စွာသုတ်သင်အပ်သော။ အာသယံ၊ သို့။ ပဝိဋ္ဌဘမရော ဝိယ၊ ကဲ့သို့ရင်း။ သုပရိသုဒ္ဓံ၊ ရှုံရှာအပ်သော ရန်မရှိသဖြင့် ကောင်းစွာ စင်ကြယ်သော။ ဥယျာနံ၊ သို့။ ပဝိဋ္ဌရာဇာ ဝိယ စ၊ ကဲ့သို့ရင်း။ သကလမ္ပိ ဒိဝသဘာဂံ၊ အလုံးစုံသော နေ့အဖို့ ပတ်လုံးသော်လည်း။ အန္တောသမာပတ္တိယံယေဝ၊ သမာပတ်အတွင်း၌သာလျှင်။ ဟောတိ၊ ၏။ တေန၊ ကြောင့်။ ပေါရာဏာ၊ တို့သည်။ ကာမေသု။ပ။ ရမေတိ၊ ဟူ၍။ အာဟု၊ ကုန်ပြီ။

[သုဒ္ဓန္တဂတော၊ အချင်းခပ်သိမ်းစင်ကြယ်သော အထောင့်အစွန်း

၁-သုဋ္ဌု ဟူသော ကြိယာဝိသေသနသည် သမ္ဗန္ဓစိန္တာ ဆရာအလိုသော် ဒုတိယန္တ, ကစ္စည်းအလိုသော် ပဉ္စမန္တ၊ လဟုမေဿတိကိုထောက်။ (ပြည်)

ရှိသော ဥယျာဉ်သို့ရောက်သော။ ရာဇာ၊ သည်။ တပ်ဟိ၊ ထိုဥယျာဉ်တော်၌။ ရမေ ဣဝ၊ နေ့ပတ်လုံးမွေ့လျော်၏သို့။ (တထာ၊ တူ။ ဈာနကီဠံ၊ ဈာန်ကစားခြင်းကို။ ကီဠိတုကာမော၊ ကစားမြူးတူးလိုသော။ ယောဂီ၊ သည်။) ကာမေသု၊ တို့၌။ ဆန္ဒံ၊ ကိုရင်း။ ပဋိဃံ၊ ဗျာပါဒကိုရင်း။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စကုက္ကုစ္စကိုရင်း။ မိဒ္ဓံ၊ ထိနမိဒ္ဓကိုရင်း။ ပဉ္စမံ၊ သော။ ဝိစိကိစ္ဆံ၊ ကိုရင်း။ (နိဂ္ဂဟိတ်ကျေ) ဝိနောဒယေ၊ ဖျောက်ရာ၏။ (ဝိနောဒေတွာ၊ ၍။) ဝိဝေကပါမောဇ္ဇကရေန၊ နီဝရဏတို့မှဆိတ်ခြင်းကြောင့် ဖြစ်သော ပါမောဇ္ဇကိုပြုတတ်သော။ စေတသာ၊ ဖြင့်။ တပ်ဟိ ဈာနေ၊ ၌။ ရမေ၊ ပျော်ရာ၏။]

တသ္မာ၊ ထို (သို့သမာဓိ၏ ပရိဗန္ဓဖြစ်သောတရားတို့ကို ကောင်းစွာ သုတ်သင်ပြီးမှ စိရဋ္ဌာနဖြစ်သော) ကြောင့်။ စိရဋ္ဌိတိကာမေန၊ မြင့်စွာ တည်ခြင်းကို အလိုရှိသောယောဂီသည်။ ပရိဗန္ဓကမ္မေ၊ ဈာန်၏ဘေးရန် ဖြစ်သောနီဝရဏတရားတို့ကို။ ဝိသောဓေတွာ၊ ၍။ ဈာနံ ကို။ သမာ-ပဇ္ဇိတဗ္ဗံ၊ ၏။ စိတ္တဘာဝနာဝေပုလ္လတ္ထံ၊ သမာဓိဘာဝနာ၏ပြန့်ပြောသည်၏ အဖြစ်အကျိုးငှါ။ ယထာလဒ္ဓံ၊ ရအပ်တိုင်းသော။ ပဋိဘာဂနိမိတ္တံ၊ ကို။ ဝဍ္ဎေတဗ္ဗဉ္စ၊ ပွါးလည်းပွါးအပ်၏။ တဿ၊ ထိုပဋိဘာဂနိမိတ်၏။ ဝဍ္ဎနာ-ဘူမိယော၊ ပွါးရာဘုံတို့သည်။ ဥပစာရံ ဝါ၊ ရင်း။ အပ္ပနံ ဝါ၊ ရင်း။ ဣတိ၊ သို့။ ဒွေ၊ နှစ်ပါးတို့တည်း။ ဟိ၊ စွ။ ဥပစာရံ၊ သို့။ ပတွာပိ၊ ရောက်၍လည်း။ တံ၊ ထိုပဋိဘာဂနိမိတ်ကို။ ဝဍ္ဎေတုံ၊ ငှါ။ ဝဋ္ဋတိ၊ ၏။ အပ္ပနံ၊ သို့။ ပတွာပိ၊ ရောက်၍လည်း။ ဝဍ္ဎေတုံ၊ ငှါ။ ဝဋ္ဋတိ၊ ၏။ ပန၊ အသင့်ကိုဆိုအံ့။ ဧကသ္မိံ ဌာနေ၊ တခုခုသောအရာ၌။ အဝဿံ၊ မချွတ်။ ဝဍ္ဎေတဗ္ဗံ၊ ၏။ တေန၊ ကြောင့်။ ယထာလဒ္ဓံ ပဋိဘာဂနိမိတ္တံ ဝဍ္ဎေတဗ္ဗန္တိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။

နိမိတ္တဝဍ္ဎနနယ

၇၇။ တတြ-တဿ၊ ထိုပဋိဘာဂနိမိတ်၏။ အယံ၊ ကား။ ဝဍ္ဎနနယော၊ ပွါးရာသောနည်းတည်း။ တေန ယောဂိနာ၊ သည်။ တံ နိမိတ္တံ၊ ကို။ ပတ္တ။ပ။ ယောဂေန၊ သပိတ်ခွက်ယောက်ကို ပွါးစေသောနည်း, မုန့်ကို ပွါးစေသောနည်း, ထမင်းကိုပွါးစေသောနည်း, နွယ်ကိုပွါးစေသောနည်း,

ပုဆိုးကိုပွါးစေသောနည်းဖြင့်။ အဝဇ္ဇေတွာ၊ မပွါးစေမူ၍။ ယထာ နာမ၊ ဥပမာမည်သည်ကား။ ကဿကော၊ လယ်ထွန်ယောကျ်ားသည်။ [၁၄၈] ကသိတဗ္ဗဋ္ဌာနံ၊ ထွန်အပ်သောအရပ်ကို။ နင်္ဂလေန၊ ဖြင့်။ ပရိစ္ဆိန္ဒိတွာ၊ ၍။ ပရိစ္ဆေဒဗ္ဘန္တရေ၊ ၌။ ကသတိ ယထာ၊ ထွန်၏သို့။ ဝါ ပန၊ တနည်း။ သီမံ၊ ကို။ ဗန္ဓန္တာ၊ ဖွဲ့ကုန်သော။ ဘိက္ခူ၊ တို့သည်။ ပဌမံ၊ စွာ။ နိမိတ္တာနိ၊ တို့ကို။ သလ္လက္ခေတွာ၊ မှတ်၍။ ပစ္ဆာ၊ နောက်မှ။ ဗန္ဓန္တိ ယထာ၊ ဖွဲ့ကုန်၏သို့။ ဧဝမေဝ၊ တူလျှင်။ ယထာလဒ္ဓဿ၊ ရအပ်တိုင်းသော။ တဿ နိမိတ္တဿ၊ ၏။ အနုက္កမေန၊ အစဉ်အားဖြင့်။ ဧကင်္ဂုလ။ပ။ မတ္တံ၊ လက်တသစ် နှစ်သစ် သုံးသစ် လေးသစ်အတိုင်းအရှည်ကို။ မနသာ၊ ဖြင့်။ ပရိစ္ဆိန္ဒိတွာ၊ ၍။ ယထာပရိစ္ဆေဒံ၊ ပိုင်းခြားတိုင်းသော၊ ဝါ၊ ပိုင်းခြားသောအရပ်တိုင်အောင်။ (နိမိတ္တံ၊ ကို။) ဝဍ္ဎေတဗ္ဗံ၊ ၏။ ပန၊ ဗျတိရိက်ကိုဆိုအံ့။ အပရိစ္ဆိန္ဒိတွာ၊ ၍။ နိမိတ္တံ၊ ကို။ န ဝဍ္ဎေတဗ္ဗံ၊ အပ်။ ပန၊ အလျော်ကိုဆိုအံ့။ တတော၊ ထိုလက်လေးသစ်ထက်။ ဝိဒတ္ထိ။ပ။ သီမာနံ၊ တထွာတတောင် ကျောင်းဦးပရိဝုဏ် ကျောင်းဦးသိမ်တို့၏ရင်း။ ဂါမ။ပ။ သီမာနဉ္စ၊ ဂါမသိမ်, နိဂမသိမ်, ဇနပဒသိမ်, ရဇ္ဇသိမ်, သမုဒ္ဒသိမ် တို့၏ရင်း။ ပရိစ္ဆေဒဝသေန၊ ဖြင့်။ ဝဍ္ဎယန္တေန၊ ပွါးစေသဖြင့်။ စက္ကဝါဠ-ပရိစ္ဆေဒေန ဝါ၊ စကြဝဠာ အပိုင်းအခြားအားဖြင့်ရင်း။ တတော၊ ထိုစကြဝဠာထက်။ ဥတ္တရိ ဝါပိ၊ အလွန်ရင်း။ ပရိစ္ဆိန္ဒိတွာ၊ ၍။ ဝဍ္ဎေတဗ္ဗံ၊ ၏။

ဟံ-တံ ပါကဋံ ကရောမိ၊ အံ့။ ဟံသပေါတကာ၊ ဇဝနဟင်္သာငယ် တို့သည်။ ပက္ခာနံ၊ အတောင်တို့၏။ ဥဋ္ဌိတကာလတော၊ ပေါက်သော ကာလမှ။ ပဋ္ဌာယ၊ ၍။ ပရိတ္တံ ပရိတ္တံ၊ အနည်းငယ် အနည်းငယ်သော။ ပဒေသံ၊ ကောင်းကင်အရပ်သို့။ ဥပ္ပတန္တာ၊ ပျံတက်ကုန်လျက်။ ပရိစယံ၊ လေ့လာခြင်းကို။ ကတွာ၊ ၍။ အနုက္កမေန၊ ဖြင့်။ စန္ဒိမသူရိယသန္တိကံ၊ သို့။ ဂစ္ဆန္တိ ယထာ၊ ပျံသွားနိုင်ကုန်၏သို့။ ဧဝမေဝ၊ လျှင်။ ဘိက္ခု၊ သည်။ ဝုတ္တနယေန၊ ဖြင့်။ နိမိတ္တံ၊ ကို။ ပရိစ္ဆိန္ဒိတွာ၊ ပိုင်းခြား၍။ ဝဍ္ဎေန္တော၊ ပွါးစေလျက်။ ယာဝ စက္ကဝါဠပရိစ္ဆေဒါ၊ စကြဝဠာ အပိုင်း အခြားတိုင်အောင်။ ဝဍ္ဎေတိ၊ ပွါးစေ၏။ တတော၊ ထိုထက်။ ဥတ္တရိ ဝါ၊ အလွန်မူလည်း။ ဝဍ္ဎေတိ၊ ပွါးစေ၏။ အထ၊ ထိုသို့ပွါးစေသောအခါ၌။ အဿ-ယောဂိနော၊ ၏။ တံ နိမိတ္တံ၊ သည်။ ဝဍ္ဎိတဝဍ္ဎိတဋ္ဌာနေ၊ ပွါးစေရာ

ပွါးစေရာအရပ်၌။ ပထဝိယာ၊ ၏။ ဥက္ကုလဝိက္ကူလနဒီဝိဒုဂ္ဂပဗ္ဗတဝိသ- မေသု၊ မြင့်ရာဌာန, နိမ့်ဝှမ်းရာဌာန, မြစ်ရေအယဉ်သည် ထွင်းအပ်သော မညီမညွတ် အသွားခက်သောချောက်, မညီမညွတ်သော အခြင်းအရာဖြင့် တည်သော တောင်အရပ်တို့၌။ သင်္ကုသတသမဗ္ဘာဟတံ၊ တံသင်းအရာ နှက်၍ ကြက်အပ်သော။ ဥသဘစမ္မံ ဝိယ၊ နွားကြီးရေကဲ့သို့။ ဟောတိ၊ ထင်၏။

ပန၊ ဆက်၍ဆိုအံ့။ တသ္မိံ နိမိတ္တေ၊ ထိုပဋိဘာဂနိမိတ်၌။ ပတ္တပဋ္ဌမ- ဇ္ဈာနေန၊ ရောက်အပ်ရအပ်သော ပဌမဈာန်ရှိသော။ အာဒိကမ္မိကေန၊ သည်။ သမာပဇ္ဇနဗဟုလေန၊ ဝင်စားခြင်းများသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ပစ္စဝေက္ခဏဗဟုလေန၊ ဆင်ခြင်ခြင်းများသည်။ န ဘဝိတဗ္ဗံ၊ ရာ။ ဟိ၊ အပြစ်ကိုဆိုအံ့။ ပစ္စဝေက္ခဏဗဟုလဿ၊ ဆင်ခြင်ခြင်းများသော သူအား။ ဈာနင်္ဂါနိ၊ တို့သည်။ ထူလာနိ၊ ရုန့်ရင်းကုန်သည်။ ဟုတွာ၊ ၍။ ဥပဋ္ဌဟန္တိ၊ ကုန်၏။ ဒုဗ္ဗလာနိ၊ ကုန်သည်။ ဟုတွာ၊ ၍။ ဥပဋ္ဌဟန္တိ၊ ကုန်၏။ အထ၊ ထိုသို့ထင်လတ်သော်။ အဿ၊ ထိုယောဂီအား။ တာနိ ဈာနင်္ဂါနိ၊ တို့သည်။ ဧဝံ ဥပဋ္ဌိတတ္တာ၊ ဤသို့ ထူလဒုဗ္ဗလအားဖြင့် ထင်သည်၏အဖြစ်ကြောင့်။ ဥပရိဥဿုက္ကနာယ၊ အထက်သို့တက်ခြင်းငှါ၊ ဝါ၊ ဘာဝနာဖြင့် အထက် ဈာန်သို့ တက်ခြင်းငှါ။ ပစ္စယတံ၊ အကြောင်း၏အဖြစ်သို့။ နာပဇ္ဇန္တိ၊ မရောက်ကုန်။ သော၊ ထိုယောဂီသည်။ ဈာနေ၊ ဈာန်ကို။ အပ္ပဂုဏေ၊ မပွါးစေအပ် မလေ့လာအပ်သည်ရှိသော်။ ဥဿုက္ကမာနောပိ၊ အထက် ဈာန်ကိုရစိမ့်သောငှါ အားထုတ်ပါသော်လည်း။ ပတ္တပဌမဇ္ဈာနာ စ၊ မှလည်း။ ပရိဟာယတိ၊ ယုတ်တတ်၏။ ဒုတိယံ၊ သို့။ ပါပုဏိတုံ စ၊ ငှါလည်း။ န သက္ကောတိ၊ မတတ်နိုင်။ တေန၊ ကြောင့်။ ဘဂဝါ၊ သည်။ သေယျထာပိ။ ပ ။ ဝိစရိတုန္တိ၊ ဟူ၍။ အာဟ၊ ၏။

[ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ကား။ ပဗ္ဗတေယျာ၊ တောင်၌ များစွာကျက်စားလေ့ရှိသော။ ဗာလာ၊ မိုက်သော။ အဗျတ္တာ၊ တောင်ကို တက်ခြင်း၌ ထက်မြက်သန့်ရှင်းသော ဉာဏ်မရှိသော။ အခေတ္တညူ၊ ကျက် စားရာခေတ်ကို မသိသော။ ဂါဝီ၊ နွားမသည်။ ဝိသမေ ပဗ္ဗတေ၊ မညီ မညွတ်သော တောင်၌။ စရိတုံ၊ ကျက်စားခြင်းငှါ။ အကုသလာ၊ သင့် မသင့်ကို ဆုံးဖြတ်တတ်သော ဉာဏ်ကင်း၍မလိမ်မာခဲ့။ တဿာ၊ ထို နွားမ

အား။ ဝေ၊ ဤသို့သောအကြံသည်။ အဿ၊ ဖြစ်ရာ၏။ အဟံ၊ သည်။ ယံနူန-ယဒိ ပန၊ အကယ်၍။ အဂတပုဗ္ဗံ၊ မရောက်ဘူးသော။ ဒိသံ စေဝ၊ အရပ်သို့မူလည်း။ ဂစ္ဆေယျံ၊ ရောက်အံ့။ အခါဒိတပုဗ္ဗာနိ၊ မစားစဘူး ကုန်သော။ တိဏာနိ စ၊ မြက်တို့ကိုလည်း။ ခါဒေယျံ၊ စားအံ့။ အပီတ- ပုဗ္ဗာနိ၊ မသောက်ဘူးကုန်သော။ ပါနီယာနိ စ၊ ရေတို့ကိုလည်း။ ပိဝေယျံ၊ သောက်အံ့။ သာဓု၊ ကောင်း၏။ ဣတိ၊ ဤသို့သောအကြံသည်။ အဿ၊ ၏။ သာ ဂါဝီ၊ ထိုကျက်စားရာကို မသိသော နွားမသည်။ ပုရိမံ ပါဒံ၊ ရှေ့ခြေကို။ သုပတိဋ္ဌိတံ၊ မြဲစွာတည်သည်ကို။ (ကတွာ၊ ၍။) န ပတိဋ္ဌာပေတွာ၊ မတည်စေမူ၍။ ပစ္ဆိမံ ပါဒံ၊ နောက်ခြေကို။ ဥဒ္ဓရေယျ၊ ကြွခြားအံ့။ သာ ဂါဝီ၊ ထိုနွားမသည်။ အဂတပုဗ္ဗံ၊ မရောက် စဘူးသော။ ဒိသံ စေဝ၊ အရပ်သို့လည်း။ န ဂစ္ဆေယျ၊ မရောက်နိုင်ရာ။ အခါဒိတပုဗ္ဗာနိ၊ ကုန်သော။ တိဏာနိ စ၊ တို့ကိုလည်း။ န ခါဒေယျ၊ မစားရာ။ အပီတပုဗ္ဗာနိ၊ ကုန်သော။ ပါနီယာနိ စ၊ တို့ကိုလည်း။ န ပိဝေယျ၊ မသောက်ရာ။ စ၊ ထိုပြင်လည်း။ ယသ္မိံ ပဒေသေ၊ အကြင် အရပ်၌။ ဌိတာယ၊ တည်သော။ အဿာ၊ ထိုနွားမအား။ ဝေ၊ သည်။ အဿ၊ ရာ၏။ အဟံ၊ သည်။ ယံနူန-ယဒိ ပန၊ ၍။ အဂတပုဗ္ဗံ၊ သော။ ဒိသံ စေဝ၊ အရပ်သို့မူလည်း။ ဂစ္ဆေယျံ၊ အံ့။ပ။ ပိဝေယျံ၊ အံ့။ သာဓု၊ ၏။ ဣတိ၊ သည်။ အဿ၊ ရာ၏။ တဉ္စ ပဒေသံ၊ ထိုအကြံဖြစ်ရာ မိမိနေရင်း အရပ်သို့လည်း။ သောတ္ထိနာ၊ ချမ်းသာသဖြင့်။ န ပစ္စာဂစ္ဆေယျ၊ တဖန် မပြန်နိုင်ရာ။ တံ၊ ထိုသို့ မပြန်နိုင်ခြင်းသည်။ ကိဿ ဟေတု၊ ကား။ ဘိက္ခဝေ၊ တို့။ ပဗ္ဗတေယျာ၊ သော။ ဗာလာ၊ သော။ အဗျတ္တာ၊ သော။ အခေတ္တညူ၊ သော။ သာ ဂါဝီ၊ သည်။ ဝိသမေ၊ သော။ ပဗ္ဗတေ၊ ၌။ စရိတုံ၊ ငှါ။ ယသ္မာ၊ ကြောင့်။ အကုသလာ၊ မလိမ်မာခဲ့။ တထာ ဟိ၊ ထိုကြောင့်တည်း။ ဘိက္ခဝေ၊ တို့။ ဝေမေဝ ခေါ၊ လျှင်။ ဣဓ၊ ၌။ ဧကစ္စော၊ သော။ ဘိက္ခု၊ သည်။ ဗာလော၊ သမာဓိဘောဟုန်ကို သုတ်သင်ခြင်းငှါ မသိမကျွမ်းခဲ့။ အဗျတ္တော၊ ဈာန်ကိုလေ့လာအပ်သည်၏ အဖြစ်သို့ ရောက်စေခြင်းငှါ မတတ်၍ အဗျတ္တဖြစ်ခဲ့၏။ အခေတ္တညူ၊ အထက်ဈာန်၏ ပဒဋ္ဌာန်အဖြစ်ဟူသောခေတ်ကို မသိခဲ့။ ကာမေဟိ၊ တို့မှ။ ဝိဝိစ္စေဝ၊ ၍သာလျှင်။ပ။ ပဌမံ ဈာနံ၊ ကို။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရိတုံ၊ ငှါ။ အကုသလော၊ မကျွမ်းကျင်ခဲ့။ သော ဘိက္ခု၊ သည်။ တံ နိမိတ္တံ၊ ကို။

နာသေဝတိ၊ မမှီဝဲ။ န ဘာဝေတိ၊ မပွါးစေ။ န ဗဟုလီကရောတိ၊ အကြိမ်များစွာမပြု။ သွာဓိဋ္ဌိတံ၊ မြဲစွာတည်အောင်။ န အဓိဋ္ဌာတိ၊ မဆောက်တည်။ တဿ၊ ထိုဘိက္ခု၏၊ ဝါ၊ အား။ အဟံ၊ သည်။ ယံနူန-ယဒိ ပန၊ ၍။ ဝိတက္ကဝိစာရာနံ၊ တို့၏။ ဝူပသမာ၊ ကြောင့်။ ပ။ ဒုတိယံ ဈာနံ၊ ကို။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရေယျံ၊ နေရမူကား။ သာဓု၊ ၏။ ဣတိ ဝေံ၊ ဤသို့သောအကြံသည်။ ဟောတိ၊ ၏။ သော၊ ထိုဘိက္ခုသည်။ ဝိတက္က-ဝိစာရာနံ၊ တို့၏။ ဝူပသမာ၊ ကြောင့်။ ပ။ ဒုတိယံ ဈာနံ၊ ကို။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရိတုံ၊ ငှါ။ န သက္ကောတိ၊ နိုင်။ တဿ၊ ထိုဘိက္ခု၏၊ ဝါ၊ အား။ အဟံ၊ သည်။ ယံနူန-ယဒိ ပန၊ ၍။ ကာမေဟိ၊ တို့မှ။ ဝိဝိစ္စေဝ၊ ကင်း၍သာလျှင်။ ပ ။ ပဌမံ ဈာနံ၊ ကို။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရေယျံ၊ မူကား။ သာဓု၊ ကောင်းလေစွ။ ဣတိ ဝေံ၊ ဤသို့သောအကြံသည်။ ဟောတိ၊ ၏။ သော၊ ထိုဘိက္ခုသည်။ ကာမေဟိ၊ တို့မှ။ ဝိဝိစ္စေဝ၊ လျှင်။ ပ။ ပဌမံ ဈာနံ၊ ကို။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရိတုံ၊ ငှါ။ န သက္ကောတိ၊ နိုင်။ ဘိက္ခဝေ၊ တို့။ အယံ ဘိက္ခု၊ (အထက်ဈာန်သို့လည်း မတက်နိုင် အောက်ဈာန်လည်းပျောက်ခဲ့၍ နိမိတ်မျှမထင်သော) ဤရဟန်းကို။ ဥဘတော၊ နှစ်ပါးစုံသောဈာန်မှ။ ဘဋ္ဌော၊ လျှောကျပျက်စီးသော ရဟန်းဟူ၍။ ဥဘတော၊ မှ။ ပရိဟီနော၊ ဆုတ်ယုတ်သောရဟန်းဟူ၍။ ဝုစ္စတိ၊ ၏။ ဘိက္ခဝေ၊ တို့။ သေယျထာပိ၊ ကား။ ပဗ္ဗတေယျာ၊ သော။ ဗာလာ၊ သော။ အဗျတ္တာ၊ သော။ အခေတ္တညူ၊ သော။ ဝိသမေ ပဗ္ဗတေ၊ ၌။ စရိတုံ၊ ငှါ။ အကုသလာ၊ သော။ သာ ဂါဝီ ယထာ၊ ထိုဥပမာဖြစ်သော နွားမကဲ့သို့ပင်တည်း။]

တသ္မာ၊ ထို(သို့ရရင်းဈာန်ကို ကျေပြွန်အောင် မလေ့လာဉီးဘဲ အထက်ဈာန်သို့တက်ခြင်းငှါ အားထုတ်သော်လည်း ရရင်းဈာန်မှလည်း ယုတ်, အထက်ဈာန်သို့ရောက်ခြင်းငှါလည်း မတတ်ကောင်းသည်၏ အဖြစ်)ကြောင့်။ အနေန၊ ဤယောဂီသည်။ တာဝ၊ စွာ။ တသ္မိံယေဝ ပဌမဇ္ဈာနေ၊ ထိုရရင်းလက်ရှိပဌမဈာန်၌သာလျှင်။ ပဉ္စဟိ၊ ကုန်သော။ အာကာရေဟိ၊ တို့ဖြင့်။ စိဏ္ဏဝသိနာ၊ လေ့ကျင့်အပ် မှီဝဲအပ်ပြီးသော လေ့လာခြင်းရှိသည်၊ ဝါ၊ ကျင့်အပ်သင်အပ်ပြီးသော နိုင်နင်းခြင်းရှိသည်။ ဘဝိတဗ္ဗံ၊ ရာ၏။

ပဥ္စဝသီကထာ

၇၈။ တတြ၊ ထိုပဥ္စဟာကာရေဟိအစရှိသောပါဌ်၌။ ဝသိယော၊ လေ့လာခြင်းတို့သည်၊ ဝါ၊ အလိုအားလျော်စွာဖြစ်ခြင်း နိုင်နင်းခြင်းတို့သည်၊ ဝါ၊ အလိုအားလျော်စွာ ဖြစ်စေနိုင်သော သတ္တိတို့သည်။ အာဝဇ္ဇနဝသီ၊ ဝသီဂုဏ်း။ သမာပဇ္ဇနဝသီ၊ ဂုဏ်း။ အဓိဋ္ဌာနဝသီ၊ ဂုဏ်း။ ဝုဋ္ဌာနဝသီ၊ ဂုဏ်း။ ပစ္စဝေက္ခဏာဝသီ၊ ဂုဏ်း။ ဣတိ၊ သို့။ ဣမာ ပဥ္စ၊ ဤငါးပါးတို့တည်း။ (တတ္ထ၊ ထိုငါးပါးတို့တွင်။) ပဌမံ ဈာနံ၊ ကို။ ယတ္ထိစ္ဆကံ၊ အကြင်အကြင်အလိုရှိရာအရပ်၌။ ယဒိစ္ဆကံ၊ အကြင်အကြင် အလိုရှိတိုင်းသောဈာန်ကို။ ယာဝဒိစ္ဆကံ၊ အကြင်အလိုရှိသမျှကာလပတ်လုံး။ အာဝဇ္ဇေတိ၊ ဆင်ခြင်နိုင်၏။ အာဝဇ္ဇနာယ၊ ဆင်ခြင်ခြင်း၏၊ ဝါ၊ အာဝဇ္ဇန်းဖြစ်ခြင်း၏။ ဒန္ဓာယိတတ္တံ၊ နှေးဖြည်းသည်၏အဖြစ်သည်။ နတ္ထိ၊ မရှိအံ့။ ဣတိ ဧဝံ၊ ဤသို့တတ်နိုင်လတ်သော်။ အာဝဇ္ဇနဝသီ၊ မည်၏။ ပဌမံ ဈာနံ၊ ကို။ ယတ္ထိစ္ဆကံ၊ ၌။ ယဒိစ္ဆကံ၊ ကို။ ယာဝဒိစ္ဆကံ၊ လုံး။ သမာပဇ္ဇတိ၊ ဝင်စားနိုင်၏။ သမာပဇ္ဇနာယ၊ ဝင်စားခြင်း၏။ ဒန္ဓာယိတတ္တံ၊ နှေးဖြည်းသည်၏အဖြစ်သည်။ နတ္ထိ၊ မရှိအံ့။ ဣတိ ဧဝံ၊ ဤသို့တတ်နိုင်လတ်သော်။ သမာပဇ္ဇနဝသီ၊ မည်၏။ ဧဝံ၊ တူ။ သေသာပိ၊ ကြွင်းသောအဓိဋ္ဌာန, ဝုဋ္ဌာန, ပစ္စဝေက္ခဏာဝသီတို့ကိုလည်း။ ဝိတ္ထာရေတဗ္ဗာ၊ ချဲ့အပ်ကုန်၏။

အယံ ပန၊ ဤဆိုလတ္တံ့သည်ကား။ ဧတ္ထ၊ ဤဝသီငါးပါးတို့၌။ အတ္ထပ္ပကာသနာ၊ လိုအပ်သောအနက်ကို ပြကြောင်းဖြစ်သော စကားတည်း။ ပဌမဇ္ဈာနတော၊ မှ။ ဝုဋ္ဌာယ၊ ၍။ ပဌမံ၊ စွာ။ ဝိတက္ကံ၊ ကို။ အာဝဇ္ဇယတော၊ ဆင်ခြင်သော ပုဂ္ဂိုလ်အား။ ဘဝင်္ဂံ၊ ကို။ ဥပစ္ဆိန္ဒိတွာ၊ ဖြတ်၍။ ဥပ္ပန္နာဝဇ္ဇနာနန္တရံ၊ ဖြစ်သောအာဝဇ္ဇန်း၏အခြားမဲ့၌။ ဝိတက္ကာရမ္မဏာနေဝ၊ ဝိတက်လျှင်အာရုံရှိသည်သာလျှင်ဖြစ်ကုန်သော။ စတ္တာရိ ဝါ ဇဝနာနိ၊ တိက္ခိန္ဒြိယအား လေးကြိမ်သော ဇောတို့သည်မူလည်း။ ပဉ္စ ဝါ ဇဝနာနိ၊ နာတိတိက္ခိန္ဒြိယအား ငါးကြိမ်သော ဇောတို့သည်မူလည်း။ ဇဝန္တိ၊ လျင်မြန်စွာ ဖြစ်ကုန်၏။ တတော၊ ထိုလေးကြိမ် ငါးကြိမ်သောဇောမှ။ (ပရံ၊ ၌။) ဒွေ ဘဝင်္ဂါနိ၊ နှစ်ပါးသောဘဝင်စလန, ဘဝင်ုပစ္ဆေဒတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ တတော၊ ထိုဘဝင်ုပစ္ဆေဒမှ။ (ပရံ၊ ၌။) ပုန၊ ဖန်။ ဝိစာရာရမ္မဏံ၊ ဝိစာရလျှင်အာရုံရှိသော။ အာဝဇ္ဇနံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။

ဝုတ္တနယာနေဝ၊ ထိုဝိတက်ကိုဆင်ခြင်ရာ၌ ဆိုအပ်ပြီးသော နည်းရှိသည် သာလျှင်ဖြစ်ကုန်သော။ ဇဝနာနိ၊ လေးကြိမ် ငါးကြိမ်သောဇောတို့သည်။ ဇဝန္တိ၊ ကုန်၏။ ဣတိ ဧဝံ၊ ဤသို့သောနည်းဖြင့်။ ပဥ္စသု ဗျာနင်္ဂေသု၊ တို့၌။ ယဒါ၊ ၌။ နိရန္တရံ၊ ဝိသဘာဂတို့ဖြင့် အခြားမရှိသော။ စိတ္တံ၊ ကို။ ပေသေတုံ၊ စေလွှတ်ခြင်းငှါ။ သက္ကောတိ၊ ၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုပုဂ္ဂိုလ်အား။ အာဝဇ္ဇနဝသီ၊ သည်။ သိဒ္ဓါ၊ မည်သည်။ ဟောတိ၊ ၏။ မတ္ထကပ္ပတ္တာ၊ အထွတ်သို့ရောက်သော။ အယံ ပန ဝသီ၊ (ဘဝင်နှစ်ကြိမ် ခြားခြင်းရှိသော လေးကြိမ်သော ဇောရှိသော) ဤသို့ ဆိုအပ်ပြီးသော အာဝဇ္ဇနဝသီကိုကား။ ဘဂဝတော၊ ၏။ ယမကပါဋိဟာရိယေ၊ ၌။ [၁၅၀] လဗ္ဘတိ၊ ၏။ အညေသံ ဝါ၊ ဘုရားမှတပါးသောအရှင်သာရိပုတ္တရာ စသည်တို့အားမူလည်း။ ဧဝရူပေ ကာလေ၊ ဤသို့သဘောရှိသောကာလ၌။ လဗ္ဘတိ၊ ၏။ ဣတော၊ (ဘဝင်နှစ်ကြိမ်ခြားခြင်းရှိသော လေးကြိမ်သော ဇောရှိသော) ဤဆိုအပ်ပြီးသော အာဝဇ္ဇနဝသီထက်။ ပရံ၊ အလွန်။ သီဃတရာ၊ အထူးသဖြင့်လျင်မြန်သော။ အာဝဇ္ဇနဝသီ နာ၏ မည်သည်။ နတ္ထိ၊ မရှိ။

ပန၊ ပါး။ အာယသ္မတော၊ သက်တော်ရှည်သော။ မဟာမောဂ္ဂလ္လာနဿ၊ ၏။ နန္ဒောပနန္ဒနာဂရာဇဒမနေ ဝိယ၊ နန္ဒောပနန္ဒ နဂါးမင်းကို ဆုံးမရာ၌ကဲ့သို့။ သီဃံသမာပဇ္ဇနသမတ္ထတာ၊ (ဝင်စားခြင်းငှါလိုသော ဆန္ဒဖြစ်သည်၏အခြားမဲ့၌ နှစ်ချက်သော ဘဝင်ဖြစ်ကုန်လတ်သော် ဘဝင်ကိုဖြတ်၍ဖြစ်သော အာဝဇ္ဇန်း၏အခြားမဲ့၌) လျင်စွာဝင်စားခြင်းငှါ စွမ်းနိုင်သည်၏အဖြစ်သည်။ သမာပဇ္ဇနဝသီ နာမ၊ မည်၏။

အစ္ဆရာမတ္တံ ဝါ ခဏံ၊ လက်ဖျစ် တတွက် အတိုင်းအရှည်ရှိသော ခဏပတ်လုံးငင်း။ ဒသစ္ဆရာမတ္တံ ဝါ ခဏံ၊ လက်ဖျစ်ဆယ်တွက် အတိုင်း အရှည်ရှိသော ခဏပတ်လုံးငင်း။ (ဈာန်၊ ဈာန်ကို။) ဌပေတုံ၊ ငှါ။ သမတ္ထတာ၊ စွမ်းနိုင်သည်၏အဖြစ်သည်။ အဓိဋ္ဌာနဝသီ နာမ။ မည်၏။ တထေဝ၊ ထိုအတူပင်လျှင်၊ ဝါ၊ ထိုအစ္ဆရာမတ္တ, ဒသစ္ဆရာမတ္တခဏပတ်လုံး။ (ဈာနသမင်္ဂီ၊ ဈာန်နှင့်ပြည့်စုံသည်။ ဟုတ္တွာ၊ ၍။ ဈာနတော၊ မှ။) လဟုံ၊ လျင်စွာ။ ဝုဋ္ဌာတုံ၊ ငှါ။ သမတ္ထတာ၊ သည်။ ဝုဋ္ဌာနဝသီ နာမ၊

မည်၏။ တဒုဘယဒဿနတ္ထံ၊ ထိုအမိဋ္ဌာန ဝုဋ္ဌာနဝသီနှစ်ပါးကိုပြခြင်းငှါ။ ဗုဒ္ဓရက္ခိတတ္ထေရဿ၊ ၏။ ဝတ္ထုံ၊ ကို။ ကထေတုံ၊ ငှါ။ ဝဋ္ဋတိ၊ ၏။

ဟိ၊ ချဲ့အံ့။ သော အာယသ္မာ၊ ထိုအရှင်သည်။ ဥပသမ္ပဒါယ၊ ပဉ္စင်းခံသည်မှ။ အဋ္ဌဝဿိကော၊ ရှစ်ဝါရသည်။ ဟုတွာ၊ ၍။ ထေရမ္ဗတ္ထလေ၊ မဟာမဟိန္ဒမထေရ်တို့ သက်ကျရာသရက်ပင်ရောက်သောကုန်း၌။ မဟာရောဟဏဂုတ္တတ္ထေရဿ၊ အား။ ဂိလာနုပဋ္ဌာနံ၊ သူနာပြုစုခြင်းငှါ။ အာဂတာနံ၊ ကုန်သော။ တိံသမတ္တာနံ ဣဒ္ဓိမန္တသဟဿာနံ၊ သုံးသောင်းကုန်သော တန်ခိုးရှိသောအရှင်တို့၏။ မဇ္ဈေ၊ အလယ်၌။ နိသိန္နော၊ နေလျက်။ ထေရဿ၊ အား။ ယာဂုံ၊ ကို။ ပဋိဂ္ဂဏှိပယမာနံ၊ ကပ်သော။ ဥပဋ္ဌာကနာဂရာဇာနံ၊ အလုပ်အကျွေးနဂါးမင်းကို။ ဂဟေဿာမီတိ၊ သုတ်ယူအံ့ဟူ၍။ အာကာသတော၊ မှ။ ပက္ခန္ဒန္တံ၊ ပျံပြေးလာသော။ သုပဏ္ဏရာဇာနံ၊ ဂဠုန်မင်းကို။ ဒိသွာ၊ ၍။ တာဝဒေဝ၊ ထိုခဏ၌လျှင်။ ပဗ္ဗတံ၊ ကို။ နိမ္မိနိတွာ၊ ၍။ နာဂရာဇာနံ၊ ကို။ ဗာဟာယံ၊ မောင်း၌။ ဂဟေတွာ၊ ၍။ တတ္ထ၊ ထိုဖန်ဆင်းသောတောင်ခေါင်းသို့။ ပါဝိသိ၊ ၏။ သုပဏ္ဏရာဇာ၊ သည်။ ပဗ္ဗတေ၊ ၌။ ပဟာရံ၊ ရင်ဖြင့်ခတ်ခြင်းကို။ ဒတွာ၊ ၍။ ပလာယိ၊ ပြေးလေ၏။ မဟာထေရော၊ သည်။ အာဝုသော၊ တို့။ ဗုဒ္ဓရက္ခိတော၊ သည်။ သစေ နာဘဝိဿ၊ အကယ်၍မရှိအံ့။ သဗ္ဗေဝ၊ ကုန်သော။ မယံ၊ တို့သည်။ ဂါရယှာ၊ ကဲ့ရဲ့အပ်ကုန်သည်။ အဿာမ၊ ဖြစ်ရကုန်အံ့။ ဣတိ၊ သို့။ အာဟ၊ ၏။

ပန၊ ပါး။ ပစ္စဝေက္ခဏဝသီ၊ ကို။ အာဝဇ္ဇနဝသိယာ ဧဝ၊ ၌သာလျှင်၊ ဝါ၊ ဖြင့်သာလျှင်။ ဝုတ္တာ၊ ပြီ။ ဟိ-ယသ္မာ၊ ကြောင့်။ တတ္ထ၊ ထို အာဝဇ္ဇနဝသီ၌။ ယာနိ၊ အကြင်ဇောတို့သည်။ အာဝဇ္ဇနာနန္တရာနိ၊ အာဝဇ္ဇန်း၏အခြားမဲ့၌ဖြစ်ကုန်၏။ တာနိ၊ ထိုဇောတို့သည်။ ပစ္စဝေက္ခဏဇဝနာနေဝ၊ ရှုဆင်ခြင်တတ်သောဇောတို့သည်ပင်တည်း၊ ဝါ၊ ဇောတို့သည်ပင်မဟုတ်တုံလော။ ဣတိ၊ ပြီး၏။

ဒုတိယဈာနကထာ

၇၉။ ပန၊ ဆက်၍ဆိုအံ့၊ ဝါ၊ တပါး။ ဣမာသု ပဉ္စသု ဝသီသု၊ တို့၌။ စိဏ္ဏဝသီနာ၊ လေ့လာပြီးဝသီရှိသောယောဂီသည်။ ပဂုဏပဌမဈာနတော၊ လေ့လာအပ်ပြီးသောပဌမစျာန်မှ။ ဝုဋ္ဌာယ၊ ၍။ အယံ

သမာပတ္တိ၊ ဤပဌမဈာန်သမာပတ်သည်။ အာသန္နနီဝရဏပစ္စတ္ထိကာ၊ နီးသောနီဝရဏဟူသောရန်သူရှိ၏။ ဣတိ စ၊ ဤသို့ရင်း။ ဝိတက္ကဝိစာရာနံ၊ တို့၏။ ဩဠာရိကတ္တာ၊ ရုန့်ရင်းသည်၏အဖြစ်ကြောင့်။ အင်္ဂဒုဗ္ဗလာ၊ အင်္ဂါအားဖြင့်အားနည်း၏၊ ဝါ၊ အားနည်းသောအင်္ဂါရှိ၏။ ဣတိ စ၊ ဤသို့ရင်း။ တတ္ထ၊ ထိုပဌမဈာန်၌။ ဒေါသံ၊ အပြစ်ကို။ ဒိသွာ၊ ၍။ ဒုတိယဇ္ဈာနံ၊ ဒုတိယဈာန်ကို။ သန္တတော၊ ငြိမ်သက်သောတရားဟူ၍။ မနသိကတွာ၊ နှလုံး၌ထား၍၊ ပဌမဇ္ဈာနေ၊ ၌။ နိကန္တိံ၊ လိုချင်ငဲ့ကွက်တသက်သက်ရှိခြင်းကို။ ပရိယာဒါယ၊ ကုန်စေ၍။ ဒုတိယာဓိဂမာယ၊ ငှါ။ ယောဂေါ၊ ဘာဝနာ၌အားထုတ်ခြင်းကို။ ကာတဗ္ဗော၊ အပ်၏။ အထ၊ ထိုသို့အားထုတ်လတ်သော်။ အဿ၊ ထိုယောဂီအား။ ယဒါ၊ ၌။ ပဌမဇ္ဈာနာ၊ မှ။ ဝုဋ္ဌာယ၊ ၍။ သတဿ၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍။ သမ္ပဇာနဿ၊ သမ္ပဇဉ်နှင့်ပြည့်စုံသည်ဖြစ်၍။ ဈာနင်္ဂါနိ၊ ဝိတက်စသောဈာန်အင်္ဂါတို့ကို။ ပစ္စဝေက္ခတော၊ ရှေးရှုဉာဏ်ဖြင့်သက်၍ဆင်ခြင်စဉ်။ ဝိတက္က-ဝိစာရာ၊ တို့သည်။ ဩဠာရိကတော၊ ရုန့်ရင်းသောအားဖြင့်။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။ ပီတိသုခဉ္စေဝ၊ ပီတိသုခသည်ရင်း။ စိတ္တေကဂ္ဂတာ စ၊ သည်ရင်း။ သန္တတော၊ ငြိမ်သက်သောအားဖြင့်။ ဥပဋ္ဌာတိ၊ ထင်၏။ တဒါ၊ ထိုအခါ၌။ ဩဠာရိကင်္ဂပဟာနာယ၊ ရုန့်ရင်းသောအင်္ဂါကိုပယ်ခြင်းငှါရင်း။ သန္တအင်္ဂပဋိလာဘာယ စ၊ ငြိမ်သက်သောအင်္ဂါကိုရခြင်းငှါရင်း။ တဒေဝ နိမိတ္တံ၊ ထိုပထဝီကသိုဏ်း ပဋိဘာဂနိမိတ်ကိုပင်လျှင်။ ပထဝီ ပထဝီတိ၊ ဟူ၍။ ပုနပ္ပုနံ၊ ဖန်။ မနသိကရောတော၊ သော။ အဿ၊ ထိုယောဂီအား။ ဣဒါနိ၊ ၌။ ဒုတိယဇ္ဈာနံ၊ သည်။ ဥပ္ပဇ္ဇိဿတီတိ၊ ဖြစ်လတံ့ဟု။ (ဝတ္တဗ္ဗဇဝနဝါရေ၊ ဆိုအပ်သင့်သောဇောဝါရ၌။) ဘဝင်္ဂံ၊ ကို။ ဥပစ္ဆိန္ဒိတွာ၊ ၍။ တဒေဝ ပထဝီကသိဏံ၊ ထိုပထဝီကသိုဏ်းပဋိဘာဂနိမိတ်ကိုပင်လျှင်။ အာရမ္မဏံ ကတွာ၊ ၍။ မနောဒွါရာဝဇ္ဇနံ၊ သည်။ [၁၅၁] ဥပ္ပဇ္ဇတိ၊ ၏။ တတော၊ ထိုမနောဒွါရာဝဇ္ဇန်းဖြစ်သည်မှ။ (ပရံ၊ ၌။) တသ္မိံယေဝါရမ္မဏေ၊ ထိုပထဝီကသိုဏ်း ပဋိဘာဂနိမိတ်အာရုံ၌ပင်လျှင်။ စတ္တာရိ ဝါ၊ လေးကြိမ်မူလည်းဖြစ်ကုန်သော။ ပဉ္စ ဝါ၊ ငါးကြိမ်မူလည်းဖြစ်ကုန်သော။ ဇဝနာနိ၊ တို့သည်။ ဇဝန္တိ၊ ကုန်၏[၁]။

၁-"စတ္တာရိ ပဉ္စာတိ ဝါ-သဒ္ဒေါ လုတ္တနိဒ္ဒိဋ္ဌော" ဋီကာမိန့်ရကား ရှေးမူရင်း ဝါ-မရှိ။ ဣတိ-သဒ္ဒေါ ပရိသမာပနေ။ (ပြည်)

ယေသံ၊ ယင်းလေးကြိမ်, ငါးကြိမ်သောဇောတို့၏၊ ဝါ၊ တို့တွင်။ အဝ-
သာနေ၊ ၌။ ဇောံ၊ တခုသော စတုတ္ထဇော ပဉ္စမဇောသည်။ ဒုတိယဇ္ဈာနိကံ၊
ဒုတိယဈာန်ရှိသော။ ရူပါဝစရံ၊ ဇောသည်။ ဟောတိ၊ ၏။ သေသာနိ၊
အဆုံးဇောမှ ကြွင်းကုန်သော သုံးကြိမ် လေးကြိမ်သော ဇောတို့သည်။
ဝုတ္တပ္ပကာရာနေဝ၊ ပဌမဈာန်၌ ဆိုအပ်ခဲ့ပြီးသော အပြားရှိသည်သာလျှင်
ဖြစ်ကုန်သော၊ ဝါ၊ ဆိုအပ်ခဲ့ပြီးသော ပရိကံ ဥပစာရ အနုလုံ ဂေါတြဘူ
ဟူသော အမည်ထူးရှိသည်သာလျှင် ဖြစ်ကုန်သော။ ကာမာဝစရာနိ၊
တို့သည်။ ဟောန္တိ၊ ကုန်၏။ ဧတ္တာဝတာ၊ ဤမျှစကားတရပ် အပြီးသတ်တည်း။

၉၊ ဆက်၍ဆိုအံ့။ ဧတ္တာဝတာ-ဧတ္တကေန ဘာဝနာက္ကမေန၊ ဖြင့်။
သေ-သော ယောဂါဝစရော၊ သည်။ (ဒုတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရ-
တီတိ သမ္ဗန္ဓော) ဝိတက္ကဝိစာရာနံ၊ တို့၏။ ဝူပသမာ၊ ငြိမ်းခြင်းကြောင့်။
အဇ္ဈတ္တံ၊ မိမိသန္တာန်၌ဖြစ်သော။ သမ္ပသာဒနံ၊ ကြည်သော။ (တနည်း)
စေတသော၊ စိတ်ကို။ သမ္ပသာဒနံ၊ ကြည်စေတတ်သော။ စေတသော၊
စိတ်၏။ ဧကောဒိဘာဝံ၊ မြတ်သည်ဖြစ်၍ဖြစ်သော သမာဓိကို ပွါးစေ
တတ်သော။ အဝိတက္ကံ၊ ဝိတက်မရှိသော။ အဝိစာရံ၊ ဝိစာရမရှိသော။
သမာဓိဇံ၊ ပဌမဈာန်သမာဓိကြောင့်ဖြစ်သော၊ ဝါ၊ သမ္ပယုတ်သမာဓိ
ကြောင့်ဖြစ်သော။ ပီတိသုခံ၊ ပီတိသုခရှိသော။ (တနည်း) သမာဓိဇ-
ပီတိသုခံ၊ သမာဓိကြောင့်ဖြစ်သော ပီတိသုခရှိသော။ ဒုတိယံ ဈာနံ၊
ဒုတိယဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရတိ၊ ၏။ ဧဝံ၊ သို့။ အနေန၊
ဤယောဂါဝစရပုဂ္ဂိုလ်သည်။ ဒွင်္ဂဝိပ္ပဟီနံ၊ ပယ်အပ်သော နှစ်ပါးသော
အင်္ဂါရှိသော။ တိဝင်္ဂသမန္နာဂတံ၊ သုံးပါးသောအင်္ဂါနှင့် ပြည့်စုံသော။
တိဝိဓကလျာဏံ၊ သုံးပါးအပြားရှိသော ကောင်းခြင်းရှိသော။ ဒသ-
လက္ခဏသမ္ပန္နံ၊ ဆယ်ပါးသောလက္ခဏာနှင့် ပြည့်စုံသော။ ပထဝီကသိဏံ၊
ပထဝီကသိုဏ်းဖြစ်သော။ (ဥပစာရတ္ထ) ဝါ၊ ပထဝီကသိုဏ်းလျှင် အာရုံ
ရှိသော။ (မုချတ္ထ) ဒုတိယံ ဈာနံ၊ ဒုတိယဈာန်ကို၊ ဝါ၊ သည်။ အဓိ-
ဂတံ၊ ရအပ်သည်။ ဟောတိ၊ ၏။

၁၀။ တတ္ထ-တသ္မိံ ဈာနပါဌေ၊ ၌။ ဝိတက္ကဝိစာရာနံ ဝူပသမာတိ၊
ကား။ ဝိတက္ကဿ စ၊ ၏၎င်း၊ ဝါ၊ ကို၎င်း။ ဝိစာရဿ စ၊ ၏၎င်း၊ ဝါ၊ ကို၎င်း။

ဣတိ၊ ဤသို့။ ဣမေသံ ဒွိန္နံ၊ တို့၏၊ ဝါ၊ တို့ကို။ ဝူပသမာ၊ ငြိမ်းခြင်းကြောင့်၊ ဝါ၊ ငြိမ်းစေခြင်းကြောင့်။ သမတိက္ကမာ၊ လွန်ခြင်းကြောင့်[၁]။ ဒုတိယဇ္ဈာနက္ခဏေ၊ ၌။ အပါတုဘာဝါ၊ ထင်ရှားမဖြစ်ခြင်းကြောင့်[၂]။ ဒုတိယအတ္တဇာတံ၊ ကို။ ဝုတ္တံ၊ သည်။ ဟောတိ၊ ၏။

၁-ငြိမ်းစေခြင်း ဟူသည်လည်း ပဟာန်ကို ဤ၌လိုအပ်၏၊ သန္တိလက္ခဏာရှိသော ငြိမ်သက်ခြင်းကိုကား မလိုအပ်။ ထိုပဟာန်သည်လည်း ဝိတက်ဝိစာရတို့ကို လွန်ခြင်းပင်တည်းဟု သိစေခြင်းငှါ "သမတိက္ကမာ" မိန့်သတည်း။ အတ္ထအားဖြင့်ကား ဒုတိယစျာန်ခဏ၌ မဖြစ်ခြင်းဟု ဒေသကအလိုတော်ကို ဖော်လို၍ "ဒုတိယဇ္ဈာနက္ခဏေ"စသည်ကို ညွှန်းလိုက်ပြန်သတည်း။ (ပြည်)

၂-အံ့မှ ပျားပျစ် လပို့ညှစ်သို့ ခက်ဆစ်ကျမ်းဆိ လိုတော်ညီအောင် ထုတ်ဆောင်ဖော်ပြ ပေတတ်သော အဋ္ဌကထာဆရာ ရှင်မြတ်စွ၊ ဒုတိယစျာန်၌ ပဥ္စမစျာနဓမ္မတို့သည် မရှိသည်ချည်းဖြစ်၍ "ဝိတက္ကဝိစာရာနံ တံသဟဂတာနဥ္စ ဝူပသမာ"ဟု သာမညဟောသင့်လျက် "ဝိတက္ကဝိစာရာနံ ဝူပသမာ"ဟု ဝိသေသဟောခြင်းသည် အဗျာပိတဒေါသ, အညမညဝိရောဓိဒေါသသင့်ယောင်တကားဟု စောဒနာခွင့်ရှိသောကြောင့် စောဒကအာဘော်ကိုပြလျက်၊ သာမညဟောသင့်သော်လည်း တစိုးတစိ အကျိုးထူးရှိသည်ကို ပြခြင်းငှါ ဝိသေသဟောသည်ဖြစ်၍ တင်ပြစ်မလိမ်း၊ အသန့်ငြိမ်းသည် ဩ၊ ဟောရင်းဒေသက အလိုတော်ကျအောင် ဖော်ပြလိုသော အဋ္ဌကထာဆရာသည် ကိဥ္စာပိ-ကသည် ဝိတက္ကဝိစာရာနံ ဝူပသမာတိ ဧဝံ ဝုတ္တံ-တိုင်အောင်သောစကားကို မိန့်သတည်း။

၁၀၃။ တတ္ထ၊ ထိုဥဒ္ဓုမာတကသရီရစသည်တို့တွင်။ ဥဒ္ဓုမာတကသရီရေ၊ ၌။ ဥဒ္ဓုမာတကနိမိတ္တံ၊ ကို။ ဥပ္ပါဒေတွာ၊ ၍။ ဥဒ္ဓုမာတကဿဓိတံ၊ က-ဟု ဆိုအပ်သော။ ဈာနံ၊ ကို။ ဘာဝေတုကာမေန၊ ဖြစ်စေလိုသော။ ယောဂိနာ၊ သည်။ ပထဝီကသိဏေ၊ ၌။ ဝုတ္တနယေနေဝ၊ ဖြင့်သာလျှင်။ ဝုတ္တပ္ပကာရံ၊ သော။ အာစရိယံ၊ သို့။ ဥပသင်္ကမိတွာ၊ ၍။ ကမ္မဋ္ဌာနံ၊ ကို။ ဥဂ္ဂဟေတဗ္ဗံ၊ နည်းကျအောင်သင်အပ်၏။ အဿ ယောဂိနော၊ အား။ ကမ္မဋ္ဌာနံ၊ ကို။ ကထေန္တေန၊ ဟောသော။ တေန အာစရိယေန၊ သည်။ အသုဘနိမိတ္တတ္ထာယ၊ အသုဘနိမိတ်ကိုယူခြင်းအကျိုးငှါ၊ ဝါ၊ အသုဘ၏ (မနောဒွါရဖြင့်ခွဲယူအပ်သောအရုပ် အတုအရိပ်အယောင်အကောင်ပကတိ ထင်လာသော) နိမိတ်အကျိုးငှါ။ ဂမနဝိဓာနံ၊ သွားခြင်း၏ အစီအရင်ရင်း။ သမန္တာ၊ မှ။ နိမိတ္တုပလက္ခဏံ၊ ဥဂ္ဂဟနိမိတ်ကိုမှတ်ခြင်းရင်း။ ဧကာဒသဝိဓေန၊ ဖြင့်။ နိမိတ္တဂ္ဂါဟော၊ နိမိတ်ကိုယူခြင်းရင်း။ ဂတာဂတ-မဂ္ဂပစ္စဝေက္ခဏံ၊ အသွားလမ်းအလာလမ်းကိုဆင်ခြင်ခြင်းရင်း။ ဣတိ ဧဝံ၊ ဤသို့သောနည်းဖြင့်။ အပ္ပနာဝိဓာနပရိယောသာနံ၊ အပ္ပနာအစီအရင် အဆုံးရှိသော။ သဗ္ဗံ၊ အလုံးစုံသော အစီအရင်ကို။ ကထေတဗ္ဗံ၊ ၏။ တေနာပိ၊ ထိုကမ္မဋ္ဌာန်းယူသော ယောဂီသည်လည်း။ သဗ္ဗံ၊ ဆရာသင်တိုင်း မကြွင်းမကျန် အလုံးစုံကို။ သာဓုကံ၊ ကောင်းမွန်စွာ။ ဥဂ္ဂဟေတွာ၊ ကျကျနန လက်ထပ်ရအောင် သင်ခဲ့၍။ ပုဗ္ဗေ၊ ၌။ ဝုတ္တပ္ပကာရံ၊ သော။ သေနာသနံ၊ သို့။ ဥပဂန္တွာ၊ ၍။ ဥဒ္ဓုမာတကနိမိတ္တံ၊ ကို။ ပရိယေ-သန္တေန၊ ရှာလျက်။ ဝိဟာတဗ္ဗံ၊ နေရာ၏။

၁၀၄။ စ၊ ဆက်။ ဧဝံ၊ ဤသို့ အသုဘနိမိတ်ကို ရှာလျက်။ ဝိဟရန္တေန၊ နေသောယောဂီသည်။ အသုကသ္မိံ နာမ၊ ဤမည်သော။ ဂါမဒွါရေ ဝါ၊ ၌ရင်း။ အဋဝိမုခေ ဝါ၊ တောအုပ်ဝ၌ရင်း။ ပန္ထေ ဝါ၊ ခရီးမ၌ရင်း။ ပဗ္ဗတပါဒေ ဝါ၊ ၌ရင်း။ ရုက္ခမူလေ ဝါ၊ ၌ရင်း။ သုသာနေ ဝါ၊ ၌ရင်း။ ဥဒ္ဓုမာတကသရီရံ၊ ဥဒ္ဓုမာတကအကောင်ကို။ နိက္ခိတ္တန္တိ၊ စွန့်ပစ်အပ်၏ဟု။ ကထေန္တာနံ၊ ပြောကုန်သသူတို့၏။ ဝစနံ၊ ကို။ သုတွာပိ၊ ကြားသော်လည်း။ တာဝဒေဝ၊ ထိုကြားသောခဏ၌လျှင်။ အတိတ္ထေန၊ ဆိပ်ကမ်းမဟုတ်သော အရပ်ဖြင့်။ ပက္ခန္ဒန္တေန ဝိယ၊ အဆောတလျင် သက်

ဆင်းသက်ဲ့သို့။ န ဂန္တဗ္ဗံ၊ ရှောင်တခင် မသွားအပ်သေး။ ကသ္မာ၊ ကား။ ဟိ-ယသ္မာ၊ ကြောင့်။ တေံ အသုဘံ နာမ၊ ဤအသုဘမည်သည်။ ဝါဠ-မိဂါဓိဋ္ဌိတမ္ပိ၊ သားရဲစောင့်ရှောက်သည်ငှင်း။ အမနုဿာဓိဋ္ဌိတမ္ပိ၊ ဘီလူး စောင့်ရှောက်သည်ငှင်း။ ဟောတိ၊ ဖြစ်တတ်၏။ တတြ၊ ထိုဘီလူး သားရဲတို့ စောင့်ရှောက်သော အသုဘ၌။ အဿ၊ ထိုယောဂီ၏။ ဇီဝိ-တန္တရာယောပိ၊ သည်လည်း။ သိယာ၊ ၏။ ဝါ ပန၊ တနည်းကား။ ဧတ္ထ၊ ဤအကောင်ရှိရာသို့။ ဂမနမဂ္ဂေါ၊ သွားရာခရီးသည်။ ဂါမဒ္ဝါရေန ဝါ၊ ဖြင့်ငှင်း။ နဟာနတိတ္ထေန ဝါ၊ ရေချိုးဆိပ်ဖြင့်ငှင်း။ ကေဒါရကောဋိယာ ဝါ၊ လယ်ကန်သင်းဖြင့်ငှင်း။ ဟောတိ၊ ဖြစ်အံ့။ တတ္ထ၊ ထိုရွာတံခါး အစရှိသည်၌။ ဝိသဘာဂရူပံ၊ ဈေးသည်မ, ရေခပ်ကျွန်မ, လယ်စောင့်မစသော ဝိသဘာဂဝတ္ထုရူပါရုံသည်။ အာပါထံ၊ သို့။ အာဂစ္ဆတိ၊ ၏။ တဒေဝ ဝါ သရီရံ၊ ထို အသုဘရှုအံ့သော အကောင်သည်သာလျှင်မူလည်း။ ဝိသဘာဂံ၊ သည်။ ဟောတိ၊ ဝံတတ်၏။ ဟိ-သစ္စံ၊ ၏။ ပုရိသဿ၊ အား။ ဣတ္ထိသရီရံ၊ သည်။ ဣတ္ထိယာ စ၊ အားလည်း။ ပုရိသသရီရံ၊ သည်။ ဝိသဘာဂံ၊ သည်။ ဟောတိ၊ ၏။ အစုနာမတံ၊ ယခုသေသစ်ဖြစ် (၍ ဥဒ္ဒုမ္ဗရာတက အဖြစ်သို့ မရောက်သေး) သော။ တဒေတံ၊ ထိုဝိသဘာဂအကောင်သည်။ သုဘတောပိ၊ သုဘအားဖြင့်လည်း။ ဥပဋ္ဌာတိ၊ ထင်တတ်၏။ တေန၊ ထိုသို့သုဘထင်ခြင်းကြောင့်။ အဿ၊ ထိုယောဂီ၏။ ဗြဟ္မစရိယန္တရာယောပိ၊ သည်လည်း။ သိယာ၊ ၏။ (တသ္မာ၊ ကြောင့်။ န ဂန္တဗ္ဗံ၊ အပ်။) ပန၊ ဆက်။ ဣဒံ၊ ဤဥဒ္ဒုမ္ဗရာတကအဖြစ်သို့ မရောက်သေးသော ဝိသဘာဂ အကောင်သည်။ မာဒိသဿ၊ ငါကဲ့သို့ သတိပြည့်ဝသော ယောဂီအား။ န ဘာရိယံ၊ (ရာဂဘေးမဖြစ်ရအောင် စောင့်ရှောက်ခြင်းငှါ) ဝန်လေး သည်မဟုတ်။ ဣတိ၊ သို့။ အတ္တာနံ၊ ကို။ သစေ တက္ကယတိ၊ အကယ်၍ ချီးမြှောက်သည်ဖြစ်အံ့၊ ဝါ၊ ကြိမ်းပသည်ဖြစ်အံ့၊ ဝါ၊ အားကိုးသည် ဖြစ်အံ့။ ဧဝံ၊ သို့။ တက္ကယမာနေန၊ ကိုယ်ရှင်ကိုယ် ချီးမြှောက်သော ရဟန်းသည်။ ဂန္တဗ္ဗံ၊ ၏။

[၁၇၅] ၁၀၅။ စ၊ ဆက်၍ဆိုအံ့။ ဂစ္ဆန္တေန၊ သွားသောယောဂီ သည်။ သံဃတ္ထေရဿ ဝါ၊ အားငှင်း။ အညဿ၊ သော။ အဘိညာတသဘာဝဿ၊ ထင် ရှားသော။ ဘိက္ခုမနော ဝါ၊ အားငှင်း။ ကထေတွာ၊ ပန်၍။ ဂန္တဗ္ဗံ၊ ၏။

ကသ္မာ၊ ကား။ ဟိ-ယသ္မာ၊ ကြောင့်။ သုသာနေ၊ ၌။ အမနုဿသီဟ-ဗျဂ္ဃါဒီနံ၊ တို့၏။ ရူပသဒ္ဒါဒိအနိဋ္ဌာရမ္မဏာဘိဘူတဿ၊ ရူပါရုံ သဒ္ဒါရုံ အစရှိသော အနိဋ္ဌာရုံတို့သည် နှိပ်စက်အပ်သော။ အဿ၊ ၏။ အင်္ဂပစ္စင်္ဂါနိ ဝါ၊ တို့သည်မူလည်း။ သဗေ ပဝေဓေန္တိ၊ အကယ်၍ တုန်လှုပ်ခဲ့ကုန်အံ့။ ဘုတ္တံ ဝါ၊ စားပြီးသော အစာသည်မူလည်း။ သစေ န ပရိသဏ္ဌာတိ၊ အကယ်၍ အာသယ၌မတည် အန်ထွက်ချေအံ့။ အညော၊ ဝုတ္တပ္ပကာရမှ တပါးသော။ အာဗာဓော ဝါ၊ သည်မူလည်း။ သစေ ဟောတိ၊ အကယ်၍ ဖြစ်ခဲ့တုံအံ့။ အထ၊ ထိုသို့အန္တရာယ် တစိုးတစိရှိလတ်ဘိမူ။ သော၊ ထိုပန်ကြားအပ်သော သံဃတ္ထေရအဘိညာတဘိက္ခုသည်။ အဿ၊ ထိုအန္တရာယ်ရောက်သော ယောဂီ၏။ ဝိဟာရေ၊ ၌။ ပတ္တစီဝရံ၊ ကို။ သုရက္ခိတံ၊ ကောင်းစွာစောင့်အပ်သည်ကို။ ကရိဿတိ၊ ပြုပေလတံ့။ ဒဟရေ ဝါ၊ ပဉ္စင်းငယ်တို့ကိုရင်း။ သာမဏေရေ ဝါ၊ သာမဏေတို့ကိုရင်း။ ပဟိဏိတွာ၊ ၍။ တံ ဘိက္ခုံ၊ ကို။ ပဋိဇဂ္ဂိဿတိ၊ ကုစားပေလတံ့။' အပိ စ၊ ဆိုဖွယ်ရှိသေး၏။ သုသာနံ နာမ၊ မည်သည်။ နိရာသင်္ကဋ္ဌာနံ၊ ရွံရှာခြင်းကင်းရာအရပ်တည်း။ ဣတိ၊ သို့။ မညမာနာ၊ မှတ်ထင်ကုန်သော။ ကတကမ္မာပိ၊ ပြုအပ်ပြီးသော ခိုးမှုရှိသည်လည်းဖြစ်ကုန်သော။ အကာတကမ္မာပိ၊ ခိုးမှုကို ပြုလိုသည်လည်း ဖြစ်ကုန်သော။ စောရာ၊ တို့သည်။ သမောသရန္တိ၊ စုတတ်ကုန်၏။ တေ၊ ထိုပြုအပ်ပြီးသော ခိုးမှုရှိသောလက်သည်တို့သည်။ မနုဿေဟိ၊ ဥစ္စာရှင်တို့သည်။ အနုဗဒ္ဓါ၊ အစဉ်လိုက်အပ်ကုန်သည်ရှိသော်။ ဘိက္ခုဿ၊ ၏။ သမီပေ၊ ၌။ ဘဏ္ဍကံ၊ ဥစ္စာထုပ်ကို။ ဆဍ္ဍေတွာပိ၊ ၍လည်း။ ပလာယန္တိ၊ ပြေးတတ်ကုန်၏။ မနုဿာ၊ တို့သည်။ သဟောဍံ၊ ခိုးထုပ်ဥစ္စာနှင့်တကွသော။ စောရံ၊ ကို။ အဒ္ဒသာမ၊ တွေ့ကြရပေပြီ။ ဣတိ၊ သို့။ ဘိက္ခုံ၊ ကို။ ဂဟေတွာ၊ ဖမ်း၍။ ဝိဟေဌေန္တိ၊ ညှဉ်းဆဲတတ်ချေကုန်၏။ အထ၊ ထိုသို့အန္တရာယ်ရှိလတ်သော်။ သော၊ ထိုပန်ကြားအပ်ခဲ့သော သံဃတ္ထေရ အဘိညာတဘိက္ခုသည်။ ဣမံ ဘိက္ခုံ၊ ကို။ (တုမှေ၊ သင်ဒကာတို့သည်။) မာ ဝိဟေဌယိတ္ထ၊ မညှဉ်းဆဲကြကုန်လင့်။ အယံ ဘိက္ခု၊ သည်။ မမ၊ အား။ ကထေတွာ၊ ၍။ ဣမိနာ နာမ ကမ္မေန၊ ဤမည်သောအမှုကြောင့်။ ဂတော၊ သွားပေသည်တကား။ ဣတိ၊ သို့။ တေ မနုဿေ၊ တို့ကို။ သညာပေတွာ၊ ၍။ အဿ၊ ထိုယောဂီ၏။ သောတ္ထိဘာဝံ၊ ချမ်းသာသည်၏အဖြစ်ကို။ ကရိဿတိ၊ ပြုပေလတံ့။

ကထေတွာ၊ ၍။ ဂမနေ၊ သွားခြင်း၌။ အယံ အာနိသံသော၊ သည်။ ဟောတိ၊ ၏။ (ဟိ-ယသ္မာ ဟောတိ၊ တသ္မာတိ သမ္ဗန္ဓော) တသ္မာ၊ ကြောင့်။ ဝုတ္တပ္ပကာရဿ၊ သော။ ဘိက္ခုနော၊ အား။ ကထေတွာ၊ ၍။ အသုဘနိမိတ္တဒဿနေ၊ ၌။ သဥ္စာတာဘိလာသေန၊ လွန်စွာဖြစ်သော အလိုရှိသည်ဖြစ်၍။ ယထာ နာမ၊ ဥပမာမည်သည်ကား။ ခတ္တိယော၊ သည်။ အဘိသေကဋ္ဌာနံ၊ အဘိသိက်သွန်းရာအရပ်သို့။ ယဇမာနော၊ ယဇ်ပူဇော် အပ်သော ယဇ်ရှင်သည်။ ယညသာလံ၊ ယဇ်တင်းကုပ်သို့။ ဝါ ပန၊ တထွေ ကား။ အဓနော၊ ဥစ္စာမဲ့သော သူဆင်းရဲသည်။ နိဓိဋ္ဌာနံ၊ ဥစ္စာအိုးမြှုပ်ရာ အရပ်သို့။ ပီတိသောမနဿဇာတော၊ ဖြစ်သောနှစ်သက်ဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍။ ဂစ္ဆတိ ယထာ၊ သကဲ့သို့။ ဧဝံ၊ တူ။ (ဣမာယ ပဋ္ဋိပတ္တိယာ၊ ဤအသုဘရှုသောအကျင့်ဖြင့်။ ဇရာမရဏတော၊ မှ။ အဒ္ဓါ၊ မချွတ်။ မုစ္စိ-ဿာမီတိ၊ လွတ်ရပေတော့အံ့ဟူ၍။) ပီတိသောမနဿံ၊ နှစ်သက်ဝမ်း မြောက်ခြင်းကို။ ဥပ္ပါဒေတွာ၊ ၍။ အဋ္ဌကထာသု၊ တို့၌။ ဝုတ္တေန၊ သော။ ဝိဓိနာ၊ ဖြင့်။ ဂန္တဗ္ဗံ၊ ၏။ ဟိ-သစ္စံ၊ ၏။ ဥဒ္ဓုမာတကံ။ပ။ ဝတ္ထုန္တိ၊ ဟူသော။ ဧတံ၊ ကို။ ဝုတ္တံ၊ ပြီ။

[ဥဒ္ဓုမာတကံ၊ ဖြစ်သော။ အသုဘနိမိတ္တံ၊ ကို။ ဥဂ္ဂဏှန္တော၊ ယူလို သောကြောင့်။ ဧကော အဒုတိယော၊ အဖော်မရှိမူ၍။ ဥပဋ္ဌိတာယ၊ အာရုံသို့ကပ်၍တည်သော၊ ဝါ၊ ထင်သော။ အသမ္မုဋ္ဌာယ၊ မမေ့မလစ်သော။ သတိယာ၊ ဖြင့် [၁]။ အန္တောဂတေဟိ၊ အတွင်း၌တည်ကုန်သော။ ဣန္ဒြိ-ယေဟိ၊ တို့ဖြင့် [၁]။ အဗဟိဂတေန၊ အပသို့မကျက်စားသော။ မာနသေန၊ ဖြင့် [၁]။ (ဥပလက္ခိတော၊ မှတ်အပ်သည်ဖြစ်၍။) ဂတာဂတမဂ္ဂံ၊ သွားသော ခရီး, လာသောခရီးကို။ ပစ္စဝေက္ခမာနော၊ ဆင်ခြင်လျက်။ ဂစ္ဆတိ၊ ၏။ ယသ္မိံ ပဒေသေ၊ ၌။ ဥဒ္ဓုမာတကံ၊ သော။ အသုဘနိမိတ္တံ၊ ကို၊ ဝါ၊ သည်။ နိက္ခိတ္တံ၊ ချထားအပ်သည်၊ ဟောတိ၊ ၏။ တသ္မိံ ပဒေသေ၊ ၌။ (ဌိတံ၊ သော။) ပါသာဏံ ဝါ၊ ကိုဥင်း။ ဝမ္မိကံ ဝါ ကိုဂုင်း။ ရုက္ခံ ဝါ၊ ကိုဂုင်း။

---

[၁]-ဤပုဒ်တို့၌ တတိယာဝိဘတ်သည် ဣတ္ထမ္ဘူတလက္ခဏာအနက်၌ဖြစ်၏။ ထိုကြောင့် သဟိယာ၊ သတိနှင့် ပြည့်စုံသည်, သဘိဂ္ဂိသည်ဖြစ်၍ ဤ ဒွိစသည်ဖြင့်လည်း အနက်ပြန်အပ ၏။ သို့ပြန်လျှင် ပါဌသော မလိုတော့ပြီ။ (ဆ-သံ-ဒေသ)

ဂစ္ဆံ ဝါ၊ ချုပုတ်ကိုရင်း။ လတံ ဝါ၊ နွယ်ကိုရင်း။ သနိမိတ္တံ၊ ဥဒ္ဓုမာတက အသုဘနိမိတ်နှင့်တကွ။ ကရောတိ၊ ၏။ သာရမ္မဏံ၊ အသုဘအာရုံနှင့် တကွ။ ကရောတိ၊ ၏။ သနိမိတ္တံ၊ တကွ။ ကတွာ၊ ၍။ သာရမ္မဏံ၊ တကွ။ ကတွာ၊ ၍။ ဥဒ္ဓုမာတကံ၊ သော။ အသုဘနိမိတ္တံ၊ ကို။ သဘာဝဘာဝ-တော၊ (သေသည်မှ နောက်ကာလ၌ ဖူးရောင် ကြွတက်သည်၏ အဖြစ်ဟူသော) မိမိ၏ ပင်ကိုယ်ရင်း သဘောလက္ခဏာအားဖြင့် [၁]။ ဥပလက္ခေတိ၊ မှတ်၏။ ဝဏ္ဏတောပိ၊ အမည်းအဖြူစသော အဆင်းအားဖြင့်ရင်း။ လိင်္ဂ-တောပိ၊ အရွယ်အားဖြင့်ရင်း။ သဏ္ဌာနတောပိ၊ သဏ္ဌာန်အားဖြင့်ရင်း။ ဒိသတောပိ၊ အရပ်အားဖြင့်ရင်း။ ဩကာသတောပိ၊ တည်ရာအားဖြင့်ရင်း။ ပရိစ္ဆေဒတောပိ၊ ခြေဖျား လက်ဖျားစသော အပိုင်းအခြားအားဖြင့်ရင်း [၂]။ သန္ဓိတော၊ လက်ဆစ် ခြေဆစ် စသော အဆစ်အားဖြင့်။ ဝိဝရတော၊ လက်ကြား ခြေကြားအစရှိသော ဟင်းလင်း အကြားအားဖြင့်။ နိန္နတော၊ မျက်တွင်း, ခံတွင်း, လည်ချိုင်းစသော နိမ့်ရှိုင်းသောဌာနအားဖြင့်။ ထလ-တော၊ ပုဆစ်,ရင်ဝ,နဖူးပြင်စသော မြင့်မိုသောဌာနအားဖြင့်။ သမန္တတော၊ အကောင်၏ထက်ဝန်းကျင်အားဖြင့်။ ဥပလက္ခေတိ၊ ၏။ သော၊ ထိုယောဂီသည်။ တံ နိမိတ္တံ၊ ထိုအသုဘနိမိတ်ကို။ သုဂ္ဂဟိတံ၊ ကောင်းစွာယူအပ်သည်ကို။ ကရောတိ၊ ၏။ သူပဓာရိတံ၊ ကောင်းစွာမှတ်အပ်သည်ကို။ (ကတွာ၊ ၍။) ဥပဓာရေတိ၊ မှတ်၏။ သုဝဝတ္ထိတံ၊ ကောင်းစွာ ပိုင်းခြားအပ်သည်ကို။ ဝဝတ္ထပေတိ၊ ပိုင်းခြား၏။ သော၊ ထိုယောဂီသည်။ တံ နိမိတ္တံ၊ ကို။ သုဂ္ဂဟိတံ၊ ကို။ ကတွာ၊ ၍။ သူပဓာရိတံ၊ ကို။ ဥပဓာရေတွာ၊ ၍။ သုဝဝတ္ထိတံ၊ ကို။ ဝဝတ္ထပေတွာ၊ ၍။ ဧကော-အဒုတိယော၊ အဖော်မပါ တယောက်ထည်းသာ။ ဥပဋ္ဌိတာယ၊ သော။ အသမ္မုဋ္ဌာယ၊ သော။

၁-ဘာဝကား လက္ခဏာဟော။ ထိုလက္ခဏာကား သဘာဝလက္ခဏာ သာမည လက္ခဏာဟူ၍ နှစ်ထွေရှိ၏၊ ထိုတွင် သာမညလက္ခဏာကို လျဉ်းပါးမည်ကြောင့် ဘာဝနှင့် မတန်၊ သဘာဝကူပြန်သတည်း။ (ပြည်)

၂-ဝဏ္ဏစသည်အားဖြင့် ပိုင်းခြားခြင်းကို အသုံးစုံ၌ အလိုရှိအပ်သောကြောင့် ကေံသ အားဖြင့် တပေါင်းတစုတည်း လိုအပ်သကဲ့သို့ ထိုအတူ သန္ဓိစသောအားဖြင့် ပိုင်းခြားခြင်းကို ကေံသအားဖြင့် တပေါင်းတစုတည်း အလိုရှိအပ်သည်မဟုတ်ဟု ပြခြင်းငှါ ဝဏ္ဏတောပိ စသော ဆဋ္ဌာနတို့၌ သမ္ပိဏ္ဍနအနက်ရှိသော ပိ-သဒ္ဒါကိုယူအပ်၏၊ သန္ဓိတော စသော ငါးဌာနတို့၌ကား ပိ-သဒ္ဒါမရှိသင့်ပြီ။ (ပြည်)

[၁၇၆] သတိယာ၊ ဖြင့်။ အန္တေ ၁ဂတေပတိ၊ ကုန်သော။ ဣန္ဒြိယေဟိ၊ တို့ဖြင့်။ အဗဟိဂတေန၊ သော။ မာနသေန၊ ဖြင့်။ (ဥပလက္ခိတော၊ ၍။) ဂတာဂတမဂ္ဂံ၊ ကို။ ပစ္စဝေက္ခမာနော၊ လျက်။ ဂစ္ဆတိ၊ မိမိ၏ဝသနဌာနသို့ စိုက်စိုက်ပြန်သွား၏။ သော၊ ထိုယောဂီသည်။ စင်္ကမန္တော ၁ပိ၊ သော်လည်း။ တဗ္ဗာဂိယံယေဝ၊ ထိုအသုဘနိမိတ်လျှင် အဖို့ရှိသည်သာဖြစ်သော။ စင်္ကမံ၊ ကြွခြင်းကို။ အဓိဋ္ဌာတိ၊ ဆောက်တည်၏။ နိသီဒန္တော ၁ပိ၊ ထိုင်သော်လည်း။ တဗ္ဗာဂိယညေဝ၊ သော။ အာသနံ-နိသဇ္ဇံ၊ ထိုင်ခြင်းကို။ ပညပေတိ-ကပ္ပေတိ၊ ပြု၏။

သမန္တာ၊ ဥဒ္ဓုမာတက၏ထက်ဝန်းကျင်မှ။ နိမိတ္တုပလက္ခဏာ၊ ကျောက်စသောနိမိတ်ကိုမှတ်ခြင်းသည်။ ကိမတ္ထိယာ၊ အဘယ်အကျိုးရှိသနည်း။ ကိမာနိသံသာ၊ အဘယ်အာနိသင်ရှိသနည်း။ ဣတိ အယံ၊ သည်ကား။ ပုစ္ဆာ၊ တည်း။ သမန္တာ၊ မှ။ နိမိတ္တုပလက္ခဏာ၊ သည်။ အသမ္မောဟတ္ထာ၊ ဥဂ္ဂဟနိမိတ်ထင်လတ်ပြီးသော် ဖြစ်စကောင်းသော သမ္မောဟ၏ ကင်းပျောက်ခြင်းအကျိုးရှိ၏။ အသမ္မောဟာနိသံသာ၊ ကင်းပျောက်ခြင်း အာနိသင်ရှိ၏။ ကောဒသဝိဓေန၊ ဝဏ္ဏစသော ကောဒသအပြားအားဖြင့်။ နိမိတ္တဂ္ဂါဟော၊ ဥဒ္ဓုမာတက နိမိတ်ကိုယူခြင်းသည်။ ကိမတ္ထိယော၊ နည်း။ ကိမာနိသံသော၊ နည်း။ ဣတိ အယံ၊ ကား။ ပုစ္ဆာ၊ တည်း။ ကောဒသ-ဝိဓေန၊ ဖြင့်။ နိမိတ္တဂ္ဂါဟော၊ သည်။ ဥပနိဗန္ဓနတ္ထော၊ အသုဘအာရုံ၌ စိတ်ကိုဆောင်၍ ဖွဲ့ချည်ခြင်းအကျိုးရှိ၏။ ဥပနိဗန္ဓနာနိသံသော၊ ၏။ ဂတာဂတမဂ္ဂပစ္စဝေက္ခဏာ၊ သည်။ ကိမတ္ထိယာ၊ နည်း။ ကိမာနိသံသာ၊ နည်း။ ဣတိ အယံ၊ ကား။ ပုစ္ဆာ၊ တည်း။ ဂတာဂတမဂ္ဂပစ္စဝေက္ခဏာ၊ သည်။ ဝီထိသမ္ပဋိပါဒနတ္ထာ၊ (ကမ္မဋ္ဌာန်းအစဉ်တည်းဟူသော) ခရီးလမ်းရိုး မှန်သို့ ဖြောင့်မတ် ကောင်းမွန်စွာ (ကမ္မဋ္ဌာနမနသိကာရ၏) တက်ခြင်း သွားခြင်းဟူသောအကျိုးရှိ၏၊ ဝါ၊ ကမ္မဋ္ဌာန်းအစဉ်ကို ကောင်းစွာပြီးစေခြင်းဟူသော အကျိုးရှိ၏။ ဝီထိသမ္ပဋိပါဒနာနိသံသာ၊ အာနိသင်ရှိ၏။

သော၊ ထိုယောဂီသည်။ အာနိသံသဒဿာဝီ၊ အာနိသင်ကိုမြင်လေ့ရှိသည်။ ရတနသညီ၊ မွန်မြတ်သောရတနာဟု အမှတ်ရှိသည်။ ဟုတွာ၊ ၍။ စိတ္တီကာရံ၊ အလေးအမြတ်ပြုခြင်းကို။ ဥပဋ္ဌပေတွာ၊ ဖြစ်စေ၍။ သမ္ပိ-

ယာယမာနေ၁၊ ကောင်းစွာမြတ်နိုးသည်ဖြစ်၍။ ဣမာယ ပဋိပဒါယ၊ ဤအကျင့်ဖြင့်။ ဇရာမရဏမှာ၊ မှ။ အဒ္ဓါ၊ မချွတ်။ ပရိမုစ္စိဿာမိတိ၊ လွတ်ရပေတော့အံ့ဟု။ တသ္မိံ အာရမ္မဏေ၊ ထိုအသုဘအာရုံ၌။ စိတ္တံ၊ ကို။ ဥပနိဗန္ဓတိ၊ မြဲစွာဖွဲ့ချည်၏။ သော၊ ထိုယောဂီသည်။ ကာမေဟိ၊ တို့မှ။ ဝိဝိစ္စေဝ၊ သာလျှင်။ပ။ ပဌမံ ဈာနံ၊ ကို။ ဥပသမ္ပဇ္ဇ၊ ၍။ ဝိဟရတိ၊ ၏။ တဿ၊ ထိုယောဂီသည်။ ရူပါဝစရံ၊ သော။ ပဌမံ ဈာနံ၊ ကို။ အဓိဂတံ၊ သည်။ ဟောတိ၊ ၏။ ဒိဗ္ဗော စ ဝိဟာရော၊ သည်လည်း။ အဓိဂတော၊ သည်။ ဟောတိ၊ ၏။ ဘာဝနာမယဥ္စ ပုညကိရိယဝတ္ထုံ၊ ကိုလည်း။ အဓိဂတံ၊ သည်။ ဟောတိ၊ ၏။]

၁၀၆။ တသ္မာ၊ ထိုသို့အဋ္ဌကထာတို့၌ မိန့်အပ်သည်၏အဖြစ်ကြောင့်။ (တနည်း) တသ္မာ၊ ထိုသို့ဥဒ္ဓုမာတကအသုဘနိမိတ်ကိုသင်ခြင်းသည် ပဌမဈာန်ကိုရခြင်း၏ ဥပါယဖြစ်သောကြောင့်။ ယော ဘိက္ခု၊ သည်။ စိတ္တသညတ္တတ္ထာယ၊ မိမိစိတ်ကို သရီရသဘာဝ၌ လိမ္မာကျွမ်းကျင်ဆင်ခြင်မှတ်သိစေခြင်းအကျိုးငှါ[၁]။ သိဝထိကဒဿနံ၊ သုသာန်ရှုခြင်းငှါ။ ဂစ္ဆတိ၊ ၏။ သော ဘိက္ခု၊ သည်။ ဃဏ္ဍိံ၊ ခေါင်းလောင်းကျောက်စည်ကို။ ပဟရိတွာ၊ ၍။ ဂဏံ၊ ဂိုဏ်းသဃာကို။ သန္နိပါတေတွာပိ၊ လည်း။ ဂစ္ဆတု၊ အုတ်အောသောင်းသဲသွားပစေ။ ပန၊ ထိုသို့သောသူကိုမတုဘဲ၊ ဝါ၊ သော်လည်း။ ကမ္မဋ္ဌာနသီသေန၊ ဦးခေါင်းသဖွယ်ဖြစ်သောကမ္မဋ္ဌာန်းဖြင့်၊ ဝါ၊ ကမ္မဋ္ဌာန်းကို ပဓာနပြု၍[၂]။

ဂစ္ဆန္တေန၊ သွားသောယောဂီသည်။ ကေကေန-အဒုတိယေန၊ တကိုယ်ထီးထီးအဖော်မပါဘဲ။ မူလကမ္မဋ္ဌာနံ၊ မိမိနှလုံးသွင်းနေကျမူလကမ္မဋ္ဌာန်း

၁-စိတ္တသညတတ္ထာယ-ဟု ဝိသုဒ္ဓေါဂ-တ-နှင့်ရှိမူ ကိလေသာ၏ အစွမ်းအာနုဘော်ဖြင့် လျှပ်ပေါ်ကြော့ကျည်း မစောင့်စည်းသောစိတ်ကို ဆိုပိတ်စောင့်စည်း ကွပ်တည်းဆုံးမရုံ အကျိုးငှါသာသွားသည်၊ ဥဂ္ဂဟ, ပဋိဘာဂနိမိတ်ထင်၍ ဈာန် သမာပတ်ရလောက်သော ကမ္မဋ္ဌာန်းကြီးအကျိုးငှါ သွားသည်မဟုတ်ဟူလို။ (ပြည်)

၂-တတိယာကို တွာဖြင့် ဖွင့်သင့်သည်။ ထိုကြောင့် တံ ဥတ္တမင်္ဂ ပဓာနံ ကာရဏံ ကတွာ-ဟု ဋီကာမိန့်။ ဤအလိုသော် ကမ္မဋ္ဌာနသီသေန-ကမ္မဋ္ဌာနံ သီသံ ဥတ္တမင်္ဂ ပဓာနံ ကာရဏံ ကတွာ၊ ကမ္မဋ္ဌာန်းကို မြတ်သောအင်္ဂါဖြစ်သော ဦးခေါင်းသဖွယ် ပြဓာန်းသော အကြောင်းပြု၍ပေး။ (ပြည်)

ကို။ အဝိဿဇ္ဇေတွာ၊ မလွှတ်မူ၍[၁]။ ဝါ၊ ထိုမူလကမ္မဋ္ဌာန်းကို။ မနသိကရောန္တေနေဝ၊ နှလုံးသွင်းသည်ဖြစ်၍သာလျှင်။ သုသာနေ၊ ၌။ သောဏာဒိပရိဿယဝိနောဒနတ္ထံ၊ မြေခွေးအစရှိသော ဘေးရန်ကိုဖျောက်ခြင်းအကျိုးငှါ။ ကတ္တရဒဏ္ဍံ ဝါ၊ သူအိုဆောင်တောင်ဝှေးကိုရင်း။ ယဋ္ဌိံ ဝါ၊ နှင်တံကိုရင်း။ ဂဟေတွာ၊ ကိုင်စွဲ၍။ သူပဋ္ဌိတဘာဝသမ္ပာဒနေန၊ မူလကမ္မဋ္ဌာန်း၌ မြဲမြံစွာကပ်၍ ထင်သည်၏အဖြစ်ကို ပြီးစေသဖြင့်။ အသမ္မုဋ္ဌံ၊ မမေ့မလစ်သော။ သတိံ၊ ကို။ ကတွာ၊ ၍။ မနစ္ဆဋ္ဌာနံ၊ မနိန္ဒြေလျှင် ခြောက်ခုမြောက်ရှိကုန်သော။ ဣန္ဒြိယာနဥ္စ၊ တို့၏လည်း။ အန္တောဂတဘာဝသမ္ပာဒနတော၊ အတွင်း၌တည်သည်၏အဖြစ်ကို ပြီးစေခြင်းကြောင့်။ အဗဟိဂတမနေန၊ အပသို့မကျက်စားသောစိတ်ရှိသည်။ ဟုတွာ၊ ၍။ ဂန္တဗ္ဗံ၊ ၏။

ဝိဟာရတော၊ မှ။ နိက္ခမန္တေနေဝ၊ ထွက်တည့်လျှင်ပင်။ အသုကဒိသာယ၊ ဤမည်သောအရပ်၌။ အသုကဒွါရေန၊ ဤမည်သောတံခါးဖြင့်။ နိက္ခမန္တော၊ ငါထွက်သည်။ အမှို၊ ဖြစ်၏။ ဣတိ၊ သို့။ ဒွါရံ၊ ကို။ သလ္လက္ခေတဗ္ဗံ၊ ၏။ တတော၊ ထိုတံခါးကိုမှတ်သည်မှ။ ပစ္ဆာ၊ နောက်၌။ ယေန မဂ္ဂေန၊ ဖြင့်။ ဂစ္ဆတိ၊ ၏။ သော မဂ္ဂေါ၊ ကို။ အယံ မဂ္ဂေါ၊ သည်။ ပါစီနဒိသာဘိမုခေါ၊ အရှေ့အရပ်သို့ ရှေးရှု။ ဂစ္ဆတိ၊ ၏။ ဣတိ ဝါ၊ ဤသို့ရင်း။ ပစ္ဆိမ ဥတ္တရ ဒက္ခိဏဒိသာဘိမုခေါ၊ အနောက်အရပ်, မြောက်အရပ်, တောင်အရပ်သို့ ရှေးရှု။ ဂစ္ဆတိ၊ ၏။ ဣတိ ဝါ၊ ဤသို့ရင်း။ ဝိဒိသာဘိမုခေါ၊ အထောင့်အရပ်သို့ ရှေးရှု။ ဂစ္ဆတိ၊ ၏။ ဣတိ ဝါ၊ ဤသို့ရင်း။ ဝဝတ္ထပေတဗ္ဗော၊ မှတ်သားအပ်၏။ ပန၊ ထိုမှတပါး။ ဣမသ္မိံ ဌာနေ၊ ၌။ ဝါမတော၊ ဝဲဘက်အားဖြင့်။ ဂစ္ဆတိ၊ ၏။ ဣမသ္မိံ ဌာနေ၊ ၌။ ဒက္ခိဏတော၊ ယာဘက်အားဖြင့်။ ဂစ္ဆတိ၊ ၏။ စ၊ ထိုမှတပါး။ အဿ မဂ္ဂဿ၊ ၏။ ဣမသ္မိံ ဌာနေ၊ ၌။ [၁၇၇] ပါသာဏော၊ သည်။ ဣမသ္မိံ ဌာနေ၊ ၌။ ဝမ္မိကော၊ တောင်ပို့သည်။ ဣမသ္မိံ ဌာနေ၊ ၌။ ရုက္ခော၊ သည်။

၁-ပြကတေ့အားဖြင့် ရံခါရံခါ မိမိဆောင်အပ် နှလုံးသွင်းအပ်သော ဗုဒ္ဓါနုဿတိစသောသဗ္ဗတ္ထက ကမ္မဋ္ဌာန်းသည် မူလကမ္မဋ္ဌာန်းမည်၏၊ ကမ္မဋ္ဌာနသီသဖြင့် ငါသွားသည်တမုံ့-ဟု ထိုမူလကမ္မဋ္ဌာန်းကို မလွှတ်သင့်ဟူလို။ (ပြည်)

ဣမသ္မိံ ဌာနေ၊ ဤ၌။ ဂစ္ဆော၊ ချုံပုတ်သည်။ ဣမသ္မိံ ဌာနေ၊ ဤ၌။ လတာ၊ နွယ်သည်။ အတ္ထိ၊ ၏။ ဣတိ၊ သို့။ ဝဝတ္ထပေတဗ္ဗော၊ ၏။ ဧဝံ၊ သို့။ ဂမနမဂ္ဂံ၊ သွားရာခရီးကို။ ဝဝတ္ထပေန္တေန၊ မှတ်သားသည်ဖြစ်၍။ နိမိတ္တ-ဋ္ဌာနံ၊ အသုဘနိမိတ်ကို ယူရာအရပ်သို့။ ဂန္တဗ္ဗံ၊ ၏။ စ၊ ဗျတိရိက်ကိုဆိုအံ့။ ပဋိဝါတံ၊ အသုဘနိမိတ်မှလာသောလေ၏ ရှေးရှု လေကြောအရပ်ဖြင့်။ နော ခေါ ဂန္တဗ္ဗံ၊ မသွားအပ်သလျှင်ကတည်း။ ဟိ၊ အပြစ်ကို ဆိုအံ့။ ပဋိဝါတံ၊ ဖြင့်။ ဂစ္ဆန္တဿ၊ သွားသောယောဂီ၏။ ဃာနံ၊ ကို။ ကုဏ-ပဂန္ဓော၊ အကောင်ပုပ်နံ့သည်။ ပဟရိတွာ၊ ခိုက်၍။ မတ္ထလုင်ံ ဝါ၊ ဦးနှောက်ကိုမူလည်း။ သင်္ခေါဘေယျ၊ ချောက်ချား လှုပ်ရှားစေရာ၏။ အာဟာရံ ဝါ၊ ကိုမူလည်း။ ဆဍ္ဍာပေယျ၊ စွန့်အန်စေရာ၏[၁]။ ဤဒိသံ၊ ဤသို့သဘောရှိသော။ ကုဏပဋ္ဌာနံ၊ အကောင်ပုပ်ရှိရာအရပ်သို့။ အာ-ဂတော၊ လာမိသည်။ အမှိ နာမ၊ ဖြစ်ရလေခြင်း။ ဣတိ၊ သို့။ ဝိပ္ပဋိ-သာရံ ဝါ၊ ကိုမူလည်း။ ဇနေယျ၊ ၏။ တသ္မာ၊ ကြောင့်။ ပဋိဝါတံ၊ ကို။ ဝဇ္ဇေတွာ၊ ၍။ အနုဝါတံ၊ လေ၏ နောက်အရပ်ဖြင့်၊ ဝါ၊ လေညာအရပ်ဖြင့်[၂]။ ဂန္တဗ္ဗံ၊ ၏။

အနုဝါတမဂ္ဂေန၊ လေညာခရီးဖြင့်။ ဂန္တုံ၊ ငှါ။ န သက္ကာ၊ မတတ်ကောင်းသည်။ သစေ ဟောတိ၊ အံ့။ အန္တရာ၊ အကြား၌။ ပဗ္ဗတော ဝါ၊ သည်ဖြင့်။ ပပါတော ဝါ၊ ကမ်းပါးပြတ်သည်ဖြင့်။ ပါသာဏော ဝါ၊ သည်ဖြင့်။ ဝတိ ဝါ၊ စည်းစောင်းရန်းသည်ဖြင့်။ ကဏ္ဋကဋ္ဌာနံ ဝါ၊ ဆူး ရှိသော ချုံနွယ်သည်ဖြင့်။ ဥဒကံ ဝါ၊ သည်ဖြင့်။ စိက္ခလ္လံ ဝါ၊ တံစိုး ညွန်သည်ဖြင့်။ သစေ ဟောတိ၊ အံ့။ စီဝရကဏ္ဏေန၊ သင်္ကန်းနားဖြင့်။ နာသံ၊ နှာကို။ ပိဒဟိတွာ၊ ၍။ ဂန္တဗ္ဗံ၊ ၏။ ဣဒံ၊ ကား။ အဿ၊ ထိုအသုဘရှုသော ရဟန်း၏။ ဂမနဝတ္တံ၊ အသွားကျင့်ရာဝတ်တည်း။

၁၀၇။ ဧဝံ၊ ဤသို့သောနည်းဖြင့်။ ဂတေန၊ သွားသောယောဂီသည်။ တာဝ၊ စွာ။ အသုဘနိမိတ္တံ၊ ကို။ န ဩလောကေတဗ္ဗံ၊ မကြည့်အပ်သေး။

[၁] ခေတ်ကျမ်းတို့၌ ဆဒ္ဒေမေနေ-ဟု ရှိသောကြောင့် ဆဒ္ဒါပေယျ-ဟု မူလပါဌ်ရှိရင်း ဖြစ်ရာ၏။ (ဆ-သံ-သော)

[၂] ဝါတဿ အနု ပစ္ဆာ အနုဝါတံ- ပြု၍ ပဒါဝတ္ထိကန္တ အခိုက် ဿ-ကို အံရေးသည်၊ ဝါကျာဝတ္ထိကန္တ အခိုက် တတိယာ နာ-ကို အံ-ရေးသည်၊ တေန ဝက္ခတိ အနုဝါတမဂ္ဂေနာတိ။ (ပြည်)

ဒိသာ၊ တို့ကို။ ဝဝတ္ထပေတဗ္ဗာ၊ ကုန်၏။ ဟိ-ဝိတ္ထာရေမိ၊ အံ့။ ကေသို့ဒိသာဘာဂေ၊ အချို့သောအရပ်၌။ ဌိတဿ၊ တည်သောယောဂီအား။
အာရမ္မဏဥ္စ၊ သည်လည်း။ ဝိဘူတံ၊ ပြက်ပြက် ထင်ရှားသည်။ ဟုတွာ၊ ၍။
န ခါယတိ၊ မထင်။ စိတ္တဥ္စ၊ သည်လည်း။ ကမ္မနိယံ၊ ဘာဝနာမှု ပြုခြင်းငှါ
ခံ့သည်။ န ဟောတိ၊ မဖြစ်။ တသ္မာ၊ ကြောင့်။ တံ၊ ထိုသို့သော
အရပ်ကို။ ဝဇ္ဇေတွာ၊ ၍။ ယတ္ထ၊ အကြင်အရပ်၌။ ဌိတဿ၊ အား။
အာရမ္မဏဥ္စ၊ သည်လည်း။ ဝိဘူတံ၊ သည်။ ဟုတွာ၊ ၍။ ခါယတိ၊ ၏။
စိတ္တဥ္စ၊ သည်လည်း။ ကမ္မနိယံ၊ သည်။ ဟောတိ၊ ၏။ တတ္ထ၊ ၌။ ဌာတဗ္ဗံ၊
၏။ ပဋိဝါတာနုဝါတဥ္စ၊ လေကြေလေညာအရပ်ကိုလည်း။ ပဟာတဗ္ဗံ၊
ပယ်ရာ၏။ ဟိ၊ အပြစ်ကို ဆိုအံ့။ ပဋိဝါတေ၊ လေကြေ၌။ ဌိတဿ၊
တည်သည်ဖြစ်၍။ ကုဏပဂန္ဓေန၊ သည်။ ဥဗ္ဗာဠ္ဟဿ၊ နှိပ်စက်အပ်သသူ
အား၊ ဝါ၊ သသူ၏။ စိတ္တံ၊ သည်။ ဝိဓာဝတိ၊ ပြေးသွား၏။ အနုဝါတေ၊
လေညာ၌။ ဌိတဿ၊ တည်သသူအား။ တတ္ထ၊ ထိုအသုဘကောင်၌။ အဓိ-
ဝတ္ထာ၊ စောင့်ရှောက်ကုန်သော။ အမနုဿာ၊ တို့သည်။ သစေ ဟောန္တိ၊
ကုန်အံ့။ တေ၊ ထိုဘီလူး, ဘုတ်, ပြိတ်တို့သည်။ ကုဇ္ဈိတွာ၊ ၍။ အနတ္ထံ၊
အကျိုးမဲ့ကို။ ကရောန္တိ၊ ပြုတတ်ကုန်၏။ တသ္မာ၊ ကြောင့်။ ဤသကံ၊
စဉ်းငယ်။ ဥက္ကမ္မ၊ ဖြောင့်ဖြောင့်သော ပဋိဝါတအနုဝါတမှ ဖဲ၍။ နာတိ-
အနုဝါတေ၊ လေကြေမတည့်လွန်းသော အရပ်၌။ ဌာတဗ္ဗံ၊ ၏။ ဧဝံ၊ ဤ
သို့သောနည်းဖြင့်။ တိဋ္ဌမာနေနာပိ၊ တည်သော ယောဂီသည်လည်း။
နာတိဒူရေ၊ မဝေးလွန်းသော။ နာစ္စာသန္နေ၊ မနီးလွန်းသော။ နာနုပါဒံ၊
ခြေ၏ အနီးမဟုတ်သော၊ ဝါ၊ ခြေရင်းတူရူမဟုတ်သော။ နာနုသီသံ၊
ဦးခေါင်း၏ အနီးမဟုတ်သော၊ ဝါ၊ ဦးခေါင်းရင်း တူရူမဟုတ်သော အရပ်
၌။ ဌာတဗ္ဗံ၊ ၏။ ဟိ၊ အပြစ်ကိုဆိုအံ့။ အတိဒူရေ၊ ၌။ ဌိတဿ၊ အား။
အာရမ္မဏံ၊ သည်။ အဝိဘူတံ၊ မထင်ရှားသည်။ ဟောတိ၊ ၏။ အစ္စာ-
သန္နေ၊ ၌။ ဌိတဿ၊ အား။ (လိုက်) ဘယံ၊ ကြောက်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊
ဖြစ်တတ်၏။ အနုပါဒံ ဝါ၊ ၌ရင်း။ အနုသီသံ ဝါ၊ ၌ရင်း။ ဌိတဿ၊ အား။
သဗ္ဗံ၊ သော။ အသုဘံ၊ သည်။ သမံ၊ အမျှ။ န ပညာယတိ၊ မထင်။ တသ္မာ၊
ကြောင့်။ နာတိဒူရေ၊ မဝေးလွန်းသော။ နစ္စာသန္နေ၊ မနီးလွန်းသော။
ဩလောကေန္တဿ၊ ကြည့်သသူအား။ ဖာသုကဋ္ဌာနေ၊ ချမ်းသာရာ အရပ်

ဖြစ်သော။ သရီရဝေမဇ္ဈဘာဂေ၊ ကိုယ်၏အလယ်အဖို့အရပ်၌။ ဌာတဗ္ဗံ၊ ၏။

၁၀၈။ ဇေ၀ံ၊ ဤသို့သော အခြင်းအရာဖြင့်။ ဌိတေန၊ တည်သော ရဟန်းသည်။ တသ္မိံ ပဒေသေ ပါသာဏံ ဝါ။ပ။ လတံ ဝါ သနိမိတ္တံ ကရော-တီတိ၊ ဟူ၍။ ဧ၀ံ၊ သို့။ ဝုတ္တာ့နိ၊ ကုန်သော။ သမန္တာ၊ ထက်ဝန်းကျင်မှ။ နိမိတ္တာနိ၊ တို့ကို။ ဥပလက္ခေတဗ္ဗာနိ၊ မှတ်အပ်ကုန်၏။ တတြ-တေသု နိမိတ္တေသု၊ တို့၌။ ဣဒံ၊ ကား။ ဥပလက္ခဏဝိဓာနံ၊ မှတ်ရာသော အစီအရင်တည်း။ တဿ နိမိတ္တဿ၊ ထိုအသုဘနိမိတ်၏။ သမန္တာ၊ အနီး၌[၁]။ စက္ခုပထေ၊ မျက်စိလမ်း၌။ ပါသာဏော၊ သည်။ သစေ ဟောတိ၊ အံ့။ သော ပါသာဏော၊ ကို။ (ဝဝတ္ထပေတဗ္ဗော-၌စပ်) အယံ ပါသာဏော၊ သည်။ ဥစ္စော ဝါ၊ မြင့်၏ဟူ၍၎င်း။ နီစော ဝါ၊ ဟူ၍၎င်း။ [၁၇၈] ခုဒ္ဒကော ဝါ၊ ဟူ၍၎င်း။ မဟန္တော ဝါ၊ ဟူ၍၎င်း။ တမ္ဗော ဝါ၊ ဟူ၍၎င်း။ ကာဠော ဝါ၊ ဟူ၍၎င်း။ သေတော ဝါ၊ ဟူ၍၎င်း။ ဒီဃော ဝါ၊ ဟူ၍၎င်း။ ပရိမဏ္ဍလော ဝါ၊ အဝန်းဟူ၍၎င်း။ ဣတိ၊ သို့။ ဝဝတ္ထပေ-တဗ္ဗော၊ ၏။ တတော၊ ထိုမှနောက်၌။ ဣမသ္မိံ နာမ ဩကာသေ၊ ဤမည်သောအရပ်၌။ အယံ၊ ဤသည်ကား။ ပါသာဏော၊ ကျောက်တည်း။ ဣဒံ၊ ဤစင်းစင်းကြီး မြင်ရသည်ကား။ အသုဘနိမိတ္တံ၊ အသုဘနိမိတ်တည်း။ ဣဒံ၊ ကား။ အသုဘနိမိတ္တံ၊ တည်း။ အယံ၊ ကား။ ပါသာဏော၊ တည်း။ ဣတိ၊ သို့။ သလ္လက္ခေတဗ္ဗံ၊ ကောင်းစွာမှတ်အပ်၏။ ဝမ္မိကော၊ တောင်ပို့သည်။ သစေ ဟောတိ၊ အံ့။ သောပိ၊ ကိုလည်း။ ဥစ္စော ဝါ၊ မြင့်၏ဟူ၍၎င်း။ နီစော ဝါ၊ ၎င်း။ ခုဒ္ဒကော ဝါ၊ ၎င်း။ မဟန္တော ဝါ၊ ၎င်း။ တမ္ဗော ဝါ၊ ၎င်း။ ကာဠော ဝါ၊ ၎င်း။ သေတော ဝါ၊ ၎င်း။ ဒီဃော ဝါ၊ ၎င်း။ ပရိမဏ္ဍလော ဝါ၊ ၎င်း။ ဣတိ၊ သို့။ ဝဝတ္ထပေတဗ္ဗော၊ ၏။ တတော၊ မှ။ ဣမသ္မိံ နာမ ဩကာသေ၊ ၌။ အယံ၊ ဤနို့မို့စို့စို့မြင်ရသည်ကား။ ဝမ္မိကော၊ တောင်ပို့တည်း။ ဣဒံ၊ ဤစင်းစင်းကြီး မြင်ရသည်ကား။ အသုဘနိမိတ္တံ၊ တည်း။ ဣတိ၊ သို့။ သလ္လက္ခေတဗ္ဗံ၊ ၏။ ရုက္ခော၊ သည်။ သစေ ဟောတိ၊ အံ့။ သောပိ၊ ကိုလည်း။ အဿတ္ထော

၁-"ပုန သမန္တာတိ သာမန္တာ သမီပေ"ဋီကာ မိန့်ရကား သမန္တ-သည် ဤ၌ သာမန္တ သမီပ၌ ဖြစ်သည်မှတ်။ (ပြည်)

ဝါ၊ ဟူ၍ရင်း။ နိဂ္ဂြောဓော ဝါ၊ ဟူ၍ရင်း။ ကစ္ဆကော ဝါ၊ ဖအောင်းနက် ဟူ၍ရင်း။ ကပိတနော ဝါ၊ ညောင်ချဉ်ပင်ဟူ၍ရင်း။ ဥဒုမ္ဗရော ဝါ၊ ရင်း။ နီစော ဝါ၊ ရင်း။ ခုဒ္ဒကော ဝါ၊ ရင်း။ မဟာန္တော ဝါ၊ ရင်း။ ကာဠော ဝါ၊ ရင်း။ သေတော ဝါ၊ ရင်း။ ဣတိ၊ သို့။ ဝဝတ္ထပေတဗ္ဗော၊ ၏။ တတော၊ ထိုမှနောက်၌။ ဣမဿိံ ဩကာသေ၊ ၌။ အယံ၊ ကား။ ရုက္ခော၊ တည်း။ ဣဒံ၊ ကား။ အသုဘနိမိတ္တံ၊ တည်း။ ဣတိ၊ သို့။ သလ္လက္ခေတဗ္ဗံ၊ ၏။ ဂစ္ဆော၊ ချုံသည်။ သစေ ဟောတိ၊ အံ့။ သောပိ၊ ကိုလည်း။ သိန္ဒိ ဝါ၊ သင်ပေါင်းငယ်ဟူ၍ရင်း။ ကရမန္ဒော ဝါ၊ ခံချုံဟူ၍ရင်း။ ကဏဝီရော ဝါ၊ ကလားဇလပ်ဟူ၍ရင်း။ ကုရဏ္ဍကော ဝါ၊ လိပ်သရွှေဟူ၍ရင်း။ပ။ ဝဝတ္ထ-ပေတဗ္ဗော၊ ၏။ တတော၊ ၌။ ဣမဿိံ နာမ ဩကာသေ၊ ၌။ အယံ၊ ကား။ ဂစ္ဆော၊ တည်း။ ဣဒံ၊ ကား။ အသုဘနိမိတ္တံ၊ တည်း။ ဣတိ၊ သို့။ သလ္လက္ခေတဗ္ဗံ၊ ၏။ လတာ၊ နွယ်သည်။ သစေ ဟောတိ၊ အံ့။ သာပိ၊ ကိုလည်း။ လာဗု ဂါ၊ ဗူးနွယ်ဟူ၍ရင်း။ ကုမ္ဘဏ္ဍီ ဝါ၊ ဖရုံနွယ်ဟူ၍ရင်း။ သာမာ ဝါ၊ နွယ်ရွှေဟူ၍ရင်း၊ (ဥပါသကာနွယ်လည်းဟူ၏။) ကာဠဝလ္လိ ဝါ၊ နွယ်နက်ဟူ၍ရင်း။ (တီကျစ်, နွယ်ငန်း ကြိုက်ရာသုံး) ပူတိလတာ ဝါ၊ ဆင်သမနွယ်ဟူ၍ရင်း။ ဣတိ၊ သို့။ ဝဝတ္ထပေတဗ္ဗာ၊ ပိုင်းခြားမှတ်သား အပ်၏။ တတော၊ ၌။ ဣမဿိံ နာမ ဩကာသေ၊ ဤအရပ်၌။ အယံ၊ ဤသည်ကား။ လတာ၊ နွယ်တည်း။ ဣဒံ၊ ကား။ အသုဘနိမိတ္တံ၊ တည်း။ ဣဒံ၊ ကား။ အသုဘနိမိတ္တံ၊ တည်း။ အယံ၊ ကား။ လတာ၊ တည်း။ ဣတိ၊ သို့။ သလ္လက္ခေတဗ္ဗံ၊ ၏။

၁၀၉။ ပန၊ ဆက်။ ယံ သနိမိတ္တကရဏာဒိ၊ အကြင်သနိမိတ္တကရဏ စသည်ကို။ သနိမိတ္တံ ကရောတိ သာရမ္မဏံ ကရောတီတိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။ တံ သနိမိတ္တကရဏာဒိ၊ ထိုသနိမိတ္တကရဏစသည်သည်။ ဣဓေဝ-ယထာ-ဝုတ္တေ ပါသာဏာဒိနိမိတ္တကရဏေ ဧဝ၊ ၌သာလျှင်။ အန္တောဂဓံ၊ ဝင်၏။ ဟိ၊ စွ။ ပုနပ္ပုနံ၊ ဖန်။ ဝဝတ္ထပေန္တော၊ မှတ်သောယောဂီသည်။ သနိမိတ္တံ၊ အသုဘနိမိတ်နှင့်တကွကို။ ကရောတိ နာမ၊ ပြုသည်မည်၏။ (ပါသာဏ-စသည်ကား ပကတိကံ, သနိမိတ္တံ-ကားဝိကတိကံ။) (တနည်း) အသုဘံ၊ ကို။ သနိမိတ္တံ၊ ကျောက်စသော နိမိတ်နှင့်တကွဖြစ်သည်ကို။ ကရောတိ နာမ၊ ပြုသည်မည်၏၊ ဝါ၊ မှတ်သည်မည်၏။ (ဤအလိုသော် သနိမိတ္တံ

ကား ဗဟုဗ္ဗီဟိ။) (တနည်း) အသုဘံ၊ ကို။ သနိမိတ္တံ၊ ကျောက်စသော နိမိတ်နှင့်တကွ။ ကရောတိ နာမ၊ မည်၏။ (ဤအလိုသော် နိမိတ္တေန သဟ သနိမိတ္တံ ပြု၍ အဗျယီဘာဝမှတ်) အယံ၊ ဤမှိုမှိုမဲမဲမြင်ရသည်ကား။ ပါသာဏော၊ တည်း။ ဣဒံ၊ ဤစင်းစင်းကြီးမြင်ရသည်ကား။ အသုဘ-နိမိတ္တံ၊ တည်း။ ဣဒံ၊ ကား။ အသုဘနိမိတ္တံ၊ တည်း။ အယံ၊ ကား။ ပါသာဏော၊ တည်း။ ဣတိ ဧဝံ၊ သို့။ ဒွေ ဒွေ၊ နှစ်ပါးနှစ်ပါးသော ပါသာဏနှင့် အသုဘနိမိတ်တို့ကို။ သမာသေတွာ သမာသေတွာ၊ ပေါင်း၍ ပေါင်း၍။ ဝဝတ္ထပေန္တော၊ မှတ်သောယောဂီသည်။ သာရမ္မဏံ၊ အသုဘနှင့် တူသောအာရုံကို၊ ဝါ၊ အသုဘအာရုံနှင့် တချက်တည်းကို။ ကရောတိ နာမ၊ မည်၏။

ပန၊ ထိုမှတပါး။ ဧဝံ၊ ဤသို့သောနည်းဖြင့်။ သနိမိတ္တံ၊ ကျောက်စသောနိမိတ်နှင့်တကွကိုရင်း။ သာရမ္မဏဥ္စ၊ အသုဘအာရုံနှင့်တချက်တည်းကိုရင်း။ ကတွာ၊ ပြုပြီး၍။ သဘာဝဘာဝတော ဝဝတ္ထပေတီတိ၊ ဟူ၍။ ဝုတ္တတ္တာ၊ ကြောင့်။ အဿ၊ ထိုဥဒ္ဓုမာတကအသုဘ၏။ သဘာဝဘာဝေါ၊ သဘာဝလက္ခဏာဖြစ်သော။ အနညသာဓာရဏော၊ တပါးနှင့်မဆက်ဆံသော။ အတ္တနိယော၊ မိမိဥစ္စာဖြစ်သော။ ယော ဥဒ္ဓုမာတကဘာဝေါ၊ အကြင် သေသည်မှ နောက်ကာလ၌ ဖူးရောင်ကြွတက် စက်ဆုပ်ဖွယ် အကောင်ပုပ်၏ အဖြစ်သည်။ အတ္ထိ၊ ၏။ တေန သဘာဝဘာဝေန၊ ထို သဘာဝလက္ခဏာဖြင့်။ မနသိကာတဗ္ဗံ၊ နှလုံးသွင်းအပ်၏။ ဝဏိတံ၊ အိုင်းအမာကဲ့သို့ကြွတက်သော။ ဥဒ္ဓုမာတကံ၊ (သေသည်မှနောက်၌) ဖူးရောင်ကြွတက်၍ စက်ဆုပ်ဖွယ်အံ့ကောင်တည်း။ ဣတိ ဧဝံ၊ သို့။ သဘာဝေန သရသေန၊ ဥဒ္ဓုမာတက၏အဖြစ်ဟူသော မိမိ၏အသီးလက္ခဏာဖြင့်[၁]။ ဝဝတ္ထပေတဗ္ဗံ၊ ၏။ ဣတိ အတ္ထော၊ အနက်။

၁-သဘာဝနှင့် ရသ အနက်တူ၊ ကိစ္စဟော ရသ မဟုတ်။ သကော ဘာဝေါ သဘာဝေါ၊ သဿ ဘာဝေါ သဘာဝေါ-ပြု။ သေ နယော သရသပဒေပိ။ သဘာဝေါ ဧဝ ဝါ တထာ နိပ္ဖဇ္ဇနတော ရသောတိ ဝုတ္တော။ ဋီကာ။ ဘေဒတ္ထမဟုတ် တုလျတ္ထဖြစ်၍ ဘေဒနိဿိတ စ-သဒ္ဒါကိုမထည့်သတည်း။ ဤကား ပြည်မှုနိသျ၌ အမှာစကားတည်း။ သဘာဝေန စ သရသေန စ ဟု စ-သဒ္ဒါမထည့်ဘဲ သဘာဝေန သရသေန-ဟူ၍သာလျှင် ဆိုသည်ဟူလို။ သို့သော် ဋီကာ၌မူ သရသေန-ပုဒ်ကို ကိစ္စဟောလည်း ပဌမနည်း ဖွင့်ပြသေး၏။ ၎င်း အဖွင့်ကို ပြည်ဆရာတော်ဘုရားကြီးက နှစ်သက်ဟန်မတူပေ။ (ဆ-သံ-သော)

၁၁၀။ ဓေါ၊ ဖြင့်။ ဝဝတ္ထပေတ္တာ၊ ၍။ ဝဏ္ဏတောပိ၊ ဖြင့်ငှင်း။ လိင်္ဂ-
တောပိ၊ အရွယ်အားဖြင့်ငှင်း။ သဏ္ဌာနတောပိ၊ ငှင်း။ ဒိသတောပိ၊ ငှင်း။
ဩကာသတောပိ၊ ငှင်း။ ပရိစ္ဆေဒတောပိ၊ ငှင်း။ ဣတိ၊ သို့။ ဆဗ္ဗိဓေန၊
ခြောက်ပါးသော ပကာရဖြင့်။ (တာ၀၊ စွာ။) နိမိတ္တံ၊ အသုဘနိမိတ်ကို။
ဂဟေတဗ္ဗံ၊ ၏။ ကထံ ဂဟေတဗ္ဗံ၊ ကား။ ဟိ၊ ချဲ့အံ့။ တေန ယောဂိနာ၊
သည်။ ဣဒံ သရီရံ၊ ဤအကောင်သည်။ ကာဠဿ၊ လူညို၏။ သရီရံ၊ တည်း။
ဣတိ ဝါ၊ သို့ငှင်း။ ဩဒါတဿ၊ ၏။ပ။ မင်္ဂုရစ္ဆဝိနော၊ ကြမ်းပိုးကျောက်
ကုန်း အနှုန်းရှိသောသူ၏။ သရီရံ၊ တည်း။ ဣတိ ဝါ၊ ငှင်း။ ဝဏ္ဏတော၊
ဖြင့်။ ဝဝတ္ထပေတဗ္ဗံ၊ ၏။ ပန၊ ပါး။ လိင်္ဂတော၊ ဖြင့်။ ဣတ္ထိလိင်္ဂံ၊ ဣတ္ထိလိင်
ရှိသော။ သရီရံ၊ အကောင်တည်း။ ဣတိ ဝါ၊ သို့ငှင်း။ ပုရိသလိင်္ဂံ၊ ပုရိသ
လိင်ရှိသော။ သရီရံ၊ တည်း။ ဣတိ ဝါ၊ သို့ငှင်း။ အဝဝတ္ထပေတ္တာ၊ မမှတ်
မူ၍။ ဣဒံ သရီရံ၊ သည်။ ပဌမဝယေ၊ ၌။ ဌိတဿ၊ သော။ သတ္တဿ၊ ၏။
သရီရံ၊ တည်း။ ဣတိ ဝါ၊ သို့ငှင်း။ မဇ္ဈိမဝယေ၊ ၌။ ဌိတဿ၊ သော။
သတ္တဿ၊ ၏။ သရီရံ၊ တည်း။ ဣတိ ဝါ၊ သို့ငှင်း။ ပစ္ဆိမဝယေ၊ ၌။ ဌိတဿ၊
သော။ သတ္တဿ၊ ၏။ သရီရံ၊ တည်း။ ဣတိ ဝါ၊ သို့ငှင်း။ ဝဝတ္ထပေတဗ္ဗံ၊ ၏။
သဏ္ဌာနတော၊ အားဖြင့်။ [၁၇၉]ဥဒ္ဒုမာတကဿ၊ ၏။ သဏ္ဌာနဝသေနေဝ၊
ဖြင့်သာလျှင်။ (န ပါကတိကသဏ္ဌာနဝသေန-လှန်) အဿ၊ ထိုအသုဘ
ကောင်၏။ သီသသဏ္ဌာနံ၊ သည်။ ဣဒံ၊ ဤသို့တည်း။ ဂီဝါသဏ္ဌာနံ၊ သည်။
ဣဒံ၊ ဤသို့တည်း။ ဟတ္ထသဏ္ဌာနံ၊ သည်။ ဣဒံ၊ တည်း။ ဥဒရသဏ္ဌာနံ၊
သည်။ ဣဒံ၊ တည်း။ နာဘိသဏ္ဌာနံ၊ သည်။ ဣဒံ၊ တည်း။ ကဋိသဏ္ဌာနံ၊
သည်။ ဣဒံ၊ တည်း။ ဦရုသဏ္ဌာနံ၊ သည်။ ဣဒံ၊ တည်း။ ဇင်္ဃသဏ္ဌာနံ၊ သည်။
ဣဒံ၊ တည်း။ ပါဒသဏ္ဌာနံ၊ သည်။ ဣဒံ၊ တည်း။ ဣတိ၊ သို့။ ဝဝတ္ထပေတဗ္ဗံ၊
၏။ ပန၊ ပါး။ ဒိသတော၊ ဖြင့်။ ဣမသ္မိံ သရီရေ၊ ၌။ ဒွေ ဒိသာ၊ တို့သည်။
နာဘိယာ၊ မှ။ အဓော၊ အောက်အဖို့သည်။ ဟေဋ္ဌိမဒိသာ၊ မည်၏။ ဥဒ္ဓံ၊
သည်။ ဥပရိမဒိသာ၊ မည်၏။ ဣတိ၊ သို့။ ဒွေ၊ နှစ်ပါးတို့တည်း။ ဣတိ၊ သို့။
ဝဝတ္ထပေတဗ္ဗံ၊ ၏။ အထ ဝါ၊ ကား။ အဟံ၊ သည်။ ဣမိဿာ ဒိသာယ၊
ဤမည်သော ဝဲယာရှေ့နောက်အရပ်၌။ ဌိတော၊ ၏။ အသုဘနိမိတ္တံ၊
သည်။ ဣမိဿာ ဒိသာယ၊ ၌။ ဌိတံ၊ ၏။ ဣတိ၊ သို့။ ဝဝတ္ထပေတဗ္ဗံ၊ ၏။
ပန၊ ပါး။ ဩကာသတော၊ ဖြင့်။ ဣမသ္မိံ နာမ ဩကာသေ၊ ဤမည်သော
မြေအရပ်၌။ (ဣမဿ ကဠေဝရဿ၊ ၏။) ဟတ္ထာ၊ တို့သည်။ ဌိတာ၊

ကုန်၏။ ဣမသ္မိံ သြကာသေ၊ ဌာ။ ပါဒါ၊ တို့သည်။ ဌိတာ၊ ကုန်၏။ ဣမသ္မိံ သြကာသေ၊ ဌာ။ သီသံ၊ သည်။ ဌိတံ၊ ၏။ ဣမသ္မိံ သြကာသေ၊ ဌာ။ မဇ္ဈိမကာယော၊ သည်။ ဌိတော၊ ၏။ ဣတိ၊ သို့။ ဝဝတ္ထပေတဗ္ဗံ၊ ၏။ အထ ဝါ၊ ကား။ အဟံ၊ သည်။ ဣမသ္မိံ သြကာသေ၊ ဌာ။ ဌိတော၊ ၏။ အသုဘနိမိတ္တံ၊ သည်။ ဣမသ္မိံ သြကာသေ၊ ဌာ။ ဌိတံ၊ ၏။ ဣတိ၊ သို့။ ဝဝတ္ထပေတဗ္ဗံ၊ ၏။ ပရိစ္ဆေဒတော၊ ဖြင့်။ ဣဒံ သရီရံ၊ ကို။ အဓော၊ ချက်မှအောက်၌။ ပါဒတလေန၊ ဖြင့်။ ပရိစ္ဆိန္နံ၊ ၏။ ဥပရိ၊ ချက်မှအထက်၌။ ကေသမတ္ထကေန၊ ဖြင့်။ ပရိစ္ဆိန္နံ၊ ၏။ တိရိယံ၊ ဖီလာ၌။ တစေန၊ ဖြင့်။ ပရိစ္ဆိန္နံ၊ ၏။ ယထာပရိစ္ဆိန္နေ၊ ပိုင်းခြားတိုင်းသော။ ဌာနေ၊ ၌။ ဒွတ္တိံသကုဏပဘရိတမေဝ၊ သုံးဆယ့်နှစ်ပါးသော အပုပ်အစုဖြင့် ပြည့်သည်သာတည်း။ ဣတိ စ၊ သို့လည်း။ ဝဝတ္ထပေတဗ္ဗံ၊ ၏။ (စ-ကား သမ္ပိဏ္ဍန၊ ပရိစ္ဆိန္နန္တိ စ-ဟုပေါင်း) အထ ဝါ၊ ကား။ အယံ၊ ဤအောက်၌ လက်ညှိုးဖျား,အထက်၌ ပခုံးစွန်းအစပ်, ဖီလာ၌ အရေအဆုံးဖြင့် ပိုင်းခြားအပ်သောအရပ်သည်။ အဿ၊ ထိုအကောင်၏။ ဟတ္ထပရိစ္ဆေဒေါ၊ လက်အပိုင်းအခြားတည်း။ အယံ၊ ဤအောက်၌ ခြေဘဝါးအပြင်, အထက်၌ပုဆစ်ဒူး, ဖီလာ၌အရေအဆုံးဖြင့် ပိုင်းခြားအပ်သော အရပ်သည်။ ပါဒပရိစ္ဆေဒေါ၊ တည်း။ အယံ၊ ဤအောက်၌လည်, အထက်၌ဆံဖျား, ဖီလာ၌အရေအဆုံးဖြင့် ပိုင်းခြားအပ်သောအရပ်သည်။ သီသပရိစ္ဆေဒေါ၊ တည်း။ အယံ၊ ဤလက်ခြေဦးခေါင်းမှ တပါးသော အပိုင်းအခြားသည်။ မဇ္ဈိမကာယပရိစ္ဆေဒေါ၊ အလယ်သားဖြစ်သော ကိုယ်အပိုင်းအခြားတည်း။ ဣတိ၊ သို့။ ဝဝတ္ထပေတဗ္ဗံ၊ ၏။ ပန (တစိတ်သာဥဒ္ဓုမာတဖြစ်၍ တကိုယ်လုံးကို သိမ်းဆည်းခြင်းငှါ မတတ်နိုင်ရာ၌ ပိုင်းခြားပုံကို) ဆက်၍ဆိုအံ့။ ယတ္တကံ၊ အကြင်မျှလောက်သော။ ဌာနံ ဝါ၊ ဥဒ္ဓုမာတဖြစ်သော ကိုယ်အစိတ်အရပ်ကိုမူလည်း။ (ဥဒ္ဓုမာတကဝသေန၊ ဖြင့်။ သော၊ ထိုယောဂီသည်။) ဂဏှာတိ၊ ဉာဏ်ဖြင့်သိမ်းဆည်း၏။ တတ္တကမေဝ ဝါ၊ ထိုမျှလောက်သိမ်းဆည်းအပ်တိုင်းသောကိုယ် အရပ်ကိုသာလျှင်မူလည်း။ ဣဒံ ဟတ္ထာဒိကံ၊ ဤလက်စသည်ကား။ ဤဒိသံ-ဝေမ္ဗကာရံ၊ ဤသို့သော အခြင်းအရာရှိသည်ဖြစ်၍။ ဥဒ္ဓုမာတကံ၊ ဖူးဖူးရောင်သော စက်ဆုပ်ဖွယ်အကောင်ပုပ်တည်း။ ဣတိ၊ သို့။ ယထာ-သဘာဝတော၊ ဟုတ်မှန်သောသဘောဖြင့်။ ပရိစ္ဆိန္ဒိတဗ္ဗံ၊ ၏။ ပန၊ ဗျတိ-

ရိက်ကိုဆိုအံ့။ ပုရိသဿ၊ အား။ ဣတ္ထိသရီရံ၊ မိန်းမအကောင်သည်။ ဣတ္ထိယာ ဝါ၊ မိန်းမအားမူလည်း။ ပုရိသသရီရံ၊ ယောကျ်ားအကောင်သည်။ န ဝဋ္ဋတိ၊ မသင့်။ ဝိသဘာဂေ၊ ဝိသဘာဂကိုယ်၌။ အာရမ္မဏံ၊ စက်ဆုပ်ဖွယ်ကမ္မဋ္ဌာန်းအာရုံသည်။ န ဥပဋ္ဌာတိ၊ မထင်။ (သုဘတော၊ ဖြင့်။ ဥပဋ္ဌဟေယျ၊ ထင်ရာ၏။ လှန်) ဝိပ္ဖန္ဒနဿေဝ၊ ကိလေသာတုန်လှုပ်ခြင်း၏ သာလျှင်။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ၊ ၏။ ဟိ-သစ္စံ၊ ၏။ ဥဂ္ဃါဋိတာ၊ ဥဒ္ဓုမာတကအဖြစ်သို့ရောက်ပြီးသည်၊ ဝါ၊ အချင်းခပ်သိမ်း ကျိုက်ကျိုက်ဆူသော ကိုယ်ရှိသည်၊ ဝါ၊ ခွဲအပ်သောအသွင်ရှိသည်။ သမာနာပိ၊ ဖြစ်စေကာမူ။ ဣတ္ထီ၊ သည်။ ပုရိသဿ၊ ၏။ စိတ္တံ၊ ကို။ ပရိယာဒါယ၊ ထက်ဝန်းကျင်ယူကျုံး၍။ တိဋ္ဌတိ၊ ၏။ ဣတိ၊ သို့။ မဇ္ဈိမဋ္ဌကထာယံ၊ ၌။ ဝုတ္တံ၊ ၏။ တသ္မာ၊ ကြောင့်။ သဘာဂသရီရေယေဝ၊ သဘာဂဖြစ်သောအကောင်၌သာလျှင်။ ဧဝံ၊ ဤသို့ဆိုအပ်ပြီးသောနည်းဖြင့်။ ဆဗ္ဗိဓေန၊ ဖြင့်။ နိမိတ္တံ၊ ကို။ ဂဏှိတဗ္ဗံ၊ ၏။

၁၁၁။ ပန၊ အထူးပုဂ္ဂိုလ်ကိုဆိုအံ့။ ပုရိမဗုဒ္ဓါနံ၊ ရှေးဘုရားရှင်တို့၏။ သန္တိကေ၊ ၌။ အာသေဝိတကမ္မဋ္ဌာနော၊ မှီဝဲလေ့ကျက်ဘူးသော အသုဘကမ္မဋ္ဌာန်းရှိသော။ ပရိဟတဓုတင်္ဂေါ၊ သောသာနိကင်္ဂစသည်တို့၏ အစွမ်းဖြင့် ဆောင်ဘူးသော ဓုတင်ရှိသော။ ပရိမဒ္ဒိတမဟာဘူတော၊ စတုဓာတုဝဝတ္ထာန်အားဖြင့် နှိပ်နင်းနယ်ချေဘူးသော မဟာဘုတ်ရှိသော။ ပရိဂ္ဂဟိတသင်္ခါရော၊ နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် သိမ်းဆည်းအပ်ဘူးသော သင်္ခါရရှိသော။ ဝဝတ္ထာပိတနာမရူပေါ၊ ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့်မှတ်သားဆုံးဖြတ်အပ်ပြီးသော နာမ်ရုပ်ရှိသော။ ဥဂ္ဃါဋိတသတ္တသညော၊ သုညတာနုပဿနာ၏အစွမ်းဖြင့် ခွါအပ်ပြီးသောသတ္တသညာရှိသော။ ကတသမဏဓမ္မော၊ (ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိသို့ ရောက်စေသဖြင့်) ပြုအပ်ပြီးသောရဟန်းတရားရှိသော။ ဝါသိတဝါသနော၊ (အချင်းခပ်သိမ်းကုသိုလ်ဝါသနာ၏ ပြည့်စုံခြင်းဖြင့်) ထုံအပ်သော ဝါသနာရှိသော။ ဘာဝိတဘာဝနော၊ (ကုသိုလ်ဘာဝနာ၏ ပြည့်စုံခြင်းဖြင့်) ပွါးစေအပ်ပြီးသော ဘာဝနာရှိသော။ သဗီဇော၊ ဝိဝဋ္ဋူပနိဿယ ကုသိုလ်မျိုးစေ့သန်သော။ ဉာဏုတ္တရော၊ ရင့်မာသန်စွမ်းသဖြင့် ထက်သောဉာဏ်ရှိသော။ အပ္ပကိလေသော၊ ပါးလွှာသိမ်ဖျင်းသော ကိလေသာရှိသော။ ယော ကုလပုတ္တော၊

အကြင်အမျိုးကောင်းသားဝိသေသသည်။ အတ္ထိ၊ ရှိပေသည်ပင်။ တဿ ကုလပုတ္တဿ၊ ထိုဆိုအပ်ပြီးသော ဂုဏ်ထူးဝိသေသ ကုလပုတ္တအား။ ဩလောကိတောလောကိတဋ္ဌာနေယေဝ၊ ဥဒ္ဓုမာတကစသော အသုဘ၏ ကြည့်အပ် ကြည့်အပ်တိုင်းသော အရပ်၌ပင်လျှင်။ ပဋိဘာဂနိမိတ္တံ၊ သည်။ ဥပဋ္ဌာတိ၊ ၏။ ဧဝံ၊ ဤသို့ဆိုအပ်ပြီးသော ပုရိသဝိသေသအားထင်သကဲ့သို့။ ပဋိဘာဂနိမိတ္တံ၊ သည်။ နော စေ ဥပဋ္ဌာတိ၊ အံ့။ အထ၊ ထိုသို့မထင်ခဲ့သော်။ ဧဝံ၊ ဤသို့ဆိုအပ်ပြီးသော အာကာရဖြင့်။ ဆဗ္ဗိဓေန၊ ဝဏ္ဏစသော ခြောက်ပါးအပြားဖြင့်။ နိမိတ္တံ၊ ကို။ ဂဏှတော၊ အား။ ဥပဋ္ဌာတိ၊ ၏။ ပန၊ ဆက်။ ယဿ၊ အား။ ဧဝမ္ပိ၊ ဤသို့ ဆဗ္ဗိဓဖြင့်နိမိတ်ယူပါသော်လည်း။ န ဥပဋ္ဌာတိ၊ မထင်ခဲ့အံ့။ တေန၊ သည်။ သန္ဓိတော၊ အားဖြင့်ရင်း။ ဝိဝရတော၊ အားဖြင့်ရင်း။ နိန္နတော၊ အားဖြင့်ရင်း။ ထလတော၊ အားဖြင့်ရင်း။ သမန္တတော၊ အားဖြင့်ရင်း။ ဣတိ၊ သို့။ ပုနပိ၊ တဖန်လည်း။ ပဉ္စဝိဓေန၊ ဖြင့်။ နိမိတ္တံ၊ ကို။ ဂဟေတဗ္ဗံ၊ ၏။

၁၁၂။ တတ္ထ၊ ထိုသန္ဓိအစရှိသည်တို့တွင်၊ ဝါ၊ သန္ဓိတော-အစရှိသော ပါဌ်၌။ သန္ဓိတောတိ၊ ကား။ အသီတိသတသန္ဓိတော၊ တရာ့ရှစ်ဆယ်သော အစပ်အဆက်အားဖြင့်။ ပန၊ ထိုသို့ အသီတိသတသန္ဓိဖြင့် ရှုသင့်သော်လည်း။ ဥဒ္ဓုမာတကေ၊ ၌။ အသီတိသတသန္ဓယော၊ တို့ကို။ ကထံ ဝဝတ္ထပေဿတိ၊ အဘယ်မှာ မှတ်နိုင်လတံ့နည်း။ တသ္မာ၊ ထိုသို့မမှတ်နိုင်သည်၏အဖြစ်ကြောင့်။ အနေန၊ သည်။ တယော ဒက္ခိဏဟတ္ထသန္ဓီ၊ (ပခုံး, တတောင်, လက်ကောက်ဝတ်အားဖြင့်) လက်ျာလက်ဆစ် သုံးခုတို့ရင်း။ တယော ဝါမဟတ္ထသန္ဓီ၊ လက်ဝဲလက်ဆစ် သုံးခုတို့ရင်း။ တယော ဒက္ခိဏပါဒသန္ဓီ၊ (ကဋိ, ဇဏ္ဏု, ဂေါပ္ဖက-အားဖြင့်) လက်ျာခြေဆစ် သုံးခုတို့ရင်း။ တယော ဝါမပါဒသန္ဓီ၊ လက်ဝဲခြေဆစ်သုံးခုတို့ရင်း။ [၁၈၀] ဧကော ဂီဝသန္ဓိ၊ လည်ဆစ်တစ်ခုရင်း။ ဧကော ကဋိသန္ဓိ၊ ခါးဆစ်တစ်ခုရင်း။ ဣတိ ဧဝံ၊ နည်းဖြင့်။ စုဒ္ဒသမဟာသန္ဓိဝသေန၊ တဆဲ့လေးပါး ကြီးမားသော အဆစ်တို့၏ အစွမ်းဖြင့်။ သန္ဓိတော၊ အဆစ်အားဖြင့်။ ဝဝတ္ထပေတဗ္ဗံ၊ ၏။ ဝိဝရတောတိ ဧတ္ထ၊ ၌။ ဝိဝရံ နာမ၊ အကြားမည်သည်ကား၊ ဝါ၊ ကို။ ဟတ္ထန္တရံ၊ လက်နှစ်ဖက်တို့၏ အကြား။ ပါဒန္တရံ၊ ခြေနှစ်ဖက်တို့၏ အကြား။ ဥဒရန္တရံ၊ နာဘိဋ္ဌာနဟု မှတ်အပ်သော ဝမ်းလယ်၊ ဝါ၊ ဝမ်း၏

အတွင်း။ ကဏ္ဏန္တရံ၊ နားတွင်းနားပေါက်။ ဣတိ၊ ဤသို့အစရှိသော။ ဓေဝံ အာကာရေန၊ ဖြင့်။ ဝိဝရတော၊ အကြားအားဖြင့်။ ဝဝတ္ထပေတဗ္ဗံ၊ ၏။ အက္ခိနမ္ပိ၊ တို့၏လည်း။ နိမီလိတဘာဝေါ ဝါ၊ မှိတ်သည်၏ အဖြစ်ကိုရင်း။ ဥမ္မီလိတဘာဝေါ ဝါ၊ ပွင့်သည်၏အဖြစ်ကိုရင်း။ ဝဝတ္ထပေတဗ္ဗော၊ ၏။ မုခဿ စ၊ ၏လည်း။ ပိဟိတဘာဝေါ ဝါ၊ ပိတ်သည်၏ အဖြစ်ကိုရင်း။ ဝိဝဋဘာဝေါ ဝါ၊ ပွင့်သည်၏အဖြစ်ကိုရင်း။ ဝဝတ္ထပေတဗ္ဗော၊ ၏။ နိန္န-တောတိ၊ ကား။ သရီရေ၊ ၌။ ယံ နိန္နဋ္ဌာနံ၊ သည်။ အတ္ထိ၊ ၏။ အက္ခိကူပေါ ဝါ၊ မျက်တွင်းသည်ရင်း။ အန္တောမုခံ ဝါ၊ ခံတွင်းသည်ရင်း။ ဂလဝါဋကော ဝါ၊ ရေမျိုသည်ရင်း။ အတ္ထိ၊ ၏။ တံ နိန္နဋ္ဌာနံ၊ ကို။ ဝဝတ္ထပေတဗ္ဗံ၊ ၏။ အထ ဝါ၊ ကား။ အဟံ၊ သည်။ နိန္နေ၊ နိမ့်ရာ၌။ ဌိတော၊ ၏။ သရီရံ၊ သည်။ ဥန္နတေ၊ မြင့်ရာ၌။ ဌိတံ၊ ၏။ ဣတိ၊ သို့။ ဝဝတ္ထပေတဗ္ဗံ၊ ၏။ ထလတောတိ၊ ကား။ သရီရေ၊ ၌။ ယံ ဥန္နတဋ္ဌာနံ၊ အကြင်မြင့်ရာအရပ်သည်။ ဇဏ္ဏုကံ ဝါ၊ ပုဆစ်သည်ရင်း။ ဥရော ဝါ၊ ရင်သည်ရင်း။ နလာဋံ ဝါ၊ နဖူးသည်ရင်း။ အတ္ထိ၊ ၏။ တံ ဥန္နတဋ္ဌာနံ၊ ကို။ ဝဝတ္ထပေတဗ္ဗံ၊ ၏။ အထ ဝါ၊ ကား။ အဟံ၊ သည်။ ထလေ၊ မြင့်မို့ရာ၌။ ဌိတော၊ ၏။ သရီရံ၊ သည်။ နိန္နေ၊ နိမ့်ဝှမ်းရာ၌။ ဌိတံ၊ ၏။ ဣတိ၊ သို့။ ဝဝတ္ထပေတဗ္ဗံ၊ ၏။ သမန္တတောတိ၊ ကား။ သဗ္ဗံ၊ သော။ သရီရံ၊ ကို။ သမန္တတော၊ ထက်ဝန်းကျင်အားဖြင့်။ ဝဝတ္ထပေတဗ္ဗံ၊ ၏။ သကလသရီရေ၊ ၌။ ဉာဏံ၊ ကို။ စာရေတွာ၊ စိုင်းပြင်း၍၊ ဝါ၊ လှည့်လည်စေ၍။ (တသ္မိံ သရီရေ၊ ၌။) ယံ ဌာနံ-ယော ပဒေသော၊ အကြင်အရပ်အကွက်သည်။ ဝိဘူတံ ဟုတွာ၊ ဥဒ္ဓု-မာတကာကာရအားဖြင့် ထင်ထင်ရှားရှားဖြစ်၍။ ဥပဋ္ဌာတိ၊ ၏။ တတ္ထ၊ ထိုထင်လာသော အရပ်အကွက်၌။ ဥဒ္ဓုမာတကံ ဥဒ္ဓုမာတကန္တိ၊ ဟူ၍။ စိတ္တံ၊ ကို။ ဌပေတဗ္ဗံ၊ ၏။ ဧဝမ္ပိ၊ ဤသို့ နှလုံးထားသော်လည်း။ သစေ န ဥပဋ္ဌာတိ၊ အံ့။ ဥဒရပရိယောသာနံ၊ ဝမ်းအဆုံးရှိသော အထက်ကိုယ်သည်။ အတိရေကဥဒ္ဓုမာတကံ၊ တပါးအရပ်အကွက်ထက် သာလွန်၍ ဖူးရောင်ကြွတက် စက်ဆုပ်ဖွယ်ရှိတတ်သည်။ ဟောတိ၊ ၏။ တတ္ထ၊ ထို အထက်ကိုယ်၌။ ဥဒ္ဓုမာတကံ ဥဒ္ဓုမာတကန္တိ၊ ဟူ၍။ စိတ္တံ၊ ကို။ ဌပေတဗ္ဗံ၊ ၏။

၁၁၃။ ဣဒါနိ၊ ၌။ သော တံ နိမိတ္တံ သုဂ္ဂဟိတံ ကရောတီတိအာဒီသု၊ တို့၌။ အယံ၊ ဤဆိုလတံ့သော။ ဝိနိစ္ဆယကထာ၊ ဝိနိစ္ဆယနှင့် တကွသော အတ္ထဝဏ္ဏနာ စကားသည်။ ဟောဿတိ၊ လတံ့။

တေန ယောဂိနာ၊ သည်။ တသ္မိံ သရီရေ၊ ၌။ ယထာဝုတ္တနိမိတ္တဂ္ဂါ-ဟဝသေန၊ ဆိုအပ်ပြီးသော ဥဒ္ဓုမာတကနိမိတ်ကို ယူသည်၏ အစွမ်းဖြင့်။ သုဋ္ဌု၊ ဥဂ္ဂဟနိမိတ် ထင်လွယ်အောင် ကောင်းမွန်သေချာစွာ။ နိမိတ္တံ၊ အသုဘကောင် အရုပ်အတု နိမိတ်ကို။ ဂဏှိတဗ္ဗံ၊ စက္ခုဒွါရဖြင့် ကြည့်ပြီး၍ မနောဒွါရဖြင့် မှတ်ယူအပ်၏။ သတိံ၊ ကို။ သူပဋ္ဌိတံ၊ လုံ့မစောက် မြဲမြံစွာ ထင်သည်ကို။ ကတွာ၊ ၍။ အာဝဇ္ဇိတဗ္ဗံ၊ ၏။ ဧဝံ၊ ဤသို့ ကောင်းစွာ သတိထား၍ ဆင်ခြင်ခြင်းကို။ ပုနပ္ပုနံ၊ အဖန်ဖန် အလီအလီ။ ကရောန္တေန၊ သည်ဖြစ်၍။ သာဓုကံ၊ ကောင်းစွာ၊ ဝါ၊ အလေးပြု၍၊ ဥပဓာရေတဗ္ဗဉ္စေဝ၊ သတိဖြင့် မှတ်လည်းမှတ်အပ်၏။ ဝဝတ္ထပေတဗ္ဗဉ္စ၊ ပညာဖြင့်ဆုံးဖြတ်လည်း ဆုံးဖြတ်အပ်၏။ (တနည်း) ဥပဓာရေတဗ္ဗဉ္စေဝ၊ သတိပုဗ္ဗင်္ဂမ ပညာဖြင့် မှတ်လည်းမှတ်အပ်၏။ ဝဝတ္ထ-ပေတဗ္ဗဉ္စ၊ ပညာပုဗ္ဗင်္ဂမသတိဖြင့် ဆုံးဖြတ်လည်းဆုံးဖြတ်အပ်၏။ သရီ-ရတော၊ မှ။ နာတိဒူရေ၊ သော။ နာစ္စာသန္နေ၊ သော။ ပဒေသေ၊ ၌။ ဌိတေန ဝါ၊ ရပ်လျက်ရင်း။ နိသိန္နေန ဝါ၊ ထိုင်လျက်ရင်း။ စက္ခုံ၊ ကို။ ဥမ္မီလေတွာ၊ ဖွင့်၍။ ဩလောကေတွာ၊ ၍။ နိမိတ္တံ၊ ကို။ ဂဏှိတဗ္ဗံ၊ ၏။ ဥဒ္ဓုမာတကပဋိကူလံ ဥဒ္ဓုမာတကပဋိကူလန္တိ၊ ဟူ၍။ သတက္ခတ္တုံ၊ အကြိမ်တရာရင်း။ သဟဿက္ခတ္တုံ၊ အကြိမ်တထောင်ရင်း။ ဥမ္မီလေတွာ၊ ၍။ ဩလောကေတဗ္ဗံ၊ ၏။ နိမီလေတွာ၊ မှိတ်၍။ အာဝဇ္ဇိတဗ္ဗံ၊ ဆင်ခြင်အပ်၏။ ဧဝံ၊ ဤသို့ဆင်ခြင်မှုကို။ ပုနပ္ပုနံ၊ ထပ်ကာထပ်ကာ။ ကရောန္တဿ၊ အား။ ဥဂ္ဂဟနိမိတ္တံ၊ (ဥဒ္ဓုမာတကမူလအကောင်၌ စိတ်ဖြင့်ခွါ၍ မှတ်ယူအပ်သော) အရုပ်အတုနိမိတ်သည်။ သုဂ္ဂဟိတံ၊ မြဲမြံစွာယူအပ်သည်။ ဟောတိ၊ ၏။ ကဒါ၊ ၌။ သုဂ္ဂဟိတံ၊ သည်။ ဟောတိ၊ နည်း။ ယဒါ၊ ၌။ ဥမ္မီလေတွာ၊ ၍။ ဩလောကေန္တဿ စ၊ အားရင်း။ နိမီလေတွာ၊ ၍။ အာဝဇ္ဇန္တဿ စ၊ အားရင်း။ ဧကသဒိသံ၊ တခုတည်းကဲ့သို့တူသည်။ ဝါ၊ ဧကသဒိသံ-သမာနသဒိသံ၊ အတူတူ။ ဟုတွာ၊ ၍။ အာပါထံ၊ သို့။

အာဂစ္ဆတိ၊ ၏။ တဒါ၊ ၌။ သုဂ္ဂဟိတံ နာမ၊ မြဲမြံစွာယူအပ်သည်မည်သည်။ ဟောတိ၊ ၏။

သော၊ သည်၊ တံ နိမိတ္တံ၊ ကို။ ဧဝံ၊ ဤသို့သောနည်းဖြင့်။ သုဂ္ဂဟိတံ၊ မြဲမြံစွာယူအပ်သည်ကို။ ကတ္ဝာ၊ ၍။ သူပဓာရိတံ၊ ကောင်းစွာမှတ်အပ်သည်ကို။ ဥပဓာရေတွာ၊ မှတ်၍။ သုဝဝတ္ထိတံ၊ ကောင်းစွာ ဆုံးဖြတ်အပ်သည်ကို။ ဝဝတ္ထပေတွာ၊ ဆုံးဖြတ်၍။ တတ္တော၀၊ ထိုသုသာန်၌ပင်လျှင်။ ဘာဝနာပရိယောသာနံ၊ ဘာဝနာကိစ္စပြီးဆုံးခြင်းသို့။ ပတ္တုံ၊ ငှါ။ သစေ န သက္ကောတိ၊ အံ့။ အထ၊ ထိုသို့မတတ်နိုင်ခဲ့သော်။ အနေန၊ သည်။ အာဂမန-ကာလေ၊ ကျောင်းမှသုသာန်သို့လာသကာလ၌။ ဝုတ္တနယေနေ၀၊ ဖြင့်သာလျှင်။ ဧကကေန အဒုတိယေန၊ တကိုယ်ထည်းသာအဖော်မပါဘဲ။ တဒေဝ ကမ္မဋ္ဌာနံ၊ ထိုယူခဲ့သော ဥဒ္ဓုမာတကကမ္မဋ္ဌာန်းကိုပင်လျှင်။ မနသိ ကရောန္တေန၊ ထားနှလျက်။ သူပဋ္ဌိတံ၊ ကောင်းစွာထင်သော။ သတိံ၊ ကို။ ကတ္ဝာ၊ ၍။ [၁၀၁] အန္တောဂတေဟိ၊ ကုန်သော။ ဣန္ဒြိယေဟိ၊ တို့ဖြင့်။ အဗဟိဂတေန၊ သော။ မာနသေန၊ ဖြင့်။ အတ္တနော၊ ၏။ သေနာသန-မေဝ၊ သို့သာလျှင်။ ဂန္တဗ္ဗံ၊ ၏။

စ၊ ဆက်၍ဆိုအံ့။ သုသာနာ၊ မှ။ နိက္ခမန္တေနေဝ၊ ထွက်တည့်လျှင်ပင်။ အာဂမနမဂ္ဂေါ၊ လာရာခရီးကို။ ဝဝတ္ထပေတဗ္ဗော၊ မှတ်အပ်၏။ ယေန မဂ္ဂေန၊ ဖြင့်။ နိက္ခန္တော၊ ထွက်သည်။ အသ္မိ၊ ၏။ အယံ မဂ္ဂေါ၊ ဤထွက်ရာခရီးသည်။ ပါစီနဒိသာဘိမုခေါ၊ အရှေ့အရပ်သို့ရှေးရှု။ ဂစ္ဆတိ၊ ၏။ ဥတ္တိ ဝါ၊ သို့ရင်း။ ပစ္ဆိမဥတ္တရဒက္ခိဏဒိသာဘိမုခေါ၊ သို့ရှေးရှု။ ဂစ္ဆတိ၊ ၏။ ဥတ္တိ ဝါ၊ သို့ရင်း။ ဝိဒိသာဘိမုခေါ၊ သို့ရှေးရှု။ ဂစ္ဆတိ၊ သွား၏။ ဥတ္တိ ဝါ၊ သို့ရင်း။ ပန၊ ထိုမှတပါး။ ဣမသ္မိံ ဌာနေ၊ ၌။ ဝါမတော၊ ဖြင့်။ ဂစ္ဆတိ၊ ၏။ ဥတ္တိ ဝါ၊ သို့ရင်း။ ဣမသ္မိံ ဌာနေ၊ ၌။ ဒက္ခိဏတော၊ ဖြင့်။ ဂစ္ဆတိ၊ ၏။ ဥတ္တိ ဝါ၊ သို့ရင်း။ အဿ၊ ထိုခရီး၏။ ဣမသ္မိံ စ ဌာနေ၊ ဤအရပ်၌ကား။ ပါသာဏော၊ ကျောက်သည်။ ဣမသ္မိံ ဌာနေ၊ ၌။ ဝမ္မိကော၊ သည်။ ဣမသ္မိံ ဌာနေ၊ ၌။ ရုက္ခော၊ သည်။ ဣမသ္မိံ ဌာနေ၊ ၌။ ဂစ္ဆော၊ သည်။ ဣမသ္မိံ ဌာနေ၊ ၌။ လတာ၊ သည်။ အတ္ထိ၊ ၏။ ဥတိ၊ သို့။ ဝဝတ္ထပေတဗ္ဗာ၊ ၏။ ဧဝံ၊ သို့။ အာဂမနမဂ္ဂံ၊ ကို။ ဝဝတ္ထ-ပေတွာ၊ ၍။ အာဂတေန၊ လာခဲ့ပြီးသော ယောဂီသည်။ စင်္ကမန္တေနာပိ

စကြံသွားသော်လည်း။ တဗ္ဘာဂိယော၀၊ ထိုအသုဘနိမိတ်အဖို့ ရှိသည် သာလျှင်ဖြစ်သော။ စင်္ကမော၊ စင်္ကြံကို။ အဓိဋ္ဌာတဗ္ဗော၊ ဆောက်တည် အပ်၏။ အသုဘနိမိတ္တာဒိသာဘိမုခေ၊ အသုဘနိမိတ်သို့ ရှေးရှုသည်သာလျှင် ဖြစ်သော။ ဘူမိပ္ပဒေသေ၊ မြေအရပ်၌။ စင်္ကမိတဗ္ဗံ၊ ၏။ ဉတိ အယံ၊ ကား။ အတ္ထော၊ တည်း။ နိသီဒန္တေန၊ ထိုင်သောယောဂီသည်။ အာသနမ္ပိ၊ နေရာကိုလည်း။ တဗ္ဘာဂိယမေ၀၊ ထိုအသုဘနိမိတ်အဖို့ ရှိသည်ကိုပြု၍ သာလျှင်။ ပညပေတဗ္ဗံ၊ ခင်းအပ်၏။ ပန၊ ဆက်။ တဿံ ဒိသာယံ၊ ထို အသုဘနိမိတ်သို့ ရှေးရှုဖြစ်သောအရပ်၌။ သောဗ္ဘော ဝါ၊ ထုံးအိုင်သည် ၎င်း။ ပပါတော ဝါ၊ ကမ်းပါးပြတ်သည်၎င်း။ ရုက္ခော ဝါ၊ သည်၎င်း။ ဝတိ ဝါ၊ စည်းစောင်းရန်းသည်၎င်း။ ကလလံ ဝါ၊ ညွန်သည်၎င်း။ သစေ ဟောတိ၊ အကယ်၍ရှိအံ့။ တံဒိသာဘိမုခေ၊ ထိုအသုဘနိမိတ် ရှိရာအရပ်သို့ ရှေးရှုဖြစ်သော။ ဘူမိပ္ပဒေသေ၊ ၌။ စင်္ကမိတုံ၊ ငှါ။ သစေ န သက္ကာ၊ အကယ်၍ မတတ်ကောင်းခဲ့အံ့။ အာသနမ္ပိ၊ ကိုလည်း။ ʻအနောကာသတ္တာ၊ ခင်းရာမရှိသည်၏အဖြစ်ကြောင့်။ ပညပေတုံ၊ ငှါ။ သစေ န သက္ကာ၊ အံ့။ (ဝေ၀၊ ဤသို့မတတ်နိုင်ခဲ့သော်။)တံ ဒိသံ၊ ထိုအသုဘနိမိတ်ရှိရာအရပ် ကို။ အနပလောကေန္တေနာပိ၊ မကြည့်မူ၍လည်း။ ဩကာသာနုရူပေ၊ အခွင့်လျော်သော။ ဌာနေ၊ ၌။ စင်္ကမိတဗ္ဗမ္ပေ၀၊ စင်္ကြံလည်း ကြွသင့်၏။ နိသီဒိတဗ္ဗမ္ပိ၊ ထိုင်လည်း ထိုင်သင့်၏။ ပန၊ ထိုသို့ဖြစ်သော်လည်း။ စိတ္တံ၊ ကို။ တံဒိသာဘိမုခံယေ၀၊ ထိုအသုဘနိမိတ်ရှိရာအရပ်သို့ ရှေးရှုကိုသာလျှင်။ ကာတဗ္ဗံ၊ ၏။

၁၁၄။ ဣဒါနိ၊ ၌။ သမန္တာ နိမိတ္တုပလက္ခဏာ ကိမတ္ထိယာတိအာဒိ- ပဉှာနံ၊ ဤသို့စသော ပြဿနာတို့၏။ အသမ္မောဟတ္ထာတိအာဒိဝိဿဇ္ဇနေ၊ ဤသို့အစရှိသော အဖြေ၌။ အယံ၊ သော။ အဓိပ္ပါယော၊ ကို။ ဝေဒိတဗ္ဗော၊ ၏။ ဟိ၊ ချဲ့အံ့၊ ယဿ၊ အကြင်ယောဂီအား။ အဝေလာယံ၊ (ဆည်းဆာ အခါအစရှိသော) မလျောက်ပတ်သောအခါ၌။ ဥဒ္ဓုမာတကနိမိတ္တဋ္ဌာနံ၊ ဥဒ္ဓုမာတကနိမိတ်ရှိရာအရပ်သို့။ ဂန္တွာ၊ သွား၍။ သမန္တာ၊ ထက်ဝန်း ကျင်မှ။ နိမိတ္တုပလက္ခဏံ၊ ကျောက်စသောနိမိတ်ကို မှတ်ခြင်းကို။ ကတွာ၊ ပြု၍။ နိမိတ္တဂ္ဂဟဏတ္ထံ၊ ဥဂ္ဂဟနိမိတ်ကိုယူခြင်းငှါ။ စက္ခုံ၊ ကို။ ဥမ္မီလေတွာ၊ ၍။ ဩလောကေန္တဿေဝ၊ ကြည့်စဉ်လျှင်။ တံ မတသရီရံ၊ ထိုအလောင်း

ကောင်သည်။ ဥဋ္ဌဟိတွာ၊ ထ၍။ ဌိတံ ဝိယ၊ မားမားရပ်သကဲ့သို့ရင်း။ အဇ္ဈောတ္ထရမာနံ ဝိယ၊ လွှမ်းမိုးလာသကဲ့သို့ရင်း။ အနုဗန္ဓမာနံ ဝိယ စ၊ လိုက်သကဲ့သို့ရင်း။ ဟုတွာ၊ ၍။ ဥပဋ္ဌာတိ၊ ထင်အံ့။ သော၊ ထိုယောဂီသည်။ ဗီဘစ္ဆံ-ဝိရူပံ၊ ဖောက်ပြန်သော၊ ဝါ၊ အရုပ်ဆိုးသော။ တံ ဘေရဝါရမ္မဏံ၊ ထိုကြောက်လန့်ဖွယ်အာရုံကို။ ဒိသွာ၊ ၍။ ဝိက္ခိတ္တစိတ္တော၊ ပျံ့လွင့်သော စိတ်ရှိသည်ဖြစ်၍။ ဥမ္မတ္တကော ဝိယ၊ နတ်ရူးကဲ့သို့။ ဟောတိ၊ ဖြစ်တတ်ချေ၏။ ဘယံ၊ ကြောက်ခြင်းသို့။ ဆမ္ဘိတတ္တံ၊ မေးပါးခိုင်လျက် ခက်ထန် တောင့်မာသည်၏အဖြစ်သို့။ လောမဟံသံ၊ ကြက်သီးမွေးညှင်းထခြင်းသို့။ ပါပုဏာတိ၊ ရောက်တတ်ချေ၏။ ဟိ-သစ္စံ၊ ၏။ ပါဠိယံ၊ ၌။ ဝိဘတ္တ-အဋ္ဌတိံသာရမ္မဏေသု၊ ဝေဖန်အပ်သော သုံးဆဲ့ရှစ်ပါးသောအာရုံတို့တွင်။ အညံ၊ ဤဥဒ္ဒုမ္ဗရာတကအာရုံမှတပါးသော။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ဘေရဝါရမ္မဏံ နာမ၊ ကြောက်မက်ဖွယ်အာရုံမည်သည်။ နတ္ထိ၊ မရှိ။ ဟိ-သစ္စံ၊ ၏။ ဣမသ္မိံ ကမ္မဋ္ဌာနေ၊ ၌။ ဈာနဝိဗ္ဘန္တကော နာမ၊ ဈာန်မှ ရွေ့လျောသော သူမည်သည်၊ ဝါ၊ ဈာန်မှထွက်ပြေးသောသူ မည်သည်။ ဟောတိ၊ ဖြစ်တတ်ချေ၏။ ကသ္မာ၊ ကား။ ကမ္မဋ္ဌာနဿ၊ ကမ္မဋ္ဌာန်း ကောင်၏။ အတိဘေရဝတ္တာ၊ အလွန်ကြောက်မက်ဖွယ်ရှိသည်၏ အဖြစ် ကြောင့်တည်း။ တသ္မာ၊ ကြောင့်။ တေန ယောဂိနာ၊ သည်။ သန္ထမ္ဘေတွာ၊ ကောင်းစွာ တည်တံ့ခိုင်ခံ့စေ၍။ (ဖြစ်သော ထိတ်လန့်ခြင်းကို ငြိမ်းစေ သဖြင့် မတုန်လှုပ်မူ၍ဟူလို) သတိံ၊ ကို။ သူပဋ္ဌိတံ၊ ကို။ ကတွာ၊ ၍။ မတသရီရံ၊ သူသေကောင်သည်။ ဥဋ္ဌဟိတွာ၊ ထ၍။ အနုဗန္ဓနကံ နာမ၊ လိုက်သောမည်သည်။ နတ္ထိ၊ မရှိကောင်းခဲ့။ ဟိ-သစ္စံ၊ ၏။ တဿ၊ ထိုသူသေကောင်၏။ သမီပေ၊ ၌။ ဌိတော၊ သော။ သော ပါသာဏော ဝါ၊ ထိုကျောက်သည်ရင်း။ သာ လတာ ဝါ၊ သည်ရင်း။ သစေ အာဂစ္ဆေယျ၊ အကယ်၍လာငြားအံ့။ သရီရမ္ပိ၊ သည်လည်း။ အာဂစ္ဆေယျ၊ လာရာ၏။ ပန၊ စင်စစ်။ သော ပါသာဏော ဝါ၊ သည်ရင်း။ သာ လတာ ဝါ၊ သည်ရင်း။ နာဂစ္ဆတိ ယထာ၊ မလာတတ်သကဲ့သို့။ ဧဝံ၊ တူ။ သရီရမ္ပိ၊ သည်လည်း။ နာဂစ္ဆတိ၊ မလာတတ်ခဲ့။ ပန၊ ထိုသို့ပါလျက်။ တုယှံ၊ သင့်အား။ အယံ ဥပဋ္ဌာနာကာရော၊ ဤသို့ထ၍ မားမားရပ်သကဲ့သို့ စသည်ဖြင့်ထင်သော အခြင်းအရာသည်။ သညဇော၊ ဘာဝနာပရိကမ္မသညာကြောင့် ဖြစ်၍။ သညာသမ္ဘဝေါ၊ သညာမျှလျှင် သမုဋ္ဌာန်ရှိ၏။ [၁၇၂] တေ၊ အား။

အဇ္ဈ၊ ယခု၊ ကမ္မဋ္ဌာနံ၊ သည်။ ဥပဋ္ဌိတံ၊ ထင်လတ်ပြီ။ ဘိက္ခု၊ သံသရာဘေးကိုရှုသသူ။ မာ ဘာယိ၊ လင့်။ ဣတိ၊ သို့။ တာသံ၊ ထိတ်လန့်ခြင်းကို။ ဝိနောဒေတွာ၊ ဝုတ္တပ္ပကာရဖြင့်ဖျောက်၍၊ ဝါ၊ ငြိမ်းစေ၍။ ဟာသံ၊ (ယခုမှ သင်၏ပင်ပန်းကျိုးလာလတ်ပြီဟု) ရွှင်လန်းဝမ်းမြောက်ခြင်းကို။ ဥပ္ပါဒေတွာ၊ ၍။ တသ္မိံ နိမိတ္တေ၊ ထိုဥဂ္ဂဟနိမိတ်၌။ စိတ္တံ၊ ဘာဝနာစိတ်ကို။ သဥ္ဇာရာပေတဗ္ဗံ၊ ဖြစ်စေအပ်၏။ ဧဝံ၊ ဤသို့ ဘာဝနာစိတ်ကိုဖြစ်စေသည်ရှိသော်။ ဝိသေသံ၊ တရားအထူးကို။ အဓိဂစ္ဆတိ၊ ရ၏။ ဣဒံ၊ ဤ (သခေ ဟိ သော စသည်ဖြင့် ဆိုအပ်ပြီးသော)အကျိုးကိုလျှင်။ သန္ဓာယ၊ ၍။ သမန္တာ နိမိတ္တုပလက္ခဏာ အသမ္မောဟတ္ထာတိ၊ ဟူသော။ ဧတံ ဝစနံ၊ ကို။ ဝုတ္တံ၊ ၏။

ပန၊ ထိုမှတပါး။ ကောဒသဝိဓေန၊ ဖြင့်။ နိမိတ္တဂ္ဂါဟံ၊ အရုပ်အတုအမှတ်နိမိတ်ကို။ သမ္ပာဒေန္တော၊ ပြီးစေသည်ဖြစ်၍။ ကမ္မဋ္ဌာနံ၊ ဘာဝနာကို။ ဥပနိဗန္ဓတိ၊ ဆိုအပ်ပြီးသောနိမိတ်၌ ဆောင်၍ဖွဲ့၏။ (တနည်း) ကမ္မဋ္ဌာနံ၊ ယောဂကမ္မ၏ ပဝတ္တိဋ္ဌာနဖြစ်သော အကြင်အကြင် ရှေးရှုထင်လာသော နိမိတ်ကို။ ဥပနိဗန္ဓတိ၊ ဘာဝနာစိတ်၌ ရှေးရှုဆောင်၍ဖွဲ့၏။ ဟိ-တံ ပါကဋံ ကရောမိ၊ အံ့။ တဿ၊ ထိုယောဂီ၏၊ ဝါ၊ ထို ဥဒ္ဓုမာတကအသုဘကို။ (ဩလောကန-၌ စပ်) ဝါ၊ အသုဘ၏။ (ဥဂ္ဂဟနိမိတ္တံ-၌ စပ်) စက္ခုနိ၊ တို့ကို။ ဥမ္မီလေတွာ၊ ၍။ ဩလောကနပစ္စယာ၊ ကြောင့်။ ဥဂ္ဂဟနိမိတ္တံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ တသ္မိံ ဥဂ္ဂဟနိမိတ္တေ၊ ၌။ မာနသံ၊ ဘာဝနာစိတ်ကို။ စာရေန္တဿ၊ ဆင့်ကာဆင့်ကာ ဖြစ်စေသော ယောဂီအား။ ပဋိဘာဂနိမိတ္တံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ တတ္ထ တသ္မိံ ပဋိဘာဂနိမိတ္တေ၊ ၌။ မာနသံ၊ ကို။ စာရေန္တော၊ ဆင့်ကာဆင့်ကာ ဖြစ်စေသော ယောဂီသည်။ အပ္ပနံ၊ သို့။ ပါပုဏာတိ၊ ၏။ အပ္ပနာယံ၊ ၌။ ဌတွာ၊ ၍။ ဝိပဿနံ၊ ကို။ ဝဍ္ဎေန္တော၊ ဖြစ်၍။ အရဟတ္တံ၊ ကို။ သစ္ဆိကရောတိ၊ မျက်မှောက်ပြုရ၏။ တေန၊ ကြောင့်။ ကောဒသဝိဓေန။ပ။ ဗန္ဓာတိ၊ ဟူသော။ ဣဒံ ဝစနံ၊ ကို။ ဝုတ္တံ၊ ၏။

၁၁၅။ ပန၊ တခန်းဆိုအံ့။ ဂတာဂတ။ပ။ ဗန္ဓာတိ ဧတ္ထ၊ ၌။ ဂတမဂ္ဂဿ စ၊ သွားသောခရီးကိုရှင်း။ အာဂတမဂ္ဂဿ စ၊ လာသော ခရီးကိုရှင်း။ ယာ ပစ္စဝေက္ခဏာ၊ အကြင်ဆင်ခြင်ခြင်းကို။ ဝုတ္တာ၊ ပြီ။

သာ ဂတာဂတမဂ္ဂပစ္စဝေက္ခဏာ၊ သည်။ ကမ္မဋ္ဌာနဝီထိယာ၊ ကမ္မဋ္ဌာန်း အစဉ်တည်းဟူသော ခရီးလမ်းရိုးမှန်သို့။ သမ္ပဋိပါဒနတ္ထာ၊ ဖြောင့်မတ် ကောင်းမွန်စွာ ကမ္မဋ္ဌာနမနသိကာရ၏ တက်ခြင်း, သွားခြင်း, စိတ်ကို နှင်ခြင်း အကျိုးရှိ၏။ ဣတိ အယံ၊ ကား။ အတ္ထော၊ တည်း။ ဟိ၊ ချဲ့အံ့။ ကမ္မဋ္ဌာနံ၊ ကို။ ဂဟေတွာ၊ ၍။ အာဂစ္ဆန္တံ၊ လာသော။ ဣမံ ဘိက္ခုံ၊ ကို။ အန္တရာမဂ္ဂေ၊ ၌။ ကေစိ၊ တစုံတယောက်သောသူတို့သည်။ ဘန္တေ၊ အရှင်ဘုရား။ အဇ္ဇ၊ ယနေ့။ ကတိမီ၊ ဘယ်နှစ်ရက်မြောက်နည်း။ ဣတိ၊ ဤသို့။ ဒိဝသံ ဝါ၊ ကိုမူလည်း။ သစေ ပုစ္ဆန္တိ၊ ကုန်အံ့။ ပဥှံ ဝါ၊ ကိုမူလည်း။ သစေ ပုစ္ဆန္တိ၊ ကုန်အံ့။ ပဋိသန္ထာရံ ဝါ၊ ကိုမူလည်း။ သစေ ကရောန္တိ၊ ကုန်အံ့။ အဟံ ကမ္မဋ္ဌာနိကောတိ၊ ငါ ကမ္မဋ္ဌာန်းရှုသူဟု နှုတ်ဆိတ်၍။ တုဏှီဘူတေန၊ တုဏှီဘောဖြစ်၍။ ဂန္တုံ၊ ငှါ။ န ဝဋ္ဋတိ၊ မသင့်။ ဒိဝသော၊ ကို။ ကထေတဗ္ဗော၊ ၏။ ပဥှော၊ ကို။ ဝိဿဇ္ဇေတဗ္ဗော၊ ၏။ သစေ န ဇာနာတိ၊ အံ့။ န ဇာနာမီတိ၊ ဟူ၍။ ဝတ္တဗ္ဗံ၊ ၏။ ဓမ္မိကော၊ တရားနှင့်လျော်သော။ ပဋိသန္ထာရော၊ ကို။ ကာတဗ္ဗော၊ ၏။ ပေ၊ ဤသို့ နေ့ရက်ကို ပြောဆိုခြင်း စသည်ကို။ ကရောန္တဿ၊ ပြုစဉ်။ တဿ၊ ထိုကမ္မဋ္ဌာန်းစီးဖြန်းသော ရဟန်းအား။ ဥဂ္ဂဟိတံ၊ ယူအပ်ပြီးသော။ တရုဏနိမိတ္တံ၊ နုသော ဥဂ္ဂဟ နိမိတ်သည်။ နဿတိ၊ ပျောက်ခဲ့အံ့။ တသ္မိံ၊ ထိုတရုဏ ဥဂ္ဂဟနိမိတ်သည်။ နဿန္တေပိ၊ ပျောက်သော်လည်း။ ဒိဝသံ၊ ကို။ ပုဋ္ဌေန၊ မေးအပ်သော ရဟန်းသည်။ ကထေတဗ္ဗမေဝ၊ ဖြေအပ်သည်သာတည်း။ ပဥှံ၊ ကို။ အဇာနန္တေန၊ မသိသောရဟန်းသည်။ န ဇာနာမီတိ၊ ငါမသိဟု။ ဝတ္တဗ္ဗံ၊ ၏။ ဇာနန္တေန၊ ရဟန်းသည်။ ဧကဒေသေန၊ တစိတ်တပိုင်းအားဖြင့်။ ကထေတုမ္ပိ၊ ငှါလည်း။ ဝဋ္ဋတိ၊ ၏။ ပဋိသန္ထာရောပိ၊ ကိုလည်း။ ကာတဗ္ဗော၊ ၏။ ပန၊ အထူးကိုဆိုအံ့။ အာဂန္တုကံ၊ သော။ ဘိက္ခုံ၊ ကို။ ဒိသွာ၊ မြင်၍။ အာဂန္တုကပဋိသန္ထာရော၊ ကို။ ကာတဗ္ဗောဝ၊ သာတည်း။ အဝသေသာနိ၊ အာဂန္တုကဝတ်မှ ကြွင်းကုန်သော။ စေတိယင်္ဂဏ။ပ။ ဂမိကဝတ္တာဒီနိ၊ အစရှိကုန်သော။ သဗ္ဗာနိပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ခန္ဓကဝတ္တာနိ၊ တို့ကို။ ပူရေတဗ္ဗာနေဝ၊ ဖြည့်အပ်ကုန်သည်သာတည်း။ တာနိ၊ ထိုစေတိယင်္ဂဏဝတ် စသည်တို့ကို။ ပူရေန္တဿပိ၊ ဖြည့်စဉ်လည်း။ တဿ၊ ထိုရဟန်းအား။ တံ တရုဏနိမိတ္တံ၊ သည်။ နဿတိ၊ ပျောက်ခဲ့အံ့။ ပုန၊ ဖန်။ ဂန္တွာ၊ သုသာန်သို့သွား၍။ နိမိတ္တံ၊ ဥဂ္ဂဟနိမိတ်

ကို။ ဂဏှိဿာမီတိ၊ ယူအံ့ဟု။ ဂန္တုကာမဿာပိ၊ သွားလိုပါသော်လည်း။ အမနုဿေဟိ ဝါ၊ တို့သည်ငင်း။ ဝါဠမိဂေဟိ ဝါ၊ တို့သည်ငင်း။ အဓိဋ္ဌိတတ္တာ၊ စောင့်ရှောက်သည်၏ အဖြစ်ကြောင့်။ သုသာနမ္ပိ၊ သို့လည်း။ ဂန္တုံ၊ ငှါ။ န သက္ကာ၊ မတတ်ကောင်းသည်။ ဟောတိ၊ ဖြစ်တတ်ချေ၏။ နိမိတ္တံ ဝါ၊ သုသာန်၌တည်သော အသုဘနိမိတ်သည်မူလည်း။ အန္တရဓာယတိ၊ ဥဒ္ဓုမာတကအဖြစ်မှ ကင်းကွယ်နှင့်တတ်ချေ၏။ ဟိ-သစ္စံ၊ ၏။ ဥဒ္ဓုမာတကံ၊ သည်။ ဧကမေဝ ဝါ ဒွိဝသံ၊ တနေ့ပတ်လုံးသာလျှင်ငင်း။ ဒွေ ဝါ ဒိဝသေ၊ နှစ်ရက်တို့ ပတ်လုံးသာလျှင်ငင်း။ ဌတွာ၊ ၍။ ဝိနီလကာဒိဘာဝံ၊ သို့။ ဂစ္ဆတိ၊ ရောက်ဘတ်ချေ၏။ သဗ္ဗကမ္မဋ္ဌာနေသု၊ တို့တွင်။ ဧတေန၊ ဤဥဒ္ဓုမာတကကမ္မဋ္ဌာန်းနှင့်။ သမံ၊ တူသော။ ဒုလ္လဘကမ္မဋ္ဌာနံ နာမ၊ မည်သည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထိုသို့ ဤကမ္မဋ္ဌာန်း၏အတိဒုလ္လဘ၏ အဖြစ်ကြောင့်။ ဧဝံ၊ ဤသို့သောအခြင်းအရာဖြင့်။ နိမိတ္တေ၊ ထင်ပြီးသော ဥဂ္ဂဟနိမိတ်သည်။ နဋ္ဌေ၊ ပျောက်လတ်သော်။ တေန ဘိက္ခုနာ၊ သည်။ ရတ္တိဋ္ဌာနေ ဝါ၊ ၌ငင်း။ ဒိဝါဋ္ဌာနေ ဝါ၊ ၌ငင်း။ နိသီဒိတွာ၊ ၍။ (ပစ္စဝေက္ခိတဗ္ဗောတိ သမ္ဗန္ဓော) အဟံ၊ သည်။ ဣမိနာ နာမ ဒွါရေန၊ ဖြင့်။ ဝိဟာရာ၊ မှ။ နိက္ခမိတွာ၊ ၍။ အသုကဒိသာဘိမုခံ၊ ရှေးရှု။ မဂ္ဂံ၊ သို့။ ပဋိပဇ္ဇိတွာ၊ ၍။ [၁၈၃] အသုကသ္မိံ နာမ ဌာနေ၊ ၌။ ဝါမံ၊ ဝဲလမ်းကို။ ဂဏှိ၊ ပြီ။ အသုကသ္မိံ၊ ၌။ ဒက္ခိဏံ၊ ယာလမ်းကို။ ဂဏှိ၊ ပြီ။ တဿ မဂ္ဂဿ၊ ၏။ အသုကသ္မိံ ဌာနေ၊ ၌။ ပါသာဏော၊ ကျောက်သည်။ အတ္ထိ၊ ၏။ အသုကသ္မိံ၊ ၌။ ဝမ္မိကရုက္ခဂစ္ဆလတာနံ၊ တောင်ပို့ သစ်ပင်ချုံနွယ်တို့တွင်။ အညတရံ၊ သည်။ အတ္ထိ၊ ၏။ သော အဟံ၊ သည်။ တေန မဂ္ဂေန၊ ဖြင့်။ ဂန္တွာ၊ ၍။ အသုကသ္မိံ နာမ ဌာနေ၊ ၌။ အသုဘံ၊ ကို။ အဒ္ဒသံ၊ ပြီ။ တတ္ထ၊ ထိုအသုဘရှုရာ၌။ အသုကဒိသာဘိမုခေါ၊ ရှေးရှု။ ဌတွာ၊ ၍။ ဧဝဉ္စ ဧဝဉ္စ၊ ဤသို့ ဤသို့လည်း။ သမန္တာ၊ မှ။ နိမိတ္တာနိ၊ တို့ကို။ သလ္လက္ခေ-တွာ၊ ၍။ ဧဝံ၊ သို့။ အသုဘနိမိတ္တံ၊ ကို။ ဥဂ္ဂဟေတွာ၊ ၍။ အသုကဒိသာ-ယ၊ ၌။ သုသာနတော၊ မှ။ နိက္ခမိတွာ၊ ၍။ ဧဝရူပေန နာမ၊ ဤမည်သော။ မဂ္ဂေန၊ ဖြင့်။ ဣဒဉ္စိဒဉ္စ၊ ဤကိစ္စ ဤကိစ္စကိုလည်း။ ကရောန္တော၊ လျက်။ အာဂန္တွာ၊ ၍။ ဣဓ၊ ဤအရပ်၌။ နိသိန္နော၊ နေ၏။ ဣတိ-ဧဝံ၊ ဤသို့။ ယာဝ၊ အကြင်ရွေလောက်။ ပလ္လင်္ကံ၊ ထက်ဝယ်ပလ္လင်ကို။ အာဘု-ဇိတွာ၊ ခွေ၍။ နိသိန္နဋ္ဌာနံ၊ နေရာအရပ်သည်။ အတ္ထိ၊ ရှိ၏။ တာဝ၊

ထိုရွှေလောက်။ ဂတာဂတမဂ္ဂေါ၊ သွားသောခရီး လာသောခရီးကို။ ပစ္စဝေက္ခိတဗ္ဗော၊ ဆင်ခြင်အပ်၏။ ဧဝံ၊ သို့။ ပစ္စဝေက္ခတော၊ ဆင်ခြင်သော။ တဿ၊ ထိုရဟန်းအား။ တံ နိမိတ္တံ၊ ထိုဥဒ္ဒုမာတကဥဂ္ဂဟနိမိတ်သည်။ ပါကဋံ၊ ထင်ရှားသည်။ ဟောတိ၊ ၏။ ပုရတော၊ ရှေ့၌။ နိက္ခိတ္တံ ဝိယ၊ ချထားလာသကဲ့သို့။ ဥပဋ္ဌာတိ၊ ထင်၏။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာနမနသိကာရသည်။ ပုရိမာကာရေနေဝ၊ ရှေး၌ဖြစ်သော အခြင်းအရာဖြင့်သာလျှင်။ ဝီထိံ၊ ဘာဝနာလမ်းရိုးမှန်သို့။ ပဋိပဇ္ဇတိ၊ ရှေးရှုတက်နိုင်၏။ တေန၊ ထိုကြောင့်။ ဂတာဂတမဂ္ဂပစ္စဝေက္ခဏာ ဝီထိသမ္ပဋိပါဒနတ္ထာတိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။

၁၁၆။ ဣဒါနိ၊ ၌။ အာနိသံသဒဿဝီ။ပ။ စိတ္တံ ဥပနိဗန္ဓတီတိ ဧတ္ထ၊ ၌။ သဝိနိစ္ဆယော၊ အဆုံးအဖြတ်နှင့်တကွသော။ အတ္ထော၊ ကို။ (ဝုစ္စတေ၊ ဆိုအပ်လတံ့။) ဥဒ္ဒုမာတကပဋိကူလေ၊ ဥဒ္ဒုမာတကဖြစ်၍ စက်ဆုပ်ဖွယ်သော အကောင်၌။ မာနသံ၊ ဘာဝနာစိတ်ကို။ စာရေတွာ၊ ဖြစ်စေ၍။ ဈာနံ၊ ကို။ နိဗ္ဗတ္တေတွာ၊ ဖြစ်စေ၍။ ဈာနပဒဋ္ဌာနံ၊ ဈာန်လျှင်နီးစွာသော အကြောင်းရှိသော။ ဝိပဿနံ၊ ကို။ ဝဍ္ဎေန္တော၊ ပွါးစေလိုသော ရဟန်းသည်။ ဣမာယ ပဋိပဒါယ၊ ဤအကျင့်ဖြင့်။ ဇရာမရဏမှာ၊ အိုခြင်းသေခြင်းမှ။ အဒ္ဓါ၊ မချွတ်။ ပရိမုစ္စိဿာမိ၊ လွတ်ရပေတော့အံ့။ ဣတိ၊ ဤသို့နှလုံးပိုက်၍။ ဧဝံ-ဝေမေဝ ဝုတ္တပ္ပကာရေနေဝ၊ ဤဆိုအပ်ပြီးသော အခြင်းအရာဖြင့်သာလျှင်။ အာနိသံသဒဿာဝိနာ၊ အကျိုးအာနိသင်ကိုမြင်လေ့ရှိသည်။ ဘဝိတဗ္ဗံ၊ ဖြစ်သင့်၏။

ပန-တံ ပါကဋံ ကရောမိ၊ အံ့။ ဒုဂ္ဂတော၊ (ကြွေးမြီမလွတ် ဝတ်စားမဲ့မွဲ) ဆင်းရဲစွာသော။ ပုရိသော၊ သည်။ မဟဂ္ဃံ၊ အဖိုးများစွာထိုက်သော။ မဏိရတနံ၊ ပတ္တမြားရတနာကို။ လဘိတွာ၊ ၍။ မေ၊ သည်။ ဒုလ္လဘံ၊ ရခဲစွာသော ပတ္တမြားရတနာကို။ လဒ္ဓံ ဝတ၊ ရအပ်ပေပြီတကား။ ဣတိ၊ ဤသို့ကြံ၍။ တသ္မိံ၊ ထိုပတ္တမြား၌။ ရတနသညီ၊ အမြတ်ရတနာဟု အမှတ်ရှိသည်။ ဟုတွာ၊ ၍။ ဂါရဝံ၊ ရိုသေခြင်းကို။ ဇနေတွာ၊ ၍။ ဝိပုလေန၊ ပြန့်ပြောသော။ ပေမေန၊ မြတ်နိုးခြင်းဖြင့်။ သမ္ပိယာယမာနော၊ အလွန်မြတ်နိုးအပ်သည်ကိုပြုလျက်[၁]။ တံ မဏိရတနံ၊ ကို။ ရက္ခေယျ

၁-သမ္ပိယ-ပုဒ်နောင် အာယ-ပစ္စည်း၊ သမ္ပိယာယ-နောင် မာန-ပစ္စည်းဖြင့် ပြီးသည်။ (ဆ-သံ-သော)

ယထာ၊ ၏သို့။ ဧဝမေဝ၊ တူပင်။ မေ၊ သည်။ ဒုလ္လဘံ၊ ရခဲလှစွာသော။ ဣဒံ ကမ္မဋ္ဌာနံ၊ ကို။ လဒ္ဓံ၊ ရအပ်ပေ၏။ ဒုဂ္ဂတဿ၊ သူဆင်းရဲ၏။ မဟဂ္ဃ-မဏိရတနသဒိသံ၊ အဖိုးများစွာထိုက်သော ပတ္တမြားရတနာကို ရသည်နှင့် တူ၏[၁]။ ဟိ-ယုတ္တံ၊ ဒုလ္လဘံ ဣဒံ ကမ္မဋ္ဌာနံ-ဟူသင့်စွ။ စတုဓာတုကမ္မဋ္ဌာနိ-ကော၊ လေးပါးသောဓာတ်ဟူသော ကမ္မဋ္ဌာန်းရှိသသူသည်၊ ဝါ၊ ကမ္မဋ္ဌာန်း၌ ယှဉ်သသူသည်။ အတ္တနော၊ ၏။ စတ္တာရော၊ ကုန်သော။ မဟာဘူတေ၊ တို့ကို။ ပရိဂ္ဂဏှာတိ၊ သိမ်းဆည်း၏။ အာနာပါနကမ္မဋ္ဌာနိကော၊ သည်။ အတ္တနော၊ ၏။ နာသိကဝါတံ၊ နှာခေါင်းလေကို။ ပရိဂ္ဂဏှာတိ၊ ၏။ ကသိဏ-ကမ္မဋ္ဌာနိကော၊ သည်။ ကသိဏံ၊ ကို။ ကတွာ၊ ၍။ ယထာသုခံ၊ ချမ်းသာသည်အလျောက်။ ဘာဝေတိ၊ ၏။ ဧဝံ၊ တူ။ ဣတရာနိ၊ ဤဆိုခဲ့ပြီးသည်မှ တပါးကုန်သော အနုဿတိဗြဟ္မဝိဟာရအစရှိကုန်သော။ (တနည်း) ဧဝံ၊ သို့။ ဣတရာနိ၊ ဤဥဒ္ဓုမာတကကမ္မဋ္ဌာန်းမှတပါးကုန်သော။ ကမ္မဋ္ဌာနာနိ၊ တို့သည်။ သုလဘာနိ၊ ရလွယ်ကုန်၏။ ပန၊ ထိုသို့မဟုတ်။ ဣဒံ ကမ္မဋ္ဌာနံ၊ ဤဥဒ္ဓုမာတက ကမ္မဋ္ဌာန်းသည်။ ဧကမေဝ ဝါ ဒိဝသံ၊ တရက် ပတ်လုံးသာလျှင်ရင်း။ ဒွေ ဝါ ဒိဝသေ၊ နှစ်ရက်တို့ပတ်လုံးသာလျှင်ရင်း။ တိဋ္ဌတိ၊ ၏။ တတော၊ ထိုတရက် နှစ်ရက်မှ။ ပရံ၊ နောက်၌။ ဝိနီလကာဒိဘာဝံ၊ ဝိနီလကစသည်၏အဖြစ်သို့။ ပါပုဏာတိ၊ ရောက်တတ်၏။ ဣတိ-တသ္မာ၊ ကြောင့်။ ဣတော၊ ဤဥဒ္ဓုမာတကကမ္မဋ္ဌာန်းထက်။ ဒုလ္လဘတရံ၊ အထူးသဖြင့် ရခဲသောကမ္မဋ္ဌာန်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့ နှလုံးပိုက်၍။ တသ္မိံ နိမိတ္တေ၊ ထိုရအပ်ပြီးသော ဥဂ္ဂဟနိမိတ်၌။ ရတနသညိနာ၊ ရတနာ အမြတ်ဟု အမှတ်ရှိသည်။ ဟုတွာ၊ ၍။ (ရက္ခိတဗ္ဗံ-ဟူသော ပဓာနအပရ-ကာလကြိယာကိုငဲ့၍ သညိနာ ဆိုသည်) စိတ္တီကာရံ၊ အလေးအမြတ်ပြုခြင်းကို၊ ဝါ၊ မိမိစိတ်မဟုတ်သော်လည်း စိတ်ကဲ့သို့ပြုခြင်းကို။ ဥပဋ္ဌပေတွာ၊ ဖြစ်စေ၍။ သမ္ပိယာယမာနေန၊ အလွန် မြတ်နိုး နှစ်သက် အပ်သည်ကို

၁-ပြည့်မှုနိသျှ၌-မဟဂ္ဃမဏိရတနသဒိသံ၊ အဖိုးများစွာထိုက်သော ပတ္တမြားရတနာကို စောင့်ရှောက်သည်နှင့် အတူ-ဟု သမ္ဗန်ပြီးလျှင် ရက္ခဏသဒိသံ-ဆိုလိုလျက် ရက္ခဏ-ကို ချေသည်၊ နိမိတ္တံ ရက္ခိတဗ္ဗံ-၌ စပ်-ဟု မှာထားတော်မူ၏၊ ယောဂီ၏ နှလုံးသွင်းပုံဖြစ်၍ သင့်မည်မထင်၊ ထိုကြောင့် လဒ္ဓ-ပုဒ် အကြေကြံ၍ အနက်ကို ပြင်လိုက်သည်။ တနည်း သော်ကား- "မဟဂ္ဃမဏိရတနသဒိသံ၊ ရတနာနှင့် တူသော။ ဣဒံ ကမ္မဋ္ဌာနံ၊ ကို။ လဒ္ဓံ၊ ရအပ်ပေ၏-"ဟု သမ္ဗန်သင့်၏။ (ဆ-သံ-သော)

ပြုလျက်။ တံ နိမိတ္တံ၊ ထိုရအပ်တိုင်းသော ဥဂ္ဂဟနိမိတ်ကို။ ရက္ခိတဗ္ဗံ၊ ၏။ ရတ္တိဋ္ဌာနေ စ၊ ၌ရင်း။ ဒိဝါဋ္ဌာနေ စ၊ ၌ရင်း။ ဥဒ္ဓုမာတကပဋိကူလံ ဥဒ္ဓုမာတကပဋိကူလန္တိ၊ ဥဒ္ဓုမာတကဖြစ်၍ စက်ဆုပ်ဖွယ်ရှိသောအကောင်ပုပ်ဟု။ တတ္ထ၊ ထိုရအပ်တိုင်းသော ဥဂ္ဂဟနိမိတ်ဟူသောတိုင်၌။ ပုနပ္ပုနံ၊ လဲ။ စိတ္တံ၊ ကို။ ဥပနိဗန္ဓိတဗ္ဗံ၊ သတိဟူသောကြိုးဖြင့် မြဲစွာဖွဲ့ချည်အပ်၏။ ပုနပ္ပုနံ၊ လဲ။ တံ နိမိတ္တံ၊ ကို။ အာဝဇ္ဇိတဗ္ဗံ၊ ဆင်ခြင်အပ်၏။ မနသိကာတဗ္ဗံ၊ နှလုံး၌ထားအပ်၏။ တက္ကာဟတံ၊ ဝိတက်ဖြင့်ခေါက်အပ်သည်ကို။ ဝိတက္ကာ-ဟတံ၊ ကို။ ကာတဗ္ဗံ၊ ၏။ (တက္ကော, ဝိတက္ကော-ကား ပရိယာယ်)

၁၁၇။ ဧဝံ၊ ဤသို့ဆင်ခြင်စဉ်းစား နှလုံးထားလျက် ဝိတက်ဖြင့် အဖန်ဖန် ခေါက်အပ်သည်ကို။ ကရောတော၊ ပြုသော။ တဿ၊ ထိုယောဂါဝစရရဟန်းအား။ ပဋိဘာဂနိမိတ္တံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ တတြ-တသ္မိံ ဥဒ္ဓုမာတကကမ္မဋ္ဌာနေ၊ ၌။ ဣဒံ၊ ဤဆိုလတံ့သည်ကား။ နိမိတ္တဒ္ဒွယဿ၊ ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်နှစ်ပါး၏။ နာနာကရဏံ၊ အသီးအသီး အခြားအခြား ကွဲပြားသည်ကိုပြုကြောင်းဖြစ်သော အထူးတည်း။ ဥဂ္ဂဟ-နိမိတ္တံ၊ သည်။ ဝိရူပံ၊ ဖောက်ပြန်သည်။ ဗီဘစ္ဆံ၊ အရုပ်ဆိုးသည်။ ဘေရဝဒဿနံ၊ ကြောက်မက်ဖွယ်သောအမြင်ရှိသည်။ ဟုတ္វာ၊ ၍။ [၁၀၄] ဥပဋ္ဌာတိ၊ ၏။ ပဋိဘာဂနိမိတ္တံ ပန၊ သည်ကား။ ယာဝဒတ္ထံ၊ အလိုအတိုင်း။ ဘုဉ္ဇိတွာ၊ ၍။ နိပန္နော၊ လျောင်းအိပ်သော။ ထူလင်္ဂပစ္စင်္ဂ-ပုရိသော ဝိယ၊ ဆူဖြိုးသော အင်္ဂါကြီးငယ်ရှိသော ယောကျ်ားကဲ့သို့။ ဥပဋ္ဌာတိ၊ ၏။ တဿ၊ ထိုယောဂါဝစရရဟန်းအား။ ပဋိဘာဂနိမိတ္တ-ပဋိလာဘသမကာလမေဝ၊ ပဋိဘာဂနိမိတ်ကိုရသည်နှင့် မျှသောကာလ၌သာလျှင်။ ဗဟိဒ္ဓါ၊ ကမ္မဋ္ဌာန်းဟူသော ဂေါစရဇ္ဈတ္တမှ အပ၌။ ကာမာနံ၊ တို့ကို။ အမနသိကာရာ၊ နှလုံးသွင်းခြင်း၏ပင်လျှင် မရှိခြင်းကြောင့်။ (တနည်း) နှလုံးသွင်းကြောင်းဖြစ်သော ကာမသညာ၏ ဆန့်ကျင်ဘက် အသုဘသညာကြောင့်။ ဝိက္ခမ္ဘနဝသေန၊ ပယ်ခွါတတ်သော သမာဓိ၏ အစွမ်းဖြင့်။ ကာမစ္ဆန္ဒော၊ သည်။ ပဟီယတိ၊ ကင်းပျောက်၏။ စ၊ တပါး။ အနုနယပ္ပဟာနေနေဝ၊ အာရုံကိုချစ်တတ်သော ကာမစ္ဆန္ဒကို ပယ်သဖြင့်သာလျှင်။ အဿ၊ ထိုယောဂီသည်။ လောဟိတပ္ပဟာနေန၊ သွေးကို ပယ်သဖြင့်။ ပုဗ္ဗော၊ ပြည်ကို။ ပဟီယတိ ဝိယ၊ ပယ်အပ်သကဲ့သို့။

ဗျာပါဒေါပိ၊ ကိုလည်း။ ပဟီယတိ၊ ၏။ တထာ အာရဒ္ဓဝီရိယတာယ၊ (အကြင်အခြင်းဖြင့် ဥပစာရစျာန်သည်ဖြစ်၏) ထိုအခြင်းဖြင့် ကမ္မဋ္ဌာန်းကို နှလုံးသွင်းသည်၏ အစွမ်းဖြင့် ချီပင့်အားပေးအပ်သော ဝီရိယရှိသည်၏ အဖြစ်ကြောင့်[၁]။ ထိနမိဒ္ဓံ၊ ကို။ ပဟီယတိ၊ ၏။ အဝိပ္ပဋိသာရကရသန္တ-ဓမ္မာနုယောဂဝသေန၊ နှလုံး၌ ငြိမ်းအေးချမ်းမြေ့သည်၏ အဖြစ်ကိုပြုတတ်သော ငြိမ်သက်ချမ်းမြေ့သော သဘောရှိသော သီလပီတိပဿဒ္ဓိသုခစသည်ကို ယှဉ်စေခြင်း၏အစွမ်းဖြင့်။ ဥဒ္ဓစ္စကုက္ကုစ္စံ၊ ကို။ ပဟီယတိ၊ ၏။ အဓိဂတ-ဝိသေသဿ၊ ရအပ်သော ဘာဝနာအထူး၏။ ပစ္စက္ခတာယ၊ ကျင့်သော ယောဂီသည် မျက်မှောက် တွေ့အပ်သည်၏အဖြစ်ကြောင့်။ ပဋိပတ္တိဒေသ-ကေ၊ ပဋိပတ်ကိုဟောတတ်သော။ သတ္ထရိ၊ ၌၎င်း။ ပဋိပတ္တိယံ၊ ကျင့်အပ်သော စျာနပဋိပတ်၌၎င်း။ ပဋိပတ္တိဖလေ စ၊ ထိုပဋိပတ်၏ (လောကီလောကုတ္တရာ) အကျိုး၌၎င်း။ ဝိစိကိစ္ဆာ၊ သည်။ ပဟီယတိ၊ ကင်း၏။ (တနည်း) ဝိစိကိစ္ဆာ၊ ကို။ ပဟီယတိ၊ ပယ်အပ်၏။' ဣတိ-ဧဝံ၊ ဤသို့။ ပဉ္စ နီဝရဏာနိ၊ ကာမစ္ဆန္ဒစသော ငါးပါးသော နီဝရဏတို့ကို။ ပဟီယန္တိ၊ ပယ်အပ်ကုန်၏။ စ၊ ဆက်၍ဆိုဦးအံ့။ တသ္မိံယေဝ နိမိတ္တေ၊ ထိုပဋိဘာဂနိမိတ်၌သာလျှင်။ စေတသော၊ မိမိနှင့် သမ္ပယုတ်စိတ်ကို။ အဘိနိရောပန-လက္ခဏော၊ အာရုံသို့ ရှေးရှုတင်ခြင်းလက္ခဏာရှိသော။ ဝိတက္ကော၊ ဝိတက် ၎င်း။ နိမိတ္တာနုမဇ္ဇနကိစ္စော၊ ပဋိဘာဂနိမိတ်၌ အဖန်ဖန်သုံးသပ်ဆင်ခြင်ခြင်းကိစ္စကို။ သာဓယမာနော၊ ပြီးစေသော။ ဝိစာရော၊ ၎င်း။ ပဋိလဒ္ဓဝိသေ-သာဓိဂမပစ္စယာ၊ ရအပ်သော ဘာဝနာအထူးကို ရခြင်းလျှင် အကြောင်းရှိသော။ ပီတိ၊ ၎င်း။ ပီတိမနဿ၊ ပီတိနှင့်တကွသော စိတ်ရှိသောသူအား။ ပဿဒ္ဓိသမ္ဘဝတော၊ ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိဖြစ်သင့်သောကြောင့်။ ပဿဒ္ဓိ၊ ၎င်း။ တံနိမိတ္တံ၊ ထိုပဿဒ္ဓိလျှင် အကြောင်းရှိသော။ သုခံ၊ ၎င်း။ သုခိတဿ၊ သုခသို့ရောက်သော၊ ဝါ၊ ဖြစ်သော သုခရှိသသူအား။ စိတ္တ-သမာဓိသမ္ဘဝတော၊ စိတ်သမာဓိ၏ ဖြစ်သင့်သောကြောင့်။ သုခနိမိတ္တာ၊ သုခလျှင် အကြောင်းရှိသော။ ဧကဂ္ဂတာ စ၊ ၎င်း။ ဣတိ-ဧဝံ၊ သို့။ စျာနင်္ဂါနိ၊ ငါးပါးသောစျာန်တို့သည်။ ပါတုဘဝန္တိ၊ ကုန်၏။ ဧဝံ၊ ဤသို့။

၁။ ဋီကာနှင့်အညီ ပြန်ထားသောအနက်ဖြစ်သည်။ တထာ၊ ထိုအတူ-ဟု အနက်ပေး၍ ပဟီယတိ-၌ စပ်လျှင်လည်း သင့်ရာ၏။ (ဆ-သံ-သော)

အဿ၊ ထိုယောဂီအား။ တခ်ဏာယေဝ-ပဋိဘာဂနိမိတ္တပဋိလာဘသမ-ကာလမေဝ၊ ၌သာလျှင်။ ပဉ္စမဇ္ဈာနပဋိဗိမ္ဗဘူတံ၊ ပဉ္စမစျာန်၏ အတုအရိပ်ဖြစ်၍ ဖြစ်သော။ ဥပစာရစျာနမ္ပိ၊ သည်လည်း။ နိဗ္ဗတ္တတိ၊ ၏။ ဣတော၊ ဤဥပစာရစျာန်ဖြစ်သည်မှ။ ပရံ၊ ၌။ ယာဝ၊ လောက်။ ပဉ္စမဇ္ဈာနဿ၊ ၏။ အပ္ပနာ စေဝ၊ သည်ငှင်း။ ဝသိပ္ပတ္တိ စ၊ ဝသီဘော်သို့ ရောက်ခြင်းသည်ငှင်း။ အတ္ထိ၊ ရှိ၏။ တာဝ၊ လောက်။ သဗ္ဗံ၊ အလုံးစုံသောစကားရပ်ကို။ ပထဝီကသိဏေ၊ ၌။ ဝုတ္တနယေနေဝ၊ ဖြင့်သာလျှင်။ ဝေဒိတဗ္ဗံ၊ အပ်၏။

ဝိနီလကာဒိကမ္မဋ္ဌာန

